http://www.dhammadownload.com

ဗုဒ္ဓဓမ္မပြဿနာများ (၁၀) ဓမ္မဒူတ အရှင်ပညာဇောတ

# ဗုဒ္ဓဓမ္မပြဿနာများ
# (၁၀)



ဓမ္မဒူတ အရှင်ပညာဇောတ

http://www.dhammadownload.com

http://www.dhammadownload.com

# ဗုဒ္ဓဓမ္မပြဿနာများ-၁၀

ဓမ္မဒူတ – အရှင်ပညာဇောတ

(ဝိသိဋ္ဌဒီဃဘာဏကနှင့်သိရိပဝရဓမ္မာစရိယ)

http://www.dhammadownload.com

ဘာသာရေးဆိုင်ရာ စာမူခွင့်ပြုချက်အမှတ် ၆၃၃/၉၁(၁၀)
ဘာသာရေးဆိုင်ရာ မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၁၈၅/၉၁(၁၂)

အကြိမ် – ပထမ
အုပ်ရေ – ၂၀၀၀
တန်ဖိုး – ၆၀–ကျပ်
ခုနှစ် – ၁၉၉၂–ခုနှစ်၊ ဖေဖော်ဝါရီလ။

မျက်နှာဖုံးပုံနှိပ်သူ ။ ။ ဦးတိုးဝင်း (၀၂၄၃၁)၊
နေလရောင်အော့ဖ်ဆက်၊
အမှတ်–၉၆/ခ၊ ၁၁ လမ်း၊ ရန်ကုန်မြို့။
အတွင်းစာပုံနှိပ်သူ ။ ။ ဦးဂေါ် (၀၁၄၈၄)
ဟိန်းစိုးစာပုံနှိပ်တိုက်၊
အမှတ်–၁၅၈၊ ၃၃–လမ်း၊ ရန်ကုန်မြို့။
ထုတ်ဝေသူ ။ ။ ဦးလှစိန် (၀၃၀ရ၉)
ထွန်းလှကျော်စာပေ၊ အမှတ်–၂၁၉၊
အာသောကလမ်း၊ (၁၃)ရပ်ကွက်၊
လှိုင်မြို့နယ်၊ ရန်ကုန်မြို့။

http://www.dhammadownload.com

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | နိဒါန်း | ၁ |
| | ဓမ္မဒူတအရှင်ပညာဇောတ၏ အတ္ထုပ္ပတ္တိအကျဉ်းချုပ် | ၅ |
| ၁။ | မေတ္တာဖြင့် လက်နက်ဘေးကို ကာကွယ်နိုင်ပါသလားဘုရား | ၁၀ |
| ၂။ | ဒက္ခိဏာသာခါဘုရား အဘယ့်ကြောင့်အရှုပ်ဆိုးပါသလဲ | ၂၃ |
| ၃။ | ပါဠိပါဌ်ဆင့်ဖတ်နည်း ပုံသေနည်းရှိပါသလားဘုရား | ၃၈ |
| ၄။ | သရဏဂုံ ပျက်တတ်ပါသလားဘုရား | ၅၄ |

http://www.dhammadownload.com


၅။ အရှင်ဘုရား အဘယ့်ကြောင့် ဘုရားပွင့်ဖို့ရာ
ခဲယဉ်းပါသလဲဘုရား ၆၆

၆။ မပုပ်မသိုးလျှင် ရဟန္တာပါလားဘုရား ၇၃

၇။ လူချင်သူက လူလိုတိုင်း
အလှူခံသင့်ပါသလားဘုရား ၈၅

၈။ အိမ်မှာ ဘုန်းကြီးဝါဆိုကောင်းပါသလားဘုရား ၉၆

၉။ ဘုရားအလောင်းနှင့် ဘုရားအလောင်းအမျိုးအစား
ရှင်းပြပေးပါဘုရား ၁၀၉

၁၀။ ဆရာကောင်း ဒကာကောင်းဆိုတာ
ဘယ်လိုဆရာ ဒကာကို ခေါ်ပါသလဲဘုရား ၁၁၈

၁၁။ သာသနာကွယ်ကြောင်း တရားပေါင်းကို
ရှင်းပြပါဘုရား ၁၂၈

၁၂။ ဘာ့ကြောင့် ကပ္ပိပြီးမှ ဘုဉ်းပေးရပါသလဲဘုရား ၁၃၆

၁၃။ အစာလည်းဆေး ဆေးလည်းအစာဆိုတာ
ရှင်းပြပါဘုရား ၁၄၈

၁၄။ အုန်း, ငှက်ပျော ကန်တော့ပွဲများ
ဘုရားမှာ အမြဲတင်ထားသင့်ပါသလားဘုရား ၁၆၁

၁၅။ မပြုကောင်းတဲ့ကုသိုလ် ရှိပါသလားဘုရား ၁၇၁

၁၆။ မြွေနိုင်ဂါထာ ရှိပါသလားဘုရား ၁၈၀

၁၇။ နို့ခွက်နှင့် ရေမသောက်ကောင်းဘူးဆိုဘုရား ၁၉၈

၁၈။ ဘုရားပေးမှ တရားရနိုင်တယ်ဆိုတာ
မှန်ပါသလားဘုရား ၂၀၃

http://www.dhammadownload.com

၁၉။ ကျောင်းအမှတ် သိတင်းသုံးပါလို့
လျှောက်ထားလျှင် သက်နိုးရုံဖျက်လို့
ရတယ်မဟုတ်လား ဘုရား ၂၁၃
၂၀။ အရှင်ဘုရား ဓာရဏပရိတ်ကလည်း
တပည့်တော်ရတဲ့ ဓာရဏပရိတ်နှင့်မတူပါဘုရား ၂၁၉
၂၁။ လမင်းပရိတ်ဆိုတာ ရှိပါသလားဘုရား ၂၂၉
၂၂။ ရဟန်းတော်များ အဘယ့်ကြောင့်အကပ်ခံ
ဘုဉ်းပေးရပါသလဲဘုရား ၂၄၂
၂၃။ လူများ ဝိနည်းတတ်လျှင် ရဟန်းတော်များ
အနေခက်တယ်ဆိုဘုရား ၂၅၅
၂၄။ ဒါယကာလေးမျိုးကို သိပါရစေဘုရား ၂၆၃
၂၅။ အပြစ်အတွက် ရတက်မအေး၍ မေးလျှောက်
ပါသည်ဘုရား ၂၇၂
၂၆။ ပါရာဇိကကျသော ရဟန်းထံ၌ ရှင်သာမဏေ
ပြုလို့ ရှင်သာမဏေဖြစ်နိုင်ပါမည်လားဘုရား ၂၇၉
၂၇။ လူမိုက်နှင့်လူလိမ္မာ ကွဲပြားအောင်ခွဲပြပါဘုရား ၂၈၈
၂၈။ ပုန်းမကြည်ရှင်မဆိုတာ ရှိပါသလားဘုရား ၂၉၇
၂၉။ အရှင်ဘုရား ဒိဋ္ဌိ ၆၂ပါး ရှင်းပြပေးပါဘုရား ၃၀၉
၃၀။ အဘယ့်ကြောင့် ဘုန်းကြီးလို့ ခေါ်ပါသလဲဘုရား ၃၂၆
နိဂုံး ၃၃၂

http://www.dhammadownload.com

# ဗုဒ္ဓဓမ္မပြဿနာများ ၁၀

## ကျမ်းစာအမှတ် (၃၂)

ဖြန့်ချိရေး

ဝေယျာဝစ္စအဖွဲ့
ပေါက်စေတီ ဓမ္မရိပ်သာ၊
ရှစ်မိုင်-မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း။

http://www.dhammadownload.com



# နိဒါန်း

အို . . . စာရှုသူ၊ ဗုဒ္ဓ၊ ဓမ္မ ပြဿနာများ (၁၀) ကျမ်းစာအုပ်သည် စာရှုသူ လက်ထဲသို့ရောက်ရှိနေပါပြီ။ မိမိအနေနှင့်လည်း ဤကျမ်းစာအုပ်အတွက် အကောင်းအဆိုး ဝေဖန်ပြရန်မလိုပါ။ အကောင်းအဆိုး ဝေဖန်နိုင်ရန်မှာ စာရှုသူ၏ တာဝန်သာဖြစ်ပါသည်။

ဤကျမ်းစာအုပ်နှင့် ပတ်သက်၍ အကောင်းအဆိုး ဝေဖန်ပြီးလျှင် စာရေးသူထံသို့ အကြံဉာဏ်ပေးရန်မှာ စာရှုသူ၏ တာဝန်သာဖြစ်ပါသည်။

မိမိအနေနှင့်မူ မိမိထံသို့ မေးလာသော ဗုဒ္ဓဓမ္မနှင့် ပတ်သက်သော ပြဿနာများကို မေးလာသူများ စိတ်ကျေနပ်အောင် ဖြေကြားပေးလိုက်ပါသည်။

ယင်းသို့ အမေးအဖြေပြုပြီးသော ဗုဒ္ဓဓမ္မပြဿနာများမှ မိမိကြိုက်နှစ်သက်သော လောက, သာသနာ ပြဿနာများနှင့်

http://www.dhammadownload.com



အဖြေများကိုသာ စာပေအဖြစ် တင်ပြရေးသားလိုက်ခြင်း ဖြစ်ပါသည်။

သို့ဖြစ်၍ မိမိတင်ပြလိုက်သော ပြဿနာများနှင့် အဖြေများမှာ မိမိစိတ်တိုင်းကျများသာ ဖြစ်၍ စာရှုသူ အားလုံးနှင့် အကြိုက်ချင်း တူကောင်းမှတူပါမည်။ အကုန်လုံး အကြိုက်ချင်း မတူမည်ကို မိမိသိပါသည်။ အဘယ်ကြောင့်ဆိုသော် လောကကြီးသည် အထူးထူးသော အလိုဆန္ဒရှိသော လောကကြီးဖြစ်၍ ဖြစ်ပါသည်။

ယခု ဗုဒ္ဓဓမ္မပြဿနာများ (၁၀)၌ အမေးအဖြေ အရင်းခံပြဿနာနှင့် အဖြေပေါင်းသုံးဆယ်ရှိ၍ အဆွယ်အပွား အမေးအဖြေပေါင်းများစွာ ပါဝင်ပါသည်။ ယင်းတို့ကို စာရှုသူ အသေအချာ လေ့လာဖတ်ရှု သုံးသပ်ဝေဖန် စောကြောပြီး လိုက်နာရှောင်ကြဉ်နိုင်ပါက အကျိုးများပါမည်။

မိမိထံတွင် မေးဖြေပြီး ဗုဒ္ဓဓမ္မပြဿနာများ အများအပြား ကျန်ရှိနေပါသေးသည်။ နောင် အလျဉ်းသင့်လျှင် အမှတ် (၁၁၊ ၁၂) စသည့်ဖြင့် ဆက်လက်၍ ထုတ်ဝေရန် ရှိပါသည်။

သို့သော် အဘယ်မျှ အချိန်ကာလကြာမြင့်မှ ထုတ်ဝေနိုင်မည်ကိုမူ မပြောနိုင်ပါ။ မခန့်မှန်းနိုင်ပါ။

ယခု အမှတ် (၉)နှင့် (၁၀)မှာ များစွာ အချိန်ကာလ ခြားသွားပါသည်။ ယင်းသို့ အချိန်ကာလ ခြားသွားရခြင်းအကြောင်း

http://www.dhammadownload.com



ရင်းမှာ မိမိအနေနှင့် အလုပ်များသူဖြစ်၍ မအား၍လည်း ဖြစ်ပါသည်။

တစ်ဖန် (၁၀) ရက်စခန်း တရားတော်များကိုလည်း ရေးသားနေပြန်၍ အလုပ်နှစ်လုပ်ကို ပြိုင်တူမလုပ်နိုင်ရကား ဗုဒ္ဓဓမ္မပြဿနာများကို မရေးသားနိုင်ဘဲ ထားခဲ့ရ၍ (၉) နှင့် (၁၀) မှာ များစွာ အချိန်ကွာခြားသွားပါသည်။

ယခုအခါမှာမူ (၁၀)ကို မရေးသာလျှင် စာဖတ်ပရိသတ်က တတွတ်တွတ်နှင့် တွတ်ထိုးနေ၍ မရေးသားလျှင် မဖြစ်တော့တဲ့ အခြေအနေဖြစ်၍ အခြားစာများကို ခေတ္တဘေးချထားကာ ရေးသားလိုက်၍ စာအုပ်အဖြစ် ရောက်လာပါပြီ။

မိမိမှာ ကြာလေ အလုပ်များလေ ဖြစ်လာရကား ယခုကဲ့သို့ အလုပ်တစ်ခုကို ဘေးချထားကာ အလုပ်တစ်ခုကို ကောက်ယူလုပ်မှသာ ပြီးနိုင်ဖြစ်နိုင်ပါသည်။ မှန်ပါသည်။ အလုပ်နှစ်ခုကိုမူ ပြိုင်တူ မလုပ်နိုင်ပါ။

ယခု မိမိအားမေး၍ မိမိကဖြေပြီး ဗုဒ္ဓဓမ္မပြဿနာအများမှ မိမိကြိုက်ရာများကိုသာ ရွေးချယ် တင်ပြလိုက်သည်များကို စာရှုသူ ဖတ်ရှု၍ အဆုံးအဖြတ်ပေးရန် အပိုင်းသို့ ရောက်လာပါပြီ။

အားမနာတမ်း ဝေဖန်ဆန်းစစ်နိုင်ပါသည်။ ဝေဖန်ဆန်းစစ်ပြီး မိမိထံသို့ တင်ပြနိုင်ပါသည်။

ဤဗုဒ္ဓဓမ္မပြဿနာများ (၁၀)နှင့် ပတ်သက်၍ စာရှုသူတွင်

http://www.dhammadownload.com



အကျိုးကျေးဇူးရပါလျှင် မိမိရောက်လေရာ တရားဌာနများမှ စာရေးသားနိုင်ရန် ကူညီကြသော ဒကာဒကာမ, ဆရာတော်များနှင့် စာရေးကိရိယာများ လှူဒါန်းကြသော ကျောင်းဆရာ ဆရာမများ, ကျောင်းသူ ကျောင်းသားများ, ယောဂီများအား လည်းကောင်း၊ အထူးသဖြင့် ဤကျမ်းစာမူကြမ်းကို မူချောရေးပေးသော ပေါင်မြို့ အ.ထ.က မှ ဆရာမ ဒေါ်ရှုယဉ်အားလည်းကောင်း ကျေးဇူးတင်ကြပါ၏။

မိမိအနေနှင့် စာရှုသူတို့ ဗုဒ္ဓဓမ္မပြဿနာများနှင့် ပတ်သက်၍ အမြင်လင်းပြီး အကျိုးရခြင်းသည်ပင်လျှင် အကျိုးအမြတ်ဖြစ်ပါတော့သတည်း။

ဓမ္မဒူတ အရှင်ပညာဇောတ

ဓမ္မဒူတ တောရ၊

၁၃၅၃-ခု၊ ကဆုန်လဆန်း ၁၄ ရက်။

(၂၆.၄.၉၁)

http://www.dhammadownload.com



# ဓမ္မဒူတ ပညာဇောတ
## ၏
## အတ္ထုပ္ပတ္တိ အကျဉ်းချုပ်

ဓမ္မဒူတ အရှင် ပညာဇောတသည် ၁၂၉၆ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၄ရက်၊ ကြာသပတေးနေ့၊ နံနက် ၁၀း၁၅–နာရီအချိန်တွင် ဟင်္သာတမြို့နယ်၊ လက်ပံလှကျေးရွာအုပ်စု ပဲခူးစုရွာ၌ ခမည်းတော် ဦးတွတ်, မယ်တော်ဒေါ်ငွေတင်တို့မှ ဖွားမြင်သော သားရတနာဖြစ်ပါသည်။

၁၂–နှစ်သား အရွယ်မှ ကျောင်းနေ၍ ၁၃–နှစ်သား အရွယ်၌ ရှင်သာမဏေ ဝတ်ခဲ့သည်။ ၁၃၁၆ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်နေ့၊ နံနက် ၉း၁၅–နာရီအချိန်၊ ရန်ကုန်တိုင်း၊ စမ်းချောင်းမြို့နယ်၊ အောင်မင်္ဂလာသိဒ္ဓိ ကျောင်းတိုက်၊ ဗုဒ္ဓသိမ်တော်၌

http://www.dhammadownload.com



အဂ္ဂမဟာပဏ္ဍိတ ဇေယျဝတီဆရာတော် အရှင်ဥက္ကံသမဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ ရဟန်းအဖြစ်သို့ ရောက်ပါသည်။

ရန်ကုန်၊ အမရပူရ၊ မန္တလေး၊ ပခုက္ကူ စစ်ကိုင်းတောင်ရိုးတို့၌ ပရိယတ်ပညာများ သင်ယူခဲ့ပြီး 'သာသနဓဇသိရီပဝရဓမ္မာစရိယ ဘွဲ့တံဆိပ်၊ ဗုဒ္ဓသာသန ဝိသိဋ္ဌ ဒီဃဘာဏက ဘွဲ့တံဆိပ်နှင့် အဘိသိရီပဝရ သာသနာလင်္ကာရ ဒီဃနိကာယရေ ဘွဲ့တံဆိပ်' တို့ကို ရရှိခဲ့ပါသည်။

ရန်ကုန်မြို့၊ ကမ္ဘာအေးကုန်းမြေ၊ သံဃတက္ကသိုလ်၌ သုံးနှစ်တိုင်တိုင် ခေတ်ပညာနှင့် သာသနာပြုနည်းများကို သင်ယူခဲ့ပါသည်။

ရန်ကုန်တိုင်း၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေဥမင်တောရဆရာတော်ထံ၌ ပဋိပတ်ကျင့်နည်းများကို လေးဝါတိုင်နည်းယူကျင့်သုံးခဲ့ပြီး တောရကျောင်းများ၌ လှည့်ပတ်နေထိုင်ခဲ့ပါသည်။

အဂ္ဂမဟာပဏ္ဍိတ အရှင်ဇနကာဘိဝံသ၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ အဘိဓဇ မဟာရဋ္ဌဂုရု အရှင်ဝိစိတ္တသာရာဘိဝံသ၊ အဂ္ဂမဟာ ပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု ပဋ္ဌာန်းဆရာတော် အရှင်ဝိသုဒ္ဓါဘိဝံသနှင့် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီးတို့၏ အဆုံးအမ ဩဝါဒများ, တရားတော်များကို နာခံမှတ်သားရာမှ တရားဟောတတ်ခဲ့ပါသည်။

http://www.dhammadownload.com



ကျမ်းပြုအကျော် အဂ္ဂမဟာပဏ္ဍိတ အရှင်ဇနကာဘိဝံသနှင့် နိုင်ငံကျော် စာရေးဆရာကြီး ဦးသော်ဇင်တို့၏ နည်းညွှန်မှုကြောင့်စာပေရေးသားတတ်ခဲ့ပါသည်။

၁၃၃၁–ခုနှစ်မှ စတင်၍ 'တေဒဂ် အရှင် ပညာဇောတ' ဟူ သော ကလောင်အမည်ဖြင့် ရေးသားပြုစုခဲ့သော ကျမ်းများမှာ

| | | |
|---|---|---|
| (၁) | ဒါနဝတ္ထု | ၃–ကြိမ်ရိုက်ဆဲ |
| (၂) | သီလဝတ္ထု | ၃–ကြိမ်ရိုက်ဆဲ |
| (၃) | ဗုဒ္ဓ ဓမ္မ ပြဿနာများ (၁) | ၂–ကြိမ်ရိုက်ဆဲ |
| (၄) | ဘာဝနာဝတ္ထု | ၃–ကြိမ်ရိုက်ဆဲ |
| (၅) | ဒေါသဖြေဖျောက်နည်း | ၂–ကြိမ်ရိုက်ဆဲ |
| (၆) | ဗုဒ္ဓ ဓမ္မ ပြဿနာများ (၂) | ၂–ကြိမ်ရိုက်ဆဲ |
| (၇) | ဗုဒ္ဓ၏ သတ်သတ်လွတ် | ၂–ကြိမ်ရိုက်ဆဲ |
| (၈) | ဗုဒ္ဓ ဓမ္မ ပြဿနာများ (၃) | ၂–ကြိမ်ရိုက်ဆဲ |
| (၉) | ရှင်လောင်းသင် ရှင်ကျင့်ဝတ် | ၂–ကြိမ်ရိုက်ဆဲ |
| (၁၀) | ဗုဒ္ဓ ဓမ္မ ပြဿနာများ(၄) | ၂–ကြိမ်ရိုက်ဆဲ |
| (၁၁) | အယူဝါဒရှင်းတမ်း | ၂–ကြိမ်ရိုက်ဆဲ |
| (၁၂) | ဗုဒ္ဓ ဓမ္မ ပြဿနာများ (၅) | ၂–ကြိမ်ရိုက်ဆဲ |
| (၁၃) | ဗုဒ္ဓ ဓမ္မ ပြဿနာများ (၆) | ၂–ကြိမ်ရိုက်ဆဲ |

တို့ဖြစ်ပါသည်။

၁၃၄၂–ခုနှစ်မှ စတင်၍ 'ဓမ္မဒူတ အရှင်ပညာဇောတ' ဟူ

သော ကလောင်အမည်ဖြင့် ရေးသားပြုစုခဲ့သော ကျမ်းစာများမှာ

| | | |
|---|---|---|
| (၁၄) | ငြင်းခုန်ခြင်းမှ အမြတ် | ၂–ကြိမ်ရိုက်ဆဲ |
| (၁၅) | မွေးမေ့မေတ္တာ | ။ |
| (၁၆) | ဗုဒ္ဓ ဓမ္မ ပြဿနာများ (၇) | ။ |
| (၁၇) | အလှူခံ တစ်ကျိပ်လေး | ။ |
| (၁၈) | ဗုဒ္ဓ ဓမ္မ ပြဿနာများ (၈) | ။ |
| (၁၉) | ဓမ္မာနုပဿနာ သတိပဋ္ဌာန် ရှုပွားနည်းအချုပ် | ၅–ကြိမ်ရိုက်ဆဲ |
| (၂၀) | ဝေဒနာရှုပွားနည်း | ၂–ကြိမ်ရိုက်ဆဲ |
| (၂၁) | ဓမ္မန္တရာယ် ကာကွယ်ရေး | ။ |
| (၂၂) | မီးကျီးတွင်းမှ ပွင့်သောကြာ | ။ |
| (၂၃) | ဗုဒ္ဓ ဓမ္မ ပြဿနာများ (၉) | ၁–ကြိမ်ရိုက်ပြီး |
| (၂၄) | သာသနာ့လမ်းစဉ် | ၂–ကြိမ်ရိုက်ဆဲ |
| (၂၅) | မဂ္ဂင်ရှစ်ဖော် ယာဉ်ပျံတော် | ။ |
| (၂၆) | အလှူသင်တန်း | ၁–ကြိမ်ရိုက်ပြီး |
| (၂၇) | အမှောင်နှင့်အလင်း | ၂–ကြိမ်ရိုက်ဆဲ |
| (၂၈) | မျှတမှ တရားရ | ၁–ကြိမ်ရိုက်ပြီး |
| (၂၉) | အနေကဇာတင်နည်း ၇နည်း | ။ |
| (၃၀) | လိုရာပြည့်ဝ ဓာရဏပရိတ်တော် နှင့် နိုင်ငံကျော်ဆရာတော်ကြီးများ | |

http://www.dhammadownload.com



| | | |
|---|---|---|
| | ၏ဘုရားရှိခိုးများ | ။ |
| (၃၁) | သက်ရှင်ဆွမ်းကျွေး | ။ |
| (၃၂) | ဗုဒ္ဓ ဓမ္မပြဿနာများ(၁၀) | ။ |
| (၃၃) | မဲ့သေ ပြုံးသေ | ၁-ကြိမ်ရိုက်ဆဲ |
| (၃၄) | ဝိဇ္ဇာနှင့် စရဏ | ။ |
| (၃၅) | သည်းခံမှ နိဗ္ဗာန်ရ | ။ |
| (၃၆) | ဝေဒနာရှင်းတမ်း | ။ |

တို့ဖြစ်ပါသည်။

ယခုအခါ ဓမ္မဒူတ အရှင်ပညာဇောတသည် မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ်၊ တောင်ဇွန်း၌ ဓမ္မဒူတ တောရ တည်ထောင်ကာ ရှင်ရဟန်း ၉၀-ကျော်တို့အား ပရိယတ် အဓိက, ပိဋ္ဋပတ်များ သင်ပြလျက် ကျောင်းတိုက် ပဓာန နာယက, ဂဏဝါစက, ဂန္ထကာရက, ကမ္မဋ္ဌာနာစရိယ, ဓမ္မကထိက အဖြစ်ဖြင့် သာသနာ့တာဝန်ကို ထမ်းဆောင်လျက် ရှိပါသည်။

http://www.dhammadownload.com



# မေတ္တာဖြင့် လက်နက်ဘေးကို ကာကွယ်နိုင်ပါသလား ဘုရား

(၁)

တကယ့်ဖြစ်ရပ်တို့သည် ဒဏ္ဍာရီဇာတ်လမ်းတို့ထက် ဆန်းကြယ်ကုန်၏။ အထူးသဖြင့် လက်ဖျစ်တီးပြီး အံ့သြဖွယ်ဖြစ်ကုန်၏။ ယင်းတို့ကို ကိုယ်တွေ့မတွေ့မမြင်ရသော် တကယ့်အဖြစ်အပျက်ဟု မထင်၊ ဒဏ္ဍာရီပဲဟု ထင်ကြမည်ဖြစ်သည်။ တကယ်ဆိုသော် တကယ့်ဖြစ်ရပ်တို့သည် ဒဏ္ဍာရီတို့ထက် ဆန်းကြယ်ပါဘိကုန်၏။

ဆန်းကြယ်သော ဖြစ်ရပ်တစ်ခုကို တွေ့ရ၏။ သို့သော် ယင်းဖြစ်ရပ်ကို အဘယ်သို့ စာပေအဖြစ်တင်ပြရမည်ကို မိမိမသိခဲ့၊ စာပေအဖြစ် တင်ပြဖို့လည်း မစဉ်းစားခဲ့၊ ပြဿနာတစ်ရပ်အနေနှင့်လည်း မဖြစ်ခဲ့။

http://www.dhammadownload.com



ယခုမူကား စာပေအဖြစ် ရောက်လာ၏။ ပြဿနာအဖြစ် ရောက်လာ၏။ အဘယ်သို့ ရောက်လာသနည်း။ ဆယ်ရက်စခန်း တစ်ခုဝယ် တရားဟော တရားပြနေစဉ် တစ်နေ့ဝယ် ဒကာတစ်ယောက် ရောက်လာပြီး ရှိခိုးဦးချကာ လျှောက်ထားပါသည်။

'အရှင်ဘုရား မေတ္တာဖြင့် လက်နက်ဘေးကို ကာကွယ်နိုင်ပါသလား ဘုရား'

'ကာကွယ်နိုင်ပါတယ်'

'ကာကွယ်နိုင်ကြောင်း အရှင်ဘုရား လက်တွေ့သာဓကပြနိုင်ပါသလား ဘုရား'

'ပြနိုင်ပါတယ်'

'ပြနိုင်ရင် ယခုပြစမ်းပါ ဘုရား'

'ဒကာ့ဥစ္စာကလဲ မြန်လွန်းလှချည်လား၊ ယခုချက်ချင်းချည်းဆိုတော့ အခက်သားပဲ'

'မြန်ဆို သိပ္ပံခေတ်ကို ဘုရား'

'ဩော် သတိရပြီ၊ ဘုန်းကြီးသိမ်းထားတဲ့ စာတစ်စောင်ရှိတယ်၊ အဲဒီစာကိုဖတ်ကြည့်ရင် ဒကာကြီးရဲ့ ပြဿနာအဖြေဟာ ရှင်းသွားပါလိမ့်မယ်၊ ကဲ . . . ရော့ ဖတ်ကြည့်'

*

http://www.dhammadownload.com



၇-၇-၈၇

သို့

နောင်တော် . . .

နောင်တော် အရှင်သူမြတ် ကျန်းမာရွှင်လန်းပါစေ၊ ညီမောင် မေတ္တာရဲ့အကျိုးအာနိသင်တစ်ခုကို ညီမောင့်ကိုယ်တွေ့ ဖြစ်ရပ် တစ်ခုအဖြစ် ရှိသေလေးစားစွာ လျှောက်ထားတင်ပြအပ်ပါသည် ဘုရား။

ညီမောင်တို့ စာရင်းစစ် ထွက်တော့မယ်ဆိုရင် ထွက်ရမယ့် မြို့တွေကို ကြိုတင်သိထားပြီးသား ဖြစ်လေတော့ မထွက်ခင်က တည်းက သွားရမယ့်ခရီးလမ်းကို ကြိုပြီးတော့ မေတ္တာပို့ထားတဲ့ အလေ့အကျင့်လဲ အမြဲလုပ်ထားပါတယ်။

ယခု ညီမောင်တို့ လှိုင်ကော်ဘဏ်ခွဲနဲ့ လက်အောက်ခံငွေ တိုက်ခွဲဖြစ်တဲ့ ဖားဘောင်ငွေတိုက်ခွဲကို စစ်ဆေးရေး သွားခဲ့ရ ပါတယ်။

ညီမောင်တို့ စာရင်းစစ်အဖွဲ့ မော်လမြိုင်ဘဏ်ကိုစစ်စဉ် မုဒုံ မြို့မှာ နောင်တော်ရဲ့ (၁၀)ရက်စခန်းနှင့် ကြုံခဲ့စဉ်က ညီမောင် ဟာ နောင်တော်ရဲ့ မေတ္တာပို့အကျဉ်းချုပ်ကို ဓွဲဓွဲလမ်းလမ်း ကြည် ကြည်နူးနူး မေတ္တာပို့မှုဖြစ်လာခဲ့ပါတယ်။

ယခင်တုန်းကတော့ အဲဒီမေတ္တာပို့ကို အမှုမဲ့အမှတ်မဲ့ပါပဲ၊ မုဒုံက ပြန်လာမှ အဲဒီမေတ္တာပို့အကျဉ်းချုပ်ကို ညီမောင့်ပါးစပ်

http://www.dhammadownload.com



များမှာ သီချင်းလိုဖြစ်နေပါတယ်။

ညီမောင်ဟာ ယခုအချိန်ထိ သီချင်းတစ်ပုဒ်မှ မရလေတော့ သူများတွေ သီချင်းညည်းသလို ညီမောင်ကတော့ မေတ္တာပို့နဲ့ အခြားညီမောင်ရတဲ့ ဂါထာတွေပဲ ညည်းလေ့ရှိပါတယ်။

အဲဒီမေတ္တာပို့အကျဉ်းချုပ် အဖြစ်အပျက်ကတော့ ၁၃၄၉ခု၊ နယုန်လပြည့်ကျော် ၁၃ရက်နေ့က ရန်ကုန်မှ လှိုင်ကော်သို့ ခရီးထွက်ခဲ့ပါတယ်။ လှိုင်ကော်၌ခြောက်ရက်ရပ်နားပြီး စစ်ဆေးပြီးသောအခါ ဖားဘောင်ငွေတိုက်ခွဲသို့ ခရီးဆက်ရမှာ ဖြစ်ပါတယ်။

လှိုင်ကော်မှ ဖားဘောင်ကတော့ (၇၅)မိုင်ဝေးတဲ့ အန္တရာယ်ထူပြောတဲ့ ရှေ့တန်းစစ်မြေပြင် ခရီးစဉ်ဖြစ်ပါတယ်။ ယခင်ယခင် စာရင်းစစ်အဖွဲ့တွေတုန်းက အန္တရာယ်များလို့ မသွားခဲ့ကြပါဘူး။

စစ်တပ်အင်အား အပြည့်အစုံပါတဲ့ ယာဉ်တန်းရှိမှ ခရီးထွက်လို့ ရပါတယ်။ ညီမောင်တို့ လှိုင်ကော်ရောက်ပြီး ငါးရက်အကြာမှာ လှိုင်ကော်မှဖားဘောင်ထွက်မယ့် ယာဉ်တန်းနဲ့ကြုံတာနဲ့ ညီမောင်တို့အဖွဲ့ လိုက်ဖို့စီစဉ်ပါတယ်။

လှိုင်ကော်က လူတွေကတော့ အန္တရာယ်များတဲ့ ခရီးဖြစ်လို့ မသွားဖြစ်အောင် တားကြပါတယ်။ ဒါပေမယ့် ညီမောင်လဲ ကိုယ့်ကိုယ်ကိုလဲ ယုံကြည်တာက တစ်ကြောင်း၊ အတွေ့အကြုံရအောင် တစ်ကြောင်းကြောင့် သွားဖို့ဆုံးဖြတ်ပြီး ယာဉ်တန်းနဲ့

http://www.dhammadownload.com



လိုက်ခဲ့ပါတယ်။

ယာဉ်တန်းက ကားစုစုပေါင်း (၂၁) စီး ပါ,ပါတယ်။ စစ်သား တွေ လက်နက်အပြည့်အစုံနဲ့ ကားတစ်စီးပွိုင့်ကားပေါ့၊ ကျန်ကား အစီး(၂၀)မှာ တစ်စီးလျှင် လက်နက်အပြည့်အစုံနဲ့ စစ်သား ငါးယောက် ပါ,ပါတယ်။

ညီမောင်တို့ ခရီးထွက်မယ့်နံနက် ယာဉ်တန်းကားတွေ တန်းစီနေတုန်း အကြမ်းဖက်သောင်းကျန်းသူတွေက ညီမောင်တို့ ယာဉ်တန်းကို လမ်းကဖြတ်တိုက်မယ်လို့ သတင်းရရှိခဲ့ပါတယ်။

ဒါပေမယ့် စစ်တပ်ကလဲ ချက်ချင်းအစည်းအဝေးထိုင်ပြီး အစီအစဉ်လုပ်ပြီး ခရီးစဉ်မဖျက်ဘဲ ထွက်ခဲ့ပါတယ်၊ ညီမောင်တို့ အဖွဲ့လဲ မနေခဲ့ဘဲ လိုက်လာခဲ့ပါတယ်။

အဲဒီ ခရီးစဉ်မထွက်ခင် ညကတည်းကရော နံနက်ခရီး မထွက်ခင်မှာရော သွားလမ်းခရီးတစ်လျှောက်ကို မှန်းဆအာရုံ ပြုပြီး ညီမောင်ကြိုတင်မေတ္တာပို့ ထားခဲ့ပါတယ်။

'ဘေးရန်ခပ်သိမ်း ငြိမ်းတော်မူသော မြတ်စွာဘုရား . . . အကျွန်ုပ်နှင့်တကွ ခရီးသွားအပေါင်း သတ္တဝါအပေါင်းတို့ ဘေး ရန်ခပ်သိမ်း ငြိမ်းကြပါစေ၊ ဒေါသခပ်သိမ်း ငြိမ်းကြပါစေ၊ ဆင်း ရဲခပ်သိမ်း ငြိမ်းကြပါစေ၊ နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေ'

ကားပေါ်မှာလဲ မေတ္တာပို့ပြီးတော့ လိုက်ပါခဲ့ပါတယ်။ နံနက် ၆း၃၀နာရီက ထွက်ခဲ့တာ ၁၂း၃၀နာရီမှာ ဖရူးဆိုးမြို့သို့

http://www.dhammadownload.com



အလွန် မော်ကရော်ရှစ်ဆိုတဲ့ တောရွာကလေးအနီးမှာ အကြမ်းဖက်သောင်းကျန်းသူတွေ ထောင်ထားတဲ့မိုင်းကို ညီမောင်တို့ကားက နင်းမိပါတယ်။

မိုင်းဗုံးက ညီမောင်ထိုင်တဲ့ အောက်တည့်တည့်မှာ ပေါက်ပါတယ်။ ရှေ့က ကား(၈)စီးကျော်သွားပြီး ညီမောင်တို့ (၉)စီးမြောက်ကားမှာ လာပြီးပေါက်ပါတယ်။

ညီမောင်တို့ အားလုံးရဲ့စိတ်ထဲမှာ မိုင်းပေါက်တဲ့အသံလို့ မထင်ဘဲ ကားဘီးပေါက်ပြီး ရပ်သွားတယ်ပဲထင်ကြတော့ တုန်လှုပ်သူလဲမရှိပါ၊ ကြောက်လန့်ရမှန်းလဲ မသိပါ။ မီးခိုးတွေထွက်မှောင်သွားတော့မှ ကားပေါ်ကလူတွေက ကားမီးလောင်တယ်ဆိုပြီး ခုန်ဆင်းကြပါတယ်။

အောက်ရောက်မှ မိုင်းဗုံးထိမှန်းသိပြီး လူတွေလန့်ကြပါတယ်။ မိုင်းဗုံးက ပြင်းထန်သလားဆိုတာ မပြောပါနဲ့၊ လေးပေပတ်လည်လောက် တွင်းကြီးဖြစ်သွားပြီး ကုန်တင်ကားကြီးနောက်ဘီးနှစ်ဘီးတွဲမှာ တစ်ဘီးကတာယာတွေ လုံးဝရှာမတွေ့တော့ပါ၊ ကျန်ဘီးက တာယာတစ်ဝက်ကျန်တယ်၊ သံခွေတွေလဲလိမ်သွားတယ်၊ ဝင်ရိုးလဲ ကွဲသွားတယ်၊ ဘော်ဒီအိမ် ဘာမှမဖြစ်ဘဲ ညီမောင်တို့ အားလုံး အန္တရာယ်ကင်းပါတယ်။

ညီမောင်တို့ ကျန်တဲ့ကားတွေမှာ ပြောင်းစီးပြီး ခရီးထွက်ခဲ့ပါတယ်။ အဲဒီ ကားကတော့ ထွက်မရတော့ပါ။

http://www.dhammadownload.com



ရန်ကုန်ရုံးချုပ်ပြန်ရောက်တော့ ရုံးချုပ်က လူကြီးတွေက သိနှင့်နေပြီး . . .ပါရဲ့သားနဲ့ ဘာဖြစ်လို့ ဒီလိုဖြစ်ရတာလဲလို့ ပြောကြပါတယ်။ အချို့လူကြီးတွေက သူပါလို့ ဒီလောက် သက်သာတာပေါ့လို့ ပြောကြပါတယ်။ သူငယ်ချင်းအချို့ကလဲ နောက်ကြပါတယ်၊ မင်းကိုခုံရုံးတင်ပြီး စစ်ဆေးမယ်၊ မင်းဒီလောက် ပုတီးစိပ်မေတ္တာပို့နေရဲ့သားနဲ့ မိုင်းထိခံရတာ မင်းဘာတွေ မဟုတ်တာလုပ်သလဲ၊ မင်းတစ်ခုခုချွတ်ယွင်းလို့ ဖြစ်ရတာပဲတဲ့။

ညီမောင်က ပြန်ပြောလိုက်တယ်။ တို့ရှေ့ကားရှစ်စီးမှာ ဘယ်အစီးထိထိ အားလုံးသေကြမှာပဲ၊ တို့ကားကျော်ပြီး နောက်ကား (၁၂)စီးလဲ ဘယ်အစီးထိထိ အားလုံးသေကြမှာပဲ၊ ငါသာ မေတ္တာပို့လိုက်လို့ ငါတို့ကားထိလို့ အားလုံးမသေတာလို့ ပြောလိုက်တော့မှ ငြိမ်သွားကြပါတယ်။

အဲဒီ မိုင်းဒဏ်က လွတ်ခဲ့တာ မေတ္တာစွမ်းအင်ကြောင့်လို့ ဘာကြောင့်ပြောနိုင်ပါသလဲဆိုရင် ညီမောင်တို့မပြန်ခင် တစ်ရက်မှာ ရုံးချုပ်က ညီမောင့်သူငယ်ချင်းရဲ့ ကလေးမလေး လှလှခင်တဲ့၊ သူက ညဘက်မှာ အိမ်မက်မက်တယ်။

ညီမောင်က သူ့အနားမှာလာပြီး သူ့ကိုလက်ညှိုးနဲ့ထိုးပြီးတော့ လှလှခင် နင်ငါပေးတဲ့ ပုတီးစိပ်နဲ့ မေတ္တာပို့ကို ဘာဖြစ်လို့ မစိပ်လဲ ဘာဖြစ်လို့ မေတ္တာမပို့လဲ။

http://www.dhammadownload.com



*ငါ့ကို သေသေချာချာကြည့်စမ်း၊ ငါဟာ မိုင်းဖုံးနင်းမိတာတောင် မသေဘူး၊ ငါ ခုပြန်လာတာ နင်မြင်တယ်မဟုတ်လား၊ အဲဒါ မေတ္တာစွမ်းအင်ပေါ့၊ နင် ယုံယုံကြည်ကြည်နဲ့ မေတ္တာပို့ပါလို့ ပြောလဲပြီးရော လန့်နိုးသွားပါတယ်လို့ ပြောပါတယ် နောင်တော်။*

*ညီမောင် အဲဒီမနက် ရုံးရောက်တော့ လှလှခင်က ဝမ်းသာအားရနဲ့ ပြောပြပါတယ်၊ အဲဒီမေတ္တာပို့ကိုလဲ အလေးအနက် ယုံကြည်ပြီး ပို့နေကြပါတယ် နောင်တော်။*

*ညီမောင်*

'ကဲ . . .ဒကာကြီးရဲ့ မေတ္တာဖြင့် လက်နက်ဘေးကို ကာကွယ်နိုင်ပါသလား ဘုရားဆိုတဲ့ အမေးဟာ ပြေလည်သွားပြီလား'

'ကိုယ်တွေ့ဆိုတော့ ပြေလည်ရတာပေါ့ ဘုရား'

'မေတ္တာစွမ်းအင်ဟာ လက်နက်ဘေးကိုသာမက အကျိုး (၁၁)ပါးတောင် ရပါတယ်၊ များစွာသော လူတွေဟာ အမှတ်မဲ့ သာနေကြပါတယ်၊ မေတ္တာပွားများမှုဆိုတာ သမထပါ၊ ပုတီးစိပ်တယ်ဆိုတာလဲ သမထပါ၊ အဲဒီသမထမျှအောင် မပွားကြလျှင် ဝိပဿနာဆိုတော့ ပိုပြီးဝေးကြတာပေါ့နော်'

'မှန်ပါ့ဘုရား၊ အရှင်ဘုရား အမိန့်ရှိတဲ့မေတ္တာအကျိုး (၁၁) မျိုး ရှင်းပြပါဦး ဘုရား '

http://www.dhammadownload.com



'အင်း . . အင်း . . ရှင်းပြမယ်၊ မှတ်ထားပါ၊ ရေထဲမှာ ရေးတဲ့ အရေးအသားလိုတော့ မဖြစ်ပါစေနဲ့၊ သေသေချာချာမှတ်ပါ၊ ကျက်ထားပါ၊ မေတ္တာလဲပို့ပါ၊

(၁) အိပ်ရချမ်းသာ၊

(၂) ချမ်းသာစွာနိုး၊

(၃) အိပ်မက်ဆိုးပျောက်

(၄) စောင့်ရှောက်နတ်များ၊ ရင်ဝယ်သားသို့

(၅) လူများလည်းခင်၊

(၆) နတ်လည်းခင်၏။

(၇) မီးလျှင်မပူ၊ အဆိပ်ဟူလည်း၊ ထို့တူပြေပျောက်၊ လက်နက်ရောက်လည်း၊ မပေါက်မဝင်၊ ပြီးသည်လျှင်တည်း၊

(၈) အစဉ်စိတ်တည်

(၉) မျက်နှာကြည်၍

(၁၀) သေသည်ကာလ၊ မတွေ့ရရှင့်

(၁၁) သေကဗြဟ္မာ့ပြည်သို့သာလျှင်၊ လားရာဆယ့်တစ်မျိုး ဤအကျိုးသည်၊ တန်ခိုးမေတ္တာ ပွားမှုတည်း တဲ့'

'အဲဒီ အကျိုး(၁၁)မျိုးထဲမှာ ခုနက မိုင်းဗုံးပေါက်သော်လဲ မထိရောက်ဘူးဆိုတာ (၇)နံပါတ်အကျိုးမဟုတ်လား'

'ဟုတ်ပါတယ် ဘုရား'

'မေတ္တာဖြင့် လက်နက်ဘေးကို ကာကွယ်နိုင်တယ်ဆိုတာ

http://www.dhammadownload.com



မေတ္တာအကျိုးထဲမှာကို တိုက်ရိုက်ပါနေတယ် မဟုတ်လား'

'ဟုတ်ပါတယ် ဘုရား'

'မေတ္တာပို့ဆိုတာ သေသေချာချာစဉ်းစား သူတစ်ပါးကို စောင့်ရှောက်တာ မဟုတ်လား'

'ဟုတ်ပါတယ် ဘုရား'

'သူတစ်ပါးစောင့်ရှောက်တဲ့ မေတ္တာပို့ဟာ မိမိကိုယ်လဲ စောင့်ရှောက်ရာ မရောက်ဘူးလား'

'ရောက်ပါတယ် ဘုရား'

'ဥပမာ ပြောပြမယ်၊ ဥပမာနဲ့ပြောပြရင် ဤလောကရှိ အချို့ ပညာရှိတွေ နားလည်ကြပါတယ်၊ မင်းစိုးရာဇာ အရာရှိကြီးတွေ ရဲ့ နေရာအရပ်တွေမှာ အစောင့်တွေ မရှိဘူးလား'

'ရှိပါတယ် ဘုရား'

'အဲဒီအစောင့်တွေဟာ ဘယ်သူ့ကိုစောင့်တာလဲ'

'မင်းစိုးရာဇာ အရာရှိကြီးတွေကို စောင့်တာပါ ဘုရား'

'မင်းစိုးရာဇာ အရာရှိကြီးတွေကို စောင့်ရင်းနဲ့ သူတို့ကိုယ် လဲ စောင့်ရာ မရောက်ဘူးလား'

'ရောက်ပါတယ် ဘုရား'

'အဲဒီအတူပါပဲ မေတ္တာဆိုတာ ကိုယ်မှတစ်ပါး အများကို စောင့်ရှောက်တာပါ၊ အများနဲ့အတူ မိမိလဲဘေးကင်းရန်ကင်း အန္တရာယ်ကင်းပါတယ်၊ ဒါကြောင့် မေတ္တာမပို့ထိုက်ဘူးလား'

http://www.dhammadownload.com



'ပို့ထိုက်ပါတယ် ဘုရား'

'အဲဒီ မေတ္တာအကျိုး(၁၁)မျိုးဆိုတာ ဘုရားရှင်ကိုယ်တော်တိုင် ဟောကြားတော်မူခဲ့တဲ့ ကောဒသက နိပါတ်အင်္ဂုတ္တိုရ် ပါဠိတော်မှာ တိုက်ရိုက်လာပါတယ်'

'ပြီးတော့ အဲဒီ မေတ္တာရဲ့ စွမ်းအင်ဖြင့် လက်နက်ဘေးကို ကာကွယ်ပုံကို တစ်နည်းသာဓကေ ပြဦးမယ်၊ သေသေချာချာ မှတ်ထားပါ'

'မှန်ပါ့ဘုရား'

'ဘုရားရှင် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူခိုက်မှာပေါ့၊ ရာဇဂြိုဟ်ပြည့်ရှင် ဘုရင်ဗိမ္ဗိသာရမင်းကြီးက ဘုရားရှင်ကို လျှောက်ထားမေးမြန်းတယ်'

'မြတ်စွာဘုရား၊ ဗုဒ္ဓါနုဿတိ သည်သာလျှင် အကာအကွယ် အစောင့်အရှောက်ကို ဖြစ်စေနိုင်ပါသလား၊ သို့မဟုတ် ဓမ္မာနုဿတိ စသည်တို့သည်လဲ အကာအကွယ် အစောင့်အရှောက်ကို ဖြစ်စေနိုင်ပါသလား လို့ မေးလျှောက်ပါတယ်'

'အဲဒီမှာ ဗုဒ္ဓါနုဿတိဆိုတာ အများနားလည်အောင်ပြောရင် အရဟံဂုဏ်တော်ပုတီးစိပ်တာတို့ ဣတိပိသော ပုတီးစိပ်တာမျိုးစတဲ့ ဘုရားရှင်ရဲ့ဂုဏ်တော်နဲ့ စပ်သွယ်ပြီး ရွတ်တာမျိုးကို ခေါ်တယ်နော်'

'မှန်လှပါဘုရား'

http://www.dhammadownload.com



'အဲဒီလိုလျှောက်တဲ့အခါ ဘုရားရှင်က . . . မြတ်သော မင်းကြီး၊ သက်သက်သော ဗုဒ္ဓါ နုဿတိ သည်သာလျှင် အကာအကွယ် အစောင့်အရှောက်ကို ဖြစ်စေနိုင်တာ မဟုတ်ပါ၊ အကြင်သူတို့သည် . . .

(၁)နေ့ညဉ့်မပြတ် ဗုဒ္ဓါနုဿတိ ပွားကြတယ်၊
(၂) ။ ဓမ္မာနုဿတိ ပွားကြတယ်၊
(၃) ။ သံဃာနုဿတိ ပွားကြတယ်၊
(၄) ။ ကာယဂတာ သတိ ပွားကြတယ်၊
(၅) ။ ကရုဏာဘာဝနာ ပွားကြတယ်၊
(၆) ။ မေတ္တာ ဘာဝနာ ပွားကြတယ်၊

အဲဒီသူတွေမှာ အခြားသော အစောင့်အရှောက် မန္တာန် ဆေးဝါးတို့ဖြင့် ကာကွယ်စောင့်ရှောက်ဖွယ်ကိစ္စ မရှိတော့ပါလို့ မိန့်ပါတယ်။ ကဲ . . အဲဒီ ခြောက်ပါးထဲမှာလဲ မေတ္တာ မပါဘူးလား'

'ပါ ပါတယ်အရှင်ဘုရား'

ကဲ . . ဒါဖြင့် အရှင်ဘုရား မေတ္တာဖြင့် လက်နက်ဘေးကို ကာကွယ်နိုင်ပါသလားဘုရား။ ဆိုတဲ့ ပြဿနာ ရှင်းပြီလား'

'ရှင်းပါပြီ ဘုရား'

http://www.dhammadownload.com



* ဘုရားဂုဏ်မြတ် အာရုံကပ် မပြတ်အောက်မေ့နေသူမှာ
* နေ့ရောညဥ့်ပါ ခါခပ်သိမ်း ရန်ဘေးကင်းငြိမ်းနေရမှာ။
* တရားဂုဏ်မြတ်အာရုံကပ် မပြတ်အောက်မေ့ နေသူမှာ။
* နေ့ရောညဥ့်ပါ ခါခပ်သိမ်း ရန်ဘေးကင်းငြိမ်းနေရမှာ။
* သံဃာ့ဂုဏ်မြတ် အာရုံကပ် မပြတ်အောက်မေ့နေသူမှာ။
* နေ့ရောညဥ့်ပါ ခါခပ်သိမ်း ရန်ဘေးကင်းငြိမ်းနေရမှာ။
* ကာယဂတာသတိဓာတ် အာရုံကပ် မပြတ်အောက်မေ့ နေသူမှာ
* နေ့ရောညဥ့်ပါ ခါခပ်သိမ်း ရန်ဘေးကင်းငြိမ်း နေရမှာ။
* ကရုဏာဓာတ် အာရုံကပ် မပြတ်အောက်မေ့ နေသူမှာ၊
* နေရောညဥ့်ပါ ခါခပ်သိမ်း ရန်ဘေးကင်းငြိမ်း နေရမှာ။
* အေးမေတ္တာဓာတ် အာရုံကပ် မပြတ်အောက်မေ့ နေသူမှာ၊
* နေ့ရောညဥ့်ပါ ခါခပ်သိမ်း ရန်ဘေးကင်းငြိမ်း နေရမှာ။

http://www.dhammadownload.com



# ဓမ္မာစရိယ ခင်မောင်ညွှန့်ဒိုက္ကေဘာသာခါဘူရား
# အဘယ်ကြောင့်အရှုပ်ဆုံးပါသလဲဘူရား

(၂)

အိမ်ထောင်မှုဘုရားတည်
ဆေးမင်ရည်စုတ်ထိုး။
ဤသုံးခု ချက်မပိုင်လျှင်
နောင်ပြင်နိုင် ခက်တဲ့အမျိုး။ ။

ဟူသော အချိုးကို ဗုဒ္ဓသာသနာတော် ထွန်းကားသော မြန်မာပြည်သူ ပြည်သား လူအများတို့ နှုတ်ဖျားတွင် အရများကြ၊ အရွတ်အဖတ် များကြ၏။

ယင်းအချိုးကို အထူးလိုက်နာပြီး၊ အထူးစဉ်းစားပြီး ဆောင်ရွက်သူများ ရှိကြသလို၊ ဘာမှမစဉ်းစားဘဲ အမှတ်မဲ့ ပြုမူဆောင်ရွက်သူများလည်း ရှိကြပါသည်။

http://www.dhammadownload.com



မှန်ပါသည်။ ဤလောကကြီးသည် အထူးထူးသော အလို ဆန္ဒရှိသော လောကကြီး မဟုတ်ပါလား။ အထူးထူးသော အလို ဆန္ဒရှိသည့် အားလျော်စွာ မိမိတို့ အလိုဆန္ဒရှိသလိုသာ မိမိတို့ အလိုဆန္ဒအတိုင်းသာ ပြုမူဆောင်ရွက်ကြသည် မဟုတ်ပါလား။

'ထိုတွင် လူဦးရေအများစုမှာ ဘာကိုမျှစဉ်းစား တွေးခေါ် လေ့မရှိဘဲ အမှတ်မဲ့သာ ပြုမူလေ့ရှိသည် မဟုတ်ပါလား'

အိမ်ထောင်မှုမှာ မစဉ်းစားလို့မှားလျှင်၊ တစ်ဘဝသာ မှားနိုင်သည်။ ဆေးမင်ရည်စုတ်ထိုး မှားလျှင်လည်း တစ်ဘဝ သာ မှားနိုင်သည်။ ဘုရားတည် မှားလျှင်တော့ ဘဝများစွာ မှားတော့သည်။

သို့ဖြစ်၍ အိမ်ထောင်မှု၊ ဘုရားတည်၊ ဆေးမင်ရည်စုတ်ထိုး သုံးမျိုးတို့တွင် ဘုရားတည်အတွက် အထူးသတိပြု စဉ်းစား သင့်သည်။

ယင်းသို့ စဉ်းစားသင့်သည်ကို မစဉ်းမစား ဘုရားတည် တတ်၍ နိုင်ငံတော်သံဃမဟာနာယကမှ ညွှန်ကြားလွှာများ ထုတ်၍ပင် ညွှန်ကြားပေးနေရသည်။

ယင်းသည့်အကြားမှပင် လစ်လျှင်လစ်သလို၊ ချောင်လျှင် ချောင်သလို အခွင့်ကောင်း အမျိုးမျိုးယူကာ ဘုရားများ တည်ကြ တုန်းပင် ရှိသေးသည်။

စဉ်းစားသူက နည်းပါးလှ၏။ အလွန်တရာမှပင် နည်းပါး

http://www.dhammadownload.com



လှ၏။ တွေးခေါ်မြော်မြင်သူကား ရှားပါးလှ၏။ အလွန်တရာမှပင် ရှားပါးလှ၏။ ထိုမျှနည်းပါး ရှားပါးလှသူ တစ်ယောက်နှင့် မိမိမှာလည်း ကြုံကြုံဖန်ဖန် ဆုံဆည်းမိခဲ့ဖူး၏။

ထိုသည့်ဒကာသည် လူမှုရေး၊ ဘာသာ၊ သာသနာရေး ဆောင်ရွက်ရာတွင် မှန်ကန်၏။ တိကျပြတ်သား၏။ သာသနာရေး ယုံကြည်ချက်၊ ကိုးကွယ်မှုယုံကြည်ချက် လေးနက်၏။

ကိုးကွယ်ယုံကြည်မှုနှင့် ပတ်သက်၍ သူပြော လူပြော အများပြောကို ယုံကြည်ပြီး ကိုးကွယ်ဆည်းကပ်လေ့ မရှိ။ ယုံကြည်လေ့မရှိ။

မကိုးကွယ် မဆည်းကပ်မီ အလေးအနက် တွေးတွေးတောတော ဆင်ဆင်ခြင်ခြင် တွေးတောစဉ်းစား ဆင်ခြင်ပြီး ကိုးကွယ်ဆည်းကပ် ထိုက်ပါမှ ကိုးကွယ်ဆည်းကပ်လေ့ ရှိသူဖြစ်၏။

ကိုးကွယ်ဆည်းကပ်ထိုက်မှန်း သိ၍ ကိုးကွယ်ဆည်းကပ်ပြန်လျှင်လည်း အပေါ်ယံမျှသာ မဟုတ်ချေ။ လေးနက်လှ၏။ သူသည် မိမိထံသို့ တစ်နေ့ရောက်လာသည်။ ပထမဆုံး အကြိမ်လာခြင်း ဖြစ်သည်။

ရောက်လာပြီးလျှင် အရိုအသေ အလေးအမြတ် ရှိခိုး ဦးတင်ပြီး ထိုင်ကာ လျှောက်ထား၏။

'အရှင်ဘုရား၊ ဒကာ်ကြီးသာခါဘုရား အဘယ်ကြောင့် အရပ်

http://www.dhammadownload.com



ဆိုးပါသလဲ ဘုရား'

အို . . စာရှုသူ အမေးကို စဉ်းစားကြည့်စမ်းပါ။ မိမိ အနေနှင့် ဒီလိုအမေးမျိုးကို မေးဖို့ရာ စဉ်းစားကြံစည်မိခဲ့မှုမျိုး ဖြစ်ခဲ့ပါသလားလို့ ပြန်လည်ဆန်းစစ် ကြည့်စမ်းပါဘိ။ စဉ်းစား မိဦးတော့ ယခုလို နှုတ်မြွက်၍ မေးသည်အထိ ရောက်မှာ မဟုတ် ချေ။ အရေးမကြီးသည့် ပြဿနာသဖွယ် ထားလိုက်မည် ဖြစ် သည်။

ယခု သည်ဒကာမှာမူ ယင်းသို့မဟုတ်ဘဲ ပြဿနာကို အလေးအနက် စဉ်းစားသည်။ အရေးကြီးသည်ဟု ခံယူသည်။ ခံယူချက်ကို အကောင်အထည်ဖော်ပြီး မေးလျှောက်သည်။

'အင်း . . . ဒကာကြီးလို အမေးမျိုး ဒီတစ်ခါပဲ ကြုံဖူးပါ တယ်၊ အမေးကလဲ ဆန်းလိုက်တာ'

'ဟုတ်လား ဘုရား'

'ဟုတ်တယ်၊ ဒကာကြီးပဲ အဆန်းတကြယ် အံ့သြဖွယ်လို့ ဆိုရလောက်အောင် မေးဖူးပါတယ်၊ မေးလဲ မေးထိုက်ပါတယ်၊ ဘုရားဆိုတာ အဆင်းတော်ကလဲ အတုမရှိ မဟုတ်လား'

'ဟုတ်ပါတယ် ဘုရား'

'ယခုတော့ အတုမဲ့ အဆင်းတော်ရှိတဲ့ ဘုရားကို အတုမဲ့ အဆင်းလှအောင် ထုလုပ်ရမှာ မထုဘဲ အရုပ်ဆိုးဆိုးကြီး ထု ထားတယ်ဆိုတော့ စဉ်းစားစရာ ဖြစ်နေတာပေါ့၊ တွေးတောစရာ

http://www.dhammadownload.com



ဖြစ်နေတာပေါ့၊ မေးမြန်းစရာဖြစ်နေတာပေါ့'

'အေး . . . ဖြေရတာပေါ့၊ အဖြေကတော့ နည်းနည်းရှည်မယ်နော်၊ နားထောင်နိုင်ပါ့မလား'

'မှန်ပါ့ဘုရား၊ သိလိုလို့ သက်သက်မယ့် လာရောက်ပြီး လျှောက်ထားတာပါဘုရား၊ အမိန့်ရှိပါဘုရား၊ နားထောင်နိုင်ပါတယ် ဘုရား'

'ဘုန်းကြီးတို့ မြန်မာပြည်မှာ ကြေး၊ ကျောက်၊ ရွှေ၊ ငွေ၊ သစ်သား၊ သတ္တု စသည်များဖြင့် ဗုဒ္ဓရုပ်ပွားတော်များကို ထုလုပ်ကိုးကွယ်လေ့ ရှိကြပါတယ်၊ အဲဒီ ရုပ်ပွားတော်တွေထဲမှာ ဒက္ခိဏာသာခါ ရုပ်ပွားတော်ကို ဗုဒ္ဓသာသနာတော်ဝင်တွေ အထူးကြည်ညိုလေးစား ကိုးကွယ်ကြတယ် မဟုတ်လား'

'ဟုတ်ပါတယ် ဘုရား'

'အဲဒီလို ဒက္ခိဏာသာခါ ရုပ်ပွားတော်ကို အမြတ်တနိုး ကိုးကွယ်ကြပေမယ့် အဲဒီ ဒက္ခိဏာသာခါဆိုတဲ့ ဘွဲ့မည်ကိုမှု အတိအကျ မသိသူတွေ များတယ်မဟုတ်လား'

'ဟုတ်ပါတယ် ဘုရား'

'ကိုးကွယ်ကြသူများရဲ့ ယုံကြည်ချက်က ဒီ ဒက္ခိဏာသာခါ ရုပ်ပွားတော်ကို ကိုးကွယ်ရခြင်းဖြင့် လောကီ လောကုတ္တရာ အကျိုးစီးပွားများ ဒီမျက်မှောက်ဘဝမှာပဲ တိုးတက် ဖြစ်ထွန်းနိုင်တယ်၊ ဘေးအမျိုးမျိုး၊ အန္တရာယ် အမျိုးမျိုးကို ကာကွယ်နိုင်

http://www.dhammadownload.com



တယ်လို့ ယုံကြည်ပြီး ကိုးကွယ်ကြတာ မဟုတ်လား'

'ဟုတ်ပါတယ် ဘုရား'

'အများအားဖြင့် စူဠဂန္ဓာရီ ထွက်ရပ်ဂိုဏ်း ဆရာများရဲ့ အစီအရင်နဲ့ ထုလုပ်တဲ့ ဒက္ခိဏာသာခါ ရုပ်ပွားတော်ကို ယခု အများက ဒက္ခိဏာသာခါဘုရား ခေါ်နေကြတာပါ၊ တကယ် အစစ် ဒက္ခိဏာသာခါဆိုတာ ဗောဓိပင်ရဲ့ တောင်ကိုင်းကို ခေါ်တာပါ'

'ဟုတ်လား ဘုရား'

'ဟုတ်တယ်၊ ဘုန်းကြီးတို့ ဘုရားရှင် ပရိနိဗ္ဗာန် စံတော်မူပြီး နောက် သာသနာတော် သက္ကရာဇ် ၂၁၈–ခုနှစ်၊ မင်း အဖြစ် ရောက်တဲ့ သီရိဓမ္မာသောကမင်းကြီးသည် သာသနာတော် သက္ကရာဇ် ၂၃၆–ခုနှစ် သီတင်းကျွတ်လပြည့် မဟာပဝါရဏာနေ့ ညနေချမ်း အချိန်တွင် မဟာဗောဓိပင်မြတ်သို့ ရောက်ပြီး ကြည် ညိုတော်မူရင်းနှင့် ဒီလို သစ္စာဓိဋ္ဌာန် ပြုပါတယ်'

> ဤမဟာဗောဓိပင်သည် သီဟိုဠ်ကျွန်း၌ အကယ်၍ တည်တော်မူသည် ဖြစ်အံ့၊ ဘုရား တပည့်တော် သည်လည်း မြတ်စွာဘုရား၏ သာသနာတော်၌ အကယ်၍ ယုံမှားကင်းသည် ဖြစ်ငြားအံ့၊ ဤ မဟာဗောဓိပင်သည် ဤရွှေဖျဉ်းအိုး၌ တည်တော် မူပါစေသတည်း။

http://www.dhammadownload.com



ဟု သစ္စာအဓိဋ္ဌာန်ပြုပြီးလျှင် မဟာဗောဓိပင်၏ တောင်ဘက် ကိုင်းကို ဆေးဒန်းမြင်းသီလာဖြင့် ပိုင်းခြား၍ အရေးအကြောင်း ပြုလုပ်ပါတယ်'

'အဲဒီလို ပြုလုပ်တဲ့ခဏမှာပင် (၁၀)တောင်မျှ အမြင့်ရှိတဲ့ကိုင်းမကြီးတွင် (၄)တောင်စီရှိတဲ့ ခက်မကြီး (၅)ခက်နှင့် တကွတစ်ခက် တစ်ခက်လျှင် အသီး (၅)လုံးစီ ပါဝင်သော မဟာဗောဓိပင်ရဲ့ တောင်ကိုင်းဟာ အလိုအလျောက် ရွှေဖျဥ်းအိုး၌ တည်လာပါတယ်'

'အရှင်ဘုရား အံ့ဩဖွယ်ကြီးပါလား ဘုရား'

'အံ့ဩဖွယ်ပေါ့၊ အဲဒါ ဘုန်းကြီးတို့ သာသနာဝင်ကျမ်း ပါရာဇိကကဏ် အဋ္ဌကထာမှာကို လာပါတယ်'

'ဆက်အမိန့်ရှိပါဦး ဘုရား'

'အဲဒီအချိန်မှ အစပြုပြီး သာသနာတော်နှစ် ၂၃၆-ခုနှစ်တန်ဆောင်မုန်း လပြည့်ကျော် ၁-ရက်နေ့တွင် သီရိဓမ္မာသောကမင်းသည် သီဟိုကျွန်း တိဿမင်းထံသို့ သာသနာတော်ပြန့်ပွားရေးကို ရည်သန် တောင့်တပြီး ပါဋ္ဌလိပုတ်ပြည်မှတာမလိတ္တိ ပင်လယ်သင်္ဘောဆိပ်သို့ ပို့ဆောင်ပါတယ်'

'အဲဒီနှစ် နတ်တော်လဆန်း ၁-ရက်နေ့တွင် သီရိဓမ္မာသောကမင်းကြီးရဲ့ သမီးတော် သင်္ဃမိတ္တာထေရီသည် သီဟိုကျွန်းသို့ သင်္ဘောဖြင့် ပင့်ဆောင်တော် မူခဲ့ပါတယ်'

http://www.dhammadownload.com



'နတ်တော်လဆန်း ၇-ရက်နေ့တွင် သီဟိုဠ်ကျွန်း ဇမ္ဗုကောလ သင်္ဘောဆိပ်သို့ ရောက်ခဲ့ပါတယ်၊ အဲဒီမှ နတ်တော်လဆန်း ၁၀-ရက်နေ့တွင် ကြီးကျယ်သော ပူဇော်ပွဲကြီး ပြုလုပ်ပြီး အနုရာဓမြို့သို့ ပင့်ဆောင်ခဲ့ပါတယ်'

'နတ်တော်လဆန်း ၁၄-ရက်နေ့တွင် မြို့တော်သို့ ရောက်၍ မြို့မြောက်ဘက်တံခါးမှ ဝင်ပြီးလျှင် မြို့တောင်ဘက်တံခါးမှ တစ်ဖန်ထွက်၍ ကုလားလေးတာ အပြန်ငါးရာ ကွာဝေးသော မဟာမေဃဝန် မင်းဥယျာဉ်သို့ ပင့်ဆောင်တော်မူပါတယ်'

'အဲဒီ ဥယျာဉ်အရပ်ဟာ ကကုသန်မြတ်စွာဘုရား စသည်တို့ရဲ့ ရေသဖန်း ဗောဓိပင် ဒက္ခိဏသာခါ (တောင်ကိုင်း) နှင့် ကဿပဘုရားရှင်၏ ပညောင်ပင် ဗောဓိပင် ဒက္ခိဏ သာခါ (တောင်ကိုင်း)တို့ရဲ့ တည်ရာဌာန ဖြစ်ပါတယ်'

'အဲဒီ တောင်ကိုင်း (ဒက္ခိဏသာခါ) ပင်မကြီး၌ ပါလာခဲ့သော ဗောဓိသီးများ အနက် တစ်ကိုင်း တစ်လုံးကျစီ ကြွေကြသဖြင့် ဗောဓိသီး (၅)လုံးမှ တစ်လုံးလျှင် (၄)ပင်ကျစီ ပေါက်၍ ၅ × ၄ =၂၀ ပင် ပေါက်လာပါတယ်'

'အဒီ ဗောဓိပင်များကို အနုရာဓမြို့၌ စိုက်ပျိုးထားပါတယ်၊ အဲဒီ သီဟိုဠ်ရောက် မဟာဗောဓိပင်၏ တောင်ဘက်ကိုင်းမှ အဆင့်ဆင့် ပေါက်ပွားသော ဗောဓိပင်များကို တောင်ကိုင်း (ဒက္ခိဏသာခါ)လို့ ခေါ်ဝေါ် သမုတ်ကြပါတယ်'

http://www.dhammadownload.com



'ဩော် . . ဒါဖြင့် အရှင်ဘုရား ဒက္ခိဏာသာခါ ဆိုတာ တောင်ကိုင်းပဲ ဘုရား၊ ဘယ်မှာ အရုပ်ဆိုးဘုရား ဟုတ်လို့လဲ ဘုရား'

'နေဦးလေ ဒကာကြီးကလဲ၊ စကားမှ မဆုံးသေးတာဘဲ၊ ဆက်ပြီးတော့ နားထောင်ပါဦး'

'မှန်ပါဘုရား၊ ဆက်အမိန့်ရှိပါဘုရား'

'အဲဒီ ဗောဓိပင်များဟာ ကြီးရင့် အိုမင်းပြီး ဆွေးမြည့် လာကြတယ်၊ ဗောဓိပင်ဆိုတာ ပရိဘောဂစေတီ မဟုတ်လား'

'မှန်ပါဘုရား'

'အေး . . . ပရိဘောဂ စေတီထိုက်တဲ့ ဆွေးမြည့်နေတဲ့ ဗောဓိသားတွေကို ဥဒ္ဒိဿစေတီ အဖြစ် ရုပ်ပွားစေတီများ ထုလုပ်ကြတယ်။ အဲဒီ ရုပ်ပွားစေတီတော်ကိုပဲ ဒက္ခိဏာသာခါလို့ ခေါ်ဝေါ် သမုတ်ကြတာပါ၊ အရုပ်ဆိုးဘုရား မဟုတ်ပါဘူး၊ ဒက္ခိဏာသာခါဘုရား အရုပ်မဆိုးပါဘူး'

'တပည့်တော် တွေ့ဖူးတဲ့ ဒက္ခိဏာသာခါ ဘုရားတွေဟာ အရုပ်ဆိုးတွေချည်းပါပဲ ဘုရား'

'နေဦး . .နေဦး၊ ဆက်ပြောဦးမယ်၊ အဲဒီ ဒက္ခိဏာသာခါ ရုပ်ပွားတော် ရုပ်တုတော်တွေကို သီဟိုဠ်ကျွန်း ဒုဋ္ဌဂါမဏိမင်း လက်ထက်တော်တွင် ရှင်ဗုဒ္ဓရက္ခိတထေရ် ပင့်ဆောင် ပူဇော် တယ်လို့ သီဟိုဠ် မှတ်တမ်းများအရ သိရပါတယ်'

http://www.dhammadownload.com



'အဲဒီမှ နောက် ဘုန်းကြီးတို့ မြန်မာပြည် သထုံပြည်၊ သရေခေတ္တရာပြည်နဲ့ ပေါက္ကံပြည် အနော်ရထာမင်းကြီး ထံသို့ ရှင်အရဟံ ပင့်ဆောင်ခဲ့ပါတယ်'

'အဲဒီနောက် ကျန်စစ်မင်း၊ မဏိစည်သူမင်းတို့ လက်ထက်တွင် ကရဝိက် ဖော်တော်ဦးမှာ တင်၍ အမြဲမပြတ် ကိုးကွယ်တော်မူကြတယ်လို့ ဆိုပါတယ်'

'အဲဒီနောက် သက္ကရာဇ် ၇၈၈–ခုနှစ်တွင် အင်းဝမိုးညှင်းဘုရင်ထံသို့ ဒက္ခိဏာသာခါ ရုပ်ပွားတော် အကြီးအငယ် ဆူရေ ၃၀၀–ကျော် ရောက်လာတယ်လို့ သမန္တစက္ခုကျမ်းမှာ တွေ့ရပါတယ်'

'အဲဒီမှနောက် သားတော် မင်းရဲကျော်စွာ၊ ညီတော် ထူပါရုံ ဒါယကာ နရပတိကြီး၊ သားတော် မင်းကြီး မဟာသီဟသူရတို့ လက်ထက်တိုင် အဆက်မပြတ် သီဟိုဠ်မှ ရဟန်းတော်များ ရောက်ရှိလာကြသဖြင့် ဒက္ခိဏာသာခါ ရုပ်ပွားတော်များကို အနှံ့အပြား ပူဇော်တာကို တွေ့ရပါတယ်'

'အရှင်ဘုရား အမိန့်ရှိတဲ့ အတိုင်းဆိုရင် ဒက္ခိဏာသာခါ ဆိုတာ ဗောဓိပင်ရဲ့ တောင်ကိုင်းကို ခေါ်တယ်ပေါ့နော်'

'အင်းပေါ့'

'အဲဒီ ဗောဓိပင်ရဲ့ တောင်ကိုင်းကို ထုတဲ့ ရုပ်ပွားတော်ကိုလဲ ဒက္ခိဏာသာခါ ရုပ်ပွားတော် ဆင်းတုတော် ခေါ်တယ်ပေါ့နော်'

http://www.dhammadownload.com



'အင်းပေါ့'

'ဒါဖြင့် ရုပ်ပွားတော် အနေနဲ့ ကျောင်းတော်မူ၊ ရပ်တော်မူ စသည့် ပုံအမျိုးမျိုးလဲ ထုလုပ်နိုင်တာပေါ့နော်'

'ထုလုပ်နိုင်တာပေါ့'

'ဒါဖြင့် ယခု အများကိုးကွယ်နေတဲ့ ဒက္ခိဏာသာခါ ပုံတော်နဲ့ ပတ်သက်ပြီး အရှင်ဘုရား သိသမျှ ရာဇဝင်ခင်းပြီး ရှင်းပြပါဦး ဘုရား'

'အမယ်လေး . . ရာဇဝင်ခင်းပြီး ရှင်းရမယ်ဆိုရင် အရှည်ကြီးပါပဲ'

'ရှည်ချင် ရှည်ပါစေဘုရား၊ တပည့်တော်နဲ့ ဗုဒ္ဓသာသနာဝင် အားလုံးတို့အတွက် အကျိုးများလှပါတယ် ဘုရား'

'ကဲ . . ဒါဖြင့် နားထောင်၊ အဲဒီ သီဟိုဠ်မှ ဒက္ခိဏာသာခါ ရုပ်ပွားတော်များကို မိုးညှင်းမင်းတရား၊ ထိုနောက် ပင်းယ၊ မြင်းစိုင်း၊ စစ်ကိုင်း၊ အင်းဝ၊ အမရပူရမှ မန္တလေးမြို့တော် အထိ ဘုရင် အဆက်ဆက် ကိုးကွယ်ခဲ့ရာမှ မြို့ရွာလူထုအများ ကိုးကွယ်ခဲ့ကြပါတယ်'

'အဲဒီ ပုံတော်တွေကြည့်ရင် ကြာဖက် ဆောင်းထားတာ တွေ့ရပါတယ်၊ အဲဒါက ဘုရားရှင် မုဋ္ဌလိန္ဒာအိုင်ဝယ် သီတင်းသုံးတော်မူခိုက် နတ်များက အပူရှိန်ကို ကာကွယ်ပေးသောအားဖြင့် ကြာဖက် မိုးပေးခြင်းကို အကြောင်းပြုပြီး ကြာဖက်ဆောင်း

http://www.dhammadownload.com



သဏ္ဌာန် ထုလုပ်တယ်လို့ ဆိုနိုင်ပါတယ်'

'ဒါဖြင့် အရှင်ဘုရား နဂါးမိုးပေးလို့ နဂါးမိုးဒက္ခိဏာသာခါ ထုလုပ်ရင် မရနိုင်ဘူးလား ဘုရား'

'ရနိုင်တာပေါ့'

'ဆက်ရှင်းပါဦး ဘုရား'

'တင်ပျဉ်ခွေတော်မူတဲ့ ပုံက ဘုရားရှင်ရဲ့ ခြေဖဝါးတော်မှာ ရှိတဲ့ စက်လက္ခဏာကို စုံစမ်းတဲ့ သူတို့အား သံသယ ကင်းရှင်းအောင် ထင်ရှားပြသတဲ့ အနေနဲ့ ခွေတဲ့ပုံပါပဲ၊ အဲဒီပုံကတော့ အများပုံတွေနဲ့ တူပါတယ်နော်'

'မှန်ပါဘုရား'

'သူ့ကျမ်းတွေမှာ ဗောဓိသားကို ဆေးဒန်း မြင်းသီလာနှင့် ဖြတ်၍ ဥာဏ်တော် ၆–သစ်ခန့် ထုလုပ်ရန် ဗောဓိသားကို စီရင်ရာ၏လို့ ဆိုပါတယ်။ ဒါကတော့ အသား အနေအထား ကြည့်ပြောတာနဲ့ တူပါတယ်နော်'

'မှန်ပါဘုရား'

'ထုလုပ်သောအခါ မဈှိမတိုင်းသား ကျေးကုလားပုံဟန် မျက်နှာသွင်ပြင် ကြည်လင်သော ဣန္ဒြေတော် ရှိစေရမည်တဲ့'

'ဟာ . . ဒါဖြင့် အရုပ်မဆိုးစေရဘူးပေါ့နော် ဘုရား'

'ဘုရားပါ ဆိုမှပဲ ဘယ်မှာ အရုပ်ဆိုးရမလဲ၊ အဆင်းတော်ကလဲ လှလွန်းလို့ အတုမဲ့ အဆင်းတော်ပဲ'

http://www.dhammadownload.com



'မှန်ပါဘုရား၊ ဆက်ရှင်းပါဦး ဘုရား'

'ဆက်ရှင်းမနေနဲ့တော့၊ ဒါလောက်ဆိုရင် ဒကာကြီးရဲ့ အမေးဟာ ပြေလည်ပြီ၊ ဆက်ရှင်းရင် လောကီ အစီအစဉ်တွေ ဖြစ်ပြီး ရှုပ်ကုန်လိမ့်မယ်'

'ဘာဖြစ်လို့လဲ ဘုရား'

'ရုပ်တုတော် ထုလုပ်ပြီး သစ်စေး ၃–ထပ်၊ ရွှေ ၃–ထပ် ချရမည်တဲ့၊ ပြီးတော့ ဂါထာရှိသေးတယ်၊ အဲဒီ ဂါထာနဲ့ ၇–အုပ် သို့မဟုတ် ၃၇–အုပ် စုပ်ရမည်တဲ့'

'ဒီလိုဆိုတော့ လောကီ ဆန်သွားပြီပေါ့ ဘုရား'

'အင်းပေါ့၊ အဲဒါကြောင့် မရှင်းချင်တာပေါ့၊ ပြီးတော့ သစ္စာရှ၊ ရွှေရင်ကပ်၊ အနောမဒဿီ၊ မဟာစေတီ၊ ဈေးတော်ဦး၊ တုဘောဂ၊ မဟာဒိန်ရယ်လို့ နေ့စဉ်အလိုက် ဘွဲ့တော်မှည့်ပြီး ကိုးကွယ်ရမယ်တဲ့'

'ပြီးတော့ မိမိတို့ရဲ့ မူလ၊ ပရိဝါရအရပ်၊ အာယုအရပ်၊ တေဇအရပ်၊ သီရိအရပ်တို့၌ တည်ထား ကိုးကွယ်ရမယ်တဲ့'

'အမယ်လေး မလွယ်ပါလား ဘုရား'

'မလွယ်ဘူး၊ အဲဒီလို ကိုးကွယ်ရင် လောကီ အကျိုးတရားမှာ ပယောဂဘက်တွင် အထူး အသုံးဝင်တယ်တဲ့၊ စုံးရူး၊ နတ်ရူး၊ မှော်ရူးတို့ကို ကြာ၊ ငါးကြင်း မြုပ်ရုံလောက် ရေသပ္ပာယ်၍ လူနာကို တိုက်လျှင် ချက်ချင်း ပျောက်တယ်တဲ့'

http://www.dhammadownload.com



'ပြီးတော့ ဦးခေါင်းတော် ဘက်မှ ရေသပ္ပာယ်၍ အဲဒီ ရေကို နံ့သာရေ ဆွတ်ပြီး သောက်သုံးသော် နားကြပ်ပေးသော် အနာပေါက်တယ်တဲ့၊ နတ်ကဲ့သို့ ဟောပြောနိုင်တယ်တဲ့၊ အဲဒီရေကို မျက်နှာသစ်သော် လူနတ်ချစ်ခင် အမြင် ပေါက်တယ်တဲ့'

'အမယ်လေး . . . တယ်ဆိုပါလား ဘုရား'

'ဒါတွင် မကသေးဘူး၊ ဉာဏ်ယှဉ်၍ သုံးနိုင်သည် . . .တဲ့၊ အဲဒါ လောကီနည်းတွေပါ၊ လောကုတ္တရာ အနေနဲ့ကတော့ ဇောဓိသားရရင် ကြိုက်တဲ့ပုံထုပြီး အနေကဇာတင်ပြီး ကိုးကွယ် ရုံပဲပေါ့နော်'

'မှန်ပါဘုရား'

'နောက် ရှင်းရရင် လောကီနည်းတွေ အများကြီး ရှိသေး တယ်၊ ထွက်ရပ်ပေါက် ဆရာတို့ ဒက္ခိဏာသာခါ စီရင်နည်း အင်း များ၊ စမများကို ၁၀–၅၁နှဲ့ သွင်းရတယ်၊ ပြီးတော့ ပွဲ ၇–ပွဲ တင်ပြီး ထုရတဲ့ နည်းလဲ ရှိသေးတယ်'

'ကျေနပ်ပါပြီ၊ ရှင်းပါပြီ ဘုရား၊ သိပ်ပြီးတော့ လောကီဆန် သွားတော့ မကောင်းတော့ပါ ဘုရား'

'အေး . . . အချုပ် ပြောရရင် ဇောဓိပင်ရဲ့ တောင်ကိုင်၊ (ဒက္ခိဏာသာခါ)ရရင် ကြိုက်တဲ့ပုံထု၊ အနေကဇာတင် ကိုးကွယ် ရင် မိမိလိုချင်တဲ့ လောကီ လောကုတ္တရာ အကျိုးတွေ ပြီးပါ

http://www.dhammadownload.com



တယ်၊ ယုံကြည်စွာ ကိုးကွယ်ပါနော်'

'မှန်ပါဘုရား'

'အခြား အခြား ကြေး၊ ကျောက်၊ ရွှေ၊ ငွေ၊ သတ္တု၊ သစ်သား စသည်များဖြင့် ထုလုပ်ရာမှာလဲ အဲဒီ သဘောပါပဲနော်'

'မှန်ပါဘုရား'

'ကိုးကွယ်သူရဲ့ ယုံကြည်မှု အပေါ်မှာ မူတည်ပါတယ်၊ ဟုတ်လား'

'ဟုတ်ပါတယ် ဘုရား'

* မြတ်စွာဘုရား ရုပ်ပွားအားခေါ်ကြား ဥဒ္ဒိဿစေတီသာ၊
* မြတ်စွာဘုရား ဓာတ်တော်အား ခေါ်ကြား ဓာတုစေတီသာ၊
* မြတ်စွာဘုရား ဟောတရား ခေါ်ကြား ဓမ္မစေတီသာ၊
* မြတ်စွာဘုရား သုံးဆောင်အား ခေါ်ကြား ပရိဘောဂ စေတီသာ၊
* စေတီလေးဖြာ လောကမှာ ရှိပါ ထင်ရှားစွာ၊
* စေတီတွင်းဝယ် ဂုဏ်တော်ခြယ် ကိုးကွယ်ပူဇော်ပါ၊
* လောကုတ် လောကီ ကျိုးနှစ်လီ အောင်မည် သေချာပါ၊
* ဘုရားတည်ထား ပစ်၍ထား ကျိုးကား မများပါ။

http://www.dhammadownload.com



# ပါဠိပါဠ်ဆင့်ဖတ်နည်း ပုံသေနည်းရှိပါသလားဘုရား

(၃)

မြန်မာတို့၏ မြန်မာစာပေသည် ပါဠိစာပေနှင့် မကင်းပါ၊ မှန်ပါသည်။ မြန်မာစာ၊ မြန်မာစကားထဲ၌ ပါဠိစာပေ၊ ပါဠိစကားများ အများအပြား ပါဝင်နေပါသည်။ ယင်း ပါဠိစာပေ၊ ပါဠိစကားတို့ကို မြန်မာစာပေ၊ မြန်မာစကားဟု ထင်မြင်ယူဆပြီး ကျွမ်းကျင်စွာ အသုံးပြုနေကြပါသည်။

ယင်းသို့ မြန်မာစာပေ၊ မြန်မာစကားသည် ပါဠိစာပေ၊ ပါဠိစကားနှင့် မကင်းရကား မြန်မာစာပေ၊ မြန်မာစကား ကျွမ်းကျွမ်းကျင်ကျင် ပါဠိစာပေ၊ ပါဠိစကားကို မသိချင်ယောင် ဆောင်ထား၍ မရပါ။ အနည်းဆုံး ပါဠိကို ကျွမ်းကျင်စွာ ဖတ်နိုင်သည့်တိုင်အောင် လေ့လာရမည် ဖြစ်ပါသည်။

http://www.dhammadownload.com



အဘယ်ကြောင့်ဆိုသော် ပါဠိစာပေ၊ ပါဠိစကားတို့သည် မြန်မာစကား၊ မြန်မာစာ အရေးအသား၊ အခေါ်အဝေါ်၊ အသုံးအနှုန်းများ ကြားညှပ်ကာ အမြဲ ပါလျက်ရှိသောကြောင့် ဖြစ်ပါသည်။

တစ်နည်းဆိုသော် မြန်မာတို့ ကိုးကွယ်သည့် ဘာသာမှာ ဗုဒ္ဓဘာသာ ဖြစ်၍ ဗုဒ္ဓဘာသာအကြောင်းကို ကောင်းကောင်း နားလည်လိုပါလျှင် ပါဠိကျွမ်းကျင်မှ ဖြစ်ပါမည်။ မကျွမ်းကျင်သော်လည်း မှန်မှန် ဖတ်တတ်ရုံလောက်မျှကတော့ တတ်မှ ဖြစ်ပါမည်။

ပါဠိမဖတ်တတ်၍ မြန်မာစာမကျွမ်းကျင်ဘဲ ဗုဒ္ဓဘာသာနှင့် ဝေးနေသူများလည်း အများကြီး ရှိပါသည်။ အမှန်တကယ်တော့ ပါဠိဖတ်နည်းမှာ ပုံသေနည်းရှိ၍ မခက်ပါ။ ပုံသေနည်းကို မိနစ်ပိုင်းမျှ လေ့လာဖတ်ရှုပြီး ပါဠိကို ဖတ်ကြည့်လျှင် ကျွမ်းကျင်စွာ ဖတ်နိုင်ပါလိမ့်မည်။

ပါဠိဖတ်နည်းကို သင်္ကေတနည်းဟု ထင်နေကြသည်။ ပါဠိဖတ်နည်းသည် ပုံသေနည်း ရှိပါသည်။ ပုံသေနည်း ဖြစ်ပါသည်။ သင်္ကေတနည်း မဟုတ်ပါ။ ယင်းအကြောင်းနှင့် ပတ်သက်၍ ခေတ်ပညာတတ် လူငယ်တစ်ယောက်က မိမိကို မေးလျှောက်၏။

'အရှင်ဘုရား၊ ပါဠိဖတ်နည်း ပုံသေနည်း ရှိပါသလား

http://www.dhammadownload.com



ဘုရား'

'ဟာ . . . ရှိတာပေါ့'

'တပည့်တော် တွေ့ဖူးတာကတော့ ပုံသေနည်း မတွေ့ဖူးဘဲ သင်္ကေတနည်းတွေနဲ့ ပြတာတွေပဲ တွေ့ဖူးပါတယ် ဘုရား၊ ပုံသေနည်းရှိလျှင် ရှင်းပြပေးပါဘုရား၊ တပည့်တော် တတ်ချင်ပါတယ်'

'အေး . . . ဘုန်းကြီးကလဲ ရှင်းပြချင်နေတာ ကြာပြီ၊ မေးမည့်သူ မရှိလို့ မရှင်းပြရဘူး၊ အခုတော့ အတော်ပဲ၊ ကဲ . . ရှင်းပြပါဆိုရင် အက္ခရာ ၃၃-လုံးကို ဦးစွာ ဒီလို အစီအစဉ် အတိုင်း ရေးချပါ။

| | | | | |
|---|---|---|---|---|
| က | ခ | ဂ | ဃ | င |
| စ | ဆ | ဇ | ဈ | ည |
| ဋ | ဌ | ဍ | ဎ | ဏ |
| တ | ထ | ဒ | ဓ | န |
| ပ | ဖ | ဗ | ဘ | မ |
| ယ | ရ | လ | ဝ | သ |
| | ဟ | ဠ | အ | |

အဲဒီလို အက္ခရာ ၃၃-လုံးကို ရေးပြီး အဲဒီလို အမှတ်အသား မျဉ်းခွဲထားပြီး -

(၁) က အတန်းကို က အုပ်စုလို့ မှတ်ထားပါ။

http://www.dhammadownload.com



| | | | | |
|---|---|---|---|---|
| (၂) | စ | ။ | စ | ။ ။ |
| (၃) | ဋ | ။ | ဋ | ။ ။ |
| (၄) | တ | ။ | တ | ။ ။ |
| (၅) | ပ | ။ | ပ | ။ ။ |

အဲဒီလို အုပ်စု ၅-စု ခွဲမှတ်ပြီးတော့ မျဉ်းသားထားတဲ့ အောက်က (ယ-ရ-လ-ဝ-သ-ဟ-ဠ-အ) ရှစ်လုံးတို့ကို အုပ်စုလွတ် အက္ခရာများလို့ မှတ်ထားပါ။

ပြီးတော့ အုပ်စု ၅-စုရဲ့ နောက်ဆုံး မျဉ်းသားထားတဲ့ (င- ည-ဏ- န- မ) ငါးလုံးတို့ကို အုပ်စုအဆုံး အက္ခရာတွေလို့ မှတ်ထားပါ။

ပြန်ပြောပြမယ်၊ အုပ်စုက ၅-အုပ်စု ရှိတယ်။ အက္ခရာက ၂၀-ရှိတယ်။ အုပ်စုလွတ် အက္ခရာက ၈-လုံး ရှိတယ်။ အုပ်စုအဆုံး အက္ခရာက ၅-လုံး ရှိတယ်။ ပြန်ပေါင်းလိုက်တော့ အက္ခရာ ၃၃-လုံးရှိတယ်။ ပါဠိပါဠ်ဆင့်ဖတ်နည်း ပုံသေနည်း ကို ရှင်းပြရမယ်ဆိုရင် . . .

(၁) နှစ်လုံးဆင့်ထားသော အက္ခရာတွင် အပေါ်အက္ခရာ သည် အမြဲတမ်း အသတ်ဖြစ်၍ အောက်အက္ခရာသည် ပင်ကို အသံထွက်သည်။ လုံးကြီးတင်၊ ချောင်းငင်၊ ရေးချ၊ သဝေထိုး၊ သေးသေးတင်တို့သည် အောက်က အက္ခရာနှင့် ဆိုင်၍ အောက်

http://www.dhammadownload.com



က အက္ခရာ မူလအသံအတိုင်းထွက်တယ်လို့ မှတ်ထားပါ။

(၂) ရှေ့ကအက္ခရာ တစ်လုံးနေ၍ ၎င်း အက္ခရာ၌လည်း လုံးကြီးတင်၊ ချောင်းငင် တစ်ခုခု မပါဘဲ အုပ်စု ၅-စုမှ မည်သည့် အက္ခရာချင်း ဆင့်ဆင့် အုပ်စုခေါင်းဆောင်တို့၏ အသတ်သံအတိုင်း ထွက်တယ်လို့ မှတ်ပါ။ ရှင်းပြရသော်-

(၃) ရှေ့၌ ၁-လုံး အက္ခရာနေ၍ နောက်မှ က-အုပ်စု အချင်းချင်း ဆင့်ချင်တာနဲ့ဆင့် အုပ်စုခေါင်းဆောင် 'က သတ်သံ ထွက်တယ်' လို့ မှတ်ပါ။

| | | | |
|---|---|---|---|
| ဥပမာ- | အ+က္ကာ | =အက္ကာ (အက်ကာ) | လို့ဖတ်ပါ။ |
| | အ+က္ခု | =အက္ခု (အက်ခု) | ။ |
| | အ+ဂ္ဂံ | =အဂ္ဂံ (အက်ဂံ) | ။ |
| | အ+ဂ္ဃော | =အဂ္ဃော (အဂ်ဃော)။ | |

(၄) ရှေ့၌ ၁-လုံး အက္ခရာနေ၍ နောက်မှ စ-အုပ်စု အချင်းချင်း ဆင့်ချင်တာနဲ့ ဆင့် အုပ်စုခေါင်းဆောင် 'စ- သတ်သံထွက်တယ်' လို့ မှတ်ပါ။

| | | | |
|---|---|---|---|
| ဥပမာ | က+စ္စ | =ကစ္စ (ကစ်စ)လို့ | ဖတ်ပါ။ |
| | အ+စ္ဆု | =အစ္ဆု (အစ်ဆု)လို့ | ။ |
| | အ+ဇ္ဇု | =အဇ္ဇု (အစ်ဇု) လို့ | ။ |
| | အ+ဇ္ဈော | =အဇ္ဈော(အစ်ဈော)လို့ | ။ |

(၄-၅)ရှေ့၌ ၁-လုံး အက္ခရာနေ၍ နောက်မှ ဋအုပ်စု တ-

http://www.dhammadownload.com



အုပ်စုအချင်းချင်း ဆင့်ချင်တာနဲ့ဆင့် အုပ်စုခေါင်းဆောင် ဋ–သတ်၊ တ–သတ်သံ ထွက်တယ်လို့ မှတ်ပါ။ ဋ–သတ်သံမှာ တ–တသတ်သံနဲ့ အတူတူပင် ဖြစ်ပါတယ်။

ဥပမာ– အ+ဋ္ဋ =အဋ္ဋ (အဋ်တ  အတ်တ)လို့ ဖတ်ပါ။
အ+တ္တ=အတ္တ(အတ်တ)လို့ ။
အ+ဋ္ဌ =အဋ္ဌ (အဋ်ဌ =အတ်ထ)လို့ ။
အ+တ္ထ=အတ္ထ (အတ်ထ)လို့ ။
အ+ဍ္ဍ =အဍ္ဍ (အဍ်ဍ=အတ်ဍ)လို့ ။
က+ဒ္ဒ =ကဒ္ဒ (ကဒ်ဒ=ကတ်ဒ)လို့ ။
အ+ဍ္ဎ =အဍ္ဎ (အဍ်ဎ=အတ်ဎ)လို့ ။
အ+ဒ္ဓါ=အဒ္ဓါ (အဒ်ဓါ =အတ်ဓါ)လို့ ။

(၆) ရှေ့၌ ၁–လုံး အက္ခရာနေ၍ နောက်မှ ပ–အုပ်စု အချင်းချင်း ဆင့်ချင်တာနဲ့ဆင့် အုပ်စုခေါင်းဆောင် 'ပ–သတ်သံ ထွက်တယ်လို့ မှတ်ပါ။

ဥပမာ က+ပ္ပံ =ကပ္ပံ (ကပ်ပံ)လို့ ဖတ်ပါ။
က+ပ္ဖေါ=ကပ္ဖေါ (ကပ်ဖော)လို့ ။
အ+ဗ္ဗာ =အဗ္ဗာ (အဗ်ဗာ)လို့ ။
အ+ဗ္ဘာ =အဗ္ဘာ (အဗ်ဘာ)လို့ ။

အဲ . . . ယခုပြောခဲ့တာဟာ ရှေ့၌ ၁–လုံး၊ အက္ခရာနေ၍ လုံးကြီးတင် ချောင်းငင်မပါဘဲနှင့် အုပ်စု ၅–ခုမှ ဆင့်ချင်တာနှင့်

http://www.dhammadownload.com



ဆင့် ဆင့်ရာ၌ ပုံသေနည်း စည်းမျဉ်းပါ။

ယခု မှတ်သားရမှာက ရှေ့ ၁-လုံး အက္ခရာ၌ လုံးကြီးတင် ချောင်းငင် တစ်ခုခုပါ၍ နောက်မှ အုပ်စု ၅-စု အချင်းချင်း ဆင့်ချင်တာနှင့် ဆင့် ၅-အုပ်စုလုံး၏ အပေါ်လုံး အသတ်လုံးများ သည် (တ-သတ်သံ ပ-သတ်သံ)သို့ အားလုံး ပြောင်းလဲသွား တယ်လို့ မှတ်ပါ။

ပုံသေနည်းကို မပြောမီ ဦးစွာ မှတ်ထားရမည်မှာ (အိနှင့် ဣ) (အုနှင့် ဥ) ညီမျှသည် တူညီသည်ဟု မှတ်ပါ။ ပါဠိစာပေ၌ ဣနှင့် ဥ ကိုသာ အသုံးများပါသည်။

(၇) ရှေ့၌ ၁-လုံး အက္ခရာတွင် လုံးကြီးတင် ချောင်းငင် တစ်ခုခုပါ၍ က အုပ်စု အချင်းချင်း မည်သည့် အက္ခရာနှင့် ဆင့်ဆင့် တ-သတ်သံ ပ သတ်သံ)ထွက်တယ် လို့ မှတ်ပါ။

| | | |
|---|---|---|
| ဥပမာ | ဣ+က္က | ဣက္က(အိတ်က =ဣက်က) |
| | ဘိ+က္ခု | =ဘိက္ခု (ဘိတ်ခု =ဘိတ်ခု) |
| | ဥ+က္ကံ | =ဥက္ကံ (အုတ်ကံ =ဥက်ကံ) |
| | ဣ+က္ခာ | =ဣက္ခာ(အိတ်ခါ =ဣခါ) |
| | ဣ+ဂ္ဂေါ | =ဣဂ္ဂေါ(အိတ်ဂေါ =ဣဂ်ဂေါ) |
| | ဥ + ဂ္ဂေါ | =ဥဂ္ဂေါ (အုတ်ဂေါ=ဥဂ်ဂေါ) |
| | ဣ+ဃ္ဃ | =ဣဃ္ဃံ (အိတ်ဃံ = ဣဂ်ဃံ) |
| | ဥ +ဃ္ဃော | =ဥဃ္ဃော (အုတ်ဃော=ဥဂ်ဃော) |

http://www.dhammadownload.com



(၈) ရှေ့၌ ၁=လုံး အက္ခရာတွင် လုံးတင် ချောင်းငင် တစ်ခုခုပါ၍ စ–အုပ်စုမှ အချင်းချင်း ဆင့်ချင်တာနှင့် ဆင့် 'က–သတ်သံ ပ–သတ်သံ ထွက်တယ်လို့ မှတ်ပါ။

ဥပမာ ဣ+စ္စ =ဣစ္စ (အိတ်စ = ဣစ်စ)

ဣ+စ္ဆာ=ဣစ္ဆာ(အိတ်ဆာ = ဣစ်ဆာ)

ဥ+ စ္စ =ဥစ္စ (အုတ်ခ = ဥစ်စ)

ဥ+ စ္ဆာ =ဥစ္ဆာ (အုတ်ဆာ= ဥစ်ဆာ)

ဣ+ဇ္ဇာ=ဣဇ္ဇာ (အိတ်ဇာ =ဣဇ်ဇာ)

ဥ + ဇ္ဈော = ဥဇ္ဈော (အုတ်ဈော = ဥဇ္ဈော)

ဣ + ဇ္ဈာ = ဣဇ္ဈာ (အိတ်ဈော = ဣဇ်ဈာ)

ဥ +ဇ္ဈာ –ဥဇ္ဈာ (အုတ်ဈာ =ဥဇ်ဈာ)

(၉) ရှေ့၌ ၁–လုံး အက္ခရာတွင် လုံးတင် ချောင်းငင် တစ်ခုခုပါ၍ ဋ–တ အုပ်စုအချင်းချင်း ဆင့်ချင်တာနှင့် ဆင့် 'တ–သတ်သံ ပ–သတ်သံ ထွက်တယ်လို့ မှတ်ပါ။

ဥပမာ ဣ+ဋ္ဋ ဣ+တ္တ (အိတ်ဋ=ဣတ်တ)

ဥ +ဋ္ဋ ဥ +တ္တ (အုတ်ဋ=ဥတ်တ)

ဣ+ ဋ္ဌ ဣ+တ္ထ (အိတ်ဌ=ဣတ်ထ)

ဥ + ဋ္ဌ ဥ +တ္ထ (အုတ်ဌ=ဣတ်ထ)

ဣ+ ဍ္ဍ ဣ +ဒ္ဒ (အိတ်ဍ=ဣဒ်ဒ)

ဥ + ဍ္ဍ ဥ +ဒ္ဒ (အုတ်ဍ+ဥဒ်ဒ)

http://www.dhammadownload.com



ဣ+ ဓ ဣ +ဒ္ဓ (အိတ်ပ=ဣဒ္ဓိပ=ဣဒ္ဒ)
ဥ + ဓ ဥ +ဒ္ဓ (အုတ်ပ=ဥဒ်ဓ)

(၁၀) ရှေ့၌ ၁–လုံး အက္ခရာတွင် လုံးတင် ချောင်းငင် တစ်ခုခုပါ၍ ပ–အုပ်စု အချင်းချင်း ဆင့်ချင်တာနှင့် ဆင့် အုပ်စု ခေါင်းဆောင် 'ပ သတ်သံ ထွက်တယ်'လို့ မှတ်ပါ။

ဥပမာ ခိ +ပ္ပ =ခိပ္ပ (ခိပ်ပ)
ဣ+ပ္ပ =ဣပ္ပ (ဣပ်ပ)
ဥ + ပ္ပ =ဥပ္ပ (အုတ်ပ=ဥပ်ပ)
ဣ + ပ္ဖ =ဣပ္ဖ (အိတ်ဖ=ဣပ်ဖ)
ဥ + ပ္ဖ =ဥပ္ဖ (အုတ်ဖ=ဥပ်ဖ)
ဣ + ဗ္ဗ =ဣဗ္ဗ (အိတ်ဗ=ဣဗ်ဗ)
ဥ + ဗ္ဗ =ဥဗ္ဗ (အုတ်ဗ=ဥဗ်ဗ)
ဣ + ဗ္ဘ =ဣဗ္ဘ (အိတ်ဘ=ဣဗ်ဘ)
ဥ + ဗ္ဘ =ဥဗ္ဘ (အုတ်ဘ=ဥဗ်ဘ)

(၁၁) အုပ်စု ၅–စုတို့၏ အဆုံးအက္ခရာ ၅–လုံးတို့သည် တစ်လုံးစီ သီးခြားမူလ အသတ်သံများအတိုင်း အသံထွက်ပါသည်။ 'င' အသတ်နှင့် ပတ်သက်၍–

ဥပမာ အ+င် =အင် (အင်)
က+ခ္ခါ =ကင်္ခါ(ကင်ခါ)
အ+ဂ်ါ =အင်္ဂါ(အင်ဂါ)

http://www.dhammadownload.com



မ+ဂ်လာ =မင်္ဂလာ(မင်ဂလာ)

စသည်ဖြင့် 'င' သတ်၍ ထွက်နေကျ အသံအတိုင်း ထွက်ပါသည်။

'ည' အသတ်နှင့် ပတ်သက်၍မူ ထူးခြားချက် ရှိပါသည်။ 'ည' အစစ်မှာ 'ဉ' ဖြစ်ပါသည်။ ၎င်းမှာ တစ်လုံးတည်း နေသော 'ဉ' ဖြစ်ပါသည်။ ည-နှင့် ဉ- မှာ မှားတတ်ပါသည်။ ဒီလို 'ည'မှာ နှစ်လုံးဆင့် 'ည' ဖြစ်ပါသည်။

ရှေ့ အက္ခရာ လုံးတင် ချောင်းငင် မပါလျှ၍ တစ်လုံးတည်း ဖြစ်မူ နောက်မှ 'ည' နှစ်လုံးဆင့်ရာ၌ တစ်လုံးသည် 'င' သတ်သံ ထွက်၍ တစ်လုံးသည် ပင်ကို 'ဉ' သံ ထွက်ပါသည်။

ဥပမာ က+ည =ကညာ (ကင်ဉာ=ကဉ်ဉာ)

အ+ည+မ+ည=အညမည (အဉ်ဉ မဉ်ဉ)

ပ+ည = ပညာ (ပဉ်ဉာ)

စသည်တို့ ဖြစ်ပါသည်။

ရှေ့အက္ခရာတွင် လုံးတင် ချောင်းငင် တစ်ခုခု ပါသော် နောက်မှ ည-နှစ်လုံးဆင့်တွင် တစ်လုံးသည် န-သတ်သံ၊ မ-သတ်သံ ထွက်၍ တစ်လုံးမှာ ပင်ကို 'ဉ' သံ ထွက်ပါသည်။

ဥပမာ အဘိ+ ညာ= အဘိညာ(အဘိန်ဉာ = အဘိဉ်ဉာ)

ဝိ+ ညာ=ဝိညာ (ဝိန်ဉာ = ဝိဉ်ဉာ)

ကိ+ဉ္စာ =ကိဉ္စာ (ကိန်စာ = ကိဉ်စာ)

http://www.dhammadownload.com



ကိ+ဥ္စိ =ကိဥ္စိ (ကိန်စိ=ကိဉ်စိ)

ပု+ည = ပုည (ပုန်ဉ =ပုဉ်ဉ)

စသည်တို့ ဖြစ်ပါသည်။

'ဏ၊ န၊ အ' အသတ်သံတို့မှာ ရှေ့အက္ခရာတွင် တစ်လုံးတည်းဖြစ်စေ၊ လုံးတင် ချောင်းငင်ပါသည်ဖြစ်စေ၊ မူလအသံမပြောင်းသွားဘဲ မူလ အသတ်သံအတိုင်း ထွက်ပါသည်။

| | | | |
|---|---|---|---|
| ဥပမာ | အ+ဏ္ဏဝ | =အဏ္ဏဝ | (အဏ်ဏဝ) |
| | ပိ +ဏ္ဍ | =ပိဏ္ဍ | (ပိဏ်ဍ) |
| | က+ဏ္ဍက | =ကဏ္ဍက | (ကဏ်ဍက) |
| | ပု+ဏ္ဏ | =ပုဏ္ဏ | (ပုဏ်ဏ) |
| | ကု+ဏ္ဍလ | =ကုဏ္ဍလ | (ကုဏ်ဍလ) |
| | ကု+ဏ္ဍ | =ကုဏ္ဍ | (ကုဏ်ဍ) |
| | အ+န္န | =အန္န | (အန်န) |
| | ကိ+န္နရ | =ကိန္နရ | (ကိန်နရ) |
| | ဓ+မ္မ | =ဓမ္မ | (ဓမ်မ) |
| | ဥ+မ္မာ | =ဥမ္မာ | (ဥမ်မာ) |

စသည်တို့ ဖြစ်ပါသည်။

ကဲ . . .အဲဒါလောက်ဆိုရင် အုပ်စု ငါးစု အက္ခရာများနဲ့ အုပ်စုငါးစုရဲ့ အဆုံးအက္ခရာများရဲ့ ပါဠိ ပါဌ်ဆင့်ပုံများ သဘောပေါက်လောက်ပါပြီ၊ ယခု ဆက်လက်ပြီး အုပ်စုလွတ် အက္ခရာ

http://www.dhammadownload.com



ရှစ်လုံးတို့ရဲ့ ပါဠိပါဠိဆင့် ဖတ်နည်းကို ရှင်းပြပါမယ်။

အုပ်စုလွတ် အက္ခရာများဟာ တစ်လုံးစီ သီးခြားအသတ်၊ သီးခြားအသံ ထွက်ပါတယ်၊ အုပ်စုလွတ် အက္ခရာများမှ . . .

'ယ' နှစ်လုံးဆင့်ရင် 'ယျ' လို့ ဆင့်ပါတယ်၊ ယ-တစ်လုံးသည် န-သတ်သံ မ-သတ်သံ ထွက်၍ ယ-တစ်လုံးသည် မူလအသံ ထွက်ပါတယ်။

ဥပမာ-ဟိ+ယျော=ဟိယျော (ဟိယ်ယော ဟိန်ယော)

ဘိ+ယျော=ဘိယျော (ဘိတ်ယော ဘိန်ယော)

စသည်တို့ ဖြစ်ပါတယ်။

ရ-နှင့် ရ-အချင်းချင်း မဆင့်ဘဲ ရ-နှင့် တ-ဆင့်ရာ၌ 'တြ'လို့ ဆင့်ပါသည်။

ဥပမာ အ+တြ=အတြ (အတ်တရ)

တ+တြ=တတြ (တတ်တရ)

စသည်တို့ ဖြစ်ပါတယ်။

လ-နှင့် လ-အချင်းချင်း ဆင့်ရာ၌ လ-တစ်လုံးသည် န-သတ်သံ မ-သတ်သံ ထွက်၍ လ-တစ်လုံးသည် မူလအသံ ထွက်ပါသည်။

ဥပမာ ကောသ+လ္လ=ကောသလ္လ (ကောသလ်လ ကောသန်လ)

ဝေပု+လ္လ=ဝေပုလ္လ (ဝေပုလ်လ ဝေပုန်လ)

http://www.dhammadownload.com



ဗာဟု+လ္လ=ဗာဟုလ္လ(ဗာဟုလ်လ ဗာဟုန်လ)

စသည်တို့ ဖြစ်ပါတယ်။

ဝနှင့် ဝ-အချင်းချင်း မဆင့်ဘဲ သ-နှင့် သ-အချင်းချင်း ဒဆင့်ရာ၌ 'သ'လို့ မဆင့်ဘဲ 'ဿ'လို့ ဆင့်ပါသည်။ သ-တစ်လုံးသည် တ-သတ်သံ ပ-သတ်သံထွက်၍ သ-တစ်လုံးသည် မူလအသံ ထွက်ပါသည်။

ဥပမာ ယ+ဿ=ယဿ (ယသ်သ ယတ်သ)

တ+ဿ=တဿ (တတ်သ တတ်သ)

အ+ဿ=အဿ (အသ်သ အတ်သ)

စသည်တို့ ဖြစ်ပါတယ်။

အဲဒီလောက်ဆိုလျှင် အုပ်စုလွတ် အက္ခရာများရဲ့ ပါဠိ ပါဠိဆင့်ပုံကို သိလောက်ပါပြီ၊ ယခု ဆက်လက်ပြီး ကျန်ရှိနေတဲ့ ရောပြွမ်း ပါဠိဆင့်များ အကြောင်းကို ရှင်းပြပါမယ်။

(၁) ရှေ့မှ သဝေထိုးနေ၍ အက္ခရာတစ်လုံးလုံး နေပြီး ၎င်းနောက်၌ အက္ခရာ တစ်လုံးလုံးနေအံ့၊ စ-သတ်သံ ထွက်ပါသည်။

ဥပမာ ခေ+တ္တ=ခေတ္တ (ခေတ်တ =ခစ်တ)

မေ+တ္တာ=မေတ္တာ (မေတ်တာ=မစ်တာ)

သေ+ဋ္ဌ =သေဋ္ဌ (သေဋ်ဌ = သစ်ဌ)

ဧ+ တ္ထ=ဧတ္ထ (ဧတ်ထ = စစ်ထ)

http://www.dhammadownload.com



(၂) ရှေ့မှ သဝေထိုးနေ၍ အလယ်၌ ရေးချပါသော အက္ခရာ တစ်လုံး လုံးနေပြီး ၎င်းနောက်၌ န-နှင့် တ-ဆင့်၍ လုံးတင်ပါအံ့။ ဝ-ဆွဲ န-သတ်သံ မ-သတ်သံ ထွက်ပါတယ်။

ဥပမာ ဟော +န္တိ=ဟောန္တိ (ဟောန်တိ=ဟွန်တိ)

သက္ကော+န္တိ=သက္ကောန္တိ (သက္ကောန်တိ=သက်ကွန်တိ)

စသည်တို့ ဖြစ်ပါတယ်။

(၃)ရှေ့မှ သဝေထိုးနေ၍ အလယ်၌ ရေးချမပါသော အက္ခရာ တစ်လုံးလုံးနေပြီး ၎င်းနောက်၌ န-နှင့် တ-ဆင့်၍ လုံးတင်ပါအံ့၊ 'င-သတ်သံ' ထွက်ပါတယ်။

ဥပမာ သေ +န္တိ=သေန္တိ (သေန်တိ=သင်တိ)

ဒသေ+န္တိ=ဒသေန္တိ(ဒသ်သေန်တိ=ဒသ်သင်တိ)

အာနေ+ဥ=အာနေဥ (အာနေဉ်ဇ=အာနင်ဇ)

စသည်တို့ ဖြစ်ပါတယ်။

(၄) အက္ခရာ တစ်လုံးလုံးကို လုံးတင်၍ ၎င်းအပေါ် သေးသေးတင်အံ့၊ လုံးတင် န-သတ်သံ မ-သတ်သံ ထွက်ပါ တယ်။

ဥပမာ တာဝတိံသာ (တာဝတိန်သာ တာဝတိမ်သာ)

သကိံမတာ (သကိန်မတာ သတိမ်မသာ)

စသည်တို့ ဖြစ်ပါတယ်။

(၅) ရှေ့မှ အက္ခရာ တစ်လုံးလုံးနေ၍ နောက်၌ တ-ကို

http://www.dhammadownload.com



ဝ–ဆွဲရေးချသော် တ–သတ်သံ ထွက်ပါတယ်။

ဥပမာ ဒ + တွာ = ဒတွာ (ဒတ်တဝါ)

က + တွာ = ကတွာ(ကတ်တဝါ)

ဟု + တွာ = ဟုတွာ(ဟုတ်တဝါ)

ဘု + တွာ = ဘုတွာ(ဘုတ်တဝါ)

စသည်တို့ ဖြစ်ပါတယ်။

(၆) ရှေ့မှ အက္ခရာ တစ်လုံးလုံးနေ၍ နောက်၌ မ–နှင့် ယ–ကို ဟ–ထိုးထားသော် မ–သတ်သံ၊ န–သတ်သံ ထွက်ပါတယ်။

ဥပမာ တု + မှ = တုမှ (တုမ်မှ)

အ + မှ = အမှ (အုမ်မှ)

တု + ယှ = တုယှ (တုမ်ယှ)

စသည်တို့ ဖြစ်ပါတယ်။

(၇) ရှေ့မှ အက္ခရာ တစ်လုံးနေ၍ နောက်၌ သ–နှင့် မ–ကို ဆင့်ရာ၌ တ–သတ်သံ၊ ပ–သတ်သံ ထွက်ပါတယ်။

ဥပမာ က+ကသ္မာ = တသ္မာ(ကသ်သမာ ကတ်သမိ)

က+သ္မိံ = ကသ္မိံ (ကသ်သမိံ = ကတ်သမိ)

အ+သ္မိံ = အသ္မိ (အသ်သမိ = အတ်သမိ)

ယ+သ္မာ = ယသ္မာ (ယသ်သမာ ယတ်သမာ)

စသည်တို့ ဖြစ်ပါတယ်။

http://www.dhammadownload.com



ကဲ . . . ဒီလောကဆိုရင် အတွေ့အကြုံများတဲ့ ပါဠိပါဌ်ဆင့်တွေ အတော်စုံသွားပြီ၊ ပရိတ်ကြီး စာအုပ်ကို ဖတ်ကြည့်ပါ။ ဖတ်တတ်သွားပြီး ကျန်တဲ့ ပါဌ်ဆင့်တွေလဲ ဖတ်နိုင်ပါလိမ့်မည်။

* ပါဠိဖတ်နည်း ပုံသေနည်း အပြီးလေ့လာပါ၊
* လေ့လာပြီးကာ ပါဠိစာ သေချာ ဖတ်ကြည့်ပါ၊
* ပါဠိကျွမ်းလာ မြန်မာစာ ကျွမ်းကာ လာလေမှာ၊
* ပါဠိကင်းကွာ မြန်မာစာ ဘယ်ခါ မကျွမ်းပါ၊
* မြန်မာစာသာ မကျွမ်းလာ မြန်မာ မပီသလေပါ၊
* ထို့ကြောင့်ပါဠိ ဖတ်နည်းကြည့် ဖတ်ဘိပါဠိစာ။

http://www.dhammadownload.com



# သရဏဂုံ ပျက်တတ်ပါသလား ဘုရား

## (၄)

'ဗုဒ္ဓဘာသာအစ သရဏဂုံ က' ဟူ၍ ဆိုရိုးရှိသည့်အတိုင်း သရဏဂုံသည် ဗုဒ္ဓဘာသာဝင်တွေ အတွက် မည်မျှ အရေးကြီးသည်ကို ဖော်ပြဖွယ်ရာပင် မလိုတော့ပါပြီ။

သို့သော် သရဏဂုံ နှင့်စပ်၍ သေသေချာချာ သိသူကား နည်းပါးလှပါသည်။ မသိသူများသည် အမှတ်မဲ့သာ နေတတ်၍ သိချင်သူများသည် အမှတ်မဲ့ မနေတတ်ပေ။ အမှတ်မဲ့ မနေတတ်သည့် အားလျော်စွာ သိချင်သူ တစ်ယောက်က မေးလျှောက်၏။

'အရှင်ဘုရား . . .သရဏဂုံ ပျက်တတ်ပါသလား ဘုရား'

'ပျက်တတ်ပါတယ်'

'ပျက်တတ်ပုံကို ရှင်းပြပါဦးဘုရား'

'ရှင်းရမယ်ဆိုရင် ဘုန်းကြီးက အစအဆုံးရှင်းရမှ ရှင်းချင်တယ်၊ မှတ်သားနိုင်ပါ့မလား'

http://www.dhammadownload.com



'သိချင်တော့ မှတ်သားရတာပေါ့ ဘုရား'

'ကဲ . . . မှတ်ရင် ရှတ်ပြမယ်၊ သေသေချာချာ မှတ်ပါ၊ ဘုရား၊ တရား၊ သံဃာ၊ ရတနာမြတ်သုံးပါး အပေါင်းသည် ကိုးကွယ် ဆည်းကပ် သရဏဂုံတည်သူ ဟူဟူသမျှတို့၏ ကြောက်ခြင်း၊ ထိတ်လန့်ခြင်း၊ ကိုယ်စိတ်ဆင်းရဲခြင်း၊ အပါယ် ဘုမ္မိ၊ ဒုဂ္ဂတိ၌ ညစ်နွမ်းပင်ပန်း ဆင်းရဲခြင်း အမျိုးမျိုးကို ပယ် ဖျောက်တတ်သောကြောင့် သရဏ မည်ပါတယ်'

'အရှင်ဘုရားကလဲ သရဏဂုံ မေးပါတယ်၊ သရဏ လာပြောနေတယ်'

'ဩော် . . . ပြောတဲ့စကားကို ဆုံးအောင် နားထောင်ပါဦး၊ သရဏ နားလည်မှ သရဏဂုံ နားလည်မှာမို့ သရဏကို စ, ပြောရတာပါ'

'မှန်ပါ၊ ဒီလိုဆိုရင် ဆက်အမိန့်ရှိပါဘုရား'

'ကဲ . . .နားထောင်၊ ဒီတစ်ခါကြားဝင် မပြောနဲ့နော်'

'မှန်ပါ၊ မပြောတော့ပါ ဘုရား'

'မြတ်စွာဘုရားရှင်သည် အစီးအပွား ချမ်းသာကြောင်း တရား၌ ဖြစ်စေခြင်းဖြင့် လည်းကောင်း၊ အစီးအပွားမဲ့ ဆင်းရဲ ကြောင်း တရားမှ တားမြစ်ခြင်းဖြင့် လည်းကောင်း၊ သတ္တဝါ တို့၏ ဘေးအမျိုးမျိုးကို ပယ်ဖျောက်တတ်ပါတယ်'

တရားတော်သည် ဘဝခရီးခဲမှ လွတ်မြောက်စေသော အား

http://www.dhammadownload.com



ဖြင့် လည်းကောင်း၊ သက်သာရာကို ပေးသောအားဖြင့် လည်းကောင်း၊ သတ္တဝါတို့၏ ဘေးအမျိုးမျိုးကိုပယ်ဖျောက် တတ်ပါတယ်။

သံဃာတော်သည် အနည်းငယ်မျှသော ကောင်းမှုများ၏ သော်မှလည်း ပြန့်ပြောကြီးကျယ်သော အကျိုးကို ရအောင် ပြုတတ်သောအားဖြင့် သတ္တဝါတို့၏ ဘေးအမျိုးမျိုးကို ပယ်ဖျောက်တော် မူတတ်ပါတယ်။

အဲဒါကြောင့် ဘုရား, တရား, သံဃာ ရတနာမြတ် သုံးပါးသည် သရဏ မည်ပါတယ်၊ သတ္တဝါတို့၏ ဘေးဒုက္ခ အမျိုးမျိုးကို ပယ်ဖျောက်တတ်သော ဝတ္ထုမှန် သုံးပါးကို 'သရဏ'လို့ ဆိုပါတယ်။

အဲဒီ သရဏလို့ ခေါ်တဲ့ ရတာနာသုံးပါး၌ ကြည်ညိုခြင်း၊ အဲဒီရတနာသုံးပါး၌ အလေးပြုခြင်းတို့ဖြင့် ညစ်ညူးကြောင်း, အကုသိုလ်တရားတို့ကို ပယ်ရှားလျက် အဲဒီ ရတနာသုံးပါး၌ ညွတ်ကိုင်းရှိုင်းသော အခြင်းအရာဖြင့် ဖြစ်သော မဟာကုသိုလ်စိတ်, စေတသိက်, ရဟန္တာတို့. အဖို့ရာ မဟာကြိယာစိတ်, စေတသိက်, မဂ်၌တည်သော အရိယာတို့အဖို့ရာ မဂ်စိတ်စေတသိက် အဲဒီတရား အစုသည် သရဏဂုံ မည်ပါတယ်။

အချုပ်ပြောရရင် ဘေးဒုက္ခအမျိုးမျိုးကို ပယ်ဖျောက်တတ်သော ဘုရား, တရား, သံဃာ ဝတ္ထုမှန် သုံးပါးဟူ၍ သိကြောင်း

http://www.dhammadownload.com



ဆည်းကပ်ကြောင်း ဖြစ်သော စိတ်စေတသိက် တရား အစုသည် သရဏဂုံ မည်ပါတယ်။

ဘေးဒုက္ခအမျိုးမျိုးကို ပယ်ဖျောက်တတ်သော ဘုရား၊ တရား၊ သံဃာ ဝတ္ထုမှန် သုံးပါးဟူ၍ သိတတ်သောသူ၊ သိသော စိတ်စေတသိက် တရားအစုနှင့် ပြည့်စုံသောသူကို သရဏဂုံ တည်သူလို့ ခေါ်ပါတယ်။

အဲဒီ သရဏဂုံသည် . . .

(၁) လောကုတ္တရာ သရဏဂုံ၊

(၂) လောကီ သရဏဂုံ၊

ဟူ၍ နှစ်ပါး အပြားရှိပါတယ်။

ထိုနှစ်ပါးတို့တွင် . . .

(၁) လောကုတ္တရာ သရဏဂုံသည် သစ္စာလေးပါး တရား သိမြင် အရိယာအရှင်တို့၏ သန္တာန်၌ ဆိုင်ရာ ဆိုင်ရာ မဂ်ခဏဝယ် သရဏဂုံ ညစ်ညူးကြောင်း ဥပက္ကိလေသ အကုသိုလ် တရားတို့ကို အကြွင်းမထား ပယ်ဖြတ်သောအားဖြင့် နိဗ္ဗာန်ကို အာရုံပြုလျက် ကိစ္စသိဒ္ဓိအားဖြင့် ရတနာသုံးပါး၌ပင် စိတ္တက္ခဏ တစ်ချက်တည်း၌ ပြည့်စုံပါတယ်။

(၂) လောကီ သရဏဂုံသည် ပုထုဇဉ် ပုဂ္ဂိုလ်တို့၏ သန္တာန်၌ သရဏဂုံ ညစ်ညူးကြောင်း ဥပက္ကိလေသ အကုသိုလ် တရားတို့ကို ပယ်ခွာသောအားဖြင့် ဘုရားဂုဏ်၊ တရားဂုဏ်၊

http://www.dhammadownload.com



သံဃာဂုဏ်ကို အာရုံပြု၍ ဖြစ်၍ ပြည့်စုံပါတယ်။

အဲဒီ လောကီသရဏဂုံသည် . . .

(၁) ဉာဏသမ္ပယုတ် သရဏဂုံ၊

(၂) ဉာဏဝိပ္ပယုတ် သရဏဂုံ၊

ဟူ၍ နှစ်ပါး အပြားရှိပါတယ်။

ထိုနှစ်ပါးတို့တွင် . . .

(၁) အမိအဖ အစရှိသော သူတို့ တိုက်တွန်းသဖြင့် ကလေးသူငယ် အစရှိသော သူတို့၏ ခံယူနှုတ်မြွက် ဆောက်တည်အပ်သော သရဏဂုံသည် ဉာဏဝိပ္ပယုတ် သရဏဂုံ ဖြစ်ပါတယ်။ ဒီ သရဏဂုံမှာ သဒ္ဓါစေတသိက်ကို အရ ကောက်ယူရပါတယ်။

(၂) ရတနာသုံးပါး၏ ကျေးဇူးဂုဏ်ကို သိရှိ၍ နှုတ်မြွက်ဆောက်တည် ခံယူအပ်သော သရဏဂုံသည် ဉာဏသမ္ပယုတ် သရဏဂုံ ဖြစ်ပါတယ်။ ဒီ သရဏဂုံမှာ သဒ္ဓါ, ပညာ နှစ်ပါးကို အရကောက်ယူရပါတယ်။

ထို လောကီ သရဏဂုံသည် . . .

(၁) မိမိကိုယ်ကို ရတနာသုံးပါးအား အပ်နှင်းသော အခြင်း အရာအားဖြင့် ဖြစ်သော 'အတ္တသန္နိယျာတန သရဏဂုံ'၊

(၂) ရတနာသုံးပါး၌ လဲလျောင်း ညွတ်ကိုင်းရှိုင်းသော အခြင်းအရာအားဖြင့် ဖြစ်သော 'တပ္ပရာယဏ သရဏဂုံ'၊

http://www.dhammadownload.com



(၃) တပည့်အဖြစ်သို့ ကပ်ရောက်သော အခြင်းအရာဖြင့် ဖြစ်သော 'သိဿဘာဝူပဂမန သရဏဂုံ'၊

(၄)ရတနာသုံးပါး၌အလွန်အမင်း အရိုအသေပြုသော အခြင်းအရာအားဖြင့် ဖြစ်သော 'ပဏိပါတ သရ ဏဂုံ'၊ ဟူ၍ လေးပါးပြားပြန်ပါသည်။

ထိုလေးပါးတို့တွင် . . .

(၁) 'ငါသည် ယနေ့မှစ၍ မိမိကိုယ်ကို မြတ်စွာဘုရားအား အပ်နှင်း ပေးလှူပါ၏၊ တရားတော်အား အပ်နှင်း ပေးလှူပါ၏၊ သံဃာတော်အား အပ်နှင်း ပေးလှူပါ၏'လို့ မိမိကိုယ်ကို ရတနာ သုံးပါးအား အပ်နှင်းလှူဒါန်းသော အခြင်းအရာဖြင့် ဖြစ်သော သရဏဂုံသည် 'အတ္တသန္နိယျာတန သရဏဂုံ ' မည်ပါတယ်။

(၂) 'ငါသည် ယနေ့မှစ၍ မြတ်စွာဘုရား, တရားတော်, သံဃာတော်သာလျှင် လဲလျောင်း ကိုင်းညွတ်ရာ ရှိသူဖြစ်၏ ဟူ၍ အကျွန်ုပ်ကို မှတ်ပါကုန်လော့' လို့ ရတနာ သုံးပါး၌ လဲလျောင်း ကိုင်းညွတ်သော အခြင်းအရာအားဖြင့် ဖြစ်သော သရဏဂုံသည် 'တပ္ပရာယဏ သရဏဂုံ' မည်ပါတယ်။

(၃) 'ငါသည် ယနေ့မှစ၍ မြတ်စွာဘုရား, တရားတော်, သံဃာတော်၏ အန္တေဝါသိက တပည့်ရင်းဖြစ်သူဟူ၍ အကျွန်ုပ် ကို မှတ်ပါကုန်လော့' လို့ ရတနာသုံးပါး၏ တပည့်အဖြစ်ကို ခံယူသောအားဖြင့် ဖြစ်သော သရဏဂုံသည် 'သိဿဘာဝူပဂမန

http://www.dhammadownload.com



သရဏဂုံ' မည်ပါတယ်။

(၄) 'အကျွန်ုပ်သည် ယနေ့မှစ၍ ဘုရား, တရား, သံဃာ ရတနာသုံးပါးတို့အားသာလျှင် ရှိခိုးခြင်း၊ ခရီးဦး ကြိုဆိုခြင်း၊ လက်အုပ်ချီခြင်း၊ အရိုအသေပြုခြင်း၊ အမှုကို ပြုလုပ်သောသူ ဟူ၍ အကျွန်ုပ်ကို မှတ်ပါကုန်လော့' လို့ ဘုရားအစရှိသော ရတနာသုံးပါးတို့၌ အလွန်အမင်း အရိုအသေပြုသော အခြင်း အရာဖြင့် ဖြစ်သော သရဏဂုံသည် 'ပဏိပါတသရဏဂုံ' မည် ပါတယ်။

အဲဒီ အခြင်းအရာ လေးပါးတို့တွင် တစ်ပါးပါးသော အခြင်း အရာကို ပြုလုပ်သူသည် 'သရဏဂုံ ခံယူအပ်သူ' မည်ပါတယ်။ အဲဒီ ပဏိပါတခေါ်သော အရိုအသေပြုမှု ရှိခိုးမှုသည် . . .

(၁) ဆွေမျိုးဖြစ်၍ ရှိခိုးခြင်း၊

(၂) ကြောက်သဖြင့် အရိုအသေပြုခြင်း, ရှိခိုးခြင်း၊

(၃) ဆရာဖြစ်၍ အရိုအသေပြုခြင်း၊

(၄) မြတ်သော အလှူကို ခံယူထိုက်သည့် ရတနာသုံးတန် ဝတ္ထုမှန် အနေဖြင့် အရိုအသေပြုခြင်း၊ ရှိခိုးခြင်း ဟူ၍ လေးမျိုး ပြားပြန်ပါသည်။ ထိုလေးမျိုးတို့တွင် (၄)အမှတ်ပြ မြတ်သော အလှူကို ခံထိုက်သည့် ရတနာသုံးတန် ဝတ္ထုမှန် အနေဖြင့် အရို အသေပြုမှု, ရှိခိုးမှုသာလျှင် ပဏိပါတ သရဏဂုံ မြောက်ပါ တယ်၊ ကျန် သုံးမျိုးဖြင့် ရိုသေရှိခိုးမှုကား သရဏဂုံ မမြောက်ပါ။

http://www.dhammadownload.com



မှန်ပါတယ်၊ ချီးမွမ်းအပ် မြတ်သော ရတနာမှန် အနေဖြင့် ရှိသေမြတ်နိုး ရှိခိုးမှသာလျှင် သရဏဂုံ မြောက်ပါတယ်။

စစ်မှန်သော ဘုရား၊ တရား၊ သံဃာ ရတနာမြတ် သုံးပါးကို စွန့်ပယ်၍ အခြား မစစ်မှန်သည့် ဘုရား၊ တရား၊ သံဃာ အမည်ခံများကို စစ်မှန်သော ဘုရား၊ တရား၊ သံဃာ ရတနာ အနေဖြင့် ရှိသေမြတ်နိုး ရှိခိုး ကိုးကွယ်မှသာ သရဏဂုံ ပျက်ပါတယ်။

ဆိုပါတော့ မင်းသား မင်းသမီးတွေ အနေနဲ့ 'မြတ်စွာဘုရားသည် ငါတို့၏ မဟာဆွေတော် မျိုးတော် ဖြစ်သည်'လို့ အောက်မေ့ကာ ရှိခိုးလျှင် သရဏဂုံ ခံယူအပ်သည် မမည်ပါ။

အမှတ်မထင် အကြင်သူ အနေနှင့် 'ရဟန်းဂေါတမသည် မင်းအပူဇော်ခံ ပုဂ္ဂိုလ်၊ တန်ခိုး အာနုဘော်ကြီးသော ပုဂ္ဂိုလ်ဖြစ်လေသည်။ သူ့ကို ရှိခိုးမှု ငါမပြုခဲ့လျှင် ငါ၏ အကျိုးမဲ့ကို သော်လည်း ပြုလေရာ၏'လို့ အောက်မေ့ ကြောက်ရွံ့သဖြင့် ရှိခိုးလျှင် သရဏဂုံ ခံယူအပ်သည် မမည်ပါ။

အမှတ်မထင် အကြင်သူအနေနှင့် 'ဤမြတ်စွာဘုရားသည် လောကဋ္ဌ နောက်နောက်ဘဝ အကျိုးပေးရအောင် ပျိုးချတုံလတ်မြတ်သောအလှူကို ခံယူတော်မူထိုက်သော ရတနာစစ် ရတနာမှန်ဖြစ်တော်မူ၏'လို့ အောက်မေ့ကာ ရှိခိုးမှသာလျှင် 'သရဏဂုံ' ခံယူသည် မည်ပါတယ်။

http://www.dhammadownload.com



အဲဒီလို သရဏဂုံ ခံယူပြီးသော သူသည် သာသနာပြင်ပ တိတ္ထိတို့၌ 'ဤသူကား ငါ၏ ဆွေမျိုး ဖြစ်တယ်'လို့ အောက်မေ့ကာ ရှိခိုးသော်လည်း သရဏဂုံ မပျက်ပါ။

အဲဒီလို သရဏဂုံ ခံယူပြီးသော သူသည် တိုင်းပြည်အုပ်ချုပ်မင်းလုပ်သူကို ရှိမခိုးလျှင် အကျိုးမဲ့ကို ပြုမည်စိုး၍ ရှိခိုးသော်လည်း သရဏဂုံ မပျက်ပါ။

'ဒီလိုဆိုရင် နတ်တွေကို ရှိမခိုးရင် ဖမ်းဆီးမှာ ကြောက်လို့ ရှိခိုးရင် သရဏဂုံ မပျက်ဘူးပေါ့နော် ဘုရား'

'အင်း . . . မပျက်ဘူးပေါ့'

'နေဦး . . . ပြောဦးမယ်၊ အတတ်ပညာ တစ်စုံတစ်ရာ သင်ကြားပြသပေးသော ဆရာဖြစ်ဖူးသည့် တိတ္ထိကို သော်လည်း ဤသူသည် ငါ၏ဆရာ ဖြစ်ခဲ့ဖူးတယ်လို့ အမှတ်ရကာ ရှိခိုးရင် သရဏဂုံ မပျက်ပါဘူး'

သရဏဂုံ နှစ်ပါးတို့တွင် လောကုတ္တရာ သရဏဂုံမှာ ဘယ်သောအခါမှာမှ ပျက်စီးတယ်လို့ မရှိပါဘူး၊ လောကီ သရဏဂုံမှာသာ ပျက်စီးခြင်း ရှိပါသည်။ ထိုလောကီသရဏဂုံ၏ ပျက်စီးခြင်းသည် . . .

(၁) အပြစ်ရှိသော ပျက်စီးခြင်း၊

(၂) အပြစ်မရှိသော ပျက်စီးခြင်း၊

ဟူ၍ နှစ်မျိုး ရှိပါတယ်။

http://www.dhammadownload.com



ထိုနှစ်မျိုးတို့တွင် . . . .

(၁) ရတနာ သုံးပါးအမှ အခြား တိတ္ထိဆရာ စသည်တို့၌ သရဏဂုံ လေးပါးတို့အနက် တစ်ပါးပါးသော အခြင်းအရာအား ဖြင့် ဆည်းကပ် ကိုးကွယ်လျှင် သရဏဂုံလည်း ပျက်၍ တဏှာ ဒိဋ္ဌိ အစရှိသော အကုသိုလ် အပြစ်တို့နှင့်လည်း တကွဖြစ်သော ကြောင့် မကောင်းသော ဆင်းရဲဒုက္ခ အကျိုးပေးပါတယ်။

'ဒါဖြင့် သရဏဂုံ ပျက်မှုဟာ ကိုးကွယ်ဆည်းကပ်ပုံ အပေါ် မှာ မူတည်နေတယ်ပေါ့နော် ဘုရား'

'အင်းပေါ့၊ နေဦး၊ ပြောဦးမယ်'

(၂) ဒီဘ၀ ကိုယ်ခန္ဓာပြတ်ကြွေ စုတေသောအခါ ခံယူပြီး လောကီသရဏဂုံ ပျက်သွားပါတယ်။ သို့သော်လည်း သရဏဂုံ ပျက်ရုံသာဖြစ်၍ တစ်စုံတစ်ခု အကုသိုလ် မဟုတ်သောကြောင့် အပြစ် မရှိပါဘူး။

'ကဲ . . . ဒီလောက်ဆိုရင် သရဏဂုံ ပျက်–မပျက် သိ လောက်ပြီပေါ့နော်'

'မှန်ပါ သိပါပြီ ဘုရား'

'ဒါဖြင့် သရဏဂုံတော့ မပျက်ပါဘူး၊ သရဏဂုံ ညစ်နွမ်း ခြင်းကို ပြောဦးမယ်၊ အဲဒီ သရဏဂုံ နှစ်ပါးတို့တွင် လောကီ သရဏဂုံသည် . . .

(၁) ရတနာသုံးပါးတို့၌ ဂုဏ်ကျေးဇူးကို မသိခြင်း၊

http://www.dhammadownload.com



(၂) ယုံမှားခြင်း၊

(၃) အလွဲလွဲ အမှားမှား စွဲယူ မှတ်ထင်ခြင်း၊

စသည်တို့ကြောင့် ညစ်နွမ်းပါတယ်။ အရောင်မလက် မပြောင်မပြူး မကြီးကျယ်ပါဘူး။

လောကုတ္တရာ သရဏဂုံမှာကား ညစ်နွမ်းမှုဟူ၍ မရှိပါ။ အမြဲတစေ သန့်ရှင်းစင်ကြယ်လျက် ရှိပါတယ်။

အဲဒီလို ပြောဆိုခဲ့တဲ့ လောကီ, လောကုတ္တရာ သရဏဂုံနှစ်မျိုးတို့တွင် အရိယမဂ် လေးပါးတို့ဟာ လောကုတ္တရာ သရဏဂုံ မဂ်စိတ္တုပ္ပါဒ်၏ အကျိုးရင်းတို့ ဖြစ်ပါတယ်၊ သံသရာဝဋ်ဒုက္ခ၏ ကုန်ခန်းချုပ်ငြိမ်းခြင်းသည် အကျိုးဆက်, အကျိုးဖျား အာနိသံသ မည်ပါတယ်။

တစ်နည်း ပြောရရင် အနိစ္စ၊ ဒုက္ခ၊ အနတ္တဖြစ်သော ရုပ်၊ နာမ်၊ ဓမ္မ၊ သင်္ခါရတို့ကို ဘယ်သောအခါမှာမှ နိစ္စ၊ သုခ၊ အတ္တဟူ၍ မစွဲယူခြင်း စသည်ဟာ လောကုတ္တရာ သရဏဂုံရဲ့ အကျိုးဆက်, အကျိုးဖျား, အာနိသံသ မည်ပါတယ်။

သုဂတိဘဝသို့ ကပ်ရောက်ရခြင်း၊ စည်းစိမ်ဥစ္စာနှင့် ပြည့်စုံရခြင်း စသည်တို့ဟာ လောကီသရဏဂုံရဲ့ အကျိုးမည်ပါတယ်။

'သရဏဂုံ အကျိုးတွေကလဲ အစုံပါပဲလား ဘုရား'

'အဲဒီလောက် စုံတဲ့ အကျိုးတွေကို လိုချင် ရချင်ရင် သရဏဂုံ ကိုယ်လုံးခြုံအောင် ထိန်းပေါ့နော်'

http://www.dhammadownload.com



'မှန်ပါဘုရား'

* သရဏဂုံ, ကိုယ်လုံးခြုံ, လုံအောင် စောင့်ထိန်းပါ၊
* သရဏဂုံ, ကိုယ်လုံးခြုံ, လူ့ဘုံ နတ်ရွာ မခဲပါ၊
* သရဏဂုံ, ပျက်လေကုန်, ပါယ်ဘုံ ရောက်လေမှာ၊
* သက်ရှိစဉ်ပျက်,သောကပျက်,အပျက်နှစ်မျိုး ရှိလေရာ၊
* သက်ရှိစဉ်ပျက်, အပြစ်တက်, သေပျက် ပြစ်ကင်းကွာ။

http://www.dhammadownload.com



# အရှင်ဘုရား အဘယ့်ကြောင့် ဘုရားပွင့်ဖို့ရာ ခဲယဉ်းပါသလဲ ဘုရား

(၅)

လောကဉ္စ မြတ်စွာဘုရား၊ မြတ်စွာဘုရား ဟူသော အသံကိုမျှ ကြားရဖို့ရန် အလွန်တရာ ခဲယဉ်းလှပါ၏။ မြတ်စွာ ဘုရား မြတ်စွာဘုရားရှင်တို့ ဖြစ်တော်မူ ပွင့်တော်မူဖို့ရန်မှာမူ ဆိုဖွယ်ရာမရှိ အလွန်ထက်အလွန် ခဲယဉ်းပါပေ၏။

ယင်းအကြောင်းကို ဗုဒ္ဓသာသနာဝင်တို့ နား၌ အထပ်ထပ်ကြားဖူး နေကြလေပြီ၊ ယင်းသို့ ကြားဖူးနေကြသော်လည်း ယင်းအကြောင်း စပ်စုသူ ဦးရေမှာ သိပ်ပြီး များလှမည် မဟုတ်ပါပေ။ မများသူများမှ တစ်ယောက်နှင့် မိမိ တွေ့ရ၏။ သူက မေးလျှောက်၏။

'အရှင်ဘုရား အဘယ့်ကြောင့် ဘုရားပွင့်ဖို့ရာ ခဲယဉ်း ပါသလဲ ဘုရား'

http://www.dhammadownload.com



'ဒကာကြီး ဘုရားဆိုတာ ပွင့်ချင်တိုင်း ပွင့်လို့ ရတာမှ မဟုတ်တာဘဲ၊ ပါရမီပြည့်မှ ပွင့်ပေါ်ရတာဖြစ်လို့ ဘုရားပွင့်ဖို့ရာ ခဲယဉ်းရတာပါ'

'အရှင်ဘုရား . . နေပါဦးဘုရား၊ အဲဒီ ပါရမီဆိုတာလဲ ပြောဆိုသာ နေပါတယ်ဘုရား၊ အနက်အဓိပ္ပာယ်ကတော့ မသိပါဘုရား၊ ပါရမီ အဓိပ္ပာယ် ရှင်းပြပါဦး ဘုရား'

'အင်း . . မေးစဉ်က ဘုရားပွင့်ဖို့ ခဲယဉ်းတာ၊ ယခု ရောက်သွားတော့ ပါရမီ'

'ဩော် . . အရှင်ဘုရားကလဲ ဆက်စပ်လို့ ရောက်သွားတာ ပါဘုရား၊ သည်းခံပါဘုရား'

'သည်းခံပါတယ်၊ ကဲ . .ကဲ. . နားထောင်ပါ၊ ဘုရား အလောင်းတော်တို့၏ ဥစ္စာဖြစ်သော အကျင့်ကို ပါရမီလို့ ခေါ် ပါတယ်'

'ဒီလိုဆိုရင် အရှင်ဘုရား ပါရမီဆိုတာ ကျင့်ရမည့် အကျင့် တစ်မျိုးလို့ အဓိပ္ပာယ် ပေါက်တာပေါ့နော်'

'အင်းပေါ့၊ ကဲ . . . နားထောင်ဦး၊ အဲဒီပါရမီကို တစ်နည်း ပြောရရင် ဘုရားအလောင်းတော်တို့၏ ပြုလုပ်အပ်သော အမှု ကိစ္စမျိုးကို ပါရမီလို့ ခေါ်ပါတယ်'

တစ်နည်း ပြောရရင် ဘုရားအလောင်းတော် ဟူ၍ အသိ ဉာဏ်ဖြစ်ကြောင်း အလုပ်ကိစ္စများကို ပါရမီ ဟူ၍ ခေါ်ပါတယ်။

http://www.dhammadownload.com



အဲဒီ အဓိပ္ပာယ်ကို ထင်လင်းအောင် ထပ်ပြီး ဖော်ပြရပါလျှင် ဘုရားအလောင်းတော်များ ကျင့်ကြံပြုလုပ် အားထုတ်အပ်သော ဒါနအစရှိသော တရားအစုကို ပါရမီလို့ ခေါ်ပါတယ်။

အဲဒီ အကြောင်းကို ထပ်ပြီးရှင်းရရင် သံသရာ၏ တစ်ဘက်ကမ်းဖြစ်တဲ့ နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော ဒါန စေတနာ, သီလစေတနာ, စသည်တို့ကို ပါရမီလို့ ခေါ်ပါတယ်၊ ကဲ . . . ပါရမီ အဓိပ္ပာယ်ကို သဘောပေါက်ပြီလား'

'မှန်ပါ၊ သဘောပေါက်ပါတယ် ဘုရား'

'ကဲ . . ဘယ်လို သဘောပေါက်ပါသလဲ၊ ပြောစမ်းပါဦး'

'မှန်ပါ၊ ပြောရမယ်ဆိုရင် နိဗ္ဗာန်ကို လိုလားတဲ့ အမျိုးကောင်းသား၊ အမျိုးသမီးကောင်းတို့သည် နိဗ္ဗာန်ကို ရည်မှန်းပြီး ဒါန, သီလ အစရှိသော ကုသိုလ်တွေကို ပြုလုပ်နေရင် ပါရမီဖြစ်နေပြီ၊ ရှိနေပြီလို့ သဘောပေါက်ပါတယ် ဘုရား'

'အဲဒီလို ပါရမီကုသိုလ်တွေ ဆည်းပူးတဲ့နေရာမှာ ဘုရားအလောင်းတော်တို့၏ ပါရမီတော် ဖြည့်တဲ့နေရာမှာ ဇနီးမယားကို စွန့်ခြင်း၊ သားသမီးကို စွန့်ခြင်း ဆိုတာတွေ ပါနေတော့ ပြည့်ဖို့ရာ အတော်ခက်တယ်၊ ခက်ပုံကို ဘုန်းကြီးလက်တွေ့ သာဓက တစ်ခုနှင့် ပြောပြမယ်'

မြို့တစ်မြို့မှာ ဘုန်းကြီးနဲ့ အလွန်တရာ ရင်းနှီးတဲ့ ဇနီးမောင်နှံ နှစ်ယောက်ရှိတယ်၊ သူတို့ ဇနီးမောင်နှံဟာ သာသနာ

http://www.dhammadownload.com



ရေးကို အသက်ပေးပြီး ကြိုးစားဆောင်ရွက်နေကြသူ တွေပါ၊ အရွယ်နဲ့ မလိုက်အောင် ကုသိုလ်ကောင်းမှုကို ဆည်းပူး နေသူ တွေပါ၊ ပြောရမယ်ဆိုရင် ရွာမှရွားထဲက ဇနီးမောင်နှံ နှစ်ယောက် ပါ'

'အမယ်လေး . . အရှင်ဘုရားကလဲ ချီးမွမ်းလိုက်တာ၊ တပည့်တော် နီးသာနီးရင် ခုတောင် သွားကြည့်ချင်တယ်'

'အင်း . . . ချီးမွမ်းထိုက်ရင် စိစစ်ပြီး ချီးမွမ်းရပါတယ်။ ကဲ ကဲ . . . နားထောင်၊ အဲဒီ ဇနီးမောင်နှံ နှစ်ယောက်ဟာ အဲဒီ သူတို့မြို့မှာ ဘုန်းကြီး တရားပြနေတဲ့ အခိုက် နှစ်ယောက် စလုံး ရောက်လာပြီး ရှိခိုးဦးချကာ သင်္ကန်းနှင့် စာရေးကိရိယာ များ လာလှူကြပါတယ်'

'အဲဒီလို ကပ်လှူပြီးတဲ့အခါ ဘုန်းကြီးက မ( . . .)ရေ၊ မောင်( . . .)ကို ဘုန်းကြီးအား လှူလိုက်ပါလားလို့ ဇနီးမောင်နှံ နှစ်ယောက်အနက် ဇနီးကို ပြောလိုက်ပါတယ်'

'အဲဒီလို ပြောတဲ့အခါ ဇနီးဖြစ်သူ မ( . . .)က ဆရာတော် ဘုရား တပည့်တော်က လှူပါတယ်ဘုရား၊ လှူဖွယ်ပစ္စည်းက ငြင်းဆန်နေလို့ပါ ဘုရား . . . လို့ လျှောက်ထားတယ်။'

'အဲဒီလို လျှောက်ထားတဲ့အခါ မောင်( . . .) က ရယ်တယ်၊ ဘုန်းကြီးကတော့ အတော် ထိတ်လန့်သွားတယ်၊ ဘာဖြစ်လို့လဲ ဆိုတော့ ဘုန်းကြီးက ဘုရားဆုပန်ထားသူပါ၊ ဩော် . . မြတ်စွာ

http://www.dhammadownload.com



ဘုရား ပွင့်ဖို့ရာ အဘယ့်ကြောင့် ခဲယဉ်းရပါသလဲ ဘုရား ဆိုတာနဲ့ ပတ်သက်လို့ ပြောရရင် ကိုယ်တစ်ဦးတည်း ပြီးတဲ့ကိစ္စ မဟုတ်ပါလား၊ ဇနီးမယား၊ သမီးသားတွေ စွန့်ရတဲ့ ကိစ္စတွေပါနေပါလား၊ လျှူဖွယ်ပစ္စည်းဖြစ်တဲ့ သူတို့က ငြင်းဆန်နေရင် မခက်ပါလား၊ မခဲယဉ်းပါလားလို့ . . . သဘောပေါက်သွားတယ်'

'ဟုတ်တယ်လေ ကိုယ်ပိုင်ဆိုင်တဲ့ သက်မဲ့ ပစ္စည်းတွေ လျှူချင်သလောက် အဲဒီ လျှူဖွယ်ပစ္စည်းတွေက အကျွန်ုပ် အလှူခံပုဂ္ဂိုလ်နောက်သို့ လိုက်မသွားနိုင်ပါဘူးလို့ ငြင်းဆန်နေဦး မလား'

'မငြင်းဆန်ပါဘုရား'

'ကဲ . . . သက်ရှိ ဇနီးမယားနဲ့ သမီးသားတို့ကို စွန့်လှူမယ်ဆိုရင် သူတို့က မငြင်းဆန်ဘူးလား'

'ငြင်းဆန်နိုင်ပါတယ် ဘုရား'

'အဲဒီလို ငြင်းဆန်တော့ ငါးပါးကိုစွန့်မှ ဖြစ်နိုင်တဲ့ ဘုရားအဖြစ်ဆိုတာ ကိုယ်တစ်ဦးတည်း ပါရမီဖြည့်လို့ မရဘဲ ဇနီးမယား၊ သမီးသားတွေနဲ့လဲ ပတ်သက်နေတော့ ဘုရား တစ်ဆူတစ်ဆူ ပွင့်ထွန်းပေါ်ပေါက်ဖို့ရာ မခဲယဉ်းဘူးလား'

'ခဲယဉ်းပါတယ် ဘုရား'

'အေး . . . ပြောရမယ်ဆိုရင် သုံးလ, လေးလ, ငါးလလွန်မှ ရင့်ရိုး မှည့်ရိုးရှိသော ကောက်စပါးမျိုးသည် အဲဒီ(၃,၄,၅) လ အချိန်သို့ အရောက်သေးဘဲ နေ့စဉ်၊ နေ့စဉ် အကြိမ်ပေါင်း

http://www.dhammadownload.com



ရာထောင် ရေလောင်းခြင်း၊ ပေါင်းသင်ခြင်း၊ မြေဩဇာကျွေးခြင်း စသည်ဖြင့် ပြုပြင်စေကာမူ ကောက်သား မဝင်နိုင်ခြင်း၊ အခက် အရွက်တွေ စိတ်ရှိသလောက် မကြီးပွား၊ မပြန့်ပြောနိုင်ခြင်း၊ မရင့်ကျက်နိုင်ခြင်း ဟူသော အကြောင်းကြောင့် (၁၅)ရက်၊ တစ်လ အတွင်း မည်သည့်နည်းနဲ့မျှ စပါးအသီး မပြီးစီးနိုင်ပါ ဘူး'

'အဲဒီ အတူပါပဲ၊ ဘုရားအလောင်းတော်တို့မှာလဲ ဗျာဒိတ်ရ ပြီးသည့် နောက်ပိုင်းမှာ နေ့စဉ် နေ့စဉ် ဝေဿန္တရာမင်းကြီး၏ အလှူနဲ့တူသော အလှူကြီးမျိုးကို ပေးလှူတော်မူကြစေကာမူ အဲဒီ အလှူဒါနအား လျော်ကပ်တဲ့ သီလစတဲ့ ပါရမီတော် တို့ကို ဖြည့်ကျင့်စေကာမူ သဗ္ဗညုတ ဉာဏ်ပညာ အသားမဝင် နိုင်ခြင်း၊ မပြန့်ပြောခြင်း၊ မရင်းကျက်နိုင်ခြင်းတို့ ကြောင့် ကမ္ဘာ တစ်သိန်း အလွန်ရှိသော (၄)အသင်္ချေ၊ (၈)အသင်္ချေ၊ (၁၆) အသင်္ချေ မပြည့်မီအတွင်း အဘယ်နည်းနဲ့မျှ သဗ္ဗညုတဉာဏ် ပညာတော်အသီး ပြီးစီးအောင်မြောက် ရင့်ကျက်ပြည့်စုံခြင်း တည်းဟူသော ဘုရားအဖြစ်သို့ မရောက်နိုင် လို့ ဘုရားပွင့်ဖို့ ခဲယဉ်းပါတယ်လို့ မှတ်ပါ'

'နိယတ ဗျာဒိတ် ရပြီးတဲ့နောက် ပြည့်ရတဲ့ အပိုင်းအခြား တောင် အဲဒီလိုပါဆိုရင် နိယတ ဗျာဒိတ်မရမီ ဖြည့်ရတဲ့ အပိုင်း အခြားကတော့ ဘယ်ရွေ့ ဘယ်မျှလို့ ပိုင်းခြားလို့ မရနိုင်လောက်

http://www.dhammadownload.com



အောင်ကို များပြားလှပါတယ်၊ အဲဒါကြောင့်မို့လို့ ဘုရားပွင့်ဖို့ ရာ ခဲယဉ်းပါတယ်လို့ မှတ်ပါ'

* ဗုဒ္ဓမြတ်စွာ ပွင့်ဖို့ရာ၊ လွန်စွာခဲယဉ်းသည်၊
* ခဲယဉ်းလှစွာ၊ မြတ်ဗုဒ္ဓါ၊ ခုခါပွင့်နေပြီ၊
* ဘုရားပွင့်ခိုက်၊ တရားကြိုက်၊ အမြိုက် ရသင့်သည်။

http://www.dhammadownload.com



# မပုပ်မသိုးလျှင် ရဟန္တာပါလား ဘုရား

## (၆)

ဗုဒ္ဓသာသနာဝင်တို့သည် ရဟန္တာအရှင်မြတ်တို့ကို အလွန်တရာမှပင် ကြည်ညိုမြတ်နိုးကြကုန်၏။ ရဟန္တာ ဟူ၍ ကျော်ကြားလာလျှင် ပရိသတ်မှာ ဝင်လာမစဲ တသဲသဲပင် ဖြစ်လေသလို အလှူမှာလည်း မစဲ, တသဲသဲပင် ဖြစ်တော့သည်။

ရဟန္တာတစ်ပါးကို ရဟန္တာဟူ၍ သိဖို့ရာ မလွယ်ကူလှပါ။ အဘယ့်ကြောင့် ဆိုသော် ရဟန္တာအရှင်မြတ်တို့သည် မိမိတို့ကိုယ်ကို ရဟန္တာဟူ၍ အများမသိအောင် အလွန်လျှို့ဝှက်တော်မူကြကုန်၏။ ရဟန္တာဟူ၍ အကျော်ကြား မခံပါ၊ အသိမခံပါ။ ထို့ကြောင့် ရဟန္တာ အရှင်မြတ် တစ်ပါးကို ရဟန္တာဟူ၍ သိဖို့ရာ မလွယ်ကူပါ။

ရဟန္တာ အရှင်မြတ်တို့သည် မိမိတို့ သိထားသော သစ္စာလေးပါး တရားတော်ကို သတ္တဝါအများတို့အား အထူးအားဖြင့် သိစေလိုကြကုန်၏။ မိမိတို့ကိုမူ ရဟန္တာဟူ၍ မသိစေလိုကုန်။

http://www.dhammadownload.com



ရဟန္တာဟူ၍ ကျော်ကြားအောင် အရိပ်အယောင်လဲ မပြကုန်၊ အကျော်ကြားလဲ မခံကုန်ရကား ရဟန္တာတစ်ပါးကို ရဟန္တာဟူ၍ သိဖို့ရာ မလွယ်ကူပါ။

အချို့သော သူတို့က ပျံလွန်တော်မူတဲ့အခါ မပုပ်မသိုးလျှင် ရဟန္တာဟူ၍ ယူစွဲကြပြန်ကုန်၏။ ယင်းသည်မှာလဲ မမှန်ကန်နိုင်ပါ။ ယင်းမပုပ်မသိုး ကိစ္စနှင့် ပတ်သက်၍ မိမိကို ပြဿနာမေးဖူး၏။

*ဆရာတော်ဘုရား . . .*

*ရှိသေစွာ လျှောက်ထားပါသည်၊ ( . . . ) မြို့နယ်၊ ( . . . ) ဆရာတော်ဘုရား ( . . . )သည် ပျံလွန်တော် မူသွား ပါသည် ဘုရား။*

*ဆရာတော်ဘုရားရဲ့ သပိတ်အိုင်တောရ (၁၀)ရက် စခန်း တရားကျင့်သုံးပွဲတွင် တရားကျင့်နေသော ကိုကြီး( . . ) သည် ထိုဆရာတော်ကြီး၏ တပည့်ဖြစ်ပါသည် ဘုရား။*

*သူ့ကို အမြန်ပြန်လာဖို့ မှာခိုင်းသူက မှာခိုင်းပါသည်၊ ကိုကြီး ( . . . ) သည် ဆရာတော်ကြီး၏ တပည့်အရင်း တစ်ယောက် ဖြစ်ပါသည်။ ဆရာတော်ကြီး၏ ဝေယျာဝစ္စကို ကိုယ်ဖိရင်ဖိ ဆောင်ရွက်သူ ဖြစ်ပါသည်။*

*ဆရာတော်ကြီး၏ ကျေးဇူးကြောင့်ပင် မကောင်းမှု*

http://www.dhammadownload.com



အတော်များများကို စွန့်ခွာကာ လူကောင်း သူကောင်း စာရင်း ဝင်လာသူ ဖြစ်ပါသည်။

ဆရာတော်ကြီး၏ နောက်ဆုံး ရုပ်ပန ပြောကျသည်ကို မြင်စေချင်သည်ဟု မှာခိုင်း သူတို့က ပြောကြပါသည် ဘုရား။

တပည့်တော် စဉ်းစားသည်မှာ ကိုကြီး(...) သည်တရား ကျင့်သုံးနေသော ယောဂီဖြစ်ပါ သည်။ သူ့ကို သွားခေါ်လိုက် ပါက သဂ္ဂန္တရာယ်, မဂ္ဂန္တရာယ် ဖြစ်နိုင်ပါသည်။

မိစ္ဆာဒိဋ္ဌိစာရင်း ဝင်သွားမည်၊ မနော ဒုစရိုက် သုံးပါးတွင် ပါဝင်သော မိစ္ဆာဒိဋ္ဌိသည် ဒုစရိုက် ၁၀–ပါးတို့တွင် အပြစ်အကြီးဆုံး ဖြစ်သည်။ သို့ပါ၍ ယနေ့တိုင် မခေါ်ခြင်း ဖြစ်ပါသည် ဘုရား။

တပည့်တော်၏ အတွေးသည် မှန်ပါ သလား ဘုရား၊ ခေါ်သင့်ပါသလား ဘုရား၊ အဆုံးအဖြတ် ပေးတော်မူပါ ဘုရား။

ကိုကြီး( . . .)၏ ဇနီးမယား သမီးသားတို့ တပည့်တော် ကို အမြန်ဆုံး ခေါ်ပေးရန် တောင်းဆိုကြပါသည် ဘုရား။ မခေါ်ပေးပါက နောင်အခါ အပြစ်တင်စရာ ဖြစ်လာပါမည် ဘုရား။

အစွန်းနှစ်ဖက်မှ လွတ်ရန် အသိပေးရုံမျှ ဆိုလျှင် သင့် သည်ဟု တပည့်တော် ယူဆ စဉ်းစားမိပါသည် ဘုရား။

http://www.dhammadownload.com

http://www.dhammadownload.com

http://www.dhammadownload.com



နှလုံးသွင်းတာမျိုးမှ မိစ္ဆာဒိဋ္ဌိ ဖြစ်တာပါ။ ယခုက ဝတ္တုရားအရ တစ်ဆင့် အကြောင်းကြားစာ ပေးတာပဲဟာ မိစ္ဆာဒိဋ္ဌိ စာရင်းဝင် မဖြစ်နိုင်ပါဘူး။

အဲဒီအကြောင်းနဲ့ ပတ်သက်တဲ့ သကေ တစ်ခု ပြောပြပါမယ်။ ဘုန်းကြီးတို့ ဘုရားရှင် ဝေသာလီပြည်မှာ သီတင်းသုံး စဉ်ကပေါ့။

'ရဟန်း တို့ . . . ငါဘုရားသည် ဤလမှ နောက် လေး လကြာလျှင် ပရိနိဗ္ဗာန် စံတော့မယ်'

လို့ အမိန့်ရှိလိုက် ပါတယ်။ အဲဒီလို အမိန့်ရှိတဲ့အခါ ဘုရားရှင်ရဲ့ အနီးအပါးရှိ ရဟန်းတော် ၇၀၀–တို့ဟာ ထိတ် လန့်ခြင်းသို့ ရောက်ကြပါတယ်။ ရဟန္တာ အရှင်မြတ်တို့ဟာ ဓမ္မသံဝေဂ ဖြစ်ကြပါတယ်။ ပုထုဇဉ် ရဟန်းတို့ဟာ မျက်ရည် မဆည်နိုင်ကြပါ။ ရဟန်းတို့သည် ဟိုတစ်စု သည်တစ်စုနှင့် အစု လိုက် အစုလိုက်ဖြစ်ပြီး . . .

'ငါ့ရှင်တို့ ဘယ်လို လုပ်ကြကုန်အံ့နည်း'

လို့ တိုင်ပင်ကြကုန်လျက် လှည့်လည်ကြတယ်။

အဲဒီ ရဟန်းတော်တွေ အများထဲမှ တိဿ ရဟန်းတော် တစ်ပါးက မြတ်စွာဘုရားသည် လေးလ လွန်သဖြင့် ပရိနိဗ္ဗာန် စံတော့မည်တဲ့ ငါ့မှာလဲ ရာဂ မကင်းသေး၊ မြတ်စွာဘုရား ထင်ရှားရှိစဉ်ပင်လျှင် ငါသည် အရဟတ္တဖိုလ်ကို ရယူသင့်တယ်'

http://www.dhammadownload.com



လို့ စဉ်းစားဆုံးဖြတ်ပြီး တစ်ပါး တည်း လျှောင်း, ထိုင်, ရပ်, သွား, ကြိုးစားအား ထုတ်နေတယ်၊ ဘယ်သူနှင့်မျှ စကား မပြော ဘူး။

အခြား ရဟန်းတော်တွေက အဲဒီ ရှင်တိဿ ရဟန်း တော်ကို . . .

'ငါ့ရှင် တိဿ အဘယ့်ကြောင့် ဤသို့ပြုရသနည်း'

ဟုမေးကြတယ်။ ရှင်တိဿ ဟာ အဲဒီရဟန်းတော်တွေ ကို ဘာမျှ ပြန်မပြောပါဘူး။

အဲဒီအခါမှာ အဲဒီ ရဟန်းတော်တွေက ရှင်တိဿရဲ့ ဖြစ်ပုံ, နေထိုင်ပုံကို မြတ်စွာဘုရားထံ သွားပြီးတော့ . . .

'မြတ်စွာဘုရား . . . ရှင်တော်မြတ် ဘုရားတို့၌ ရှင် တိဿ သည် ချစ်ကြည်ညိုခြင်း မရှိပါ ဘုရား'

လို့ လျှောက်ထားပါတယ်။

အဲဒီလို လျှောက်တဲ့အခါ ဘုရားရှင်သည် ရှင်တိဿကို ခေါ်ပြီး

'တိဿ အဘယ့်ကြောင့် ဤသို့ ပြုသနည်း၊'

လို့မေးတဲ့အခါ သူ့ရဲ့ ရည်ရွယ်ချက်ကို လျှောက်ထားပါ တယ်။ အဲဒီလို လျှောက်ထားတဲ့အခါ ဘုရားရှင်က . . .

'ကောင်းတယ်. . . ကောင်းတယ် . . တိဿ'

လို့ ကောင်းချီး ပေးပြီးတော့ . . .

http://www.dhammadownload.com

http://www.dhammadownload.com

http://www.dhammadownload.com



(၄) မျက်လှန်ကြောဆွဲ၊ မရှိဘဲနှင့်၊
(၅) သေလဲမကောင်း၊
(၆) သုံးရက်တွင်း၌၊ ပုပ်ခြင်းကင်းသည်၊ ကျိုးရင်း ဝိပဿနာ တန်ခိုးတည်း . . . တဲ့။

အဲဒီလင်္ကာ (၆) နံပါတ် အကျိုး ကြည့်ပါ။ သုံးရက်၊ ခုနစ်ရက်၊ ဆယ်ရက် စသည် မပုပ်တာဟာ ဝိပဿနာ အကျိုး မှာလဲ ပါ,ပါတယ်၊ အဲဒီလို ဝိပဿနာပွားလို့ မပုပ်တာတွေလဲ လက်တွေ့, မျက်တွေ့ အများကြီး တွေ့ရပါတယ်'

လို့ပြောတော. . .

'ဟုတ်ရဲ့လား ဘုရား' . . . တဲ့။

ဒီတော့ ဘုန်းကြီးလည်း . . .

'ဟုတ်တယ်၊ ဘုန်းကြီးတို့ တောင်စွန်း၊ ဓမ္မဒူတတောရမှာ သီတင်းသုံးသွားတဲ့ ဆရာတော်ကြီးဟာ ၉၂-နှစ်မှာ ပျံလွန်တော် မူတာ မပုပ်ရုံတင် မဟုတ်ပါ၊ မီးသင်္ဂြိုဟ်တော့ လုံး၀ , မညှော် တောင် မညှော်ပါဘူး'

လို့ပြောတော့ သူ အတော် အံ့ဩသွားတယ်။ ဒါနဲ့ ဘုန်းကြီး က . . .

'ဘုရားရှင် ဟောကြားတဲ့ မဟာ သမယသုတ်, ဓမ္မစကြာ, မင်္ဂလသုတ် စတဲ့ ပရိတ်တော် တစ်ပုဒ်,ပုဒ်ကို နှစ်ရှည်လများ အမြဲမပြတ် ရွတ်သူဟာလည်း သေရင် မပုပ်ပါဘူး'

http://www.dhammadownload.com



ဆိုတော့ . . .

'ဟုတ်လား ဘုရား' တဲ့။

အဲဒီတော့ ဘုန်းကြီးက . . .

'သေလို့မပုပ်ခါမှ ရုပ်ကလာပ်ပြုလုပ်ပြီး အလောင်းကြီး ဒီအတိုင်း ထားတာထက် အဲဒီပုဂ္ဂိုလ် မသေခင်က ဟောထားတဲ့ တရားတော်တွေကို ကြိုးစားကျင့်ကြံခြင်းဟာ ခုနက ရှင်တိသတို့နဲ့ လျော်လို့ အကောင်းဆုံးပါ၊ ဘုရားရှင် ရဲ့ အလောင်းတော်ကို တေဇောဓာတ် လောင်မြိုက်ရသေးတာ ယခု ရဟန်းတော် တစ်ပါးပါး ပျံလွန်တော် မူလို့ မပုပ်မသိုးရုံနဲ့ အလောင်းကို ရုပ်ကလာပ် လုပ်ပြီး ကိုးကွယ်ထားတာဟာ အစွဲအလန်း ကြီးရာတောင် မရောက်ဘူးလား'

ဆိုတော့. . .

'စဉ်းစားစရာပါပဲ ဘုရား'တဲ့။

အေး . . . တို့ ဗုဒ္ဓဘာသာဝင်တွေ တော်တော်များများဟာ ပျံလွန်တော်မူကာမှ အရေးပါကြသူတွေ, ဂရုစိုက်ကြသူတွေ များပါတယ်။ အသက်ထင်ရှား ရှိစဉ်ကတော့ ဂရုမစိုက်ဘူး၊ စကားလည်း နားမထောင်ဘူး၊ တရားလည်း အားမထုတ်ဘူး၊ ပျံလွန် တော်မူခါမှ အကြီးအကျယ် အကုန်အကျခံပြီး ရှာပုန ပြာချတယ်။

အချို့လည်း အလောင်းအတိုင်းပြထားတယ်၊ အချို့လည်း

http://www.dhammadownload.com

http://www.dhammadownload.com

http://www.dhammadownload.com



သင့်၏။ ယင်းအလှူနှင့် ပတ်သက်၍ မိမိကို ဒကာတစ်ယောက်က လျှောက်ထားမေးမြန်း၏။

'အရှင်ဘုရား၊ လှူချင်သူက လှူလိုတိုင်း အလှူခံသင့်ပါသလား ဘုရား'

'အင်း . . . ဒကာက ဘယ်လို အလှူခံပုဂ္ဂိုလ်နဲ့များ တွေ့လို့ ဘယ်လို မကျေနပ်ချက်ကြောင့် မေးမြန်းနေတာလဲ မသိပါဘူး'

'တွေ့တာတော့ အမျိုးမျိုး တွေ့ပါတယ်ဘုရား၊ မကျေနပ်ချက်ရယ်တော့ မရှိပါဘူး။ ဘုရားရှင်ရဲ့ ညွှန်ကြားချက်, သတ်မှတ်ချက်များ ရှိသလားလို့ သိချင်လို့ပါ ဘုရား'

'အင်း . . . အင်း . . . ကောင်းတာပေါ့၊ မိမိလည်း သိရ၊ အများလည်း သိနားလည်ရပေါ့၊ အဲဒီလို အလှူပေး အလှူခံနဲ့ ပတ်သက်ပြီးတော့ သိထားစရာတွေ ရှိပါတယ်'

'အမိန့်ရှိပါ ဘုရား'

'အလှူခံဖြစ်တဲ့ ရဟန်း၊ သာမဏေများဟာ ဆွေမျိုးမတော်တဲ့ အလှူရှင်၊ သို့မဟုတ် အလိုရှိရာ အလှူခံတော်မူပါလို့ ဖိတ်မန် လျှောက်ထားခြင်း မရှိဖူးတဲ့ အလှူရှင်အား ဘာပစ္စည်းကိုမျှ အလှူခံခြင်းငှာ မအပ်ပါဘူး'

'ဟုတ်လား'

'ဟုတ်တယ်၊ အယုတ်သဖြင့် ရေကိုမျှတောင် အလှူခံပြီး မသောက်ကောင်းဘူး'

http://www.dhammadownload.com



'ဩော် . . . ဒီလောက်တောင်ပဲလား ဘုရား'

'အင်း . . . အဲဒီလောက်ပဲ၊ ဘုန်ကြီးတို့ သာသနာတော်မှာ ဘုရားရှင် မိန့်ကြားချက်အတိုင်းသာ လိုက်နာပြီး သီတင်းသုံး၊ နေထိုင်မယ်ဆိုရင် မကြည်ညိုသေးသူတွေဟာ ကြည်ညိုလာပါတယ်။ ကြည်ညိုပြီးသားလူတွေဟာ အတိုင်းထက်အလွန် ကြည်ညိုပါတယ်'

'ဆက်ပြီး အမိန့်ရှိပါဦး ဘုရား'

'ဒီလို အလှူပေး အလှူခံနဲ့ ပတ်သက်ပြီးတော့ ဒီနေရာမှာ သိထားဖို့ရာက . . . '

(၁) အလှူခံကောင်းတဲ့ ဆွေမျိုး ဉာတိ၊

(၂) ဖိတ်ထားတဲ့ ပဝါရိတ ပုဂ္ဂိုလ်၊

(၃) ဆွမ်းခံသလို ရပ်၍ အလှူခံရတဲ့ အလှူရှင်ရယ်လို့ အလှူရှင် သုံးမျိုးရှိပါတယ်၊ အဲဒီ အလှူရှင်သုံးမျိုးအပေါ်မှာ အလှူခံပုဂ္ဂိုလ် ဖြစ်တဲ့ ရဟန်း၊ သာမဏေတွေ အလိုက်သိရမယ့် အချက်သုံးချက် တို့တွင် . . .

(၁) အလှူရှင်ရဲ့ အလိုဆန္ဒ

(၂) ပစ္စည်းရဲ့ အနည်းအများ၊

(၃) မိမိမှာ အသုံး လိုသလောက်၊

အဲဒီသုံးချက်ဟာ အလိုက်သိရမယ့် အချက်သုံးချက်ပါပဲ။ အဲဒီ အချက်သုံးချက်တို့တွင် . . .

http://www.dhammadownload.com

http://www.dhammadownload.com

http://www.dhammadownload.com



'အေး . . . ပြောဦးမယ်၊ ခုနက ချန်ထားခဲ့တဲ့ သေက္ခမျိုးလို့ သမုတ်ထားရတဲ့ အလှူရှင်အကြောင်းကို'

'အမိန့်ရှိပါ ဘုရား'

'ဘုန်းကြီးတို့ သာသနာတော်မှာ သောတာပန်, သကဒါဂါမ်, အနာဂါမ် အရိယာဖြစ်ပြီး သူများကို သေက္ခလို့ခေါ်ပါတယ်၊ အဲဒီ သောတာပန် စသူတို့ဟာ အစစ်အမှန်သေက္ခဖြစ်သူများ ဖြစ်ပါတယ်'

အဲဒီကဲ့သို့ သောတာပန်စသည့် အရိယာ ဖြစ်ပြီးသူတွေဟာ အလှူဒါန ပေးလှူရာ၌ လွန်စွာမှ မွေ့လျော်ကြပါတယ်၊ အစစ်အမှန် အလှူခံပုဂ္ဂိုလ်က သူတို့နဲ့ ထိုက်တန်တဲ့ပစ္စည်းကို အလှူခံလာရင် မိမိမှာရှိတဲ့ ပစ္စည်းကို မပေးမလှူဘဲ မနေနိုင်ကြပါဘူး၊ အဲဒီ သဘောဟာ သောတာပန်စသည့် သေက္ခပုဂ္ဂိုလ်တို့ရဲ့ ထုံးစံသဘောပါ'

'ဒီလိုဆိုရင် သောတာပန်စတဲ့ သေက္ခပုဂ္ဂိုလ်တွေဟာ အလှူရက်ရောတဲ့ သဘောရှိတယ်ပေါ့နော် ဘုရား'

'အင်းပေါ့'

'ဒါဖြင့် ပစ္စည်းနှမြော တွန့်တိုရင် သောတာပန်မဟုတ်သေးဘူးလို့ ပြောရမှာပေါ့နော် ဘုရား'

'အင်းပေါ့၊ ကဲ . . . ဆက်နားထောင်၊ ပြောဦးမယ်၊ ဘုရားရှင်လက်ထက်က အိမ်တစ်အိမ်မှာ ဇနီးမောင်နှံ နှစ်ယောက်လုံး

http://www.dhammadownload.com



ပင် သောတာပန်စသူ သေက္ခအရိယာ မဖြစ်သေးသော်လဲ သဒ္ဓါတရားကတော့ သေက္ခအရိယာတို့ကဲ့သို့ပင် ထက်သန်ကြပါတယ်၊ ပစ္စည်းဥစ္စာကမူ ရှားပါတယ်၊ အဲဒီလို အိမ်သူအိမ်သားများကို သံဃာအများစုက စုဝေးကာ ဉာတ်ကမ္မဝါစာဖြင့် သေက္ခမဟုတ်သော်လဲ သေက္ခလို့ သမုတ်စေရပါတယ်'

'သာကေသွင်း၍ ရှင်းပါဦး ဘုရား'

'သာကေ အတိအကျသွင်းပြီး ရှင်းရမယ်ဆိုရင် ဘုရားရှင်လက်ထက်အခါက သာဝတ္ထိပြည်မှာ ဧနီးမောင်နှံနှစ်ယောက်လုံး သဒ္ဓါတရား အလွန်ထက်သန် ကောင်းမွန်လှပါတယ်၊ သို့သော်သူတို့မှာ ပစ္စည်းဥစ္စာကတော့ ရှားပါးလှပါတယ်'

သူတို့အိမ်မှာ သူတို့စားဖို့ နံနက်စာအဖြစ်ဖြင့် ချက်ပြုတ်ထားတဲ့ စားသုံးဖွယ် ခဲဖွယ်များကို နေ့စဉ် ဆွမ်းခံကြွလာကြတဲ့ ရဟန်းတော်တို့အား တစ်ပါးပြီးတစ်ပါး လောင်းလှူနေရာ တစ်ခါတစ်ရံမှာမူ သူတို့စားဖို့ပင် မကျန်အောင် ကုန်သွားတတ်ပါတယ်။

သူတို့မှာ နောက်ထပ်ချက်ပြုတ်ဖို့ရာလည်း မဝယ်နိုင်ရကာ အဲဒီနေ့ နံနက်စာအဖို့ မစားသုံးရဘဲသာ သူတို့ သက်ဆိုင်ရာ အလုပ်ကို လုပ်ကိုင်ကြရှာပါတယ်။

အဲဒီ အကြောင်းကိုသိတဲ့ အိမ်နီးချင်းတို့က ရဟန်းတော်များကို ဒီရဟန်းတော်တွေဟာ အလိုက်မသိ အလှူခံကြတယ်လို့

http://www.dhammadownload.com



ကဲ့ရဲ့ကြလေရာ တစ်ဆင့်စကား ဘုရားရှင်ကြားတော်မူ၍ အဲဒီ အိမ်သူ အိမ်သားများကို သေက္ခလို့ သမုတ်ထားဖို့ရာ ပညတ်တော်မူရပါတယ်။ ကမ္မဝါစာနဲ့ သမုတ်ပုံတော့ မပြောတော့ဘူး နော်'

'မှန်ပါဘုရား'

'အဲဒီလို ပညတ်တော်မူပြီးနောက် သာဝတ္ထိပြည်၌ ဘုန်းကြီးတို့ မြန်မာပြည်က သင်္ကြန်ပွဲစတဲ့ ပွဲမျိုးလို ပွဲသဘင်ဖြစ်တဲ့အခါ များစွာသောပြည်သူပြည်သားတွေဟာ ရဟန်းတော်များကို ပင့်ဖိတ်၍ ဆွမ်းကျွေးကြပါတယ်။

အဲဒီလို အများက ကျွေးတော့ သေက္ခလို့ သမုတ်ထားတဲ့ ထိုအိမ်ကလည်း ရဟန်းတော်များကို ပင့်ဖိတ်ပါတယ်၊ ရဟန်းတော်များက အဲဒီအိမ်မှ ခဲဖွယ်ဘောဇဉ်ကို မစားကောင်းလို့ အယူရှိကြသောကြောင့် အဲဒီအိမ်မှ ပင့်ဖိတ်သည်ကို လက်မခံကြပါ'။

အဲဒီကဲ့သို့ ဆွမ်းစားပင့်၍ မရတဲ့အခါ 'ငါတို့ရဲ့ ဆွမ်းကို ရဟန်းတော်များက မခံယူရင် ငါတို့မှာ အသက်ရှင်နေလို့ အဘယ် အကျိုးရှိတော့မှာလဲ' လို့ စိတ်ဆင်းရဲခြင်းဖြစ်ကာ ရဟန်းတော်များ အပေါ်မှာ မကျေနပ်တဲ့စကား ပြောရှာကြပါတယ်။

အဲဒီ စကားကို ဘုရားရှင် တစ်ဆင့်ကြားတော်မူတဲ့အတွက် 'တမင်တကာ ပင့်ဖိတ်လျှင် ထိုသေက္ခလို့ သမုတ်ထားတဲ့ အိမ်မှ

http://www.dhammadownload.com



ခဲဖွယ်ဘောဇဉ်ကို ကိုယ်တိုင်ခံယူ၍ သုံးဆောင်ကောင်းတယ်' လို့ အနုပညတ်ထပ်ဆင့်ပြီးတော့ ပညတ်တော်မူပါတယ်။

အဲဒီလို ပညတ်ပြီးနောက် ရဟန်းတော် တစ်ပါးဟာ မကျန်းမမာ ဖျားနာပါတယ်၊ သေက္ခလို့ သမုတ်ထားတဲ့ အိမ်ကလဲ အဲဒီရဟန်းနဲ့ ရင်းနှီးပြီး အဲဒီရဟန်းတော် ဝင်ထွက်နေကျအိမ် ဖြစ်နေတယ်။

အဲဒါကြောင့် ဆွမ်းခံဝင်ချိန်မှာ အဲဒီအိမ်သို့ ဝင်သွားတဲ့အခါ၊ အိမ်ရှင်များက ဆွမ်းကပ်ကြပါတယ်၊ အဲဒီရဟန်းတော်က ပညတ်ထားတဲ့ သိက္ခာပုဒ်တော်ကို ရိုသေသောအားဖြင့် အဲဒီ သေက္ခလို့ သမုတ်ထားသူတို့ ကပ်လှူတဲ့ဆွမ်းကို လက်မခံဘဲ နေလိုက်ပါတယ်။

အဲဒီ ရဟန်းတော်မှလည်း မကျန်းမမာ ဖျားနာနေသောကြောင့်၊ အခြား အိမ်တို့သို့လည်း လှည့်လည်၍ ဆွမ်းခံမကြွနိုင်ရကား အဲဒီနေ့အဖို့ ဆွမ်းမစားရရှာတော့ပါ'

'ဩော် . . . သိက္ခာပုဒ်တော်ကို အတော်လေးစားတယ်နော်'

'အဲဒါ ပုထုဇဉ်ပဲရှိသေးတယ်၊ အရိယာတွေဆိုရင်တော့ ဆိုဖွယ်ရာ မရှိတော့ပါဘူး၊ ကဲ . . . ထားတော့၊ အဲဒီအကြောင်းကို သိကြသူ ရဟန်းများက ဘုရားရှင်အား လျှောက်ထားတဲ့အတွက် ဘုရားရှင်က ဂိလာနဖြစ်ရင် သေက္ခဟု သမုတ်ထားတဲ့ အိမ်မှ ခဲဖွယ်ဘောဇဉ်တို့ကို ကိုယ်တိုင်ခံယူ၍ သုံးဆောင်ကောင်း

http://www.dhammadownload.com



၏လို့ အနုပညတ် ခွင့်ပြုတော်မူရပြန်ပါတယ်။ အဲဒီ သိက္ခာပုဒ်ကို အပြည့်အစုံ ဘာသာပြန်ရရင် . . .

သေက္ခဟု သမုတ်အပ်ကုန်သော အကြင်အမျိုးတို့သည် ရှိကုန်၏။ အကြင်ရဟန်းသည် ထိုသို့ သဘောရှိကုန်သော သေက္ခဟု သမုတ်အပ်ကုန်သော အမျိုးတို့၌ အိမ်ဥပစာ မရောက်မီ ရှေ့အဖို့က ပင့်လည်း မပင့်အပ်, ဂိလာနလည်း မဟုတ်ဘဲ ခဲဖွယ်ကိုဖြစ်စေ၊ ဘောဇဉ်ကိုဖြစ်စေ၊ မိမိကိုယ်တိုင် ခံယူ၍ ခဲမူလည်းခဲအံ့၊ စားမူလည်း စားအံ့။ ထိုရဟန်းသည် 'ငါ့ရှင် တပည့်တော်သည် ကဲ့ရဲ့ ထိုက်သော နတ်ပြည် နိဗ္ဗာန်အား မလျော်ကပတ်သော ပါဋိဒေသနီယ မည်သောအာပတ်သို့ ရောက်ပါပြီ၊ ထိုပါဋိဒေသနီယ အာပတ်ကို သီးခြားဒေသ နာ ပြောကြားပါ၏'ဟု သီးခြားဒေသနာ ပြောရမည်လို့ အဲဒီလို ဘာသာ ပြန်နိုင်ပါတယ်။

ကဲ . . . ဒီနေရာမှာ သဘောပေါက်ရမှာက သေက္ခလို့ သမုတ်ရလောက်အောင် သဒ္ဓါတရားကောင်းပြီး ပစ္စည်းဥစ္စာ ရှားပါးနေတဲ့အတွက် အလှူခံ, ဆွမ်းခံလာသမျှကို လှူနေရင် အဲဒီလူတွေ သာ၍ ပင်ပန်းသွားမှာစိုးလို့ ရှေးဦးစွာ သေက္ခလို့ သမုတ်ရတာနော်'

'မှန်ပါဘုရား'

http://www.dhammadownload.com



'သူတို့က သမုတ်နိုင်းတာ မဟုတ်ပါ၊ သူတို့ကတော့ အလှူခံလာရင် လှူမှာပဲ၊ ငတ်ငတ်ဆိုတဲ့ သဘောပဲ၊ အဲဒီအိမ်၌ ဆွမ်းခံခြင်းစတဲ့ အလှူခံမှု မပြုရလို့ ပညတ်တော်မူပြီး သူတို့ တတ်နိုင်သမျှ ပင့်ဖိတ်တဲ့အခါမှာတော့ သူတို့သဒ္ဓါတရား မပျက် အောင် အလှူခံတော့လို့ ခွင့်ပြုတော်မူခြင်းပဲနော်'

'မှန်ပါဘုရား'

'အေး . . . ဒီသိက္ခာပုဒ်တော်၌ ဘုရားရှင်ရဲ့ မဟာကရုဏာတော်, မေတ္တာတော်နဲ့ မြော်မြင်တော်မူပုံများကို စဉ်းစား ကြည်ညို ပြီးလျှင် သဒ္ဓါတရား ကောင်းလွန်း၍ ပစ္စည်းရှားပါး သူတို့ကို သူတို့ လှူလိုတိုင်း အလှူမခံသင့်ဘဲ အရာရာမှာ အလိုတော်ကို နားလည်ကြည်ညိုကြပါစေလို့ ပြောရင်းအဆုံး သတ်ကြပါစို့'

'ကျေးဇူးကြီးလှပါတယ် ဘုရား'

* သဒ္ဓါများပြား၊ သူတို့ကား၊ မစားမသောက် လှူလေသည်၊
* လှူခံသူမှာ၊ ချင့်ချိန်ကာ၊ တိုင်းတာသိ၍ ခံရမည်။
* ဘုရားဆုံးမ၊ ဩဝါဒ၊ တိကျ လိုက်နာပေရမည်၊
* ဆုံးမလိုက်နာ၊ ထိုသူဟာ၊ လွယ်စွာ နိဗ္ဗာန်ရပေမည်၊
* နိဗ္ဗာန်ရောက်မှ၊ ဘေးဒုက္ခ၊ လုံးဝ အကုန်အေးလိမ့်မည်၊

http://www.dhammadownload.com



# အိမ်မှာ ဘုန်းကြီး ဝါဆိုကောင်းပါသလား ဘုရား။

(၈)

'ဘုန်းဘုန်း ဘုရား ၊ တပည့်တော်ကို မှတ်မိပါသလား ဘုရား'

ဥပါသိကာ တစ်စုမှ တစ်ယောက်က ရောက်ရောက်ချင်း ရှိခိုးပြီး လျှောက်ထားခြင်း ဖြစ်သည်။

'အေး . . . မှတ်မိပါတယ်'

'တပည့်တော်က ဘုန်းဘုန်းကို ဖူးလည်းဖူးချင် မေးလည်း မေး လျှောက်ချင်လို့ လာခဲ့တာပါ ဘုရား။'

'အေး . . . ဒါဖြင့် အခု ဖူးပြီးပြီပဲ၊ မေးချင်တာက ဘာမေး လျှောက်ချင်တာလဲ။'

'မေး လျှောက်ချင်တာက အိမ်မှာ ဘုန်းကြီး ဝါဆိုကောင်း ပါသလား ဘုရားလို့ မေးလျှောက်ချင်တာပါ ဘုရား။'

http://www.dhammadownload.com



'အမယ်လေး . . . ဘယ်က ဘုန်းကြီးကများ ဘယ်သူ့အိမ်မှာ ဝါဆိုနေတာကို မြင်တွေ့လို့ မေးနေတာလဲ မသိပါဘူး'

'အခြားအိမ်မှာ မဟုတ်ပါ ဘုရား၊ တပည့်တော်တို့အိမ်မှာ တပည့်တော်အစ်ကိုက ပင့်လာတဲ့ ဘုန်းကြီးတစ်ပါး ဝါဆိုနေလို့ပါဘုရား၊ တပည့်တော်ကတော့ အဲဒီဘုန်းကြီးကို မကြည်ညိုလို့ ရှိခိုးဦးချခြင်း မပြုပါဘူး ဘုရား။'

'အိမ်က အလွတ်သတ်သတ်လား၊ အိမ်သူအိမ်သားတွေနဲ့ တစ်အိမ်တည်း ရောနေတာလား'

'တစ်အိမ်တည်း ရောနေတာပါ ဘုရား'

'အဲဒါဆို ဘယ် ဝါဆိုကောင်းမလဲ'

'အဲဒါကြောင့် တပည့်တော် အစ်ကိုကိုပြောတာ၊ အစ်ကိုကလည်း သူ့ဘုန်းကြီးကို အတော်အထင်ကြီးတယ်၊ တပည့်တော်ကတော့ အထင်လည်း မကြီးဘူး၊ ကြည်လည်း မကြည်ညိုဘူး၊ ရှိလည်း မခိုးဘူး'

'ဘုန်းဘုန်းဘုရား၊ အိမ်မှာ ဘုန်းကြီး ဝါမဆိုကောင်းတဲ့ အကြောင်းကို ရှင်းပြပါ ဘုရား၊ တပည့်တော်တို့ အစ်ကိုကို ပြန်ပြောချင်လို့ပါ ဘုရား။'

'တို့ ဘုရားရှင် လက်ထက်တော်အခါက အာဠဝီမြို့၌ ဥပါသကာတို့သည် ညဥ့်အခါ တရားနာဖို့ရာ ကျောင်းသို့လာကြပါတယ်၊ တရားတော် နာပြီးတဲ့အခါ ထေရ်ကြီးဖြစ်တဲ့ ရဟန်းတော်

http://www.dhammadownload.com



တွေဟာ မိမိတို့ဆိုင်ရာ ကျောင်းသို့ ကြွရောက်တော်မူကြပါ တယ်'

'ရဟန်းငယ်များကတော့ တရားဟောရာ ဓမ္မာရုံမှာပင် သတိလွတ်ကင်းပြီး ဥာဏ်အဆင်ခြင်လည်း မရှိကြဘဲ ဥပါ သကာတို့နဲ့အတူ အိပ်ကြတယ်။

အချို့ ရဟန်းငယ်များကိုယ်မှာ သင်းပိုင်မကပ်ကြဘူး။ အချို့ ရဟန်းငယ်များကား ယောင်ယမ်းပြောဆိုနေကြတယ်၊ အချို့ရဟန်းငယ်များက ဟောက်နေကြတယ်။

နံနက်စောစော၌ ရှေးဦးစွာနိုးတဲ့ ဥပါသကာတို့က အဲဒီ အခြင်းအရာကို မြင်၍ ကဲ့ရဲ့သဖြင့် ဘုရားရှင်က 'အကြင်ရဟန်း သည် လူသာမဏေနှင့်အတူ အမိုးအကာ တူသောနေရာ၌ အိပ် ငြားအံ့၊ ထိုရဟန်းသည် ပါစိတ် အာပတ်သင့်တယ်' လို့ ပညတ် လိုက်ပါတယ်။

အဲ . . . ဘုရားရှင်သည် အဲဒီလို သိက္ခာပုဒ် ပညတ်ပြီး အာဠဝီမြို့မှ ဝေသာလီမြို့သို့ ကြွတော်မူပြီး ဆီးတောကျောင်း တိုက်၌ သီတင်းသုံးနေတော်မူပါတယ်။

အဲဒီအခါမှာ ရဟန်းတော်များက ဘုရားရှင်ရဲ့ သားတော် ကိုရင်ရာဟုလာကို 'ငါ့ရှင် ရာဟုလာ လူသာမဏေနှင့်အတူ မအိပ်ရဟု ဘုရားရှင် သိက္ခာပုဒ် ပညတ်တော်မူထားတယ်။ ကိုရင် အိပ်ဖို့နေရာ ရှာပါ' လို့ မိန့်တော်မူကြတယ်။

http://www.dhammadownload.com



ကိုရင် ရာဟုလာဟာ ဘုရားရှင် အထံတော်သို့ ဖြစ်စေ, ဥပဇ္ဈာယ်ဆရာဖြစ်သော အရှင်သာရိပုတ္တရာ အထံတော်သို့ ဖြစ်စေ သွားပြီးတော့ နေရာတောင်းရင် ရလောက်သော်လည်း သွားမ တောင်းဘဲ မြတ်စွာဘုရားအတွက် သီးခြားထားအပ်တဲ့ ကုဋီအိမ် မှာ သွားပြီးအိပ်ရှာပါတယ်'

'ဘုရားရှင်ရဲ့ သားတော် ကိုရင် ရာဟုလာလေး မတော်ဘူးလား၊ မလိမ္မာဘူးလား'

'တော်ပါတယ်၊ လိမ္မာပါတယ် ဘုရား'

'အေး . . . တပည့်တော်က ကလေးပဲ၊ ဘုရားသားတော်ပဲ၊ နေရာရှာမယ့်ရှာရင် အရှင်ဘုရားတို့ ရှာပါ၊ တပည့်တော် ဒီမှာပဲ အိပ်မယ်လို့ မပြောဘဲ ကုဋီထဲသွားအိပ်တာ ချီးမွမ်းဖွယ် ကောင်းလိုက်တာနော်'

'မှန်ပါဘုရား'

'အေး . . . နောက်နေ့ နံနက်စောစောစွ အဲဒီကုဋီသို့ ဘုရားရှင် ကြွတော်မူတဲ့အခါ 'အဟမ်း' လို့ ချောင်းဟန့်တော်မူလိုက်တယ်။ အဲဒီလို ကုဋီဝင်ကာနီး ချောင်းဟန့်တယ်ဆိုတာ ဘုန်းကြီးတို့ ရဟန်း သာမဏေတို့ရဲ့ ဝတ္တရားပဲလို့ မှတ်ထားနော်'

'မှန်ပါဘုရား'

'အဲဒီလို အပြင်ဘက်က မြတ်စွာဘုရားက ချောင်းဟန့်တော့ အတွင်းက ရှင်ရာဟုလာကလည်း ပြန်ပြီးတော့ ချောင်း

http://www.dhammadownload.com



ဟန့်တယ်။

ဒီတော့ မြတ်စွာဘုရားက သင် ဘယ်သူလဲလို့ မေးပါတယ်၊ ဒီအခါ ရာဟုလာက 'တပည့်တော် ရာဟုလာပါ ဘုရား' လို့ လျှောက်ထားတယ်။

အဲဒီလို ကွယ်ရာကနေ သင် ဘယ်သူလဲလို့ မေးတဲ့အခါ 'တပည့်တော်ပါ ဘုရား' လို့ ကိုယ့်နာမည်မပါဘဲ ဖြေရင် မလိမ္မာသူတဲ့၊ အခု ရှင်ရာဟုလာ ဖြေသလို တပည့်တော် ရာဟုလာပါ ဘုရားလို့ ဖြေမှ လိမ္မာသူတဲ့နော်'

'မှန်ပါ ဘုရား'

'အဲဒီလို ရှင်ရာဟုလာက ပြန်ဖြေတော့ ဘုရားရှင်က ဘာကြောင့် ဒီမှာနေရသလဲလို့ မေးမြန်းတဲ့အခါ ရဟန်းတော်များနဲ့အတူ အိပ်ခွင့်မရ၍ အိပ်စရာနေရာမရှိသောကြောင့် ကုဋီထဲမှာ အိပ်ရပါတယ် ဘုရားလို့ လျှောက်ထားလိုက်တယ်။

အဲဒီလို တစ်ညဉ့်ကလေးမျှ ရဟန်းတော်များနှင့် အတူ မအိပ်ရရင် သာမဏေများ ဒုက္ခရောက်ဖွယ် ရှိသောကြောင့် ဘုရားရှင်က . . .'အကြင်ရဟန်းသည် လူသာမဏေနှင့်အတူ နှစ်ညဉ့်ယံ သုံးညဉ့်ထက်ပို၍ အိပ်အံ့၊ ထိုရဟန်းသည် ပါစိတ်အာပတ်သင့်တယ်' လို့ သိက္ခာပုဒ်ထပ်ပြီး ပညတ်လိုက်ပါတယ်။

ကဲ . . . အဲဒီသိက္ခာပုဒ်အရ ကျောင်းမှာတောင် လူသာမဏေနဲ့အတူ နှစ်ညဉ့် သုံးညဉ့်ထက်ပိုပြီး မအိပ်ကောင်းပါဘူး

http://www.dhammadownload.com



ဆိုတာ အိမ်မှာလာပြီး ရဟန်းကောင်း တစ်ပါးအနေနဲ့ ဝါဆို နေပါ့မလား'

'ဘယ်ဆိုမှာလဲ ဘုရား'

'အေး . . .အဲဒီသိက္ခာပုဒ်အရ သုံးညဉ့်အထိသာ လူသာမ ဏောနဲ့ ရဟန်း အတူတူ အိပ်ကောင်းတယ်၊ အတူတူအိပ် ဆိုရာ မှာလည်း အမိုးတူ၊ အကာတူသော နေရာတွင် အိပ်ခြင်းကို ဆိုလို တယ်၊ အိပ်ဆိုရာမှာလည်း ဦးခေါင်းချပြီးအိပ်မှ အိပ်ရာ ရောက် တယ်၊ ထိုင်ပြီး အိပ်နေရင် အိပ်ရာမရောက်လို့ အာပတ် မသင့်ဘူး လို့ မှတ်နော်'

'မှန်ပါဘုရား'

'အေး . . . ရဟန်းဟာ သုံးညဉ့်အထိ လူသာမဏေနဲ့အတူ အိပ်ပြီး လေးညဉ့်မြောက် နေဝင်ရင် လူဝတ်ကြောင်ဖြစ်စေ၊ လူ သာမဏေဖြစ်စေ၊ ရှိသောနေရာ၌ ဦးခေါင်းမချမိစေရပါဘူး၊ ဦး ခေါင်းချမိသည်နဲ့ တစ်ပြိုက်နက် အာပတ်သင့်ပါတယ်'

'အေး . . . တစ်ညဉ့် နှစ်ညဉ့် အရုဏ်တက်အောင် အတူ အိပ်ပြီးနောက် သုံးညဉ့်မြောက်၌ အရုဏ်မတက်ခင် ထ,နိုင်ရင် လေးညဉ့်မြောက်၌ အိပ်သော်လည်း အာပတ်မသင့်ပါဘူး'

'ဘုန်းကြီးတို့ ကျောင်းတွေမှာ နံနက်လေးနာရီမထိုးခင် အိပ်ရာမှ ထ,ရတဲ့ အလေ့ဟာ အဲဒီသာမဏေတွေ ရှိနေတဲ့ အတွက်ပေါ့၊ အဲဒါက လူသာမဏေတို့နဲ့ ရဟန်းအတူတူ မအိပ်

http://www.dhammadownload.com



ကောင်းတာနော်'

'မှန်ပါ ဘုရား'

'ပြောဦးမယ်၊ ဘုန်းကြီးတို့ မြတ်စွာဘုရားရှင် လက်ထက်တော်အခါက အရှင်အနုရုဒ္ဓါဆိုတာ သာမန်ပုဂ္ဂိုလ်မဟုတ်ဘူး၊ လူ့ဘဝမှာ နေစဉ်က ထမင်းဆိုတာ ပွဲတော်အုပ်ထဲ၌သာ ဖြစ်တယ်လို့ မှတ်ထင်လောက်အောင် လုပ်ငန်းဆောင်တာတွေကို မသိခဲ့ရတဲ့ အလွန်ချမ်းသာစွာ ကြီးပြင်းလာခဲ့ရသော သာကီဝင်မင်းသားဖြစ်ပါသည်။

ရဟန်းပြုသည့်အခါ ဒိဗ္ဗစက္ခု အဘိညာဉ် အရာဝယ်တေဒဂ်ရသော ရဟန္တာတစ်ပါးလည်း ဖြစ်တယ်။ ထိုအရှင်မြတ်သည် အခါတစ်ပါး၌ သာဝတ္ထိမြို့ကို ကြွတော်မူလာစဉ် လမ်းခရီးအကြားရှိ ရွာတစ်ရွာဝယ် အများတည်းခိုရာ ဧည့်ရိပ်သာ၌ ညဉ့်အိပ်ဖို့ရန် သီတင်းသုံးတော်မူရရှာပါတယ်။

အဲဒီ ဧည့်ရိပ်သာဟာ ပစ္စည်းရှိတဲ့ အမျိုးသမီးတစ်ယောက်ရဲ့ ကောင်းမှုကို လိုလားသဖြင့် သူ့အိမ်နဲ့ကပ်လျက် အများတည်းခိုဖို့ရာ ဆောက်လုပ်ထားအပ်တဲ့ ဧည့်ရိပ်သာပါ။

အရှင် အနုရုဒ္ဓါအရှင်မြတ် ရောက်ပြီးနောက် အခြားခရီးသွားတို့လည်း အဲဒီတည်းခိုရိပ်သာ၌ တည်းခိုဖို့ရန် ထိုဧည့်ရိပ်သာ ပိုင်ရှင်မထံ ခွင့်တောင်းကြတဲ့အခါ . . .'ရဟန်းတော်တစ်ပါး ပထမ ရောက်နေပြီ၊ ထိုအရှင်က ခွင့်ပြုရင် နေကြတာပေါ့' ဟု

http://www.dhammadownload.com



ညော့်ရိပ်သာ ပိုင်ရှင်မက ပြောသဖြင့် အရှင်အနုရုဒ္ဓါထံ ခွင့်ပန်၍ တည်းခိုကြပါတယ်။

အဲဒီ တည်းခိုရိပ်သာ ပိုင်ရှင်မကား အရှင်အနုဒ္ဓါကို မြင်လျှင်မြင်ချင်း ချစ်ခင်စွဲလမ်းစိတ် ဖြစ်ခဲ့ပြီ ဖြစ်တဲ့အတွက်ကြောင့် အရှင်အနုရုဒ္ဓါထံလာ၍ . . . 'အရှင်ဘုရားမှာ ဒီလူတွေနဲ့ ရောနေထိုင်လို့ ချမ်းသာလိမ့်မယ် မထင်ပါ။ အရှင်ဘုရားအဖို့ရာ ခုတင်ကို အိမ်အတွင်းမှာ ခင်းလိုက်ပါရစေဘုရား' လို့ လျှောက်ထားတယ်။

အရှင် အနုရုဒ္ဓါကလည်း ခွင့်ပြုသည့် လက္ခဏာဖြင့် တိတ်ဆိတ်နေလိုက်သောကြောင့် အိမ်အတွင်း၌ ခုတင်ပြင်ဆင် ခင်းပါတယ်၊ အရှင်မြတ်လည်း ပြောင်းနေပါတယ်။

ညော့်ရိပ်သာပိုင်ရှင်မဟာ တံခါးများ အလုံပိတ်ပြီးနောက် သူ့ကိုယ်သူ အစွမ်းကုန်ပြင်ဆင်ကာ နံ့သာမျိုးစုံလိမ်းကျံလျက် ခုတင်ပေါ်၌ သီတင်းသုံးနေသော အရှင်အနုရုဒ္ဓါထံ လာပြီးလျှင် 'အရှင်ဘုရားလည်း အလွန်လှ၍ ရှုချင့်စဖွယ် တင့်ထယ်ပါတယ်၊ တပည့်တော်မလည်း အလွန်လှ၍ ရှုချင့်စဖွယ် တင့်တယ်ပါတယ်၊ တပည့်တော်မသည် အရှင်ဘုရားရဲ့ ဇနီးဖြစ်ပါရစေ' လို့ လျှောက်ထားပါတယ်။

'အမယ်လေး . . . အဲဒီလိုတောင် လျှောက်ထားသလား ဘုရား'

http://www.dhammadownload.com



'အေး . . . အဲဒီလို လျှောက်ထားတဲ့အခါ အရှင်မြတ်ဟာ ဘာစကာမှ ပြန်မပြောဘဲ ငါတော့မှားပြီပေါ့ဆိုပြီး ဆိတ်ဆိတ်နေ, နေရပါတယ်။

ဥဒ္ဒေါ့ရိပ်သာပိုင်ရှင်မဟာ အလျှော့မပေးဘဲ သုံးကြိမ်တိုင်တိုင် ဇနီးဖြစ်ဖို့ရာ တောင်းပန်ပါတယ်၊ မရတဲ့အဆုံး မိန်းမတို့ မာယာအမျိုးမျိုးပြပြီး ဖြားယောင်းပါတယ်။ အရှင်မြတ်လည်း စက္ခုန္ဒြေချကာ သူမကို လုံးလုံးမကြည့်ဘဲ နေပါတယ်'

'အတော် အံ့ဩစရာ အမျိုးသမီးပဲနော် ဘုရား'

'အေး . . .အံ့ဩစရာပဲ၊ ယောကျ်ားကြိုက်တော့ စိုက်စိုက်လာ၊ မိန်းမကြိုက်တော့ မျှော်ရတာဆိုတဲ့စကားဟာ ဒီနေရာမှာ မှားတာပဲ'

အဲဒီလို အမျိုးမျိုးဖြားယောင်းလို့ မရတဲ့အခါ ဥဒ္ဒေါ့ရိပ်သာပိုင်ရှင်မဟာ . . .

'သိပ်ပြီး အံ့ဩစရာကောင်းတာပဲ၊ ငါ့ကို လူပေါင်းများစွာက သူတို့ကိုနှစ်သက်ဖို့ရန် လက်ဆောင်ပို့ကြရတယ်၊ ဒီအရှင်မြတ်မှာတော့ ငါကိုယ်တိုင်က ခခ,ယယတောင်းပန်ပါလျက် ငါနဲ့ ငါ့ဥစ္စာတွေလက်မခံဘဲ ငြင်းဆန်နေတယ်' လို့ကြံပြီးလျှင် ဣန္ဒြေကို ပြင်ဆင်စောင့်စည်းပြီး အရှင်မြတ်ရဲ့ခြေပေါ်၌ ဦးခေါင်းတင်ပြီး လွန်သမျှအပြစ်ကို သည်းခံပါရန် တောင်းပန်ရှာတယ်။

အဲဒီအခါ အရှင်မြတ်က . . .

http://www.dhammadownload.com



'ယခုလို တောင်းပန်ခြင်းသည် နောင်အခါ ကြီးပွားကြောင်း ဖြစ်ပေတယ်၊ နမရဲ့အပြစ်များကို သည်းခံပါတယ်'

လို့ အမိန့်ရှိလိုက်ပါတယ်။

နံနက်မိုးသောက် အလင်းရောက်တဲ့အခါ ဩဒ္ဒိရိပ်သာပိုင်ရှင်မဟာ ကောင်းမွန်စွာချက်ပြုတ်ပြီး ရိုသေစွာ ဆွမ်းကပ်ပါတယ်။

အရှင်မြတ်လည်း ဆွမ်းစားပြီး ဩဒ္ဒိရိပ်သာပိုင်ရှင်မအား တရားဟောပြဆုံးမတော်မူရာ လွန်စွာကြည်ညိုပြီး ရတနာသုံးပါးကို လေးစားတဲ့ ဥပါသိကာမတစ်ယောက်အဖြစ်ဖြင့် မိမိကိုယ်ကို အသိအမှတ်ပြုဖို့ရန် လျှောက်ထားလိုက်ပါတယ်'

'ဒီလိုဆိုတော့လည်း အတော်သားပဲနော် ဘုရား '

'အေး . . .တော်သေးတာပေါ့၊ ဒါနဲ့ . . အရှင်သူမြတ်လည်း အဲဒီဩဒ္ဒိရိပ်သာမှ ဖဲခွာခဲ့ပြီးနောက် သာဝတ္ထိပြည်သို့ ရောက်သော အခါ ရဟန်းတို့အား မိမိတွေ့ကြုံခဲ့ရပုံကို ပြောပြလေလျှင် 'အရှင် အနုရုဒ္ဓါသည် အမိုးအကာတူသောနေရာ၌ အမျိုးသမီးနှင့်အတူ ဘာကြောင့် အိပ်ရသလဲ' ဟုအချို့က ကဲ့ရဲ့ကြ၍ ဘုရားရှင်ထံ လျှောက်ကြသဖြင့် . . .

'အကြင်ရဟန်းသည် အမျိုးသမီးနှင့်အတူ အမိုးအကာတူသောနေရာ၌ အိပ်ခြင်းကိုပြုအံ့၊ ထိုရဟန်း ပါစိတ်အာပတ်သင့်၏'

http://www.dhammadownload.com



လို့ ဘုရားရှင်က အဲဒီသိက္ခာပုဒ်ကို ပညတ်တော်မူလိုက်ပါတယ်။ အဲဒီသိက္ခာပုဒ်အရ ရဟန်းတော်များဟာ အမျိုးသမီးများရှိတဲ့ အမိုးတူအကာတူတဲ့ နေရာ၌ တစ်ညဉ့်မျှတောင် မအိပ်ရပါဘူး၊ အဲဒါကြောင့် ဘုန်းကြီး, အိမ်မှာဝါမဆိုကောင်းဘူးလို့ မှတ်ထားနော်'

'မှန်ပါဘုရား'

'လူ အမျိုးသမီးမပြောနဲ့၊ ရဟန်းတော်တွေဟာ ဘီလူးမ၊ ပြိတ္တာမ၊ ပဏ္ဍုက်မ၊ ခွေးမစတဲ့ သတ္တဝါများနဲ့တောင် အမိုးအကာတူတဲ့နေရာမှာ မအိပ်ကောင်းပါဘူး၊ အိပ်ရင် ဒုက္ကဋ် အာပတ်သင့်ပါတယ်'

'အဲဒီသိက္ခာပုဒ်ဟာ အတော်ပြင်းထန်ပါတယ်၊ ရဟန်းအိပ်ပျော်နေခိုက် အမျိုးသမီး၊ ဘီလူးမ၊ ပြိတ္တာမ၊ ခွေးမစသည်တို့ဝင်လာပြီး အိပ်ရင် ရဟန်းမသိသော်လည်း ပါစိတ် အာပတ် ဒုက္ကဋ် အာပတ် သင့်ပါတယ်'

'အမယ်လေး . . . မလွယ်ပါလား ဘုရား'

'မလွယ်ဘူး အမိုးရှိသော်လည်း အကာလုံးလုံးမရှိလျှင်လည်းကောင်း၊ အကာရှိသော်လည်း လေးဘက်တွင် နှစ်ဖက်သာသာ အမိုး မရှိလျှင်လည်းကောင်း အာပတ် မသင့်ပါဘူး'

'အကာလေးဘက်ရှိသော်လည်း အမိုးလုံးလုံး မရှိလျှင်လည်းကောင်း၊ လေးပုံနှစ်ပုံသာသာ အကာမရှိလျှင် လည်း

http://www.dhammadownload.com



ကောင်း အာပတ်မသင့်ပါဘူး၊ အဲဒါက ညဥ့်အိပ်တာနဲ့ ပတ်သက်ပြီး ပြောတာနော်'

'မှန်ပါဘုရား'

'ရဟန်းတို့၊ နေ့အခါ၌အိပ်တဲ့ရဟန်းသည် တံခါးပိတ်၍ ကိန်းအောင်းခြင်းငှာ ခွင့်ပြုတော်မူတယ်'လို့ ဘုရားရှင်ပညတ်ခဲ့တာလည်း ရှိပါသေးတယ်။

အဲဒီ ပညတ်ချက်အရ နေ့အခါတံခါးရှိတဲ့ ကျောင်းရဲ့ အတွင်းခန်း၌ အိပ်ရတဲ့ ရဟန်းဟာ မိမိနဲ့သက်ဆိုင်ရာ ထွက်ပေါက် ဝင်ပေါက် တံခါးကို ပိတ်ရမယ်။

အခန်းတွင်းအိပ်ရင် အခန်းတံခါးကိုပိတ်ရမယ်၊ တစ်ပါးနေ ကမ္ဗဋ္ဌာန်းကျောင်း စသည်၌အိပ်ရင် ကျောင်းတံခါးပိတ်ပြီး အိပ်ရမယ်၊ မပိတ်ဘဲအိပ်ရင် ဒုက္ကဋ်အာပတ်သင့်ပါတယ်'

'အမယ်လေး . . . နေ့အိပ်တာတောင် ဒီလိုပညတ်ချက်ရှိနေပါသေးရင် ဘယ်မှာရဟန်းတော်များ အိမ်မှာဝါဆိုကောင်းပါ့မလဲဘုရား'

'အေး . . .ဟိုရောက်ရင် မ . . .ရဲ့အစ်ကို့ကို ပြန်ပြီးဟောပြ၊ ဟုတ်လား'

'ဟုတ်ပါတယ်ဘုရား'

http://www.dhammadownload.com



* ရဟန်းဆိုတာ ဝါတွင်းမှာ ဝါဟာဆိုရမည်၊
* ဝါဆိုသောခါ သင့်လျော်ရာ ကျောင်းမှာ ဆိုရမည်၊
* မိန်းမယောကျာ်း ရောပြွမ်းငြား အိမ်များ ဝါဆိုရှောင်ရမည်။
* မသင့်လျော်ရာ ဝါဆိုရှာ ဘယ်ခါသီလ မစင်ပြီ။
* သီလမစင် သေပါလျှင် ပါယ်ခွင်ဆင်းလိမ့်မည်။

http://www.dhammadownload.com



# ဘုရားအလောင်းနှင့် ဘုရားအလောင်း အမျိုးအစား ရှင်းပြပေးပါဘုရား

(၉)

ဗုဒ္ဓသာသနာဝင်တို့သည် ဘုရားရှင်ကို အမြတ်တနိုး ကိုးကွယ်ကြ၏။ ဘုရားရှင်တို့၏ ပါရမီတော် ဖြည့်ကျင့်ခဲ့စဉ် ဘုရားအလောင်းတော်များကိုလည်း မြတ်နိုးကြည်ညိုကြ၏။ ယင်းသို့ ကြည်ညိုမြတ်နိုးသည့် အားလျော်စွာ ဘုရား အလောင်းတော်များနှင့် ဘုရားရှင်များ၏ နောက်သို့ အတုလိုက်ကာ အချို့မှာ ဘုရားဆုကို ပန်ဆင်ကြ၏။ အချို့မှာ ပန်ဆင်လို ကြ၏။

သို့သော် ဘုရားအလောင်း ဆိုတာ ဘယ်လို၊ ဘယ်နှစ်မျိုး ရှိတယ် စသည်ဖြင့် မသိကြ။ သိလိုကြသည်။ သိလိုသူ ဒကာ တစ်ယောက်က မိမိအား လျှောက်ထား၏။

http://www.dhammadownload.com



'အရှင်ဘုရား ဘုရားအလောင်းနှင့် ဘုရားအလောင်း အမျိုးအစား ရှင်းပြပေးပါ ဘုရား'

'ဘယ်လိုလဲ၊ ဒကာကြီးက ဘုရားဆု ပန်မလို့လား'

'ဒီလိုတော့လဲ မဟုတ်ပါဘုရား၊ သိချင်၊ ကြည်ညိုချင် လို့ပါ ဘုရား'

'ကဲ . . .ကဲ . . ရှင်းပြမယ်၊ နားထောင်ပါ၊ မဂ်ဉာဏ် လေးပါး သဗ္ဗညုတ ဉာဏ်တော်တို့ကို ဗောဓိလို့ ခေါ်ပါတယ်၊

ဆရာမကူ မိမိကိုယ်တိုင် သစ္စာလေးပါးကို သိသော ဝါသနာနှင့် တကွ ကိလေသာတို့ကို ပယ်ဖွမ်းနိုင်သည့် သတ္တိထူး ရှိသော မဂ်ဉာဏ်လေးပါး၊ ခပ်သိမ်းသော ဉေယျတရားတို့ကို အကြွင်းမရှိ သိမြင်နိုင်သော သဗ္ဗညုတ ဉာဏ်တို့ကို သမ္မာ သမ္ဗောဓိဉာဏ်လို့ ခေါ်ပါတယ်'

'အရှင်ဘုရားကလည်း ဘုရားအလောင်းနဲ့ ဘုရားလောင်း အမျိုးအစား ရှင်းပြပေးနိုင်းပါတယ် ဗောဓိတွေ၊ သမ္မာသမ္ဗောဓိ ဉာဏ်တွေ ရှင်းပြနေတယ်'

'အို . . . ဒကာကြီးကလည်း နားထောင်မယ်မှ မကြာ သေးဘူး ဆင်ခြေတက်တာက စောလှတယ်'

'ကဲ . . . ဒီလိုဆို ဆက်ပြီး ရှင်းပြပါဘုရား'

'အဲ . . . ခုနက ပြောခဲ့တဲ့ သမ္မာသမ္ဗောဓိဉာဏ်၌ လိုလား တောင့်တသော ကုသိုလ်ဆန္ဒ ပြင်းထန်လှသည့် ပုဂ္ဂိုလ် သူမြတ်

http://www.dhammadownload.com



များကို သမ္မာသမ္ဗောဓိသတ္တ=သဗ္ဗညု ဘုရားအလောင်းတော်လို့ ခေါ်ဆိုပါတယ်။ အဲဒီ သမ္မာသမ္ဗောဓိသတ္တ ဖြစ်သော သဗ္ဗညု ဘုရားအလောင်းတော် သူမြတ်ကြီးများကား . . .

(၁) ပညာဓိက ဘုရားအလောင်း၊

(၂) သဒ္ဓါဓိက ။

(၃) ဝီရိယာဓိက ။

ရယ်လို့ သုံးမျိုးရှိပါတယ်။

ဘုရားအဖြစ်ဆိုတာ သဗ္ဗညုတဉာဏ်တော်ကြီးကို ရခြင်းပင် ဖြစ်ပါတယ်။ အဲဒီဉာဏ်တော်ကြီးကို ရဖို့ရန်မှာ ရှာမှီးသူတို့၏ စိတ်သန္တာန်တွင် ပညာဓာတ်ခံ လွန်ကဲစွာ ရှိခြင်းဖြစ်ပါတယ်။

ပညာဓာတ်ခံ လွန်ကဲစွာရှိခြင်း ဆိုတာဟာလည်း အရာရာတိုင်း ပြုသမျှ၊ ပြောသမျှ၊ ကြံသမျှတို့၌ ဝေဖန်ဆင်ခြင် စဉ်းစားမှု ပြုလုပ်ခြင်းပင် ဖြစ်ပါသည်။

အဲဒီကဲ့သို့ ပြုလုပ်သဖြင့် တစ်ဘဝထက် တစ်ဘဝ ပညာဓာတ်ခံ ရင့်သန်ကာ ပညာတကာတို့ထက် အထွတ် အထိပ် ဖြစ်တဲ့ သဗ္ဗညုတဉာဏ်တော်ကြီးသို့ ပေါက်ရောက် လွယ်ပါတယ်။

လောက၌ ငွေဖြင့်ရင်းနှီး၍ ရှာမှ ငွေကို ရလွယ်သကဲ့သို့ ပညာဖြင့် ရင်းနှီး၍ ရှာမှ သဗ္ဗညုတ ဉာဏ်ပညာကြီးကို ရလွယ်ပါတယ်။

http://www.dhammadownload.com



အဲဒီကဲ့သို့ ဖြစ်၍ ပညာဓိကခေါ်တဲ့ ဉာဏ်ပညာ လွန်ကဲသည့် ဘုရားအလောင်းတော်များသည် ပါရမီဖြည့်ရာ၌ အမြင့်ပြင် ပညာဉာဏ်ပါရှိပြီး ဖြစ်သည့်အတွက် လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်း ပါရမီဖြည့်လျှင် ဘုရား ဖြစ်တော်မူကြပါတယ်။

အချို့သော အလောင်းတော်တို့သည်ကား 'ပါရမီဖြည့်လျှင် ဘုရားဖြစ်နိုင်သည်' ဟူ၍ ယုံကြည်ကြပါတယ်။ အဲဒီ ဘုရားအလောင်းတော်တို့၏ စိတ်၌ ယုံကြည်ခြင်း သဒ္ဓါတရား လွန်ကဲ၍ နေပါတယ်။ ပညာကား သဒ္ဓါတရားအောက် နည်းပါးပါတယ်။

အဲဒီလို ဘုရားအလောင်းတော်ကြီးများကို သဒ္ဓါဓိက ဘုရားအလောင်းတော် သဒ္ဓါတရား သာလျှင် လွန်ကဲခြင်းရှိသော ဘုရားအလောင်းတော်လို့ ခေါ်ပါတယ်။

အဲဒီ သဒ္ဓါဓိက ဘုရားအလောင်းတော်များမှာ ပညာက ရှေ့မဆောင်နိုင်ပါ။ သဒ္ဓါတရားကသာ ရှေ့ဆောင်ကာ ပါရမီ ဖြည့်ရသည့်အတွက် လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်းတွင် ဘုရားမဖြစ်နိုင်သေးဘဲ ရှစ်အသင်္ချေနှင့် ကမ္ဘာတစ်သိန်း ပါရမီ ဖြည့်မှ ဘုရားဖြစ်တော်မူကြပါတယ်။

အချို့သော အလောင်းတော်တို့သည်ကား ဝီရိယကိုသာ အားကိုးအားထား ပြုကြပါတယ်။ မြော်မြင်ဆင်ခြင်မှု ပညာကိုကား အဓိကအားဖြင့် အသုံးမပြုနိုင်ကြပါ။

http://www.dhammadownload.com



ပါရမီဖြည့်နိုင်ရင် ဘုရားဖြစ်နိုင်တယ်ဆိုတဲ့ ယုံကြည်ခြင်း သဒ္ဓါတရားကိုလည်း ဂရုမထားပါ။ ကြိုးစားရင် ဘုရားဖြစ်နိုင်တယ်ဆိုတဲ့ ဝီရိယကိုသာ ရှေ့ထားပြီး ပါရမီတော်တို့ကို ဖြည့်ကျင့်တော်မူသည့် အတွက် ၁၆–သင်္ချေနှင့် ကမ္ဘာတစ် သိန်းကြာမှ ဘုရားဖြစ်တော်မူကြသည့် ဘုရား အလောင်းတော် ကြီးများကို ဝီရိယာဓိက ဘုရားအလောင်းတော်, ဝီရိယသာလျှင် လွန်ကဲခြင်းရှိသော ဘုရားအလောင်းတော်လို့ ခေါ်ဆိုပါတယ်။

အဲဒီကဲ့သို့လျှင် ပညာဓိက, သဒ္ဓါဓိက, ဝီရိယဓိက ဆိုတဲ့ အမည်သုံးပါးဟာ ဘုရားအလောင်းတော်တို့ရဲ့ အမည်လို့ သတိပြုရပါတယ်။

အလောင်းတော်ဘဝ၌ ပညာဓိက, သဒ္ဓါဓိက, ဝီရိယဓိကရယ်လို့ အမည်သုံးပါး ကွဲပြားကြသော်လည်း ဘုရားအဖြစ်သို့ ရောက်သွားကြတဲ့အခါ အလုံးစုံ တူညီကြပါတယ်၊ မည်သည့် ဘုရားက ဂုဏ်ကျေးဇူး ပိုတယ်, လိုတယ်ရယ်လို့ မရှိတော့ပါဘူး။

အထူးမှတ်ရန်မှာတော့ ပညာဓိက ဘုရားအလောင်းတော်တို့မှာ သဒ္ဓါနုန့်၍ ပညာထက်ပါတယ်၊ သဒ္ဓါဓိက ဘုရားအလောင်းတော်တို့မှာ သဒ္ဓါ အားကြီး၍ ပညာ အလယ် အလတ်ဖြစ်ပါတယ်၊ ဝီရိယဓိက ဘုရားအလောင်းတော်တို့မှာ ဝီရိယ အားကြီး၍ သဒ္ဓါ ပညာ နှစ်ပါး နုန့်ပါတယ်။

http://www.dhammadownload.com



အဲဒီ ဘုရားအလောင်းတော်တို့ ပါရမီဖြည့်ရခြင်းသည် မိမိတို့၏ ဆုတောင်းသို့ လိုက်ပြီး အစဉ်အတိုင်း ပညာဓိက, သဒ္ဓါဓိက, ဝီရိယဓိက ရယ်လို့ အမည်သုံးပါး ကွဲပြားလျက် ကျွတ်ရာ ဘုရားဖြစ်ရာ အချိန်ကာလလည်း သုံးမျိုးပင် ကွဲပြားပါတယ်။

ပါရမီ ဖြည့်စဉ် 'ပညာဓိက ဘုရား ဖြစ်ရပါလို၏'လို့ ဆုတောင်းက ပညာဓိကဘုရား ဖြစ်ပါတယ်၊ လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်းကြာအောင် ပါရမီတို့ကို ဖြည့်ကျင့်ရပါတယ်။

ပါရမီဖြည့်စဉ် 'သဒ္ဓါဓိက ဘုရား ဖြစ်ရပါလို၏'လို့ ဆုတောင်းက သဒ္ဓါဓိကဘုရား ဖြစ်ပါတယ်၊ ရှစ်အသင်္ချေနှင့် ကမ္ဘာတစ်သိန်းကြာအောင် ပါရမီတို့ကို ဖြည့်ကျင့်ရပါတယ်။ ပါရမီဖြည့်စဉ် 'ဝီရိယဓိက ဘုရား ဖြစ်ရပါလို၏'လို့ ဆုတောင်းက ဝီရိယဓိကဘုရား ဖြစ်ပါတယ်၊ ၁၆-အသင်္ချေနှင့် ကမ္ဘာတစ်သိန်းကြာအောင် ပါရမီတို့ကို ဖြည့်ကျင့်ရပါတယ်၊ ဘုရားဆုပန် နိယတ ဗျာဒိတ်ခံစဉ်ကပင် အလောင်းတော်ကြီး များသည် ...

(၁) ဥဂ္ဃဋိတညူ အလောင်းတော်၊
(၂) ဝိပဉ္စိတညူ အလောင်းတော်၊
(၃) နေယျ အလောင်းတော်

ရယ်လို့ သုံးမျိုး ပြားကြပါတယ်။ အဲဒီသုံးမျိုးတို့တွင် ...

(၁) ဥဂ္ဃဋိတညူ ဘုရားအလောင်းတော်မှာ အကယ်၍

http://www.dhammadownload.com



သာဝက ဗောဓိဉာဏ်ကို ထိုဘဝ ရယူလိုပါက မြတ်စွာဘုရား အထံတော်မှ လေးပါဒရှိသော တရားဂါထာကို ကြားနာစဉ် တတိယပါဒ မဆုံးမီပင် အဘိညာဉ် ခြောက်ပါး၊ ပဋိသမ္ဘိဒါ လေးပါးတို့နှင့် တကွ အရဟတ္တဖိုလ်သို့ ရောက်ခြင်း, ရခြင်းငှာ စွမ်းနိုင်တဲ့ ဥပနိဿယ အကြောင်းရှိသူ ဖြစ်ပါတယ်။

(၂) ဝိပဋ္စိတညူ ဘုရားအလောင်းတော်မှာ အကယ်၍ သာဝက ဗောဓိဉာဏ်ကို ထိုဘဝ ရယူလိုပါက မြတ်စွာဘုရား အထံတော်မှ လေးပါဒရှိသော တရားဂါထာကို ကြားနာစဉ်၊ စတုတ္ထပါဒ မဆုံးမီ၊ ဂါထာမဆုံးမီပင် အဘိညာဉ် ခြောက်ပါး တို့နှင့်တကွ အရဟတ္တဖိုလ်သို့ ရောက်ခြင်း, ရခြင်းငှာ စွမ်းနိုင် သော ဥပနိဿယ အကြောင်းရှိသူဖြစ်ပါတယ်။

(၃) နေယျ ဘုရားအလောင်းတော်မှာ အကယ်၍ သာဝက ဗောဓိဉာဏ်ကို ထိုဘဝ ရယူလိုပါက မြတ်စွာဘုရား အထံတော်မှ လေးပါဒရှိသော တရားဂါထာကို ကြားနာ၍ ထိုဂါထာ ဆုံးလျှင်ပင် အဘိညာဉ် ခြောက်ပါးတို့နှင့် တကွ အရဟတ္တဖိုလ်သို့ ရောက်ခြင်း, ရခြင်းငှာ စွမ်းနိုင်သော ဥပ နိဿယ အကြောင်းရှိသူ ဖြစ်ပါတယ်။

အဲ . . . ယခု ပြောဆိုအပ်ပြီးသော အတိုင်း ဥဂ္ဃဋိတညူ ဘုရားအလောင်းတော်မှာ ဝိမုတ္တိပရိ ပါစနီယ တရားများ ထက် သန်လှသဖြင့် ဗျာဒိတ်ရပြီးနောက် လေးအသင်္ချေနှင့် ကမ္ဘာတစ်

http://www.dhammadownload.com



သိန်းကြာအောင်သာ ပါရမီတို့ကို ဖြည့်ကျင့်ရပါတယ်။ ဝိပဿီ တည်းဟူသော ဘုရားအလောင်းတော်မှာ ဝိမုတ္တိပရိ ပါစနီယ တရားများ အလယ်အလတ် ရှိသဖြင့် ဗျာဒိတ်ရပြီးနောက် ရှစ်အသင်္ချေနှင့် ကမ္ဘာတစ်သိန်း ကာလကြာအောင် ပါရမီတို့ကို ဖြည့်ကျင့်ရပါ တယ်။

နေယျ ဘုရားအလောင်းတော်မှာ ဝိမုတ္တိ ပရိ ပါစနီယ တရားများ နုန့်သည်ဖြစ်၍ ဗျာဒိတ်ရပြီးနောက် ၁၆-အသင်္ချေနှင့် ကမ္ဘာတစ်သိန်း ကာလကြာအောင် ပါရမီတော်တို့ကို ဖြည့်ကျင့်ရ ပါတယ်။

ဥဂ္ဃဋိတညူ ဘုရားအလောင်းတော်နှင့် ပညာဓိကဘုရား အလောင်းတော် အတူတူပင် ဖြစ်ပါတယ်။ ဝိပဉ္စိတညူ ဘုရား အလောင်းတော်နှင့် သဒ္ဓါဓိက ဘုရားအလောင်းတော် အတူတူ ပင် ဖြစ်ပါတယ်။ နေယျဘုရားအလောင်းတော် နှင့် ဝီရိယာဓိက ဘုရားအလောင်းတော် အတူတူပင် ဖြစ်ပါတယ်၊ ကဲ . . .ရှင်းပြီ လား'

'ရှင်းပါပြီ ဘုရား'

* ဘုရားအလောင်း၊ သူတော်ကောင်း၊ အကောင်း တို့ချည့်သား။
* အလောင်းအလျာ၊ အကောင်းသာ၊ ဖြစ်ဌာကြိုးစားပါ၊

http://www.dhammadownload.com



* အကောင်းကိုရှယ်, ကြိုးစားကွယ် လွဲဖယ်သော်လည်း မယုတ်ပါ၊
* ကြိုးစားသမျှ, အကျိုးရ, ရသမျှ အမြတ်သာ။

http://www.dhammadownload.com



# ဆရာကောင်း၊ ဒကာကောင်းဆိုတာ ဘယ်လိုဆရာ၊ ဒကာကို ခေါ်ပါသလဲဘူရား

## (၁၀)

ဆရာ၊ ဒကာ ဟူသော အသုံးအနှုန်းသည် ဗုဒ္ဓသာသနာတော်၏ အသုံးအနှုန်း ဖြစ်ပါသည်။ မှန်ပါသည်၊ ဗုဒ္ဓသာသနာ့ နယ်ပယ်တွင် ကျောင်းနေ ဆရာတော်များ၊ ရွာနေဒကာ၊ ဒကာမ များ ဟူ၍ နှစ်မျိုးနှစ်စား ရှိကြပါသည်။

ကျောင်းနေ ဆရာတော်တို့သည် ရွာနေ ဒကာ၊ ဒကာမတို့ အတွက် အရေးကြီးသလို ရွာနေ ဒကာ၊ ဒကာမတို့သည်လည်း ကျောင်းနေ ဆရာတော်တို့ အတွက် အရေးကြီးလှပါသည်။ မှန်ပါသည်။ ကျောင်းနေ ဆရာတော်တို့ အပြစ်ကင်းသော ပစ္စည်းလေးဖြာကို သုံးဆောင်ပြီး နတ်ရွာ နိဗ္ဗာန် ရောက်ရေးသည် ရွာနေ ဒကာ၊ ဒကာမတွေအပေါ် မှီနေပါသည်။ ရွာနေ ဒကာ၊ ဒကာမတွေ၏ မှန်ကန်သော အယူဝါဒနှင့် ကောင်းမြတ်သော ဒါန၊ သီလ၊ ဘာဝနာ တရားများကို ကြိုးစားအားထုတ်ကာ

http://www.dhammadownload.com



နတ်ရွာနိဗ္ဗာန် ရောက်ရေးသည် ကျောင်းနေ ဆရာတော်များ အပေါ် မှီနေပါသည်။

ယင်းသို့ဖြင့် ရွာနေဒကာနှင့် ကျောင်းနေ ဆရာတော်တို့ သည် ကိုင်းကိုကျွန်းမှီ၊ ကျွန်းကိုင်းမှီသို့ အချင်းချင်း တရားနှင့် ပစ္စည်း အပြန်အလှန် မှီးတင်းနေကြပါသည်။သို့ဖြစ်၍ ဆရာ အတွက် ဒကာကောင်း လိုသလို၊ ဒကာအတွက်လည်း ဆရာ ကောင်း လိုပါသည်၊ ယင်းသို့ လိုသော်လည်း ဆရာ ကောင်းဆို တာ အဘယ်လို၊ ဒကာကောင်းဆိုတာ အဘယ်နည်း ဟု သိသူ ကား နည်းပါးလှ၊ နည်းပါးသည့် အထဲမှ တစ်ယောက်နှင့် တွေ့ ရ၏။

'အရှင်ဘုရား . . .ဆရာကောင်း ဒကာကောင်း ဆိုတာ ဘယ်လို ဆရာ ဒကာကို ခေါ်ပါသလဲ ဘုရား'

'အမယ်လေး . . . ဒါများ ခက်ခက်ချည်းလုပ်လို့ မေး နေရသေးလား၊ ဆရာဝတ္တရားနဲ့ ညီညွတ်ရင် ဆရာကောင်း, ဒကာ ဝတ္တရားနဲ့ ညီညွတ်ရင် ဒကာကောင်းပေါ့'

'သြော် . . . အရှင်ဘုရားကလည်း ပြောတော့ လွယ်လိုက် တာ၊ အခုခေတ်မှာက ဆရာဝတ္တရားကို ဆရာကည်လည်း မသိ၊ ဒကာကလည်း မသိသလို ဒကာဝတ္တရားကို ဒကာကလည်း မသိ၊ ဆရာကလည်း မသိသူက များပါတယ် ဘုရား'

'အင်း . . . အဲဒီလို မသိတာ ဘုန်းကြီးက ဘာလုပ်ပေး

http://www.dhammadownload.com



ရမှာ လဲ'

'သြော် . . . အရှင်ဘုရားကလည်း မသိတာ သိအောင် ရှင်းပြပေးပါ ဘုရား'

'အင်း . . . အင်း . . . ကောင်းတယ်, ကောင်းတယ်၊ ဒကာ ကြီးတို့ ဝတ္တရားမကျေတာ ဘုန်းကြီးအတာ လာချတယ်၊ ကောင်းတယ်'

'သြော် . . . အရှင်ဘုရားက ဟောပြတတ်, ရေးပြတတ်လို့ မေးရတာ သည်းခံပါဘုရား'

'ကဲ . . . ကဲ . . .ကောင်းပါပြီ၊ ဘုန်းကြီးမှာ ဆရာ ဝတ်ရှိနေပါတယ်၊ ပြောပြပါမယ်၊ သေသေချာချာ မှတ်ထားပါ'

မကောင်းအမှု၊ တားမြစ်ပြ၍၊ ကောင်းမှုကိုကား၊ ညွှန်းပြ ထား၏၊ ရှာသွားနယ်သူ၊ အားလုံးလူကို၊ ကြည်ဖြူ မေတ္တာ၊ စောင့်ရှောက်ကာဖြင့်၊ ဒေသနာ အထူး၊ မကြားဖူး လည်း၊ ကြားဖူးအောင်ပြ၊ ကြားပြီးကမူ၊ ကျနသေချာ၊ ကျင့်စေကာဖြင့်၊ နောင်လာအကြောင်း၊ ဂတိကောင်းဖို့၊ ထပ်လောင်း ဟောဖွယ်၊ ဤခြောက်သွယ်သည်၊ ကျောင်း ဝယ် ဘုန်းတို့၊ ကျင့်ဝတ်တည်း . . . တဲ့။

အဲဒီခြောက်ပါးဟာ ဆရာကောင်း ကျင့်ဝတ်ပဲ၊ အဲဒီ ခြောက်ပါးနဲ့ ပြည့်စုံရင် ဆရာကောင်းပဲ'

'အဲဒီခြောက်ပါး အဓိပ္ပာယ် ရှင်းပြပါဦး ဘုရား'

http://www.dhammadownload.com



'အမယ်လေး . . . လာလာသေးတော့တယ်၊ ကဲ . .ကဲ. မှတ်ထားပါ'

(၁) ကျောင်းနေ ဆရာတော်တို့သည် မိမိတို့ နေထိုင် သီတင်းသုံးရာ ကျေးရွာ ရပ်ကွက်ရှိ ဒကာ ဒကာမ, လူငယ် လူလတ်, လူကြီးအားလုံးတို့ သူ့အသက်သတ်ခြင်း၊ သူ့ဥစ္စာ ခိုးခြင်း၊ စသော အကောင်းမှုများ ပြုနေလျှင် လည်းကောင်း၊ အသောက်အစား လောင်းကစားနှင့် အပျော်အပါး လိုက်စားမှု များ ပြုနေလျှင် လည်းကောင်း တရားသဖြင့် ဟောပြောပြသ ဆိုဆုံးမ တားမြစ်ရမယ်တဲ့'

'ဒါဖြင့် ကျောင်းနေ ဆရာကောင်းဆိုတာ မိမိ ဒကာ ဒကာမများကို ဟောပြောပြသ ဆိုဆုံးမတတ်ရမယ်ပေါ့'

'အင်းပေါ့ အဲဒီလို မကောင်းအမှု တားမြစ်ဟောပြ ဆို ဆုံးမရုံနဲ့ မပြီးသေးဘူး။

(၂) ဒါန, သီလ, ဘာဝနာစသော ကုသိုလ်ကောင်းမှု များ၌လည်းကောင်း၊ တရားသဖြင့် စီးပွားဥစ္စာကို ကြိုးစားရှာဖွေ မှုများ၌ လည်းကောင်း ကုသိုလ်ကောင်းမှုလည်းဖြစ်, လောက အကျိုးစီးပွားလည်း ရှိသော ရေတွင်း, ရေကန်တူးမှု, လမ်းများကို ပြုပြင်မှု၌ လည်းကောင်း၊ ဖြစ်သင့် ဖြစ်ထိုက်သော အခြား ကုသိုလ်မှုများ၌ လည်းကောင်း စွဲမြဲစွာ လုပ်ကိုင်နိုင်စေရန် ဟောကြား ညွှန်ပြ တည်စေရမည်။

http://www.dhammadownload.com



(၃) ပြီးတော့ မိမိ သီတင်းသုံး နေထိုင်ရာ ကျေးရွာ ရပ်ကွက်ရှိ လူငယ်, လူလတ်, လူကြီး ဟူသော ဒကာ ဒကာမ အသီးသီးတို့ကို ကိုယ်စိတ်နှစ်ဖြာ ချမ်းသာစေရန် မေတ္တာရေချမ်း သွန်းဖျန်းပေးရမယ်။

မေတ္တာ ကာယကံ, မေတ္တာဝစီကံ, မေတ္တာမနောကံ ရှေ့ထားပြီး မိမိနေထိုင်ရာ ရွာသူရွာသား, ရပ်ကွက်သူ ရပ်ကွက်သား, ကလေးသူငယ်များကို သူတို့နှင့် လျော်စွာ ပညာများ သင်ကြားပေးရမယ်၊ လိမ္မာယဉ်ကျေးအောင် ပြောဆို ဆုံးမရမယ်။

ခေတ်အလိုက် အတွေ့အကြုံများအောင် နည်းပေးလမ်းပြ ခြင်း စသည်ဖြင့် ရွာသူရွာသား, ရပ်ကွက်သူ ရပ်ကွက်သား, နယ်သူနယ်သား အားလုံးတို့၏ အကျိုးစီးပွားကို ကောင်းသော စိတ်ထားဖြင့် တိုးတက်စေရန် ဆောင်ရွက်ရပါမယ်'

'အရှင်ဘုရား . . .ဆရာကောင်းရရင် အဘက်ဘက်က ပြည့်စုံတာပေါ့ ဘုရား'

'အင်းပေါ့။ ပြီးတော့ . . .

(၄) ရှစ်သောင်းလေးထောင် များမြောင်လှစွာသော ရှင်တော်မြတ်ဘုရား၊ ဟောကြားတော်မူခဲ့တဲ့ ဒေသနာ အထူး မိမိ ဒကာ ဒကာမများ မကြားဘူး၊ မနာဘူးသေးတဲ့ တရားဓမ္မ များကို ကြားနာဖူးအောင် အခါအားလျော်စွာ ဟောပြောပြသ

http://www.dhammadownload.com



ဆုံးမရမယ်။

(၅)ပြီးတော့ မိမိ ဒကာ ဒကာမများ ကြားနာဖူးပြီးသော တရားဓမ္မများကို ရှင်းလင်းပြတ်သားစွာ နားလည်အောင် ထပ်မံပြီး ဟောပြောပြသ ဆိုဆုံးမကာ အဲဒီတရားတော်အတိုင်း လိုက်နာ ကျင့်ကြံစေရမယ်။

(၆) ပြီးတော့ တမလွန်ဘဝ, နောက်လောကဌ် မိမိ ဒကာ ဒကာမများ လူ, နတ်, နိဗ္ဗာန် သုံးတန်သော ချမ်းသာများ ရစေရန် သဒ္ဓါ, သီလ, စာဂ, ပညာဆိုတဲ့ အဲဒီလေးဖြာသော တရားတို့ကို လက်တွေ့ ကျင့်ကြံစေရမယ်၊ အဲဒီ ဝတ္တရား ခြောက်ပါးနဲ့ ပြည့်စုံရင် ဆရာကောင်းပဲ'

'အရှင်ဘုရား . . ဆရာကောင်း တစ်ပါးနဲ့ တွေ့ဆုံကြုံ ကြိုက်ရပါရင် အလုံးစုံ အကုန်ပြည့်စုံ နိုင်ပါတယ်လို့ ယုံကြည်ပါ တယ်ဘုရား၊ ဆရာကောင်းတစ်ပါး ရဖို့လည်း မလွယ်ဘူးလို့ ထင်ပါတယ် ဘုရား'

'ဟုတ်တယ် . . . ဟုတ်တယ်၊ ဆရာကောင်းနဲ့ ဆုံရရင် အလုံးစုံ အကုန်ပြည့်စုံတယ်၊ ဆရာကောင်းရဖို့လည်း မလွယ် ပါဘူး၊ ဒါ့ကြောင့် ဘုရားရှင် ကိုယ်တော်တိုင် ဟုတ်တိုင်း မှန်စွာ သိတဲ့ ဉာဏ်ပညာကို ရဖို့ရန် ဆရာကောင်းကို ရှာလို့ အခါခါ မှာကြားခဲ့ပါတယ်'

'အရှင်ဘုရား။ ဆရာကောင်း အကြောင်းတော့ သိရပါပြီ

http://www.dhammadownload.com



ဘုရား ဒကာကောင်း အကြောင်းကို ဆက်ပြီး ရှင်းပြပါဦး ဘုရား'

'အတိုချုပ် ပြောရရင် ဒကာ ဝတ္တရား ငါးပါးနဲ့ ညီညွတ် ပြည့်စုံတဲ့ ဒကာဟာ ဒကာကောင်းပေါ့၊ အဲဒီ ဒကာ့ဝတ္တရား ငါးပါးက ဘာလဲဆိုတော့ . . .

ရဟန်းသံဃာ၊ မြတ်ဆရာကို၊ မေတ္တာမကင်း၊ ပြု၊ ပြောခြင်းနှင့်၊ စိတ်တွင်းမေတ္တာ၊ ပို့လျက်သာတည်း၊ တစ်ဖြာလှူဖွယ်၊ ခံယူလွယ်အောင်၊ အိမ်ဝယ်တံခါး၊ ဖွင့်၍ထားသို့၊ ဖိတ်ကြားလိုရာ၊ နံနက်ခါသော်၊ ကြွလာဆွမ်းလှူ၊ ဤငါးဆူသည်၊ မှတ်ယူ ဒါယကာ့ ကျင့်ဝတ်တည်း . . . တဲ့။

အဲဒီငါးပါးဟာ ဒကာ့ကျင့်ဝတ်ပဲ၊ အဲဒီကျင့်ဝတ်ငါးပါးနဲ့ ပြည့်စုံရင် ဒကာကောင်းပဲ။

အကျယ်ရှင်းပြရမယ် ဆိုရင် . . .

(၁) ရွာနေ ဒကာ ဒကာမများသည် ကျောင်းနေ ဆရာ ရဟန်းများ အတွက် ကိုယ်ဖြင့် ပြုလုပ်ပေးရမည့် ကိစ္စတိုင်းဝယ် မေတ္တာကာယကံ ရှေ့သွားပြုကာ ဂရုစိုက်သော အသွင်အပြင် ပါရှိသောအားဖြင့် ပြုရပါမယ်။

(၂) ရွာနေ ဒကာ ဒကာမများသည် ကျောင်းနေ ဆရာ ရဟန်းများအတွက် နှုတ်ဖြင့်ပြောရမည့် အမှုကိစ္စတိုင်းဝယ် ချိုချို

http://www.dhammadownload.com



သာသာဖြင့် မေတ္တာဝစီကံ ရှေ့သွားပြုကာ မေတ္တာပါရှိသော စကားကို ပြောဆိုရပါမယ်။

(၃) ရွာနေ ဒကာ ဒကာမများသည် ကျောင်းနေ ဆရာ ရဟန်းများ၏ ပစ္စည်းလေးပါး ပြည့်စုံရေးကို တွေးတော ကြံစည်ခြင်း ကျန်းမာပါစေ, ချမ်းသာပါစေ စသည်ဖြင့် မနောကံ မေတ္တာပို့သရပါမယ်။

(၄) ပြီးတော့ ဒကာ ဒကာမများသည် ကျောင်းနေ ရဟန်းများအတွက် အလှူခံစရာရှိလျှင် ကြွလာနိုင်အောင် 'အရှင်မြတ်ဘုရား . . . အလိုရှိတဲ့ ပစ္စည်းလေးပါးကို အလှူခံတော်မူပါဘုရား'လို့ ပစ္စည်းလေးပါး ဖိတ်မံ ထားခြင်းကို အိမ်တံခါး ဖွင့်ထားသလို ဖြစ်ခြင်းလို့ ဆိုပါတယ်။

'အရှင်မြတ်ဘုရား အလိုရှိတဲ့ ပစ္စည်းလေးပါးကို အလှူခံတော်မူပါ ဘုရား'လို့ ပစ္စည်းလေးပါး ဖိတ်မန်မထားရင် ကျောင်းနေရဟန်းတော်များက ဆွေမတော်, မျိုးမတော်သူ၊ သူစိမ်းပြင်ပ ရွာနေ ဒကာ ဒကာမများကို မည်သည့်ပစ္စည်းမျှ မတောင်းကောင်း, အလှူမခံကောင်းပါဘူး၊ ယုတ်စွအဆုံး ရေကိုမျှ တောင်းပြီး မသောက်ကောင်းပါဘူး။ အဲဒါကြောင့်မို့ ရွာနေ ဒကာ ဒကာမများသည် မိမိတို့ ကြည်ညိုသော ဆရာ ရဟန်းများကို ပစ္စည်းလေးပါး ဖိတ်ထားရပါမယ်။

(၅) ပြီးတော့ ရွာနေ ဒကာ ဒကာမများသည် ကျောင်း

http://www.dhammadownload.com



နေဆရာရဟန်းများအား ဆွမ်းလောင်းလှူချိန်မှာ လောင်းခြင်း၊ လှူခြင်း၊ ဆွမ်းပို့ချိန်မှာ ပို့ခြင်းသည် စားဖွယ် လှူခြင်း၊ ကြွလာဆွမ်းလှူခြင်း ဖြစ်ပါတယ်၊ အဲဒီအမှု ပြုရပါမယ်။ အဲဒီဝတ္တရား ငါးပါးနဲ့ ပြည့်စုံညီညွတ်ရင် ဒကာကောင်း ပါပဲ'

'အရှင်ဘုရား . . . ဒကာကောင်း တစ်ယောက် ဖြစ်ဖို့လည်း မလွယ်ပါလား ဘုရား'

'ဟုတ်တယ် . . .ဟုတ်တယ်၊ ကျောင်းတစ်ကျောင်းမှာ ကိုးကွယ်သူ ဦးရေများပေမယ့် ဒကာကောင်းဆိုတာ သုံး,လေး ငါးယောက် လောက်တောင် ရှိချင်မှ ရှိတယ် ဒကာကြီး၊ အဲဒီ လောက် ဒကာကောင်း ရှားပါတယ်'

'ဒကာမကောင်းရင် ကျောင်းနေ ဆရာကောင်းများမှာ ပစ္စည်းလေးပါး ချို့တဲ့ ဆင်းရဲပါတယ်။ သာသနာ့ တာဝန် အားသွန်ပြီး မထမ်းဆောင်နိုင်ပါဘူး။ အဲဒီတော့ သာသနာတော် မစည်ပင် မပြန့်ပွား မထွန်းကား မတည်တန့်ဘူးပေါ့'

'မှန်ပါ၊ ဘုရားတပည့်တော် ဒကာကောင်း တစ်ယောက် ဖြစ်အောင် ကြိုးစားပါ့မယ် ဘုရား'

'ကောင်းပြီ . . .ကောင်းပြီ'

* ဆရာကောင်းဟာ, လောကမှာ, များစွာ ရှားပါးသည်။

* ဒကာကောင်းဟူ, ထို့အတူ, ရှာမှု ရှားလေသည်။

http://www.dhammadownload.com



* ဆရာအကောင်း၊ ဒကာကောင်း, အကောင်းနှစ်ခုတွဲရမည်။
* အကောင်းနှစ်ဖြာ, တွဲမှသာ, သာသနာစည်ပင်မည်၊
* သာသနာစည်ကား, လူနတ်များ, ကျိုးများ ကြီးပေမည်။

http://www.dhammadownload.com



# သာသနာကွယ်ကြောင်း တရားပေါင်းကို ရှင်းပြပါဘုရား

## (၁၁)

ဤကမ္ဘာလောကကြီး၌ မီးရထားခေါင်းတွဲ ပမာ ရှေ့ကနေ လှုပ်ရှားဆွဲဆောင်နိုင်သူ ဦးရေမှာ အနည်းငယ်မျှသာ ရှိပါသည်။ မီးရထား နောက်တွဲများပမာ သူတစ်ပါးဆွဲရာပါသူ လူဦးရေသာ များပါသည်။

ယနေ့ ဤကမ္ဘာလောကကြီး တင့်တောင့် တင့်တယ် ဖြစ်နေသည်မှာ သူတစ်ပါးဆွဲရာပါ လူတွေကြောင့် မဟုတ်ပါ၊ မီးရထားခေါင်းတွဲပမာ လှုပ်ရှား ဆွဲဆောင် နေသူတွေကြောင့်သာ ဖြစ်ပါသည်။

အသိ ဉာဏ်ပညာ အရေးနှင့် ပတ်သက်၍လည်း သိရလည်း အရေးမကြီး၊ မသိရလည်း အရေးမကြီး သူတို့ အတွက်

http://www.dhammadownload.com



အသိ ဉာဏ်ပညာသည် တန်ဖိုးမရှိပါ၊ သိရမှုဖြစ်မည်၊ မသိရလျှင် မဖြစ်ပါ ဆိုသူတို့ အတွက်မူ အသိဉာဏ်ပညာ တန်ဖိုးကြီးလှပါသည်။' တန်ဖိုးကြီးသလောက် သိစရာများကို ရှာကြံကြသည်။ တစ်နေ့ အသိဉာဏ်ပညာ တန်းဖိုးသိ၍ ရှာနေ သူတစ်ယောက် မိမိထံမှောက် ရောက်လာပြီး ရှိခိုးဦးချကာ မေးလျှောက်သည်။

'အရှင်ဘုရား၊ **သာသနာ ကွယ်ကြောင်း တရားပေါင်း၊ ဘယ်လောက် ရှိပါသလဲ ဘုရား၊ သိချင်ပါတယ် ဘုရား၊ သိပါရင် ရှင်းပြပေးပါ ဘုရား'**

'အင်း . . . ရှင်းပြတာတော့ ဟုတ်ပါပြီ၊ ရှင်းပြပြီး မှတ်မထားဘဲ ဖျောက်ပစ်လိုက်ရင် အလကားပဲ၊ ရှင်းပြရကျိုး နပ်အောင် မှတ်ထားပါ . . .

အင်္ဂုတ္တိုရ်လာ၊ သာသနာကွယ်ကြောင်း၊ တရား
ပေါင်းကား၊ ရဟန်းများတို့၊ တရားမနာ၊ စာပေ
မသင်၊ နှုတ်တွင် မဆောင်၊ သိအောင်မပြု၊ မှောနု
ဓမ္မတ်၊ ပဋိပတ်ကွာ၊ ဤငါးဖြာတည်း . . တဲ့။

အဲဒါ အင်္ဂုတ္တရနိကာယ် , ပဉ္စကနိပါတ်, ပထမသဒ္ဓမ္မသမ္မောသသုတ်ကို လင်္ကာစီထားတာပါ၊ ရှေးဦးစွာ သူတော်ကောင်း တရားကွယ်ကြောင်း, သာသနာ ကွယ်ကြောင်း ငါးပါးပဲပေါ့။

http://www.dhammadownload.com



(၁) အဲဒီ လက်ာကို ရှင်းပြရရင် ရှင်တော်မြတ်ဘုရား ၏ သာသနာ့ဝန်ထမ်း ရဟန်းရှင်တို့သည် ရှင်တော်မြတ်ဘုရား ဟောကြားသည့် တရား ဒေသနာတော်တို့ကို ဟောကြားတော်မူ သည့်အခါ နာယူမှု မပြုခြင်းဟာ သာသနာကွယ်ကြောင်းပဲ'

'ဟင် . . . ဒီလိုဆိုရင် ခက်ပြီပေါ့၊ တရားပွဲမှာ ရှင်ရဟန်း တွေ နာကြားကာ အတော်နည်းပါတယ် ဘုရား'

'အင်းပေါ့ . . မြတ်စွာဘုရား လက်ထက်တော် အခါက တရားပွဲဆိုရင် ရှင်ရဟန်းတော်တွေက ရှေ့ဆုံးကပါ၊ အဲဒါ ကြောင့် ဘုရားရှင် ခေါ်တဲ့အသံ, မေးတဲ့အသံကို ကြည့်ပါ လား . . . ဘိက္ခဝေ, ဘိက္ခဝေနဲ့ပဲ မဟုတ်လား'

'ဟုတ်ပါတယ် ဘုရား'

'ပြီးတော့ ရှင်သာရိပုတ္တရာတို့, ရှင်မဟာမောဂ္ဂလာန်တို့ တရားပွဲမှာလည်း ငါ့ရှင်တို့ . . .ငါ့ရှင်တို့နဲ့ ရဟန်းတော်တွေကို ပဲ မေးပါတယ်'

ယခု ဘုန်းကြီးတို့ ဟောတဲ့ တရားပွဲတွေကျ 'အို . . ဒကာ ဒကာမ အပေါင်း သူတော်ကောင်းတို့'လို့ပဲ မေးရတယ်၊ ခေါ်ရတယ်။

တရားတော် မနာတော့ ကိုယ်ကပြန်ပြီး မဟောတတ်ပါ၊ မဟောတတ်လို့ မဟောတော့ ဒကာ ဒကာမတွေ မသိပါ၊ မသိ တော့ သာသနာတော်ကို မကြည်ညို တတ်တော့ပါ၊ သာသနာ

http://www.dhammadownload.com



တော် မကြည်ညိုတတ်တော့ သာသနာတော် ကွယ်တာပေါ့'

'အင်း . . . ခက်ပြီ . . .ခက်ပြီ'

'ခက်မနေနဲ့ ၊ ပြီးတော့ . . .

(၂) ရဟန်းတော်များ ပရိယတ် စာပေများကို သင်ကြားမှု မပြုခြင်းတဲ့။

ပရိယတ် သာသနာတည်မှ ပဋိပတ် သာသနာတည်မှာ၊ ပဋိပတ်တည်မှ ပဋိဝေဓတည်မှာ၊ ယခု ပရိယတ် သာသနာ အားပျော့လာပြီ ဆိုတော့ . . .

'အင်း . . . ခက်ပြီ၊ ခက်ပြီ'

'ခက်မနေနဲ့၊ ပြီးတော့'

(၃) ဘုရား ဟောကြားခဲ့တဲ့ ပရိယတ် စာပေများကို စွမ်းနိုင်သလောက် နှုတ်တက်ရအောင် ကျက်မှတ် ဆောင်ထားမှု မပြုခြင်းတဲ့။

'ဩော် . . .တိပိဋကဓရ စာမေးပွဲတို့လို အာဂုံပြန် စာမေးပွဲတွေ ကျင်းပရတာ ဒါ့ကြောင့်ကိုး'

'အမယ်လေး . . .ခုမှ သိတယ်ပေါ့၊ ကဲ . . .နားထောင်ဦး'

(၄) ဆောင်ထား ကျက်မှတ်ထားသော ပရိယတ် စာမေးပွဲ၏ အနက် အဓိပ္ပာယ်ကို သိအောင် မစူးစမ်း၊ မလေ့လာခြင်းတဲ့'

'ဩော် . . . ဒါ့ကြောင့် ရေးဖြေစာမေးပွဲတွေ ကျင်းပရတာ

http://www.dhammadownload.com



ကိုး'

'အမယ်လေး . . . ဒီဒကာကြီးမှာ အခုမှ အသစ်အဆန်းတွေ ဖြစ်နေလိုက်တာ၊ နားထောင်ပါဦး၊ ပြီးတော့. . .

(၅) ရဟန်းတော်များဟာ မင်္ဂဖိုလ် နိဗ္ဗာန် ရရာ ရကြောင်း အကျင့်ပဋိပတ်ကို မကျင့်ခြင်းတဲ့'

'သြော် . .ဒါကြောင့် ဆယ်ရက်စခန်း တရားပွဲတွေ ကျင်းပပြီး တရားတွေပြ၊ ရိပ်သာတွေ တည်ထောင်ပြီး တရားပြ၊ တောရဆောက်တည်ပြီး တရားကျင့်ကြံရတာကိုး'

'ကဲ . . ကဲ . . နားထောင်ဦး၊ နောက်တစ်မျိုး ရှိသေးတယ်၊ ရှင်းပြဦးမယ်. . .

ထဝါ– ထို့ပြင်၊ စာသင်ပယ်လျော၊ ကျယ်မဟောကြ၊ကျယ်မချနှင့်၊ ကျယ်စွမအံ၊ မကြံမစည်၊ ဤငါးမည်တည်း. . . တဲ့။

အဲဒါက အင်္ဂုတ္တရ နိကယ်, ပဉ္စကနိပါတ်, ဒုတိယ သဒ္ဓမ္မသမ္မောသသုတ်ကို လင်္ကာစီထားတာပါ၊ ဒုတိယ သူတော်ကောင်းတရား ကွယ်ကြောင်း၊ သာသနာကွယ်ကြောင်း ငါးပါးပဲပေါ့။

အဲဒီလင်္ကာကို ရှင်းပြရရင် . . .

(၁) ရှင်မြတ်ဘုရား၏ သာသနာ့ဝန်ထမ်း ရှင်ရဟန်းတော်များသည် ရှင်တော်မြတ်ဘုရား ဟောကြားသည့် စာပေ

http://www.dhammadownload.com



ပရိယတ် သင်ကြားမှုကို လုံးဝ ဖယ်ရှားထားခြင်း။

(၂) ရှင်တော်မြတ်ဘုရား ဟောကြား မြတ်တရားတော်များကို ကျယ်ကျယ် ပြန့်ပြန့် မဟောကြားခြင်း။

(၃) စာပေပရိယတ် ပို့ချ သင်ကြား ပြသောအခါ သဘော, သဘာဝ ကုန်စင်အောင် မပို့ချ မသင်ပြခြင်း။

(၄) စာပေ ပရိယတ်ကို ရွတ်ဖတ် ပြန်အံသောအခါ အကျယ်တဝင့် ဖွင့်ကာ စာကုန်အောင် မရွတ်မအံ မပြန်ခြင်း။

(၅) စာပေ ပရိယတ်၏ အနက် အဓိပ္ပာယ်ကို မကြံမစည်ခြင်း။

ဆိုတဲ့ ငါးပါးဟာ ဒုတိယ သာသနာ ကွယ်ကြောင်းပဲပေါ့၊ အဲဒါ ပရိယတ် သာသနာ အရေးကြီးတယ် မဟုတ်လား'

'မှန်ပါဘုရား၊ တပည့်တော်တို့က ပရိယတ်သာသနာ အရေးကြီးမှန်း မသိပါဘုရား၊ အခု သာသနာကွယ်ကြောင်းတွေ သိရတော့မှ ပရိယတ် သာသနာတော် အလွန်အရေးကြီးမှန်း သိရပါတယ် ဘုရား'

'ကဲ . . . ကဲ . . . နားထောင်ပါဦး၊ နောက်တစ်မျိုး ရှိသေးတယ်၊ ပြောပြဦးမယ်'

ဝါ-တစ်နည်းမှာ၊ အက္ခရာပုဒ်ပျက်၊ လေ့ကျက်
သင်ကြ၊ ဒုဗ္ဗစမှု၊ စာချသူရှား၊ လာဘ်များအောင်
ဖန်၊ ခိုက်ရန်ကွဲပြား၊ ဤငါးပါးသည်၊ ဘုရားသာ

http://www.dhammadownload.com



သနာ ကွယ်ကြောင်းတည်း . . တဲ့။

အဲဒါက အင်္ဂုတ္တရနိကာယ်, ပဉ္စကနိပါတ်, တတိယသဒ္ဓမ္မသမ္မောသ သုတ်ကို လက်ာစီထားတာပါ၊ တတိယ သုတ်တော် ကောင်းတရား ကွယ်ကြောင်း သာသနာကွယ်ကြောင်း ငါးပါး ပဲပေါ့။

အဲဒီလက်ာကို ရှင်းပြရရင် . . .

(၁) ရှင်တော်မြတ်ဘုရား၏ သာသနာ့ဝန်ထမ်း ရှင်ရဟန်းတော်တို့သည် အက္ခရာပုဒ်, ပါဠိ မမှန်ကန်သော ပရိယတ်စာပေကို လေ့ကျက် သင်ကြားကြခြင်း။

(၂) ထေရ်ဝါကြီးမား, ဆရာသမား, လေးစားအပ်သူများက ဆိုဆုံးမသောအခါ အဆုံးအမကို မနာခံဘဲ နှုတ်လှန်ထိုးလျက် ဆိုဆုံးမခက်ခြင်း။

(၃) ဘုရားရှင် ဟောကြား ပရိယတ် စာပေများကို ပို့ချသော စာချဆရာ ရှားခြင်း။

(၄) ပရိယတ်စာပေ ပို့ချရေးနှင့် ပဋိပတ် အကျင့်မြတ် ကျင့်ကြံရေးကို အလေးဂရုမထားဘဲ လာဘ်သပ်ပကာ ပေါများအောင် ပစ္စည်းလေးပါး ရလိုမှုကိုသာ ကြိုးစားနေခြင်း။

(၅) ရှင်တော်မြတ် ဘုရား သားတော် ရှင်ရဟန်းတော်တို့ အချင်းချင်း ငြင်းခုန်ခိုက်ရန်ဖြစ်၍ ကွဲပြားနေခြင်း ဆိုတဲ့ အဲဒီ ငါးပါးဟာလည်း သာသနာကွယ်ခြင်းပါပဲ'

http://www.dhammadownload.com



'အမယ်လေးဘုရား သာသနာအတွက် ရတက်မအေးဖွယ် ပါလားဘုရား'

'ဘာဖြစ်လို့လဲ'

'အဲဒီ ၁၅-ငါးပါးဟာ ယခုအခါ ၁၅-ငါးပါးလုံးလို အထင်အရှား မျက်ဝါးထင်ထင် တွေ့မြင်နေရလို့ပါ ဘုရား'

'အဲဒါကြောင့် အမြင်ကျယ်ကြတဲ့ ဆရာတော်များနဲ့ ဒကာ ဒကာမများက ပရိယတ် သာသနာတော်ကို အားပေးနေကြ တာပေါ့'

'ဘုန်းကြီးတို့လည်း ပရိယတ် သာသနာတော်ကို အားပေး သောအားဖြင့် စာသင်တိုက် တည်ထောင်ပြီး စာချ, စာရေး, တရားဟော, တရားပြနေတာပေါ့၊ အခု ဘုန်းကြီးရဲ့ ဓမ္မဒူတ တောရမှာ သံဃာတော် ခြောက်ဆယ်ကျော် ရှိပါတယ်'

'သာဓုပါ ဘုရား, သာဓုပါ'

* ပရိယတ်သာသနာ, တည်တံ့ငှာ, လွန်စွာရေးကြီးသည်၊
* ပရိယတ်သာသနာ, ပြန့်ပွားငှာ, လွန်စွာရေးကြီးသည်၊
* ပရိယတ်တည်လတ်, ပဋိပတ်, တည်လတ်ပေလိမ့်မည်၊
* ပရိယတ် ကွယ်လတ်, ပဋိပတ်, ကွယ်လတ် မတည်ပြီ။

http://www.dhammadownload.com



# ဘာ့ကြောင့် ကပ္ပိပြီးမှ ဘွဲ့ပေးရပါသလဲ ဘုရား

## (၁၂)

မိခင် ဖခင်တို့ သွန်သင်ဆုံးမသည့် အတိုင်း မဝတ်မဆင်မူ၍ ထဘီကို ပြောင်းပြန် ဖောက်ထိုးဝတ်သော အရူးမသည် ပွဲကြည့်ပရိသတ် လေးပါးတို့၏ အလယ်၌ ပြက်ရယ်ပြုဖွယ် ဖြစ်သကဲ့သို့ ရှင်တော်မြတ်ဘုရား ဟောကြားသွန်သင်တော်မူခဲ့သည့်အတိုင်း မဝတ်မရုံ မသုံးဆောင်သော ရဟန်း၊ သာမဏေသည် သီလဝန်၊ ပညာဝန် ပုဂ္ဂိုလ်တို့၏ အလယ်၌ အလွန်အမင်း ပြစ်တင် ကဲ့ရဲ့ဖွယ် ဖြစ်၏။

ထို့ကြောင့် ဘုန်းတော်နေဝန်း ထွန်းလင်း တောက်ပတော်မူသော ရှင်တော် မြတ်ဘုရားသည် သင်္ကန်း လေးထပ် တစ်သိမ်းကပ်ပတ်လုံး ဆင်းရဲငြိုငြင်စွာဖြင့် ဆည်းပူးရှာမှီး၍ ရအပ်သော

http://www.dhammadownload.com



သဗ္ဗညုတ ရွှေဉာဏ်တော်ဖြင့် မဖောက်မပြန် ဝေဖန်ပိုင်းခြား၍ ဟောကြား ပြသ ဆုံးမတော်မူခဲ့သည့် အတိုင်း ဝတ်ရုံတတ်, သုံးဆောင်တတ်အောင် အလွန် ကြိုးကုတ် အား ထုတ်သင့်လှပါသည်။

သံသရာဘေးကို ရှုသဖြင့် ရဟန်းသာမဏေ ပြုတော်မူကြကုန်သော ပုဂ္ဂိုလ်မြတ်တို့သည် နီဝရဏ တည်းဟူသော ကိလေသာ ရန်သူသည် နှိပ်စက် ဖျက်ဆီးအပ်သည်၏ အဖြစ်ကြောင့် ဟုတ်မှန်လေတိုင်းသော သူတော်ကောင်း အကျင့်ကို လိုက်နာ၍ မကျင့်နိုင်ကုန်၊ ပုထုဇဉ် ဗာလတို့၏ သဘောသည် ပေါ့ပေါ့ လျော့လျော့ ဖြင့်သာ ဝတ်ရုံ စားသုံး၍ နေချင်တတ်၏။

တစ်နေ့ တစ်ရက် တစ်နံနက်မျှ အားထုတ်ပြုကျင့်သဖြင့် ဘဝ အဆက်ဆက် နိဗ္ဗာန်ထုတ်ချောက် ရောက်သည့်တိုင်အောင် သုခချမ်းသာကို ပြီးစေတတ်သော သူတော်ကောင်းတို့၏ သူတော်ကောင်း တရားကိုကား အဘယ်သို့လျှင် ငါ အားမထုတ်ဘဲ ရှိအံ့နည်းဟု မိမိကိုယ်ကို မိမိ သွန်သင်သဖြင့် ဆုံးမသဖြင့် အမြတ်တရား အမြတ်အကျင့်များကို အားထုတ်ကျင့်ကြံသင့်ပါ၏။

ကျင့်ကြံသင့်၍ ကျင့်ကြံနေကြပါ၏။ အထူးသဖြင့် ဝိနည်းသိက္ခာပုဒ်နှင့်စပ်၍ ကျင့်ကြံနေကြသူ ရဟန်းတော်တို့ အနေနှင့် 'တပည့်လိမ္မာ ဆရာအားပတ်လွတ်' ဆိုသည့် အတိုင်း တပည့်

http://www.dhammadownload.com



လိမ္မာများ လိုအပ်ပါ၏။

မြို့ထဲ ရွာထဲ ဆွမ်းစားကြွသည့်အခါ ကပ္ပိပြီးမှ သုံးဆောင်သင့်သော အစာအဟာရများ ပါလာသည့်အခါ ကပ္ပိခိုင်းလျှင် မကပ္ပိတတ်သူတွေသာ များ၍ ယင်း အစာအာဟာရများကို ဝိနည်းလေးစားသူ အရှင်မြတ်များသည် မစားသုံးဘဲ နေကြကုန်၏။

အလှူရှင် ဒကာ ဒကာမတို့သည် လှူချင်ကြလွန်း၍ အဝေးနိုင်ငံ မြို့ရွာများမှပင် အမြတ်တနိုး မှာယူ လှူဒါန်းကြ၏။ အရှင်မြတ်တို့ကို ဘုဉ်းပေးသုံးဆောင် စေလိုကြ၏။ မဘုဉ်းပေး မသုံးဆောင်သော် စိတ်မကောင်း ဖြစ်ကြ၏။

သို့ဖြစ်၍ ဗုဒ္ဓသာသနာတော်ကို ကြည်ညို၍ လှူလိုသော ဒကာ ဒကာမတို့သည် ရဟန်းတော်များနှင့် အပ်စပ်အောင် ကပ္ပိသင့်သော သုံးဆောင်ဖွယ်များကို ကပ္ပိနည်း သင်ထားသင့်၏။

အများအားဖြင့် အမှတ်မဲ့ နေတတ်ကြ၏။ အချို့မှာမူ မေးတတ် မြန်းတတ် ဗဟုသုတ ရှာတတ်ကြ၏။ တစ်ချိန်က ဆွမ်းစားခါနီး အသီးတစ်မျိုးကို ကပ္ပိခိုင်းနေစဉ် ဗဟုသုတ ရှာတတ်သူ ဒကာက . . .

'အရှင်ဘုရား အဲဒီ အသီးကို ဘာ့ကြောင့် ကပ္ပိပြီးမှ ဘုဉ်းပေး သုံးဆောင်ရပါသလဲ ဘုရား'

'အေး . . . ဒကာမေးတော့ သိပ်ကောင်းတယ်၊ ဘုန်းကြီး

http://www.dhammadownload.com



လည်း အဲဒီအမေးမျိုးကို သိပ်ပြီးတော့ ဖြေချင်တယ်၊ ခုတော့ ဆွမ်းစားတော့မှာမို့ ဖြေချိန်မရသေးဘူး၊ ဒကာလည်း ထမင်းစားပြီး ဘုန်းကြီးလည်း ဆွမ်းစားပြီးတဲ့အခါ အချိန် ရပါတယ်၊ အဲဒီအခါမှာ လာခဲ့ပါနော်'

'မှန်ပါ ဘုရား'

ဆွမ်းစားပြီး၍ မိမိနား နေရာသို့ ပြန်ရောက်၍မှ မကြာမြင့်မီ အမေးပုစ္ဆာ ပြဿနာ ဒကာ ရောက်လာသည်။

'ဩော် . . . ဒကာ ရောက်လာသကိုး၊ ဘုန်းကြီးက မေ့မေ့ပျောက်ပျောက် ဖြစ်သွားပြီလားလို့ ထင်နေတာ'

'ဘယ်မေ့ပါ့မလဲ အရှင်ဘုရား၊ တပည့်တော် အဲဒီအကြောင်းကို သိချင်နေတာ အတော်ကြာပါပြီ၊ မေးခွင့် မကြုံလို့ပါ ဘုရား'

'အေး . . . အခုတော့ ကြုံပြီပေါ့လေ၊ ကြုံတုန်းမှာ ဘုန်းကြီးကလည်း ကျယ်ကျယ်ဝန်းဝန်း သိသင့်တာတွေကို အစုံဖြေချင်တယ်၊ မှတ်နိုင်ပါ့မလား'

'လိုချင်တော့ မှတ်ရတာပေါ့ ဘုရား'

'ဒီလို ဒကာရဲ့၊ ဘုရားရှင် လက်ထက်တော် အခါက အာဋဝီပြည်သား ရဟန်းအများတို့ဟာ နဝကမ္မခေါ်တဲ့ အမှုသစ်ကို ပြုလုပ်ကြစဉ် သစ်ပင်တွေလို ကိုယ်တိုင်လည်း ခုတ်ဖြတ်ကြပါတယ်၊ လူ့ သာမဏေတို့ကိုလည်း 'ခုတ်စမ်း၊ ဖြတ်စမ်း'လို့

http://www.dhammadownload.com



နိုင်းကြပါတယ်။

အဲ . . . ရဟန်းတော် တစ်ပါးဟာ သစ်ပင်တစ်ပင်ကို ခုတ်ဖြတ်နေစဉ် အဲဒီ သစ်ပင်၌ ရှိတဲ့ ရက္ခစိုးမက 'အရှင်ဘုရား အရှင်ဘုရားရဲ့ ကျောင်းဗိမာန်ကို ပြုလုပ်ဖို့ရန်အတွက် တပည့်တော်ရဲ့ ဗိမာန်ဖြစ်တဲ့ ဒီသစ်ပင်ကို မဖြတ်ပါနဲ့'လို့ တားပါတယ်။

အဲဒီ ရဟန်းတော်က နားမထောင်ဘဲ ဖြတ်မြဲ ဖြတ်ပါတယ်၊ အဲဒီအခါမှာ ရက္ခစိုးမက 'ကလေးကိုမြင်ရင် သနားသောအားဖြင့် မဖြတ်ဘဲ နေတန်ကောင်းရဲ့'လို့ ကြံစည်ပြီး သူ့ရဲ့ ကလေးကို အဲဒီ ဖြတ်နေတဲ့ ရဟန်းရဲ့ ရှေ့သို့ တိုး၍ ပြလိုက်ပါတယ်။

ဟို ရဟန်းတော်ကလည်း အရှိန်နဲ့ ရွယ်ချိန်ဖြစ်နေတဲ့ ဓားကို မရုပ်သိမ်းနိုင်တဲ့ အတွက် အားလွန်ပြီး အဲဒီ ရက္ခစိုးကလေးရဲ့ လက်မောင်းကို ဖြတ်မိပါတော့တယ်။

အဲဒီအခါမှာ ရက္ခစိုးနတ်မက 'ကလဲ့စားချေသော အားဖြင့် အဲဒီရဟန်းကို သတ်မယ်'လို့ ကြံပါတယ်။ အဲဒီလို ကြံပြီးနောက် ဘုရားရှင်ရဲ့ မျက်နှာတော်ကို မြင်ယောင်လာလို့ ဘုရားရှင် ထံသွားပြီး အကျိုးအကြောင်း လျှောက်ထားပါတယ်။

အဲဒီအခါမှာ ဘုရားရှင်က 'အဲဒီလို အမျက် ဒေါသကို အောင်နိုင်သူမှ အောင်နိုင်ခဲသော စစ်ပွဲကို အောင်သူ မည်တယ်' လို့ ချီးမွမ်းသာခုခေါ်ပြီး ဇေတဝန် ကျောင်းတိုက်၌ နတ်တစ်

http://www.dhammadownload.com



ယောက် စတေပြီးစ ဖြစ်၍ ပိုင်ရှင်မရှိတဲ့ သစ်ပင် တစ်ပင်ကို နေရာပေးလိုက်ပြီး . . . ဖြစ်ဆဲ, ကြီးပွားဆဲ, ဖြစ်ပြီး, ကြီးပွားပြီး ဖြစ်သော မြက်, သစ်ပင်အပေါင်း 'ဘူတဂါမ်' ကို ဖျက်ဆီးခြင်း ကြောင့် ပါစိတ် အာပတ်သင့်၏ လို့ အဲဒီသိက္ခာပုဒ်ကို ဘုရားရှင်က ပညတ်တော် မူလိုက်ပါတယ်၊ အဲဒီမှာ ရှင်းပြစရာတွေ ရှိပါသေးတယ်၊ ရှင်းပြပါဦးမယ်။

ငယ်သေးသည်ဖြစ်၍ ကြီးပွားခြင်းကိစ္စ မကုန်သေးတဲ့ သစ်ပင်ကို 'ဖြစ်ဆဲ, ကြီးပွားဆဲ'လို့ ခေါ်ပါတယ်။

အစွမ်းကုန် ကြီးပွား၍ အဲဒီထက် တိုးပွားဖွယ်မရှိတဲ့ သစ်ပင်ကို 'ဖြစ်ပြီး, ကြီးပွားပြီ' လို့ ခေါ်ပါတယ်၊ အဲဒီ သစ်ပင်နှစ်မျိုးလုံးကို 'ဘူတဂါမ်'လို့ ခေါ်ပါတယ်။

အဲဒီ 'ဘူတဂါမ်'ကို ဖြတ်မှု, ခွဲမှု, ခြစ်မှု, မီးတိုက်မှု စသောအားဖြင့် တစ်နည်းနည်းနဲ့ ဖျက်ဆီးမှုကြောင့် ရဟန်းမှာ ပါစိတ်အာပတ် သင့်ပါတယ်။

အဲဒါကြောင့် အဲဒီသစ်ပင်၌ တည်ရှိတဲ့ အသီး, အပွင့်, အရွက်, အခက်များကိုလည်း မခူးရ, မဆိတ်ရပါ။

သစ်ပင်မှ ဆွတ်ခူးပြီး၍ နောက်နောင်အခါ သစ်ပင် ပေါက်နိုင်တဲ့ မျိုးစေ့ဟူသမျှကို 'ဗီဇဂါမ=ဗီဇဂါမ်'လို့ ခေါ်ပါတယ်။

ကဲ . . .ဒီနေရာမှာ နှစ်ခုပြန်ပြီး ခွဲပြောမယ်၊ သေသေ

http://www.dhammadownload.com



ချာချာ မှတ်ထားပါ၊ မျိုးစေ့အပေါင်းကို 'ဗီဇဂါမ်' ခေါ်ပါတယ်။

အဲဒီ ဗီဇဂါမ်, ဘူတဂါမ် နှစ်ပါးတို့တွင် မူလ=အမြစ်၊ ခန္ဓ=ပင်စည်၊ ဖလု=အဆစ်၊ အဂ္ဂ=အညွန့်၊ ဗီဇ=အစေ့အားဖြင့် 'ဗီဇဂါမ်' ငါးမျိုး ပြားပါတယ်၊ အဲဒီ မျိုးစေ့အဖြစ်၌ တည်ရှိတဲ့ 'ဗီဇဂါမ်' ကို ဖျက်ဆီးရင် ရဟန်းမှာ ဒုက္ကဋ်အာပတ် သင့်ပါတယ်။

အဲဒီမျိုးစေ့ကို စိုက်ပျိုးလိုက်တဲ့အခါ အမြစ်သာ ထွက်ပြီး အညွန့် မတက်သေးလျှင် လည်းကောင်း၊ အညွန့်သာ ထွက်၍ အမြစ်မထွက်သေးလျှင် လည်းကောင်း'ဗီဇဂါမ်'ပဲ ခေါ်ပါတယ်၊ အမြစ်, အညွန့်, နှစ်မျိုးလုံး ထွက်လာရင်တော့ 'ဘူတဂါမ်' ခေါ်ပါတယ်။

ရဟန်းတော်တွေမှာ 'ဒီသစ်ပင်ကို ဖြတ်စမ်း၊ ခုတ်စမ်း၊ လှဲစမ်း၊ ချိုင်စမ်း၊ ဒီသစ်သီးကို ဆွတ်စမ်း၊ ဒီငရုတ်သီးမှည့်ကို ထောင်းစမ်း၊ ချက်စမ်း၊ အပင်ပေါက်မည့် ကြံ စသည်ကို ဖြတ်စမ်း' စသော ခိုင်းခြင်းမျိုးဖြစ်၍ အာပတ်သင့်ပါတယ်။

အဲဒီမှာ သစ်ပင်ကတော့ ဘူတဂါမ်ပါ၊ ငရုတ်သီးစတဲ့ အပင်မှ လွတ်ပြီး မျိုးစေ့ကတော့ ဗီဇဂါမ်ပါ။

ဒီသစ်ပင်ကို သိစမ်း၊ ကပ္ပိစမ်း၊ ဒီငရုတ်သီးကို ကပ္ပိစမ်း စတဲ့ ခိုင်းနည်းဟာ အပ်စပ်တဲ့ ခိုင်းနည်းပါ။

ဖျက်ဆီးလိုတဲ့ စိတ်မရှိဘဲ သစ်တုံးလှိမ့်ရာ, တောင်ဝှေး ထောက်၍ စင်္ကြံသွားရာ အခါစသည်တို့၌ မြက်သစ်ပင်တို့

http://www.dhammadownload.com



ပျက်စီးသော်လည်း အာပတ်မသင့်ပါဘူး။

အပ်သောနည်းဖြင့် သစ်ပင်၊ သစ်သီး၊ ကြံ စသည်များကို ဆွတ်၍ ခူး၍ ပြီးတဲ့အခါ ဘူတဂါမ် အဖြစ်မှတော့ ကင်းသွားပါပြီ။

သို့သော်လည်း နောက်ထပ် အပင်ပေါက်ဦးမယ်ဆိုရင် ဗီဇဂါမ် ဖြစ်နေပါသေးတယ်။ အဲဒီ ဗီဇဂါမ်၊ နံနံ၊ ပူစီနံ၊ မာလကာသီး၊ ကြံ စသည်များကို ရဟန်းတော်များ သုံးဆောင်ကောင်းလောက်အောင် ဗီဇဂါမ်ကို ဖျက်ဆီးရာ မရောက်အောင် ကပ္ပိခြင်းခေါ်တဲ့ ဝိနည်းကံ တစ်မျိုးကို ပြုရပါတယ်။

'အမယ်လေး . . . အခုမှ ကပ္ပိခြင်း၊ ရောက်တော့တယ်'

'အမယ်လေး . . မတန့် ၊ အဲဒီလိုမှ မပြောရင် သဘောပေါက်မှာ မဟုတ်လို့ ပြောနေရတာပါ၊ အချိန်ကုန်ခံပြီး အကျိုးမရှိရင် ဘယ်ပြောမလဲ'

'မှန်ပါ ဆက်အမိန့်ရှိပါ ဘုရား'

'ကပ္ပိဆိုတဲ့ ပါဠိဒြဲ 'ကပ္ပ' သဒ္ဒါဟာ ဒီနေရာမှာ ရဟန်းတို့ရဲ့ အပ်အောင် ပြုကြောင်းဖြစ်တဲ့ အသုံးအနှုန်း အနက်ကို ဟောပါတယ်။

အဲဒီ အသုံးအနှုန်း အနက်ဟာ . . .

(၁) မီးဖြင့် တိုက်ခြင်း၊

(၂) ဓားဖြင့် ခုတ်ခြင်း၊

http://www.dhammadownload.com



(၃) လက်သည်းဖြင့် ဆိတ်ဖြတ်ထိုးဖောက်ခြင်း၊

(၄) နဂိုအစေ့နှ၍ အပင်မပေါက်နိုင်ခြင်း၊

(၅) သရက်သီးမှည့် စသည်ကဲ့သို့ အစေ့ကို ထုတ်ပစ်ခြင်းများ ဖြစ်ပါတယ်။

အဲဒီ ငါးမျိုးလုံးပင် ရဟန်းတော်တို့အား အပ်စပ်တဲ့ အသုံးအနှုန်းများ ဖြစ်လို့ 'ကပ္ပ' လို့ ခေါ်ပါတယ်၊ အဲဒီမှာ အစေ့နှနှင့် အစေ့ထုတ်တို့မှာ ကပ္ပိဖွယ် မလိုပါ၊ နဂိုအတိုင်း ကပ္ပ ဖြစ်နေပါတယ်၊ အပ်စပ်နေပါတယ်။

သူ့ရဲ့ မျိုးစေ့မှ အပင်ပေါက်တဲ့ သစ်သီး၊ ကြံ စသည်တို့ကို စားသုံးလိုရင် ရဟန်းတော်က 'ကပ္ပိယံ ကရောဟိ'လို့ ဆိုပြီးနောက် လူ သာမဏေ တစ်ဦးဦးက 'ကပ္ပိယံ ဘန္တေ'လို့ ဆိုလျက် (ဆိုတုန်းဖြစ်စေ, ဆိုပြီး ချက်ချင်းဖြစ်စေ) မီးဖြင့် သော်လည်းကောင်းထိုး၊ ဓားငယ်ဖြင့် သော်လည်းကောင်း ခုတ်လိုက်၊ ထိုးလိုက်၊ လက်သည်းဖြင့် သော်လည်း ဆိတ်လိုက်ရမယ်။

ဓား၊ လက်သည်းဖြင့် ထိုး၊ ခုတ်၊ ဆိတ်၊ ဖြတ်ရာ၌ ထက်ပိုင်း မပြတ်ဘဲ ဓားရာ၊ လက်သည်းရာ၊ အပေါက်အပြတ်ထင်ရှား ရင် ကပ္ပိခြင်း ကိစ္စ ပြီးသွား၍ စားသုံး ကောင်းပါတော့တယ်၊ ထက်ပိုင်းပြတ်သွားရင်တော့ ဆိုဖွယ်ရာမရှိ အပ်ပါတယ်။

အဲဒီလို ကပ္ပိရာ၌ သစ်သီးစတဲ့ ဝတ္ထုက ရဟန်းရဲ့ လက်ထဲ၌ ရှိနေမှ မဟုတ်ပါဘူး၊ တောင်ပုံ၊ ယာပုံ၊ ပုံထားတဲ့ အကပ်

http://www.dhammadownload.com



မခံရသေးတဲ့ သစ်သီးပုံ၊ ကြံပုံ စသည်တို့ကိုလည်း ရဟန်းတစ်ပါးက မထိမကိုင်ဘဲ 'ကပ္ပိယံ ကရောဟိ'လို့ ဆိုလိုက်ရင် လူ သာမဏေ တစ်ဦးဦးက တစ်စပ်တည်း စပ်နေတဲ့ သစ်သီးတစ်လုံးကို 'ကပ္ပိယံ ဘန္တေ'လို့ ဆိုပြီး မီးဖြင့်တို့, ထိုး, ဓားဖြင့် လှီးဖြတ်ထိုး၊ လက်သည်းဖြင့် ဆိတ်လိုက်တဲ့အခါ အားလုံးပင် ကပ္ပိပြီး ဖြစ်ပါတော့တယ်။

တစ်ကြိမ် ကပ္ပိပြီးဖြစ်တဲ့ အဲဒီ သစ်သီး, ကြံစသည်များကို အကပ်မခံရသေးရင် နောက်နောက် ရက်များ၌ပင် ထပ်၍ မကပ္ပိဘဲ အကပ်ခံ၍ စားသုံးနိုင်ပါတယ်'

'အရှင်ဘုရား . . . အဲဒီလောက် ကလေး ကပ္ပိလိုက်တာနဲ့ အသီး ကြံ စသည်တို့မှာ ဘာမှလည်း သိပ်မပျက်စီးသွားဘဲနဲ့ ကပ္ပိရတာ အရာထင်, အကျိုးရှိပါသလား ဘုရား'

'ဟာ . . .အရာ ထင်တာပေါ့၊ သိပ် အကျိုးကြီးတာပေါ့၊ ဘုရားရှင်ရဲ့ အာဏာဒေသနာတော်ပဲဟာ အရာထင် အကျိုးကြီးတာပေါ့'

'အရာထင်, အကျိုးကြီးပုံကို အမိန့်ရှိပါဦးဘုရား'

'အဲဒီလို ကပ္ပိပြီးဖြစ်တဲ့ အစေ့, အမြစ်, အပင် စသည်တို့ကို ပြန်ပြီးတော့ စိုက်ကြည့်ပါ၊ အပင် မပေါက်တော့ ဘူး'

'အရှင်ဘုရား . . .အံ့ဩစရာပါလား ဘုရား'

'အမယ်လေး . . .အဲဒီမျှ မကသေးပါဘူး၊ အချို့ အဲဒီ

http://www.dhammadownload.com



'ကပ္ပိယံ ကရောဟိ, ကပ္ပိယံ ဘန္တေ'ကို ဂါထာလုပ် ရွတ်ပြီး ထုံး, နနွင်းနဲ့ အကြိတ်အဖု ကုကြတဲ့အခါ ပျောက်တယ်၊ အချို့က ထုံး, နနွင်း ရွတ်ပြီး စားတဲ့အခါ တစ်ပွဲ ပြန်ပြီးတယ် . . တဲ့'

'ဟုတ်လားဘုရား၊ အံ့ဩစရာပဲ၊ ဒါနဲ့ အဲဒီကပ္ပိယံ ကရောဟိ ကပ္ပိယံ ဘန္တေရဲ့ အနက် အဓိပ္ပာယ်ကို ရှင်းပြပါဦး ဘုရား'

"အင်း . . .အင်း . . .ပြောမယ်၊ ရှင်းမယ်၊ နားထောင်ပါ၊ ကပ္ပိယံ၊ ရဟန်း တို့အား အပ်ကြောင်း ဖြစ်သော အသုံး အနှုန်း အားလျော်သော အမှုကို၊ ဝါ-အပ်သည်ကို၊ ဝါ-ကပ္ပိခြင်းကို။ ကရောဟိ၊ ပြုလေ၊ ဝါ-ပြုလော့။ ဘန္တေ၊ အရှင်ဘုရား။ ကပ္ပိယံ၊ အပ်သည်ကို။ (ကရောမိ၊ ပြုပါ၏)လို့ အနက်ပေးရပါတယ်'

'အရှင်ဘုရား . . .ကပ္ပိခိုင်းသူကလည်း ပါဠိမတတ်, ကပ္ပိမယ့်လူသာမဏေကလဲ ပါဠိ မတတ်ရင် ဘယ့်နှယ် လုပ်ပါ့ မလည်း ဘုရား'

'အင်း . . အင်း . . မေးလည်း မေးစရာပါပဲ၊ ကောင်းပါပြီ၊ ပါဠိလို မတတ်ရင် မြန်မာလိုပဲ ကပ္ပိခိုင်းသူက 'ကပ္ပိစမ်း' သို့ မဟုတ်'အပ်အောင်ပြုစမ်း'လို့ ခိုင်းရပါတယ်၊ ကပ္ပိမယ့် သူက 'ကပ္ပိပါ၏ဘုရား' သို့မဟုတ် 'အပ်စပ်အောင် ပြုပြီးပါပြီ ဘုရား' လို့ ဆိုပြီး ဓား, စသည်ဖြင့် ထိုးခုတ်ဆိတ်ဆွရင် အပ်စပ်ပါတယ်။

'အရှင်ဘုရား . . . အပ်စပ်ပါတယ် ဆိုတာ ဘယ်လို

http://www.dhammadownload.com



အဓိပ္ပာယ် ပါလဲဘုရား'

'ဩော် . . ဟုတ်ပြီ၊ ရဟန်း သံဃာတော်များ သုံးစွဲကောင်းခြင်း, သုံးစွဲမှုကြောင့် အာပတ် အပြစ်မရှိခြင်းကို 'အပ်စပ်' တယ်လို့ ဝိနည်းတော်မှာ သုံးပါတယ်'

'ပြီးပြည့်စုံပါပြီ ဘုရား'

* ကပ္ပိယံ ကရောဟိ ဆိုလို့ရှိ, ကပ္ပိယံ ဘန္တေ, ဆိုဆိတ်လေ၊

* ဤသို့ ဆိုလေ, ဆို–ဆိတ်လေက, လှူဒါန်းသမျှ, အာဟာရ, အပ်စပ်ပါတော့လေ၊

* အပ်စပ်ဖွယ်လှူ၊ စားသုံးသူမှာ, နှစ်ဖြာနှစ်ဝ, အကျိုးရ, လှူတတ် သုံးတတ်စေ။ ။

http://www.dhammadownload.com



# အစာလည်းဆေး, ဆေးလည်းအစာ ဆိုတာ ရှင်းပြပါဘုရား

(၁၃)

လူတိုင်း လူတိုင်း မတတ် မနေ တတ်သင့် တတ်ထိုက်သော ပညာမှာ ဆေးပညာ ဖြစ်သည်ဟု မိမိ အနေနှင့် ယူဆပါသည်။

အဘယ့်ကြောင့်ဆိုသော် လူတိုင်းမှာ ဇာတိ ပဋိသန္ဓေနေပြီးသည်မှ အိုခြင်း ဇရာဆီသို့၊ နာခြင်း ဗျာဓိမှသည် သေခြင်း မရဏဆီသို့၊ အမြဲမပြတ် တရစပ် သွားနေကြရသောကြောင့် ဖြစ်ပါသည်။

ဇာတိ ပဋိသန္ဓေ နေလာသူ မှန်သမျှ သေကြရမှာ မလွဲမသွေ ဖြစ်ပါသည်။ ယင်း သေခြင်းဘေးကို ပစ္စည်းရှိ၊ ပစ္စည်းမဲ့၊ ရာထူးရှိ၊ ရာထူးမဲ့၊ တန်ခိုးရှိ၊ တန်ခိုးမဲ့၊ အခြွေအရံရှိ၊ အခြွေ အရံမဲ့ မည်သူမဆို မရှောင်မလွှဲသာ တွေ့ရမည်မှာ မလွဲပါ။

http://www.dhammadownload.com



တစ်ဖန် ပဋိသန္ဓေ နေခြင်းနှင့် သေခြင်း၊ သို့မဟုတ် မွေးခြင်းနှင့် သေခြင်းကြားတွင် အိုခြင်း, နာခြင်း, နှစ်မျိုး ရှိသေးသည်။

ယင်း နှစ်မျိုးတို့တွင်လည်း အိုခြင်းဘေးကို ဘယ်လိုမှ မရှောင်မလွှဲနိုင်ပါ။ မွေးပြီးလျှင် အိုရမည်မှာ ဓမ္မတာပင် ဖြစ်ပါသည်။

သို့သော် ယင်းအိုခြင်းမှာ ထင်ရှားသော အိုခြင်း ပါကဋဇရာနှင့် မထင်ရှားသော အိုခြင်း အပါကဋဇရာ ဟူ၍ နှစ်မျိုး ရှိရာ ရသာယန ဆေးဖြင့် ထင်ရှားသော အိုခြင်း မဖြစ်၊ မထင်ရှားသော အိုခြင်းဖြစ်အောင် ကာကွယ်နိုင်ပါသည်။ မှန်ပါသည်။ ရသာယနဆေးသည် အိုခြင်းကို ကာကွယ်နိုင်ပါသည်၊ သေခြင်းကိုတော့ မကာကွယ်နိုင်ပါ။

ပကတိဝဋ္ဋနာ, ကံနာ မဟုတ်သော် နာခြင်းကို သင့်လျော်သော ဆေးဝါး ဓာတ်စာတို့ဖြင့် ကာကွယ်နိုင်ပါသည်။ ယင်းအကြောင်းကို မေးလျှောက်သူ တစ်ယောက်ကို ရှင်းပြရင်းနှင့် ရှင်းပြပါမည်၊ မေးလျှောက်သူက . . .

'အရှင်ဘုရား အစာလည်းဆေး ဆေးလည်းအစာ ဆိုတာ ရှင်းပြပါ ဘုရား'တဲ့။

'အေး . . .ဒကာ ဥပမာက ရှင်းရမှာတောင် ခပ်ခက်ခက်၊

'ဘာဖြစ်လို့ ခက်တာလဲ ဘုရား၊ အရှင်ဘုရားပဲ ခဏ

http://www.dhammadownload.com



ခဏာ, ပြောနေတဲ့ စကားပဲ၊ အစာလည်းဆေး၊ ဆေးလည်း အစာတဲ့'

'ခက်တာက ခက်လို့ မဟုတ်ဘူး၊ ဒကာ့ ဥစ္စာက တောက်တဲ့ . . တောက်တဲ့ အော်နေတာ ဘာကောင်လဲ မေးသလို ဖြစ်နေလို့ပါ'

'တောက်တဲ့ . . တောက်တဲ့ အော်တဲ့ အကောင်ကိုတော့ တောက်တဲ့အော်လို့ တောက်တဲ့ကောင်လို့ ပြောလိုက်ရင် အလွယ်တကူ သိနိုင်ပေမယ့် အစာလည်းဆေး, ဆေးလည်းအစာဆိုတဲ့ စကားမှာတော့ အစာက ဘယ်လို ဆေးဖြစ်လည်း၊ ဆေးက ဘယ်လို အစာဖြစ်လဲလို့ မသိလို့ပါ ဘုရား'

'အင်း . . ဒီလိုဆိုရင် ဒကာ့အဖြစ်က ဘုန်းကြီး ငယ်ငယ်တုန်းက အဖြစ်နဲ့ တူနေပြီ'

'အရှင်ဘုရား ငယ်ငယ်တုန်းကနဲ့ တူနေပြီ ဆိုတော့ တပည့်တော် အတော် အားရှိသွားပါတယ် ဘုရား၊ တပည့် တော်က အရှင်ဘုရားနဲ့ ဘယ်လို တူပါသလဲ ဘုရား'

'ငယ်ငယ် ဆိုပေမယ့် အသက် (၂၃)နှစ် ကပါ'

'မှန်ပါ့ဘုရား'

'ဘုန်းကြီးမှာ မတ်တတ်နာပေါ့၊ ပြီးတော့ တစ်နှစ်မှာ သုံးကြိမ်လည်း အမြဲဖျားတယ်၊ အဲဒီလို ဖျားတာကတော့ (၁၃) နှစ်သား လောက်ကနေ (၂၃)နှစ်သား အထိ ကျန်းမာတယ်လို့ကို

http://www.dhammadownload.com



မရှိပါဘူး၊ ဆေးနဲ့ လူနဲ့ စပ်ကြည့်ရင် ဆေးက များမယ်၊ ဆေးစားနေတဲ့ ကြားထဲက တစ်နှစ်လျှင် သုံးကြိမ် အကြီး အကျယ်ဖျားပါတယ်။

ဆရာတစ်ယောက်နဲ့ဆို ရင်းနှီးပြီး ဆေးကုခတောင်မယူတော့ပါဘူး။ နောက်ဆရာ တစ်ယောက်ရဲ့ ကုသချက်ကို သဘောကျပြီး ဆေးကုခံလိုက်တယ်။

နှစ်ပါးကုတာ၊ ရောဂါချင်း မတူဘူး၊ ဆေးချင်း တူတယ်၊ ဓာတ်စာတူတယ်၊ မကုခင်က သဘောကျပေမယ့် တကယ်ကုတော့ သိပ်သဘော မကျချင်ဘူး'

'ဘာဖြစ်လို့လဲ ဘုရား'

'ရောဂါမတူသူ နှစ်ဦးကို ဆေးနဲ့ဓာတ်စာ အတူတူ ပေးထားလို့ သဘောမကျတာဘဲ၊ နောက် ဆရာက ပြောလိုက် သေးတယ်၊ တပည့်တော်က အရှင်ဘုရားတို့ ရောဂါကို တစ်ခါကုတာမဟုတ်ပါဘူး၊ တစ်သက်လုံးအတွက် ကုတာပါတဲ့'

'တယ်ဆိုတဲ့ ဆရာပါလား ဘုရား'

'အေး . . ဘုန်းကြီးလည်း မကျေမနပ်တော့ ဟို ဦးပဥ္စင်းနဲ့ အတူတူ စားပေမယ့် သူခိုင်းတဲ့အတိုင်း အကုန် တိတိကျကျ မလိုက်နာဘူး၊ ဒီတော့ ရောဂါကလဲ မထူးခြားဘူး။

ဟို ဦးပဥ္စင်းကတော့ နဂိုထဲက ဘုန်းကြီးထက်လဲ ရောဂါကြီးတယ်၊ ဆေးဆရာအပေါ်မှာလည်း ယုံကြည်ချက်က အပြည့်

http://www.dhammadownload.com



ရှိပြီးသားဆိုတော့ တိတိကျကျ လိုက်နာကုသတာ ခုနစ်ရက်နဲ့ ထူးထူးခြားခြား ဖြစ်လာတယ်'

အဲ . . .တစ်နေ့ အတူတူ ဆွမ်းစားနေစဉ် ဘုန်းကြီးက အဲဒီ ဦးပဥ္စင်းကို ဦးပဥ္စင်းရာ အစားတွေ ရှောင်မနေပါနဲ့၊ သူ့ ဆေးစွမ်းရင် စားချင်တာစား ပျောက်မှာပေါ့လို့ ပြောလိုက်တယ်၊

အဲဒီလိုပြောတော့ အဲဒီ ဦးပဥ္စင်းက ဦးပဥ္စင်း . . .တပည့်တော်ကိုကြည့်၊ တပည့်တော် နဂိုက ရေလဲ မချိုးရဲဘူး၊ အစားလည်း မစားရဲဘူး၊ အခု ရေလည်းချိုးနိုင်၊ အစားလည်း စားနိုင်ပြီ၊ ဝလာပြီ၊ အားရှိလာပြီ အစားလည်း ဆေး, ဆေးလည်း အစာဆိုတာ အရှိသားပဲ မဟုတ်လားလို့ ဘုန်းကြီးကို ပြောလိုက်တယ်။

စားနေမည့် အဲဒီလို ပြောလိုက်တော့ ဘုန်းကြီးလည်း ချက်ချင်း သဘောပေါက် သွားတယ်၊ ပြောသွဲ့ . . .ဟုတ်သားပဲ၊ တည့်တဲ့ အစာတွေ အများကြီး စားရင် ကိုယ်နဲ့ သင့်တင့်လျောက်ပတ်တဲ့ အစာတွေ အများကြီးစားရင် ဆေး စားစရာ ဘယ်မှာ လိုတော့မလဲ။

ဆေးဆိုတာ သင့်တင့်တဲ့ အမြစ်, အဥ, အသီးအရွက်တွေကို ထုထောင်း အမှုန့်ပြု အလုံးပြုပြီး အနည်းငယ် ကလေးစားရတာ၊ အဲဒါတောင် ရောဂါပျောက်ရင် တည့်တဲ့ အသီးအရွက် အပွင့်, အမြစ်, အဥတွေကို အစာအဖြစ် များများစားရင် ဘာဆေး

http://www.dhammadownload.com



စားစရာ လိုသေးလည်း၊ မလိုတော့ပါဘူး။

ပြီးတော့ . . .

မတည့်တဲ့ အစာတွေ အများကြီးစားထားပြီးမှ သင့် တင့်တဲ့ ဆေးကလေး အနည်းငယ်စားတော့ အစာဖျက်နေရတာနဲ့ ရောဂါဆီတောင် ဆေးက ရောက်မှာ မဟုတ်တော့ဘူးလို့ သဘောပေါက်သွားတယ်။

အဲဒီလိုလည်း သဘောပေါက်သွားရော နောက်နေ့က စပြီး တည့်တဲ့ အစာပဲစားပြီး ဆရာညွှန်ကြားချက် အတိုင်း လိုက်နာ လိုက်တာ ရောဂါလည်း ရှင်းရှင်း ပျောက်သွားတယ်။

နောက်တော့ ဆေးမစားဘဲ တည့်တဲ့အစာတွေပဲ စား နေရာ တစ်နှစ်မှာ တစ်ခါမှ မဖျားတော့ဘူး။

ဒါ့ကြောင့် ဒကာ မှတ်ထားရမှာက အစာဆိုတဲ့ နေရာမှာ မိမိနဲ့ သင့်မြတ်မယ့် အစာဟာ မိမိအတွက် ဆေးပဲ၊ ဆေးဆို တာလည်း ဆေးတိုင်း မဟုတ်ဘူး၊ မိမိနဲ့ သင့်မြတ်တဲ့ ဆေးဟာ မိမိအတွက် စားရတဲ့ အစာပဲလို့ မှတ်ပြီး ကြိုးစားပြီး စားရမယ်လို့ မှတ်ထား ဟုတ်လား'

'မှန်ပါ ဘုရား'

'အဲဒီလို ကျန်းမာနေရာက အောက်ပိုင်း ချွေးမထွက်ဘဲ အပေါ်ပိုင်း ချွေးအထွက် များနေတာနဲ့ ဆေးဆရာ တစ်ယောက် ကို အကျိုးအကြောင်း ပြောပြတော့ ဆေးဆရာက သူ့ဆေးနဲ့

http://www.dhammadownload.com



အဲဒီ ကုသချက် အညွှန်းကို ပေးတယ်၊ အဲဒီ အညွှန်း ဒကာပဲ ဖတ်ကြည့်ပေတော့ . . .

ဆရာတော်ဘုရား . . . .

၂၄-၃-၈၅

ရှိသေစွာ လျှောက်ထားပါသည် ဘုရား၊ အနည်းငယ် လေ့လာထားသော ဒေသနာနယ ဆေးပညာကို အခြေခံ၍ ဆရာတော်ဘုရား၏ ကျန်းမာရေးကို ဘုရားတပည့်တော် လျှောက်ထားပါရစေ ဘုရား။

ဆရာတော်ဘုရား၏ မူလဘူတရုပ်ခံမှာ သင်္ဂဟိတ, ဝါ အကြောင်း သိတတောဇော, အစ္ဈတ္တ ပထဝီလွန်, စားကောင်း ခြင်း, အိပ်ပျော်ခြင်း, ခတ်မှန်ခြင်း ဖြစ်၍ ဗဟိဒ္ဓ အာပေါ လွန်သော ရုပ်ဖြစ်ပါသည်။

အစ္ဈတ္တ ပထဝီလွန်ကဲမှုကြောင့် အားအင်လျော့ပါးခြင်း မရှိဘဲ လုပ်မြဲတိုင်း အလုပ်တို့ကို လုပ်နိုင်ပါသည်။ ပထဝီ ဓာတ်တွင် အသား ပထဝီတို့မှာ နူးညံ့ပါ၍ ပထဝီဓာတ်၌ တည်သော ဝါယော ဓာတ်သည်လည်း နူးညံ့ပါသည်။

ဥပမာ မြေပျော့တွင် အထက်သို့ ခုန်ခြင်းက မြေမာ တွင် အထက်သို့ ခုန်ခြင်းလောက် အမြင့် မတက်နိုင်

http://www.dhammadownload.com



သလို ဝါဂွမ်းချင်း ရိုက်ပါက သံ, သံချင်း ရိုက်သလောက် အသံ မမြည်နိုင်ပါ။

ဗဟိဒ္ဓ အာပေါ လွန်ကဲသည့် အတွက် နှာစေးခြင်း၊ အသံ မာမာ စူးစူး မထွက်ခြင်း စသည်တို့ ဖြစ်ရပါသည်။ ခန္ဓာကိုယ်ထဲတွင် လွန်ကဲနေသော အရသာများမှာ အေး, ချို, ဆိမ့်, ဖန်တို့ ဖြစ်ပါသည်။

ခန္ဓာကိုယ် အတွင်း၌ အေး, ချို, ဆိမ့် အရသာ လွန်ကဲ၍ အရေထူ အရေပါးကြားတွင် ဖန်သော အရသာ လွန်ကဲ ပါသည်။ ယခု ဖြစ်ပွားနေသော အနာရောဂါမှာလည်း ဗြူဟာန အာပေါဓာတ် လွန်ကဲ၍ ဖြစ်ပွား ပါသည်။

ပုဂ္ဂိုလ်တစ်ယောက် ကျန်းမာစေရန် စားကောင်းခြင်း, အိပ်ပျော်ခြင်း, ဓာတ်မှန်ခြင်း တည်းဟူသော ပထဝီဓာတ်၏ အင်္ဂါရပ်များ လိုအပ်သလို အာကာသဓာတ်လည်း လိုအပ်ပါသည်။

အာကာသဓာတ် ရှိသူသည် ညောင်းညာခြင်း, ကိုက်ခဲခြင်း, ထုံကျဉ်ခြင်း, တင်းခြင်း, တောင့်ခြင်း, ခေါင်းအုံခြင်း, နှာစေးခြင်း, ဇက်လေးခြင်း, နားလေ ထွက်ခြင်း စသည်တို့ မဖြစ်နိုင်ပါ။

ဥတုရဲ့ အထောက်အပံ့ယူသော နွေဥတုတွင် ဓာတ်

http://www.dhammadownload.com



အနည်းငယ် ချုပ်ခြင်း, ပွင့်ကန်နေခြင်းကို နှစ်သက်ခြင်း, အသားအရေ အေးနေ၍ ချွေးတစိုစို ထွက်နေခြင်းကို နှစ်သက်ခြင်း, ဆီးဝါခြင်း, သွားသည့်အကြိမ် နည်းခြင်း၊ သွားသည့် အရည်ပမဏ နည်းခြင်းကို ဥတုက နှစ်သက်ခြင်း, စားမကောင်းခြင်း ( ဆောင်းဥတုလောက် စားမကောင်းခြင်း) စသော အချက်များသည် နွေဥတုတွင် ဖြစ်ရမည့် အချက်များဖြစ်၍ ၎င်းနှင့် ဆန့်ကျင်ပါက ထို ပုဂ္ဂိုလ်၏ ကျန်းမာရေး ချို့ယွင်းမည်မှာ သေချာပါသည်။

ထို့ကြောင့် ယခုအခါ အစိုးပွင့်ခြင်းကို နှစ်သက်ပါ၍ အစိုးပွင့် လေကြေသော ဆေးကို ပေးရပါသည်။ ဆေး တစ်ခွက်စာမှာ မန်ကျည်းစေ့ သုံးစေ့ခန့် ဖြစ်ပါသည်။ ဆေးကို နံနက်၊ နေ့လယ်၊ ညဥ့် သုံးကြိမ် သောက် ရပါမည်။ ဆေးသောက်ပြီးတိုင်း ရေနွေးအဖြူ ပူပူ သောက် ပေးရပါမည်။

ဤဆေးသည် ဆေးပူမဟုတ်ပါ။ ဓာတ်မျှသော အစိုး အာကာသကို ရစေသော ဆေးဖြစ်ပါသည်။ အဖျား ၁၀၄ F ၁၅၀ F ဥဟဖျားများကို တိုက်၍ လက်တွေ့ ပျောက်ကင်းစေသော ရှေးသမားတော်ကြီးများ၏ လက်စွဲ ဆေးကောင်းတစ်လက် ဖြစ်ပါသည်။အနည်းဆုံး ယခု တစ်ပုလင်းကုန်အောင် သုံးဆောင်တော်မူပါ။

http://www.dhammadownload.com



နှပ်ချိုပါသော ဆေးကို ဓာတ်အလွန် ချုပ်၍ ခေါင်းအုံ့ ဇက်လေးသည့် အခါတွင်သာ စားသုံးပေးပါ။ နေ့တိုင်း စားသုံးလိုက မိုးဥတုတွင် ဆားလှော်ထည့်၍ စားသင့် ပါသည်။

ကုထုံးတွင် အောက်ပိုင်း ချွေးမထွက်သည့်နေရာကို လိမ်းဆေး လိမ်းသင့်သော်လည်း ဆရာတော်၏ ခြေ ထောက်တွင် အသားအရေ ကြည့်လင်ခြင်း၊ အက်ကွဲ နေခြင်းကို မတွေ့ရသည့် အတွက် အခိုးအာကာသ ရှိ သဖြင့် လိမ်းဆေးပေးရန် မလိုဟု ယူဆပါသည်။

ဆေးသောက်ပြီး တစ်နာရီ အတွင်း၌ ရေမချိုးပါနှင့်။ ဆရာတော်အနေနှင့် ရာသက်ပန် ရှောင်သင့်သော အစာ များမှာ အုန်းသီး၊ အုန်းနို့၊ မြေပဲ၊ ကောက်ညှင်း၊ ထော ပတ်၊ နွားနို့၊ ဝက်သား၊ ဘဲသား စသော အေးချိုဆိမ့် သော အရသာရှိသည့် သီတ ပထဝီစာများ၊ လက်ဖက်စို၊ လက်ဖက်ရည်ချို၊ မန်ကျည်းသီးစိမ်း စသော ဖန်သော အရာသာရှိသည့် သီတအာပေါစာများ ဖြစ်ပါသည်။

နွေဥတုတွင် အဖွဲ့ဓာတ်၊ အဖိဓာတ် များသော သင်္ဘောသီးမှည့်ကို ရှောင်သင့်ပါသည်။ ခန္ဓာကိုယ် အောက်ပိုင်း တင်းခြင်း၊ တောင့်ခြင်းများပါက ဖြူဟာန အာပေါဓာတ် များသော ငှက်ပျောသီးကို ရှောင်သင့်ပါ

http://www.dhammadownload.com



သည်။

နွေဥတုနှင့် အလိုက်ဆုံး အစာမှာ ဒူးရင်းသီးကို စားသင့်ရုံ စားကောင်းရုံ ထည့်၍ သုံးဆောင်သင့်ပါ သည်။ ဆားသည် အစာကြေ၊ လေကြေ၍ ဒူးရင်းသီးသည် ဥဏှာပထဝီ အာကာသဓာတ် လွန်ကဲသောကြောင့် အာကာသ ရစေပါသည်။ ယခုအတိုင်း ဒူးရင်းသီးနှင့် ဆားကို သုံးဆောင်ပေးပါက ငင်း တစ်မျိုးတည်းနှင့်ပင် ဆရာတော်၌ ဖြစ်ပွားနေသော ကာယိက ဒုက္ခဝေဒနာ ပျောက်ကင်းနိုင်ပါသည်။

သရက်သီးမှည့်နှင့် နာနတ်သီး တို့သည်လည်း အလွန်သင့်သော အစာများ ဖြစ်ပါသည်။ ဟင်းလျာ အနေနှင့် ဒန့်သလွန်သီး၊ ဒန့်သလွန်ရွက်၊ ကြာဟင်း၊ ကန်းစွန်း၊ မုံလာ၊ မုံညင်း၊ ဆိတ်ဖူး၊ သရက်ကင်းဥ၊ ရှောက်သီး၊ ရှောက်ရွက်၊ သံပုရာ၊ ချဉ်ရည်ဟင်း စသည်တို့ ဖြစ်ပါသည်။ မန်ကျည်းဖျော်ရည် သင့်ပါသည်။

သို့ပါသော်လည်း အတ္တနော သဘာဝ ဓာရေတီတိ ဓာတု ဟူသော စကားအရ ဓာတ်လက္ခဏာ တို့သည် ကြာရိယာပုတ်၊ အစာအာဟာရ၊ ဥတု၊ ရာသီ တို့သည် နံနက်နှင့် နေ့လည်၊ ညနေ သို့မဟုတ် ညနှင့် နေ့တို့ကို လိုက်၍ ပြောင်းလဲကြပါသည်။ သို့ပါ၍ သဗ္ဗကာလေ

http://www.dhammadownload.com



လက္ခဏာမေဝ ဣစ္ဆိတဗ္ဗံပါ ဘုရား။

ဆွမ်းစားစဉ် နှာရည် ယိုစီးခြင်းမှာ ပထဝီဓာတ် ဝင်သဖြင့် ပထဝီဓာတ်နှင့် ဆန့်ကျင်ဘက် ဖြစ်သော ဝါယောဓာတ်တို့သည် ပြေးလွှားကြလေရာ သဘာဝအတိုင်း အထက်သို့ ဆောင်တက်ရာ အာဗန္ဓန အာပေါဓာတ်၏သတ္တိကြောင့် အကျဉ်းမိကာ အထက်ကိုယ်တွင် နှာရည်ယိုခြင်း အကျိုး ထင်ရပါသည် ဘုရား။

'အခု အရှင်ဘုရား ဘယ်လိုနေပါသလဲ ဘုရား'

'အဲဒီလို အစာကို သတိပြုလိုက်တော့ မဖျား တော့ဘဲ အစာစားတိုင်း နှာရည်ယိုတာ တစ်ခုပဲ ကျန်တယ်။ အဲဒါတော့ ဘယ်ဆရာနဲ့မှ အဆင် မပြေပါဘူး၊ သေမှ ပျောက်မယ်နဲ့ တူပါတယ်'

'တပည့်တော် အစာလဲဆေး၊ ဆေးလဲအစာကို သဘောပေါက်ပါပြီ ဘုရား'

* အစာလည်းဆေး၊ ဆေးလည်းအစာ၊ ဤနှစ်ဖြာ သေချာမှတ်သားပါ၊
* တည့်သည့်အစာ၊ ဆေးကိုသာ၊ သေချာမှတ်ကာ၊ စားလေပါ၊

http://www.dhammadownload.com



* မတည့်သည့်အစာ၊ ဆေးတို့မှာ၊ ဝေးစွာရှောင်ရှား နေလေပါ၊
* မတည့်လျှင်ဘေး၊ တည့်လျှင်ဆေး၊ ဘေး-ဆေး နှစ်ဖြာ ခွဲသိပါ၊
* တန်ဆေး-လွန်ဘေး၊ ဆေးနှင့်ဘေး၊ မြင်တွေး ခွဲသိ နိုင်ရမှာ။

http://www.dhammadownload.com



# အနှီး, ငှက်ပျော, ကန်တော့ပွဲများ ဘုရားမှာ အမြဲတင်ထားသင့်ပါသလား ဘုရား

(၁၄)

အလှူသည် အမျိုးမျိုးရှိ၏ ယင်းအမျိုးမျိုးသော အလှူကို လှူရာ၌ အပြစ်မဖြစ်၊ အကျိုးများအောင် လှူတတ်ဖို့ရာ အလှူနှင့် ပတ်သက်၍ ကျွမ်းကျင်သူ နားလည်သူနှင့် အလှူမီ တိုင်ပင် နှီးနှောပြီးမှ လှူပါလျှင် ပို၍ ကောင်းပါ၏။

အလှူဆိုသည်မှာ ဦးစွာပထမ လှူသူက အကုန် အကျခံပြီး၊ အပင်ပန်းခံပြီး၊ အလုပ်ပျက်ခံပြီး မိမိရှိတာကို ခြိုးခြံ ပြီး လှူရတာဖြစ်၍ အကျိုးရှိအောင် လှူတတ်ဖို့ အကျိုးများ အောင် လှူတတ်ဖို့ရာ အရေးကြီးလှပါသည်။

အလှူသည် အကြမ်းဖျင်းအားဖြင့် သူတော်ကောင်း အလှူ၊ မသူတော် အလှူဟူ၍ နှစ်မျိုး ရှိပါသည်။ အများအားဖြင့်

http://www.dhammadownload.com



လူတို့သည် လှူလျှင် သူတော်ကောင်း ဖြစ်သည်။ သူတော်ကောင်းမို့လို့ လှူသည်ဟုပဲ ထင်မြင် ယူဆကြသည်။ ယင်းသို့ ယူဆပြီး အမှတ်မဲ့ လှူသူတွေကသာ များသည်။

'နှိုင်းနှိုင်းချိန်ချိန် သုခမိန်'ဆိုသလို သုခမိန် အနေနှင့် နှိုင်းချိန် စဉ်းစား၍ လှူသူတို့မှာ အတော်ပင် ရှားပါးပါသည်။ မရှားပါးသူ တစ်ယောက်နှင့် မိမိ တစ်ခါက တွေ့ခဲ့၏။

'ဆရာတော်ဘုရား . . .ဘုရားတပည့်တော်၏ အခက်အခဲ ရင်ဆိုင်ရသည်များကို ဆရာတော်ဘုရားထံ လျှောက်ထားလိုပါတယ် ဘုရား။

ဘုရား တပည့်တော်ရဲ့ အခက်အခဲကို ဆရာတော်ဘုရားက ဖြေရှင်းပေးနိုင်လိမ့်မယ်လို့ ယူဆယုံကြည်ပါတော် ဘုရား။ ဘုရားတပည့်တော်မှာ တရားအားထုတ်ရန် များစွာ လိုသေးတယ်လို့ သဘောပေါက်ပါတယ် ဘုရား။

ယခု လျှောက်ထားလိုသည်မှာ တရား အားထုတ်ရေးနဲ့ မပတ်သက်ပါဘုရား၊ ကိုးကွယ်မှုနဲ့ ပတ်သက်ပါသည် ဘုရား။

အဲဒီ ကိုးကွယ်မှုကလည်း ဘုရားတပည့်တော်ရဲ့ အတွက် မဟုတ်ဘဲ ကို( . . .)နဲ့ မ( . . .)တို့ အတွက် ဖြစ်ပါတယ် ဘုရား။

အုန်းသီး၊ ငှက်ပျောသီး ကန်တော့ပွဲတို့ဖြင့် ဘုရားရှေ့မှာ အမြဲတင်ထားသင့်ပါသလား ဘုရား'

http://www.dhammadownload.com



'မတင်ထားသင့်ဘူး'

'မထားသင့်ကြောင်း ရှင်းပြပါဘုရား'

'ရှင်းပြရမယ်ဆိုရင် နည်းနည်းတော့ ရှည်မယ်နော်၊ ဒကာ နားထောင်နိုင်ပါ့မလား'

'မှန်ပါ- ရှင်းပါဘုရား၊ နားထောင်လို၍ သက်သက် လာခြင်းပါ ဘုရား'

'ဘုန်းကြီးတို့ သာသနာတော် အလိုအားဖြင့် အစာ အာဟာရ အကျိုးငှာ နှံ့စေတတ်တဲ့ အလုံးစုံသော ခဲဖွယ်၊ ဘော ဇဉ်တို့ကို ယာဝကာလိကာလို့ ခေါ်တယ်၊ နေမလွဲမီ၊ မွန်းမတည့် မီ အတွင်းမှာ စားသုံးကောင်းတယ်။

သပြေ၊ သရက်၊ မုဒရက်၊ ဖက်သက်သစ်မည် စည် တော အိမ်ငှက်ပျော၊ ကြာစွယ်နွော၊ မှတ်လော ရှစ်ဖျော်ရည်။

ဆိုတဲ့ အတိုင်း သပြေသီး၊ သရက်သီး၊ တောငှက်ပျောသီး အိမ်ငှက်ပျောသီး စသည်တို့ကို ရေအေးဖြင့် နယ်၍ စစ်၍ ပြုအပ် တဲ့ အဖျော်ရည် ရှစ်မျိုးကို ယာမကာလိကလို့ ခေါ်တယ်၊ နေလွဲ ပြီးကနေ အရုဏ်တက်သည့် အတွင်းမှာသာ သောက်ကောင်း တယ်၊ အဲဒါတောင် ဆာလောင်မွတ်သိပ်ခြင်း၊ အကြောင်းရှိမှတဲ့ မဆာမမွတ်ရင် မသောက်ကောင်းဘူးတဲ့။

ထောပတ်၊ ဆီ၊ ဆီဦး၊ ပျား၊ တင်လဲတို့ကို သတ္တာဟ ကာလိကလို့ ခေါ်တယ်၊ ဖျားနာခြင်း အကြောင်းရှိသော် ခုနစ်

http://www.dhammadownload.com



ရက်အတွင်း သုံးဆောင်အပ်တယ်၊ ခုနစ်ရက်ကျော်ရင် မသုံးဆောင်အပ်ဘူး။

အာဟာရကိစ္စကို မပြီးစေတတ်တဲ့ သစ်ဥ၊ သစ်မြစ်၊ သစ်ပွင့်၊ သစ်သီး စသည်တို့ကို ယာဝဇီဝကလို့ ခေါ်တယ်၊ အကပ်ခံပြီးရင် ဖျားနာခြင်း အကြောင်းရှိသော် အသက်ထက်ဆုံး သုံးဆောင် အပ်ပါတယ်။

ဒီနေ့ အကပ်ခံတဲ့ ယာဝကာလိက၊ ယာမကာလိကတို့ကို နောက်နေ့မှစ၍ သုံးဆောင်ရင် 'သန္နိဓိ ပါစိတ်အာပတ်' သင့်တယ်။

ကဲ . . . ဒီမှာကြည့်၊ အုန်းသီး၊ ငှက်ပျောသီး ဆိုတာ ယာဝကာလိက ခေါ်တယ်၊ တစ်နံနက်သာ အပ်တယ်၊ အကပ်ခံပြီးရင် မွန်းမလွဲမီ တစ်နံနက်သာ အပ်တယ်၊ နောက်နေ့၊ နောက်နေ့ကားရင် 'သန္နိဓိ(သိုမှီး)မှု' ဖြစ်သွားပြီး၊ သိုမှီးစားရင် 'သန္နိဓိ ပါစိတ်အာပတ်' သင့်တယ်။

ဒါကြောင့် အဲဒီ အကပ်ခံပြီး ဘုရားကပ်ပြီး တစ်နံနက်သာ စားအပ်တဲ့ အုန်းသီး၊ ငှက်ပျောသီးလို ကန်တော့ပွဲမျိုးတွေဟာ ဘုရားရှေ့မှာ ခုနစ်ရက်၊ ခုနစ်လီ စသည်ဖြင့် တင်ထားသင့်လား၊ မသင့်လားဆိုတာ ဒကာ့ ဉာဏ်နဲ့ပဲ ဆုံးဖြတ်တော့'

'မတင်ထားသင့်ပါ ဘုရား'

'ဘာဖြစ်လို့လဲ ဆိုတော့ ဘုန်းကြီးတို့ ဘုရားကို သိုမှီး

http://www.dhammadownload.com



သိမ်းဆည်းပြီး စားသုံးခိုင်းထားရာ မရောက်ဘူးလား'

'ရောက်နေပါတယ် ဘုရား'

'အသက်ထင်ရှား ဘုရားဆိုရင် ထားခွင့် ပြုမှာလား၊ မပြု ဘူးလား'

'မပြုပါဘုရား'

'အေး . . . အဲဒီ သိုမှီး စားသုံးမှု အကြောင်းအရာကို အတ္ထုပ္ပတ္တိနဲ့တကွ ဘုန်းကြီး ပြောပြမယ်၊ ဘုရားရှင် လက်ထက် တော်ကပေါ့၊ ရသေ့ညီနောင် ရှင်တစ်ထောင်ထဲမှာပါတဲ့ အရှင် ဗေလဋ္ဌသီသဆိုတာ ရှိတယ်၊ သာမည မဟုတ်ပါဘူး၊ အရှင် အာနန္ဒာရဲ့ ဥပဇ္ဈယ် ဆရာကြီးပါ။

အဲဒီ အရှင်မြတ်ဟာ ဇေတဝန် ကျောင်းတိုက်ရဲ့ အနီး ဖြစ်တဲ့ ကမ္ဘဋ္ဌာန်းကျောင်း၌ သီတင်းသုံးတော်မူ[illegible] မာ ပတ်ကို ဝင်စား[illegible]တဲ့ မှုလေ့ရှိပါ[illegible]။

အဲဒါ[illegible] အရှင်မြတ်သည် ဆွမ်းများ ရ[illegible]ပြီ ဆိုရင် ဟင်းမပါတဲ့ ပုံနေ[illegible]ဆွမ်းကို အခြောက်လှန်းပြီးရင် သိမ်းထား တယ်၊ သမာပတ်မှ ထတဲ့အခါ ဆွမ်းခံမထွက်တော့ဘဲ အဲဒီ ဆွမ်း ခြောက်ကို ရေဖြင့်နှူးပြီး ဘုဉ်းပေးကာ သမာပတ် ပြန်ဝင် စားနေ တယ်။

အဲဒီနည်းအတိုင်း ဆွမ်းခြောက်ကို ဘုဉ်းပေးကာ ရက် သတ္တပတ် အတော်များများ ကြာမှ ဆွမ်းခြောက် ကုန်မှပေါ့၊

http://www.dhammadownload.com



ဆွမ်းခံဝင်လေ့ရှိတယ်။

အခြား ရဟန်းတော်များက 'ကြာလှမှ တစ်ခါ၊ တစ်ခါ ဆွမ်းခံဝင်ခြင်းရဲ့ အကြောင်း'ကို မေးလျှောက်ကြတဲ့အခါ ဆွမ်းခြောက်ကို သိမ်းပြီး သုံးဆောင် စားနေကြောင်းကို ရိုးသားစွာ အမိန့်ရှိလိုက်ပါတယ်။

အဲဒီလို အမိန့်ရှိလိုက်တဲ့ အခါမှာ အချို့သော ရဟန်းတော်တွေက ကဲ့ရဲ့ပြီး ဘုရားရှင်အား လျှောက်ထားကြတယ်၊ ဘုရားရှင်က ဒီကိစ္စသည် ရသမျှနဲ့ မျှတရောင့်ရဲသော၊ ခြိုးခြံသော အကျင့်ဖြစ်၍ အပြစ်မရှိသော်လည်း လူများသိလျှင် အပြစ်တင်စရာ ဖြစ်၍ . . .

> 'အကြင် ရဟန်းသည် သိမ်းဆည်းမှုကို ပြုခြင်းရှိသော ခဲဖွယ်ကို သော်လည်းကောင်း၊ ဘောဇဉ်ကို သော်လည်းကောင်း၊ ခဲမူလည်း ခဲအံ့၊ စာမူလည်း စားအံ့၊ ပါစိတ်အာပတ် သင့်၏'

လို့ သိက္ခာပုဒ်ကို ပညတ်တော် မူလိုက်ပါတယ်။

အဲဒီ သိက္ခာပုဒ်ကြောင့် ဘုရားရှင်နဲ့ ရဟန်းသံဃာတော်တို့ဟာ နံနက်ပိုင်းမှာ အကပ်ခံပြီးတဲ့ ခဲဖွယ်ဘောဇဉ်တို့ကို သုံးဆောင်လို့ ပိုလျှံရင် လူ, သာမဏေတို့အား အာလယပြတ် စွန့်ပစ်ရပါတယ်၊ အဲဒီလို အာလယပြတ် စွန့်ပစ်တာကို လူ, သာမဏေတို့က နောက်နေ့မှာ ပြန်ကပ်ရင်တော့ စားသုံးကောင်း

http://www.dhammadownload.com



ပါတယ်။

အာလယပြတ် မစွန့်ဘဲနဲ့ နောက်နေ့ အတွက်ဆိုပြီး အာလယနဲ့ သိမ်းထားမယ်၊ သိမ်းထားခိုင်းမယ် ဆိုရင် သိုမှီးခြင်း ဖြစ်သွား၍ မစားထိုက်တော့ပါ၊ စားသုံးရင် သန္နိဓိပါတ်စိတ် အာပတ် သင့်ပါတယ်။

အဲဒီလို သိမ်းထားတာ မပြောပါနဲ့၊ သပိတ်၊ ခွက်၊ ပန်းကန်၊ လက်ဖက်ရည်ကရား စသည်များ၌ ထည့်၍ စား သောက်ပြီးနောက် အဲဒီ သပိတ် စသည်နဲ့တကွ အကြွင်းအကျန်ကို လူ, သာမဏေတို့အား မပေးစွန့်ဘဲ သပိတ် စသည်ကို ကိုယ်တိုင် ဆေးရာဝယ် မစင်ကြယ်၍ အာမိသ ကပ်ကျန်နေရင် နက်ဖြန် နံနက်၌ အခြား အာမိသနဲ့ ရောနှော၍ ဝမ်းတွင်းသို့ ဝင်သွားပါက သန္နိဓိပါစိတ် အာပတ် သင့်တယ်၊ ကဲ . . . ဒီတော့ သိုမှီးမှုဟာ အပြစ် မကြီးဘူးလား'

'ကြီးပါတယ် ဘုရား'

'အေး . . . သိုမှီးမှု အပြစ်ဟာ ကြီးပါတယ်၊ အဲဒီအတွက် ရှေးပညာရှိအကျော် ဆရာတော်တို့က သိုမှီးမှု မဖြစ်စေရန် ဒီလို ဆုံးမခဲ့ကြတယ်။

မိခင် ဖခင် တို့သည် အဆိပ်သီးကို စားဆဲ၊ စားလတ္တံ့ ဖြစ်သော သားငယ်၊ သမီးငယ်၊ မလိမ္မာသူတို့ကို မြင်လျှင် အလွန် စိုးရိမ်ကြောင့်ကြခြင်း ဖြစ်သကဲ့သို့ မဟာကရုဏာတော်

http://www.dhammadownload.com



ရှင် ဘုရားရှင်သည် မအပ်မရာ သုံးဆောင် စားသောက်ကုန်သော တပည့် သားတော်တို့ကို အလွန် ကြောင့်ကြတော် မူပါတယ်။

အဲဒါကြောင့် ရှင်တော်မြတ် ဘုရား၏ ရွှေမျက်နှာတော်ကို ရှုမြော် ထောက်ထားသောအားဖြင့် လည်းကောင်း၊ သံသရာ ဝဋ်ဆင်းရဲကို အဖန်တလဲလဲ ရှုမြင်သဖြင့် လည်းကောင်း၊ ရှင်တော်မြတ်၏ ရွှေနှလုံးတော်ကို ချမ်းမြေ့စေတတ်သော လူ့,နတ်,နိဗ္ဗာန် သုံးဘန်သော ချမ်းသာတို့ကို ပြီးစေတတ်သော သူတော်ကောင်းတို့၏ သူတော်ကောင်း အကျင့်ကို ဖြောင့်မတ်စွာ ကျင့်တော်မူနိုင်ကြစေသတည်းလို့ ဆုံးမခဲ့ကြတယ်။

ပြီးကော ဘုရားသဖြင့် ရအပ်တဲ့ ပစ္စည်းဖြစ်လျက် သိမ်းမှုကို ဖြစ်စေ၍ သုံးဆောင်မိသဖြင့် အာပတ်သင့်ခြင်းသို့ ရောက်သော ငါသည် မွန်မြတ်လှစွာသော ဝက်သားကို အဆိပ်နှင့် ရော၍ သုံးဆောင်မှားသော ယောကျ်ားနှင့် တူလေစွ တကား။

ဘုန်းတော်နေဝန်း ထွန်းတောက်ပသော ဘုရားသားတော်ဖြစ်ထပြီးလျက် သိက္ခာ၊ သီလဒ္ဒ ရှိသေ လေးစားမှု မပြုခြင်းကြောင့် အပါယ်ဆင်းရဲကို တွေ့ရချေက အလွန် မသင့်လွန်းပါတကားလို့ မိမိကိုယ်ကို သွန်သင်ဆုံးမ၍ သိမ်းသိမ်းဆည်း စားသုံးခြင်းမှ လွတ်အောင် ကြိုးစားအားထုတ်တော် မူနိုင်ကြပါစေကုန် သတည်းလို့ ဆုံးမခဲ့ကြတယ်။

http://www.dhammadownload.com



အဲဒီလောက် ဘုရားရှင်လည်း စက်ဆုပ်၊ ဘုရား တပည့်ကြီးဖြစ်တဲ့ အကျော်အမော် ဆရာတော်ကြီးများလည်း စက်ဆုပ်တဲ့ သိုမှီးမှုကို ဘုရားရှင်အား ပြုခိုင်းသည့်ပမာ ဘုရားရှေ့မှာ အုန်းပွဲ၊ ငှက်ပျောပွဲများ၊ အခြား သစ်သီးပွဲများကို နေ့မွန်းလွဲသည့်တိုင်အောင် မကပ်ထားသင့်ဘူး ဆိုတာ ရှင်းပြီလား'

'ရှင်းပါပြီ ဘုရား'

'အေး . . . အများကြီး မတတ်နိုင်ရင်လည်း တစ်နေ့ သုံးလုံး သုံးလုံးတင်၊ သို့မဟုတ် ငါးလုံး, ငါးလုံးတင်၊ စွန့်လိုက်လည်း မရဘူးလား'

'ရပါတယ် ဘုရား'

'အများကြီးပဲ တင်ထားပေမယ့် တစ်ခါလှူပဲ ဖြစ်၍ အကျိုးက တစ်ခါပဲ ရပြီးသားပါ၊ နောက်နေ့တွေ၌ ဥက် အကျိုး ထူးပြီး ရဦးမှာလား'

'မရတော့ပါ ဘုရား'

'အေး . . အဲဒီလို ကန်တော့ပွဲ နည်းနည်း၊ များများ နံနက်ပိုင်းတင် မွန်းမလွဲမီ ပြန်ချ ဟုတ်လား'

'မှန်ပါ ဘုရား'

* ဘုရားလှူရာ သေချာစွာ သိကာ လှူရမည်၊
* မအပ်အရာ ပေးလှူတာ သေချာ ရှောင်ရမည်၊

http://www.dhammadownload.com



* အပ်ရာလျှုလည်း ချိန်မလွဲ စွန့်ဖဲ ပစ်ရမည်၊
* ချိန်လွန်လေက အပ်ရာက ဖြစ်စွ မအပ်မည်၊
* မအပ်မရာ စားသုံးကာ ပမာအဆိပ် တူလေသည်၊
* မအပ်မရာ စားသုံးကာ ပါယ်ရွာ လားလေမည်၊
* ထို့ကြောင့် သူငါ များသတ္တာ အစ်တာမအပ်သိသင့်
သည်။

http://www.dhammadownload.com



# မပြုကောင်းတဲ့ ကုသိုလ် ရှိပါသလား ဘုရား

## (၁၅)

အမေးပုစ္ဆာ ပြဿနာတို့သည် များပြားလှကုန်၏။ အဆုံးကို မမြင်နိုင်အောင် များပြား လှကုန်၏။ အမေး ပုစ္ဆာ ပြဿနာမေးသူတို့သည်လည်း အမျိုးမျိုး ရှိကြကုန်၏။

အချို့မှာ မိမိအတွက် မရှင်းလင်း၍ သိချင်သည့်အတွက် မေးကြသည်၊ အချို့မှာ မိမိအနေနှင့် ရှင်းလင်းသော်လည်း အများသိစေလို၍ မေးကြသည်။

ဤသို့ စသည်ဖြင့် မေးမြန်းသူတို့၏ နှလုံးသွင်း အာဘော်တို့သည် အမျိုးမျိုး ရှိသလို အမေးပုစ္ဆာ ပြဿနာများလည်း အမျိုးမျိုးပင် ရှိကြပါသည်။ မဆုံးနိုင်အောင် များပါကုန်၏။

ထိုအမေးပုစ္ဆာ ပြဿနာများမှ ဗုဒ္ဓဓမ္မနှင့် ဆိုင်ရာပြဿနာများကို မိမိသည် အများအတွက် ရေးသားခဲ့ရာ ယခု ဗုဒ္ဓဓမ္မ

http://www.dhammadownload.com



ပြဿနာများ ၁၀–သို့ပင် ရောက်ခဲ့ပါပြီ။ ယခုလည်း အမေးများကို မေးဆဲပင် ဖြစ်ပါသည်။

တစ်နေ့ မိမိ၏ မိတ်ဟောင်း ဆွေဟောင်း အရှင်ကောင်းတစ်ပါးနှင့် ဆုံမိ၏။ သူက တွေ့လျှင် တွေ့ချင်း . . .

'ဘာစာတွေ ရေးနေသလဲ'

ဟု နှုတ်ခွန်းဆက်လေ၏။

မိမိအကြောင်းကို သိသူ တော်တော်များများက မိမိကို တွေ့လျှင် . . .'ယခု ဘာစာတွေ ရေးနေသလဲ'ဟုသာ စတင်မေးလေ့ရှိပါသည်။ ယခုလည်း မိမိ မိတ်ဆွေဟောင်းက ယင်းအတိုင်းပင် မေးခြင်း ဖြစ်ပါသည်။

'ယခုတော့ ဘာစာမှ မရေးအားပါဘူး'

'ရေးစမ်းပါ၊ ပြဿနာ မေးချင်လို့ပါ'

'ပြဿနာ မေးချင်ရင်တော့ မေးပေါ့၊ ဖြေပြီး မှတ်ထားမှာပေါ့၊ နောက်ရေးတော့ ထည့်ရေးလိုက်တာပေါ့'

'ကဲ . . .မေးမယ်၊ ဒါဖြင့် ဖြေပေတော့၊ မပြုကောင်းတဲ့ ကုသိုလ် ရှိပါသလား'

'အပြစ်ကင်း၍ ကောင်းသော အကျိုးပေးခြင်း လက္ခဏာရှိတဲ့ ကုသိုလ်ဆိုရင် မပြုကောင်းတဲ့ ကုသိုလ်ရယ်လို့ ဘယ်ရှိပါ့မလဲ ဘုရား၊ ကုသိုလ်ဆိုရင် ပြုကောင်းတာချည်းပဲပေါ့–'။

'ပြဿနာဆရာကြီး သတိထား ပြောနော်၊ ကဲ . . .အရှင်

http://www.dhammadownload.com



ဘုရားတို့ တရားပွဲ ကြွတဲ့အခါ လမ်းမှာ အမျိုးသမီးများ ဝပ်ပြီး ဆံပင်ဖြန့်ခင်းတဲ့ ကုသိုလ်လုပ်တာ ကြုံဖူးပါသလား'

'ဟာ . . . ကြုံဖူးတာပေါ့'

'ကဲ . . . ဘုရားရှင် နင်းကြွသလား၊ ရှောင်ကြွသလား၊ ကျော်ကြွသလား'

"ဟာ . . . ဘယ်နင်းကြွမလည်း၊ ဘေးမှာလဲ ပရိသတ်တွေ ရှိနေတော့ ရှောင်ကြွလို့လည်း မဖြစ်ဘူး၊ ဒီတော့ သူ့ဆံပင်ကို မထိမိအောင် ကျော်ကြွရတာပေါ့'

'ကဲ . . . အဲဒီ ကုသိုလ် ပြုကောင်းသလား'

'ဟာ . . . ဒါက ကုသိုလ်မှ မဟုတ်ဘဲ၊ မအပ်မရာ လှူလို့ မသူတော် အလှူပဲ၊ လှူသူလည်း မလှူကောင်းဘူး၊ အလှူခံသူလည်း အလှူခံခြင်းငှာ မအပ်ဘူး'

'ကဲ . . . ဒါဖြင့် အဲဒီ အကြောင်းကို အများပရိသတ်နားလည်အောင် အရှင်ဘုရား ရှင်းပြပါ'

'ပြောရမယ် ဆိုရင် သိက္ခာပုဒ်နဲ့ ပြောပြပါမယ် ဘုရား၊ ဘုရားရှင် လက်ထက်တော် အခါက အရှင်ဥဒါယီသည် တောကျောင်း၌ နေပါတယ်၊ သူ၏ တောကျောင်းကား အလွန် လှပပါတယ်၊ သူ့ တောရကျောင်းကလေးဟာ သူ့နေရာနဲ့ သူ သပ်သပ်ယပ်ယပ်၊ သားသား နားနား ပြင်ဆင် ထားပါတယ်။

အဲဒီလို ပြင်ဆင်ထားတော့ အလွန် သာယာသော တောရ

http://www.dhammadownload.com



ကျောင်းကလေးဖြစ်၍ လူအများပင် တမင်တကာ ကျောင်းကြည့် လာကြရပါတယ်။

အခါတစ်ပါး ပုဏ္ဏား ဇနီးမောင်နှံ နှစ်ဦးတို့ ကျောင်းကြည့် လာပါတယ်၊ ပထမတော့ ရှင်ဥဒါယီက ရှေ့၊ ပုဏ္ဏားက အလယ် ဇနီးက နောက်ပေါ့။ နောက်တော့ ကဏ္ဏားက ရှေ့၊ ဇနီးက အလယ်, ဥဒါယီက နောက်ဖြစ်ပြီး ပုဏ္ဏေးမကလေးရဲ့ ကိုယ် အင်္ဂါကို အရှင်ဥဒါယီက ဆွဲငင်သုံးသပ်ပါတယ်။

အဲဒီအကြောင်းကို ပုဏ္ဏေးမကလေးက သူ့ယောကျ်ားကို 'အရှင်ဥဒါယီဟာ ကျွန်မရဲ့ ကိုယ်အင်္ဂါတွေကို ရှင်ကိုင်သလို ဟိုကိုင်၊ ဒီကိုင် ဆွဲကိုင် သုံးသပ်တယ်'လို့ ပြောပြပါတယ်၊

အဲဒီလို ပြောတဲ့အခါ ပုဏ္ဏားက 'ဘုန်းကြီးတွေ မကောင်း ကြောင်း၊ အမျိုးသမီးများနဲ့အတူ ကျောင်းသွားဖို့ မတော်ကြောင်း' ကဲ့ရဲ့သဖြင့် ဘုရားရှင် ကြားသိတော်မူလို့ အရှင်ဥဒါယီကို များစွာပြစ်တင် ရှုတ်ချတော်မူ၍ . . .

'အကြင်ရဟန်းသည် အမျိုးသမီးကို သုံးသပ်ကိုင်ဆွဲလို သော ရာဂသည် ဘီလူးအသွင် ပူးဝင်နေသဖြင့် မရိုး မသား စိတ်ဖောက်ပြားပြီးလျှင် အမျိုးသမီးနှင့် အတူ ကိုယ်လက် နှီးနှောအံ့၊ လက်ကိုဆွဲအံ့၊ ဆံထုံး၊ ဆံပင် တစ်ခုခုကို ကိုင်အံ့၊ အင်္ဂါကြီးငယ် တစ်ခုခုကို သုံးသပ် ကိုင်ဆွဲအံ့၊ ထိုရဟန်းသည် သံဃာဒိသေသ် အာပတ်

http://www.dhammadownload.com



သင့်၏'

လို့ သိက္ခာပုဒ်ကို ဘုရားရှင်က ပညတ်တော် မူလိုက်ပါတယ်။ အဲဒီ သိက္ခာပုဒ်အရ ရဟန်းတော် တစ်ပါးဟာ အမျိုးသမီး တစ်ယောက်အား ကိုင်တဲ့အခါ . . .

(၁) လူမိန်းမဖြစ်ခြင်း၊

(၂) မိန်းမမှန်း သိခြင်း၊

(၃) ကိုယ်လက် နှီးနှောလိုမှု ရှိခြင်း၊

(၄) နှီးနှောမိ၊ ထိမိအောင် လုံ့လပြုခြင်း၊

(၅) လက် စသည်ကို ကိုင်မိခြင်း။

ဆိုတဲ့ အင်္ဂါ ငါးချက်နဲ့ညီရင် 'သံဃာဒိသေသ် အာပတ်' သင့်ပါတယ်။'

'ကဲ . . .အဲဒီမှာ ရဟန်းဟာ အမျိုးသမီးရဲ့ ဆံထုံး၊ ဆံပင်ကို မကိုင်ရဘူးလို့ ပညတ်ချက် မပါဘူးလား ဘုရား'

'ပါ, ပါတယ်'

'အဲဒီလို ပါတဲ့အတွက် ဖြန့်ခင်းတဲ့ ဆံပင်ကို နင်းရင် ရဟန်းတွေမှာ ဒုတိယ အပြစ်အကြီးဆုံး သံဃာဒိသေသ် အာပတ် သင့်ပါတယ်၊ အဲဒါကြောင့် အဲဒီကုသိုလ်မျိုးကို အမျိုးသမီးများက လည်း မပြုသင့် မပြုကောင်းပါဘူး၊ ရဟန်းတော်များကလည်း အလှူ မခံကောင်းပါဘူး'

'ကဲ . . . ဆက်ရှင်းပါဦး၊ ပြဿနာ ဆရာကြီးရဲ့'

http://www.dhammadownload.com



'ရှင်းဆိုရင် အမျိုးသမီး ကိုယ်ပေါ်မှာ ဝတ်ထားတဲ့ အဝတ်စသည်ကို ရဟန်းတော်မှာ ထုလ္လစ္စဥ်းအာပတ် သင့်ပါတယ်။

အမျိုးသမီးတွေ ဝတ်ဖို့ထားတဲ့ အဝတ်တန်ဆာများကို ကိုင်ရင် ဒုက္ကဋ်အာပတ် သင့်ပါတယ်။

ရိုးသားသောစိတ်ဖြင့် အမိ, နှမ, အစ်မ စသူတို့ရဲ့ ကိုယ်အင်္ဂါကို ကိုင်ရင်တောင် ဒုက္ကဋ်အာပတ် သင့်ပါတယ်။

စာရွက်, သစ်သား စသည်တို့၌ ရေးဆွဲထားတဲ့ ထုလုပ်ထားတဲ့ မိန်းမရုပ်များကိုလည်း မကိုင်ကောင်းပါဘူး၊ ကိုင်ရင် ဒုက္ကဋ် အာပတ် သင့်ပါတယ်။

အဲဒီ မိန်းမရုပ် စသည်များကို မကိုင်ရင် မဖြစ်, ကိုင်မှ ဖြစ်တော့မယ်ဆိုရင် အဲဒီ မိန်းမရုပ်ကို မထိစေဘဲ ဓားငယ်၊ ခဲတံ စသည်ဖြင့် ခြစ်၍ အနည်းငယ်မျှ ဖျက်ပြီးမှ ကိုင်ကောင်းပါတယ်။

'နေပါဦး ပြဿနာဆရာကြီးရဲ့၊ အမျိုးသမီးများက ရဟန်းတော်တွေကို ခြေသုတ် ပေးကောင်းပါသလား'

"ဒါကတော့ ပြေနေပါပြီ အရှင်ဘုရား၊ ဘယ်ကလာပြီး သုတ်ပေးကောင်းပါ့ မလည်း၊ ထိမိမှာလဲ သေချာပါတယ်၊ အမြင်လည်း မလျော် မလျောက်ပတ်ပါဘူး၊ ဒါ့ကြောင့် အဲဒီကုသိုလ်မျိုးဟာလည်း အမျိုးသမီးများ မပြုသင့်၊ မပြုကောင်းတဲ့ကုသိုလ်ပါ ဘုရား'

http://www.dhammadownload.com



'အဲဒီ အမျိုးသမီး မှတစ်ပါး ရဟန်းတော်များ မထိ မကိုင်ကောင်းတာတွေ ရှိပါသေးလား၊ ရှိသေးရင် ပြောပြပါဦး'

'အမယ်လေး . . . အရှင်ဘုရား အမေးကလည်း မီးနိုးမဆုံး၊ မိုးမဆုံးကြီးပါလား'

'သည်းခံဖြေပါ ဆရာကြီးရယ်၊ လောက၊ သာသနာနှစ်ဖြာအကျိုး ပွားတိုးပါတယ်'

'ကဲ . . . ပြောပြပါမယ်၊ ရဟန်းတော်များသည် စပါးအမျိုးမျိုးကို မထိရ၊ မကိုင်ရပါ၊ အခြားနေရာ၌ လမ်းမရှိ၊ လယ ခင်း၌သာ လမ်းရှိ၍ သွားခွင့်ကြုံရင် စပါးအသီးများကို မထိ, မကိုင်မိအောင် သတိထားပြီး သွားရပါတယ်။

အိမ်ဝင်ပေါက် စသည်၌ စပါး ဖြန့်လှန်းထားရာဝယ် နင်း၍သွားမှ ဖြစ်တယ်ဆိုရင် 'လမ်း'ဟု သဘောထားပြီးတော့ နင်းသွားနိုင်ပါတယ်၊ စပါးပုံပေါ်မှာ နေရာခင်းပေးရင်လည်း နေရာအနေနဲ့ ထိုင်ကောင်းပါတယ်။

ပြီးတော့ အပင်မှာ သီးနေတဲ့ ပဲမျိုးမျိုး၊ ထန်း၊ အုန်း၊ ငှက်ပျော စတဲ့ အသီးအမျိုးမျိုးကိုလည်း လက်ဆော့သော အားဖြင့် မထိရ မကိုင်ရပါ။

ရဟန်းတော်များ ပိုင်ဆိုင်တဲ့ သစ်သီးကိုလည်း အကပ်မခံဘဲ မကိုင်ရပါ၊ ကိုင်မိရုံမျှဖြင့် အဲဒီရဟန်း မစားကောင်းပါ၊ နေရာရွှေ့အောင် ကိုင်မိရင် အဲဒီသစ်သီးကို အခြား ရဟန်းများ

http://www.dhammadownload.com



လည်း မစားကောင်းပါ။

ပုလဲ၊ ပတ္တမြား၊ မှစ၍ ရွှေ၊ ငွေ၊ ပိုက်ဆံ၊ ငွေစက္ကူနဲ့ ရတနာ အမျိုးမျိုးကိုလည်း ရဟန်းတော်များ မထိ မကိုင်ရပါ။

ရွှေ၊ ငွေဖြင့် ပြုလုပ်ထားတဲ့ စေတီ၊ ဆင်းတုတော်၊ ရွှေ၊ ငွေ ကြုတ်များကို မထိမကိုင်ရပါ၊ ဒါပေမယ့် ဆင်းတုတော်၊ စေတီ တော်ပေါ်မှာ တင်နေတဲ့ အမှိုက်အညစ်အကြေးကိုတော့ ရှင်း လင်းသုတ်သင် ကောင်းပါတယ်။

ပြီးတော့ စေတီတော်အတွက် လှူဒါန်းထားတဲ့ ရွှေ၊ ငွေ လုပ် ပစ္စည်းများကိုမှု အဲဒီ စေတီတော်စောင့် ရဟန်းတော်ဟာ ကိုင်ပြီးတော့ ဟိုဟိုဒီဒီ ရွှေ့ကောင်းပါတယ်။

ရွှေကျောင်းနဲ့ ကျောင်းသံဃာပိုင် သံဃိတ-ရွှေ၊ ငွေ လုပ် ပစ္စည်းများကိုလည်း မထိ၊ မဖြစ်၍ ထိကောင်း၊ ကိုင်ကောင်းပါ တယ်။

လက်နက် အမျိုးမျိုးဖြစ်တဲ့ ဓား၊ လှံ၊ သေနတ်၊ စသည် တို့ကိုလည်း မထိ၊ မကိုင်ရပါ၊ လက်နက်အဖြစ် အသုံးပြုနေ သမျှ နွားရိုက်တဲ့ ကြိမ်လုံး၊ နှင်တန်ကိုမျှ မထိရ၊ မကိုင်ရပါ။

လက်နက်အနေ မဟုတ်ရင်တော့ လက်သည်းလှီးဓား၊ ထင်းခုတ်၊ ထင်းဖြတ်ဓား၊ ထင်းခွဲဓား စသည်တို့ကို ကိုင်ဆောင် ကောင်းပါတယ်။

ပြီးတော့ ပိုက်ကွန်တို့ မြှုးတို့ကိုလည်း မထိ၊ မကိုင်

http://www.dhammadownload.com



ကောင်းပါ၊ အဲဒီ ပစ္စည်းများကို လှူလာရင်တော့ လက်နက် အဖြစ်, ပိုက်ကွန် အဖြစ်ကို ဖျက်ဆီးပြီး သင့်တော်တဲ့ နေရာမှာ သုံးစွဲ ကောင်းပါတယ်။

တီးခြင်း၊ မှုတ်ခြင်းနဲ့ စပ်ဆိုင်တဲ့ တူရိယာ အမျိုးမျိုးကို လည်း မထိ, မကိုင်ရပါ၊ လှူလာရင်တော့ တူရိယာ အဖြစ်ကို ဖျက်၍ သင့်တော်တဲ့ နေရာမှာ သုံးစွဲကောင်းပါတယ်၊ ကဲ ကျေနပ် ပြီးလား။ ဘာမေးဦးမလဲ'

'တော်ပါပြီ ဆရာကြီးရယ်၊ ကျေနပ်ပါပြီ'

* အလှူဆိုတာ အပ်စပ်တာ သေချာရွေးချယ် လှူဒါန်းပါ၊
* အပ်စပ်ပစ္စယ လှူဒါန်းမှ ကျိုးကကြီးလေမှာ၊
* မအပ်မရာ လှူဒါန်းလာ ကျိုးဟာမကြီးပါ၊
* မအပ်မရာ လှူဖွယ်ရာ ပမာအဆိပ် တူလေပါ၊
* အဆိပ်စားက, တစ်ဘဝ, သေကြရလေမှာ၊
* မအပ်ရာသုံး တစ်သံသရာလုံး လုံးလုံး မကောင်းစား တော့ပါ၊
* ထို့ကြောင့် သူငါ မအပ်ရာ လှူတာရှောင်လေပါ၊

http://www.dhammadownload.com



# မြွေနိုင်ဂါထာ ရှိပါသလားဘုရား

## (၁၆)

မြန်မာနိုင်ငံသည် မြွေပေါများ၍ မြွေကိုက်ခံရပြီး သေသော ဦးရေများသော နိုင်ငံများအတွင်း တစ်နိုင်ငံ အနေနှင့် ပါဝင်လျက် ရှိပါသည်။ အထူးသဖြင့် မြန်မာနိုင်ငံ၌ ကောက်စပါး သိမ်းချိန်တွင် မြွေကိုက်ခံရ၍ သေသောသူများ အကြောင်းကို အမြဲတမ်း ကြားရပါ၏။

ထိုသို့ ကြားရသောအခါ မိမိအနေနှင့် အထူးပင် နှလုံးစိတ်ဝမ်း မချမ်းမြေ့ ဖြစ်ခဲ့ရပါသည်။ အဘယ့်ကြောင့်ဆိုသော် ဘုရားရှင် ဟောကြားခဲ့သော ခန္ဓပရိတ်တရားတော်ဆိုတဲ့ တကယ့် မြွေနိုင်ပရိတ်, မြွေနိုင်ဆေး ရှိပါလျက် မြွေကိုက်ခံရသေးသည်မှာ ဝမ်းနည်းစရာပဲဟု တွေးကာ နှလုံးစိတ်ဝမ်း မချမ်းမြေ့ခဲ့ပါ။

http://www.dhammadownload.com



ခန္ဓသုတ် ပရိတ်တရား တည်းဟူသော မြွေနိုင်ပရိတ်, မြွေနိုင်ဆေးကို ဖယ်ထား၍ အခြားသော ဤ ပရိတ်ထက် သာသော မြွေနိုင်ဆေးကို ရှာပါ၊ အဘယ်မှာမှ မတွေ့နိုင်ပါ။

ခန္ဓသုတ် ပရိတ်တရားတော်သည် အထက်မြက်ဆုံးသော မြွေနိုင်ပရိတ်၊ မြွေနိုင်ဆေး ဖြစ်ပါသည်။ ယင်း အကြောင်းကို သိသူ အလွန်နည်း၍ ယင်း ပရိတ်ကို ဖယ်ထားပြီး အခြား ဆေးနည်းများကို ရှာနေကြ၏။ ယင်းသို့ ရှာနေသူ တစ်ယောက် နှင့် မိမိ တွေ့ရ၏။

'အရှင်ဘုရား၊ **အစွမ်းထက်မြက်တဲ့ မြွေနိုင်ဂါထာ** ရှိပါသလား ဘုရား'

ဒကာက မေးမြန်းသည်၊ သူ့ ကြည့်ရသည်မှာ မြွေနိုင်ဂါထာ ကို အတော်လိုချင်နေဟန် ရှိပါသည်။

'မြွေနိုင်ဂါထာဆိုတော့ သမ္ဗုဒ္ဓေဂါထာ စသည်တို့လို ဂါထာမျိုး ပြောတာလား'

'မှန်ပါ ဘုရား'

'ဩော် . . .အဲဒီလို တစ်ပုဒ် တစ်ဂါထာ အနေနဲ့တော့ ဘုန်းကြီး မတွေ့ဘူးသေးပါ၊ မရဖူးသေးပါ၊ ပရိတ်အနေနဲ့တော့ ရှိပါတယ်'

'အမိန့်ရှိပါ ဘုရား'

'ပရိတ်ကြီး ၁၁–သုတ်မှာပါတဲ့ ခန္ဓသုတ် ပရိတ်ဟာ မြွေမှ

http://www.dhammadownload.com



စ၍ အဆိပ်ရှိတဲ့ သတ္တဝါတွေ ကိုက်သမျှ အဆိပ်ကို ပယ်သတ်နိုင်တဲ့ ပရိတ်ပဲ'

'အရှင်ဘုရား လက်တွေ့ပါလား ဘုရား'

'အမယ်လေး...လာလာသေးတယ် ဒကာကလဲ ၊ လက်တွေ့လားတဲ့၊ လက်တွေ့မှ တစ်ခါမက အခါခါ တွေ့ခဲ့ပါတယ်'

'ရွတ်ပုံ၊ အသုံးချပုံကို အမိန့်ရှိပါဦး ဘုရား'

'ဘုန်းကြီးက ၄၉-ရက် တိုင်တိုင် စားသမျှ သောက်သမျှ အစားအသောက် အားလုံးကို ခန္ဓသုတ် ပရိတ် ၃-ခေါက်ရွတ်ပြီး စားခဲ့တယ်။ အမြဲလည်းပဲ ခန္ဓသုတ်ပရိတ် ရွတ်တယ်၊ အဲ . . အဆိပ် ရှိတဲ့ သတ္တဝါကိုက်ရင် ဆင်းဆင်း ဆိုပြီး အသားတောင် မထိဘဲ လက်နဲ့ အပေါ်ကနေ ဆင်းခိုင်းကာ သပ်ချရင် ပျောက်သွားတာပါပဲ'

'ဖြစ်နိုင်ပါ့မလား ဘုရား'

'ဖြစ်နိုင်, မဖြစ်နိုင် ကျက်မှတ်ပြီး ၄၉-ရက် ဘာကြာမှာလဲ၊ ရွတ်စားပြီး စမ်းကြည့်ရင် ကိုယ်တွေ့ သိပါလိမ့်မယ်။

'တပည့်တော် စမ်းကြည့်ချင်ပါတယ် ဘုရား၊ အဲဒီ ခန္ဓသုတ်ကို အနက် အဓိပ္ပာယ်နဲ့ တကွ ရှင်းပြစမ်းပါ ဘုရား'

'ဒကာက အမှန်တကယ် ကျက်မှတ်ပြီး စမ်းသပ် ကြည့်မယ်ဆိုရင် ရှင်းပြပါ့မယ်၊ ကဲ . . . မှတ်ထားပါ။

(၁) သဗ္ဗာ သီဝိသ ဇာတိနံ၊

http://www.dhammadownload.com



ဒိဗ္ဗ မန္တာဂဒံ ဝိယ။
ယံ နာသေတိ ဝိသံ ဃောရံ၊
သေ သဗ္ဗာပိ ပရိဿယံ။ ။

(၂) အာဏာ ခေတ္တမှိ သဗ္ဗတ္ထ၊
သဗ္ဗဒါ သဗ္ဗပါဏိနံ။
သဗ္ဗ သောပိ နိဝါရေတိ၊
ပရိတ္တံ တံ ဘဏာမ ဟေ။ ။

ဟေ၊ အို သူတော်ကောင်းတို့။ ဒိဗ္ဗမန္တာဂဒံ၊ နတ်မန္တန် ဆေးဝါးသည်။ သဗ္ဗာ သီဝိသ ဇာတီနံ၊ လျင်သော အဆိပ် ရှိသော မြွေမျိုး မှန်သမျှတို့၏။ ဃောရံ၊ ပြင်းထန်လှစွာသော။ ဝိသံ၊ အဆိပ်ကို။ နာသေတိဝိယ၊ အလျင်းပျောက်ပြေ ပျက်စီး စေတတ် သကဲ့သို့။ တထာ၊ ထို့အတူ။ ယံ ပရိတ္တံ၊ အကြင် ခန္ဓသုတ် ပရိတ်တော်သည်။ သဗ္ဗတ္ထ၊ အလုံးစုံသော။ အာဏာ ခေတ္တမှိ၊ အာဏာခေတ်အတွင်း၌။ သဗ္ဗပါ ဏိနံ၊ အလုံးစုံသော သတ္တဝါတို့၏။ ဃောရံ၊ ပြင်းထန်လှစွာသော။ ဝိသံစ၊ အဆိပ် ကိုလည်းကောင်း။ သေသံ၊ အဆိပ်မှ ကြွင်းသော။ ပရိဿ ယဥ္စာပိ၊ ဘေးရန်အမျိုးမျိုးကို လည်းကောင်း။ သဗ္ဗဒါ၊ အခါ ခပ်သိမ်း။ သဗ္ဗသောပိ၊ အကြွင်းမထင် အကုန်ပင်။ နိဝါရေတိ၊ မြစ်တားပယ်ရှင်းနိုင်ပေ၏။ တံ ပရိတ္တံ၊ ထိုခန္ဓသုတ် ပရိတ်တော် ကို။ မယံ၊ ငါတို့သည်။ ဘဏာမ၊ ရွတ်ကြကုန်စို့။

http://www.dhammadownload.com



အဲဒီ ဂါထာနှစ်ပုဒ်က ဘုရားရှင် ဟောကြားတဲ့ ဂါထာ မဟုတ်သေးပါဘူး၊ ရှေးဆရာတော်များက ခန္ဓသုတ် ပရိတ်တော် ၏ အာနုဘော် အစွမ်းသတ္တိ အဘယ်မျှ ရှိသည်ကို ပြလိုလို့ ထည့်သွင်းထားတာပါ။

အဲဒီမှာ ကြည့်ပါ။ အလွန်ထက်မြက် ပြင်းထန် လျင်မြန် သော အဆိပ်ရှိသော မြွေတို့၏ အဆိပ်ကိုပင် ပယ်နိုင်တယ်၊ ဆိုတော့ သာမန် အဆိပ်ရှိတဲ့ မြွေတို့ရဲ့ အဆိပ်ဆိုရင် ဆိုဖွယ်ရာ မရှိနိုင်တာပါ။

ပြီးတော့ နတ်တို့၏ ဆေးဝါးမန္တာန်များဟာ လူသားတို့ရဲ့ ဆေးဝါးမန္တာန်များထက် အစွမ်းအာနိသင် ရှိပါတယ်။ အခု ဒီ ခန္ဓသုတ် ပရိတ်တော်က အဲဒီ နတ်မန္တာန် ဆေးဝါးအတူ အစွမ်း ထက်တယ် ဆိုတာ ဒကာကိုယ်တိုင် စမ်းကြည့်ပြီးရင် သိပါ လိမ့်မယ်။

ပြီးတော့ ဒီပရိတ်တော်၏ အရှိန်အဝါမှာ ဘုရားရှင်၏ အာဏာခေတ်အတွင်း ပျံ့နှံ့မြဲ ဖြစ်လို့ ဘယ်အရပ်က ဘယ် မြွေမျိုး ကိုက်ရင် ဆေးမမီဘူးရယ်လို့ မရှိပါဘူး၊ ဒီပရိတ်တော် ဖြင့် မပျောက်နိုင်တဲ့ ဒေသရယ်လို့ ချွင်းချက် မရှိပါဘူး၊ ဘယ် အရပ်မှာ မဆို ပျောက်ကင်းနိုင်ပါတယ်၊

ဘယ်နေ့ ညဘယ်အချိန်မှာ ကိုက်ကိုက် ကန့်သတ်ဖွယ် မရှိပါ။ ဘယ်အခါ၊ ဘယ်ကာလမှာ မဆို ပျောက်ကင်းနိုင်ပါ

http://www.dhammadownload.com



တယ်။ အခြား ဆေးများမှာ ရှင်းရှင်း မပျောက်တတ်ပါ။ အပခေါ် ပယောဂမှီနေရင် ကုမရတတ်ပါ။

ဒီခန္ဓသုတ် ပရိတ်တော်ကား လုံးဝ ရှင်းရှင်း ပျောက်ပါတယ်၊ အပခေါ်တဲ့ ပယောဂကိုလည်း ပယ်စွမ်းနိုင်ပါတယ်။

ဒီခန္ဓသုတ် ပရိတ်တော်ကား မေတ္တာပွားခြင်း၊ ဘုရားဂုဏ်တော် ပွားများခြင်း အစီအရင်ကို ပြသာတဲ့ ဗုဒ္ဓမန္တာန် ကော်ကြီးပါ။

သတ္တဝါများ အပေါ်၌ မေတ္တာအထူး ရောက်စေလျက် ဘုရားရှင်ကို လွန်စွာကြည်ညို အားထားသူများ အဖို့ ဒီခန္ဓသုတ်၏ အစွမ်းအာနုဘော်ကို ကိုယ်တွေ့ ခံစားနေကြရပါတယ်။

အဲဒီ ပုဂ္ဂိုလ်များ အဖို့ မြွေစတဲ့ သတ္တဝါများ ရန်မမူဘဲ ရှောင်ရှားကြတဲ့ အပြင် မြွေကိုက်ခံရသူများကို ဒီခန္ဓသုတ်ကို ရတ်ပြီး သပ်ချ ကုသပေးခြင်းဖြင့် ကယ်ဆယ်နေတာ ဘုန်းကြီးကိုယ်တိုင် လက်တွေ့ပါ။

မြွေကိုသာမကပါ၊ အားလုံး သတ္တဝါများ အပေါ် မေတ္တာပို့ခြင်း၊ ရတနာသုံးပါး ဂုဏ်ကို အာရုံပြုခြင်းတို့ ကြောင့် အခြားဘေးရန် အန္တရာယ် အသွယ်သွယ်ကို စောင့်ရှောက်တတ်တာကို ဒကာ လက်တွေ့ စမ်းသပ်ပြီးမှ ယုံကြည်ပါ။ ဘုန်းကြီးပြောရင် အပြောပဲ ဖြစ်နေမယ်။

http://www.dhammadownload.com



(၃) ဝိရူပက္ခေဟိ မေ မေတ္တံ၊
မေတ္တံ ဧရာပထေဟိ မေ၊
ဆဗျာ ပုတ္တေဟိ မေ မေတ္တံ၊
မေတ္တံ ကဏှာ ဂေါတမကေဟိစ။ ။

ဝိရူပက္ခေဟိ၊ ဝိရူပက္ခ နဂါးမျိုးတို့နှင့်။ သဒ္ဓိံ၊ အတူတကွ။ မေ၊ ငါ၏။ မေတ္တံ၊ မိတ်ဆွေဖြစ်ကြောင်း ကောင်းသော မေတ္တာသည်။ ဟောတု၊ ဖြစ်ပါစေသတည်း။ ဧရာ ပထေဟိ၊ ဧရာပထနဂါးမျိုးတို့နှင့် ။ သဒ္ဓိံ၊ အတူတကွ။ မေ၊ ငါ၏။ မေတ္တံ၊ မိတ်ဆွေဖြစ်ကြောင်း ကောင်းမြတ်သော မေတ္တာသည်။ ဟောတု၊ ဖြစ်ပါစေသတည်း။ ဆဗျာပုတ္တေဟိ၊ ဆဗျာပုတ္တ နဂါးမျိုးတို့နှင့်။ သဒ္ဓိံ၊ အတူတကွ။ မေ၊ ငါ၏။ မေတ္တံ၊ မိတ်ဆွေဖြစ်ကြောင်း ကောင်းမြတ်သောမေတ္တာသည်။ ဟောတု၊ ဖြစ်ပါစေသတည်း။ ကဏှာဂေါတမကေဟိစ၊ ကဏှာဂေါတမ နဂါးမျိုးတို့နှင့်လည်း။ သဒ္ဓိံ၊ အတူတကွ။ မေ၊ ငါ၏။ မေတ္တံ၊ မိတ်ဆွေဖြစ်ကြောင်း ကောင်းမြတ်သော မေတ္တာသည်။ ဟောတု၊ ဖြစ်ပါစေသတည်း။

ဒီဂါထာက ဝိရူပက္ခစသော မြွေမင်းလေးမျိုးတို့၏အမျိုးအဆွေတို့၌ မေတ္တာပွားပုံကို ပြခြင်းဖြစ်ပါတယ်။ အဲဒီ ဝိရူပက္ခ နဂါးမင်းတို့နဲ့ အမျိုးဇာတ်တူ မြွေနဂါးတို့သည် ဝိရူပက္ခ စသည် မည်ကြပါတယ်၊ ဒီနေရာမှာ မြွေမျိုးတို့ကို ပြောရရင်

(၁) ကဠမုခ မြွေမျိုး အကိုက်ခံရသူမှာ တစ်ကိုယ်လုံး

http://www.dhammadownload.com



တောင့်တင်း ခက်မာလာပါတယ်။

(၂) ပူတိမုခ မြွေမျိုး အကိုက်ခံရသူမှာ အသားများမှ အရေများ ယိုထွက်လာပါတယ်။

(၃) အဂ္ဂိမုခ မြွေမျိုး အကိုက်ခံရသူမှာ မီးမြိုက်ခံရ သကဲ့သို့ တစ်ကိုယ်လုံး ပူလောင်လာပါတယ်။

(၄) သတ္ထမုခ မြွေမျိုး အကိုက်ခံရသူမှာ အပိုင်းပိုင်း ပြတ်သွားပါတယ်။

တစ်ဖန် အဲဒီ မြွေလေးမျိုးတို့တွင် တစ်မျိုးမျိုး၌ . . .

(၁) အကိုက်ခံရသဖြင့် အဆိပ်တက်လာသော ဒဋ္ဌဝိသ မြွေ၊

(၂) မြင်ရုံမျှဖြင့် အဆိပ်တက်လာသော ဒိဋ္ဌဝိသ မြွေ၊

(၃) မြွေထိ ခံရသောအခါ အဆိပ် တက်လာသော ဖုဋ္ဌဝိသ မြွေ၊

(၄) လေထိသဖြင့် အဆိပ်တက်လာသော ဝါတဝိသ မြွေရယ်လို့ လေးမျိုးစီ ရှိပြန်ပါတယ်။

အဲဒီ မြွေလေးမျိုးတို့တွင် ဝိရူပက္ခစသော မြွေလေးမျိုးမှာ ဒဋ္ဌဝိသမြွေမျိုးသာ ဖြစ်ပါတယ်။

မြင်ရုံမျှနှင့် အဆိပ်တက်စေသော ဒိဋ္ဌဝိသမြွေ စသည်မှာ လွန်စွာ အဆိပ် ပြင်းထန်လှပါတယ်၊ အဲဒီမှာ ဒိဋ္ဌဝိသ, ဝါတ ဝိသ မြွေတို့၏ အစွမ်းကို မသိရသော်လည်း ထိရုံမျှဖြင့် အဆိပ်

http://www.dhammadownload.com



တက်တဲ့ ဖုဋ္ဌဝိသမြွေရဲ့ အစွမ်းကို တွေ့ရပါတယ်။

အရှင်သာရိပုတ္တထေရ်၏ ညီတော် အရှင် ဥပသေန ထေရ်သည် သက်န်းချုပ်နေစဉ် လိုဏ်ဂူအမိုးပေါ်တွင် ကစားနေကြသော မြွေငယ် နှစ်ကောင်မှ တစ်ကောင်သည် အရှင်မြတ်ပခုံးပေါ် ကျလာပါတယ်။

အဲဒီမြွေဟာ ဖုဋ္ဌဝိသမြွေမျိုး ဖြစ်ရာ အဆိပ်တွေ ပြန့်ဆင်းလာသည်ကို တွေ့ရသော အရှင်မြတ်သည် တန်ခိုးဖြင့် မိမိကိုယ်ခန္ဓာ လိုဏ်ဂူအတွင်း မပျက်စီးရန် အဓိဋ္ဌာန်ပြုပြီးလျှင် ရဟန်းတို့အား မိမိကိုယ် ခန္ဓာမပျက်စီးမီ ခုတင်ပေါ်တင်လျက် အပြင်ထုတ်ရန် မိန့်တော်မူပါတယ်။ ရဟန်းများကလည်း အပြင်ထုတ်ခဲ့ရာ အပြင်ရောက်သော် ခုတင်ပေါ်မှာပင် ဖွဲဆုပ်ပမာ ပြန့်ကျဲရှာတော်မူခဲ့ရပါတယ်။

(၄) အပါဒကေဟိ မေ မေတ္တံ၊
မေတ္တံ ဒွိပါဒကေဟိ မေ။
စတုပ္ပဒေဟိ မေ မေတ္တံ
မေတ္တံ ဗဟုပ္ပဒေဟိ မေ။ ။

အပါဒကေဟိ၊ အခြေမရှိသော သတ္တဝါတို့နှင့်။ မေ၊ ငါ၏။ မေတ္တံ၊ မိတ်ဆွေအဖြစ် ချစ်မေတ္တာသည်။ ဟောတု၊ ဖြစ်ပါစေသတည်း။ ဒွိပါဒကေဟိ၊ အခြေနှစ်ချောင်းရှိသော သတ္တဝါတို့နှင့်။ မေ၊ ငါ၏။ မေတ္တံ၊ မိတ်ဆွေအဖြစ် ချစ်မေတ္တာသည်။

http://www.dhammadownload.com



ဟောတု၊ ဖြစ်ပါစေသတည်း။ စတုပ္ပဒေဟိ၊ အခြေလေးချောင်း ရှိသော သတ္တဝါတို့နှင့်။ မေ၊ ငါ၏။ မေတ္တံ၊မိတ်ဆွေအဖြစ် ချစ်မေတ္တာသည်။ ဟောတု၊ ဖြစ်ပါစေ သတည်း။ ဗဟုပ္ပဒေဟိ၊ များသော အခြေရှိသော သတ္တဝါတို့နှင့်။ မေ၊ ငါ၏။ မေတ္တံ၊ မိတ်ဆွေအဖြစ် ချစ်မေတ္တာသည်။ ဟောတု၊ ဖြစ်ပါစေသတည်း။

ဒီဂါထာဖြင့် မြွေများသာမက သတ္တဝါ အားလုံးကို လေးပုံ့ ပုံပြီး မေတ္တာပွားပုံကို ပြပါတယ်။ သတ္တဝါ အားလုံးကို မေတ္တာပို့တဲ့အတွက် မြွေမှတစ်ပါး အခြား ဘေးရန်တွေလည်း နိုင်တာပါ။

(၅) မာမံ ဝိရူပက္ခော ဟိံ သိ၊
မာမံ ဟိံသိ ဧရာပထော။
မာမံ ဆဗျာပုတ္တော ဟိံသိ၊
မာမံ ဟိံသိ ကဏှာ ဂေါတမကော ။ ။

ဝိရူပက္ခော၊ ဝိရူပက္ခ နဂါးမျိုးသည်။ မံ၊ငါ့ကို။ မာဟိံသိ၊ မညှင်းဆဲပါစေလင့်။ ဧရာပထော၊ဧရာပထနဂါးမျိုးသည်။မံ၊ ငါ့ကို။ မာဟိံသိ၊မညှင်းဆဲပါစေလင့်။ ဆဗျာပုတ္တော၊ ဆဗျာပုတ္တ နဂါးမျိုးသည်။ မံ၊ငါ့ကို။ မာဟိံသိ၊မညှင်းဆဲ ပါစေလင့်။ ကဏှာဂေါတမကော၊ ကဏှာဂေါတမ နဂါးမျိုးသည်။ မံ၊ငါ့ကို။ မာဟိံသိ၊ မညှင်းဆဲပါစေလင့်။

ဒီဂါထာဟာ ရှေးက ဆရာတော် ဦးဗုဓ်ရဲ့ ပရိတ်ကြီး

http://www.dhammadownload.com



ပါဠိတော်မှာပါတဲ့ ဂါထာတဲ့၊ လက်ရှိမူတွေမှာ မပါ, ပါဘူး၊ အဲဒီဂါထာ ထည့်ရွတ်ပါ၊ ဒီဂါထာက မြွေလေးမျိုးကို တောင်းပန်ချက်ဖြင့် မေတ္တာ ပြုပုံ ပြုနည်းကို ပြတဲ့ ဂါထာပါ။

(၆) မာမံ အပါဒကော ဟိံသိ၊
မာမံ ဟိံသိ ဒွိပါဒကော။
မာမံ စတုပ္ပဒေါ ဟိံသိ၊
မာမံ ဟိံသိ ဗဟုပ္ပဒေါ။

အပါဒကော၊ အခြေမရှိသော သတ္တဝါမျိုးသည်။ မံ၊ငါ့ကို။ မာဟိံသိ၊မညှင်းဆဲပါစေလင့်။ ဒွိပါဒကော၊အခြေနှစ်ချောင်း ရှိသော သတ္တဝါမျိုးသည်။ မံ၊ ငါ့ကို။ မာဟိံသိ၊ မညှင်းဆဲပါစေလင့်။ စတုပ္ပဒေါ၊ အခြေလေးချောင်းရှိသော သတ္တဝါမျိုးသည်။ မံ၊ငါ့ကို။ မာဟိံသိ၊ မညှင်းဆဲပါစေလင့်. ဗဟုပ္ပဒေါ၊ များသော အခြေရှိသော သတ္တဝါမျိုးသည်။ မံ၊ငါ့ကို။ မာဟိံသိ၊ မညှင်းဆဲပါစေလင့်။

ဒီဂါထာ မြွေလေးမျိုးမှ တစ်ပါး အားလုံးသော သတ္တဝါတို့ကို လေးပုံ, ပုံပြီး တောင်းပန်ချက်ဖြင့် မေတ္တာ ပြုပုံ ပြုနည်းကို ပြတဲ့ ဂါထာပါ။။

(၅+၆) နှစ်ဂါထာလုံးဖြင့် 'ငါ့ကို မညှင်းဆဲပါစေလင့်' ဆိုသည်မှာ တောင်းပန်သည်၏ အစွမ်းဖြင့် မေတ္တာပွားပုံ တစ်မျိုး ဖြစ်ပါတယ်။ သတ္တဝါများ အပေါ်၌ စိတ်ထားကြမ်းသော သူတို့

http://www.dhammadownload.com



မှာ ထိုသတ္တဝါများနဲ့ ခုခံရန် ရိုက်နှက် ညှင်းဆဲရန်သာ လိုလား မည်ဖြစ်ရာ ထိုသူများကား ယခုကဲ့သို့ တောင်းပန်မှုမျိုး ကို မပြု နိုင်ကြပါ။

'ငါ့ကို မညှင်းဆဲပါစေလင့်' ဆိုသည်မှာ အဲဒီ သတ္တဝါ များက မေတ္တာထားရန် ကောင်းရန် လိုလားသော အာသီသပင် ဖြစ်ရာ သတ္တဝါများ အပေါ် မေတ္တာ သက်ရောက်တဲ့ သဘော, သတ္တဝါတို့၌ စိတ်ဓာတ်နူးညံ့လျက်ရှိတဲ့ သဘောပင် ဖြစ်ပါ တယ်၊ အဲဒါကြောင့် (၅+၆) နှစ်ဂါထာသည် မေတ္တာ ဘာဝနာ တစ်မျိုး ဖြစ်ပါတယ်။

(၇) သဗ္ဗေ သတ္တာ သဗ္ဗေ ပါဏာ၊
သဗ္ဗေ ဘူတာစ ကေဝလာ။
သဗ္ဗေ ဘဒြာနိ ပဿန္တု၊
မာ ကဉ္စိ ပါပမာဂမာ။ ။

သဗ္ဗေ၊ အလုံးစုံကုန်သော။ သတ္တာ၊ ငါးခန္ဓာဝယ် တွယ် တာတတ်စွာ သတ္တဝါတို့သည် လည်းကောင်း။ သဗ္ဗေ၊ အလုံးစုံ ကုန်သော၊ ပါဏာ၊ အသက်ရှုတတ်သော သတ္တဝါတို့သည် လည်းကောင်း၊ ကေဝလာ၊ အကြွင်းမရှိကုန်သော။ သဗ္ဗေ၊ အလုံးစုံကုန် သော။ ဘူတာ၊ ဖြစ်လာ, ပေါ်လာသတ္တဝါတို့သည် လည်း ကောင်း၊ သဗ္ဗေ၊ သတ္တဝါအကုန်အလုံးစုံတို့သည်၊ ဘဒြာနိ၊ ကောင်းမြတ်သော ဣဋ္ဌာရုံတို့ကို၊ ပဿန္တု၊ တွေ့ကြုံ

http://www.dhammadownload.com



ကြရပါစေ ကုန်သတည်း။ ကဋ္ဌိ၊ ဘယ်သူတစ်ဦးတစ်ယောက်သို့ သော်မျှ။ပါပံ၊ ဆင်းရဲဒုက္ခသည်။ မာ အဂမာ၊ မကျမလာ မရောက်ပါစေလင့်။

ဆိုခဲ့ပြီး (၃+၄) စတဲ့ ဂါထာတို့ဖြင့် ပုဂ္ဂိုလ်များကို ထုတ်ဖော်ရည်ညွှန်း၍ ပြုအပ်သော မေတ္တာဖြစ်၍ 'ရည်ညွှန်းခြင်းဖြင့်ဖြစ်သော=ဩဒိဿမေတ္တာ' ဖြစ်ပါတယ်။

အဲဒီလို ပုဂ္ဂိုလ်ကို သီးခြားဖော်ထုတ် ရည်ညွှန်းခြင်းမပြုဘဲ သတ္တဝါအားလုံး သာမန်အဖြစ်ပေါင်းကာ အဲဒီသတ္တဝါ အားလုံး၌ ပြုသော မေတ္တာကား 'မရည်ညွှန်းဘဲဖြစ်သော=အနောဒိဿက မေတ္တာ' ဖြစ်ပါတယ်။ ယင်း အနောဒိဿက မေတ္တာဘာဝနာ ပြုပုံကို ဒီဂါထာဖြင့် ပြပါတယ်။

(၈) အပ္ပမာဏော ဗုဒ္ဓေါ, အပ္ပမာဏော ဓမ္မော၊
အပ္ပမာဏော သံဃော, ပမာဏဝန္တာနိ, သရီသပါနိ။
အဟိဝိစ္ဆိကာ သတပဒီ, ဥဏ္ဏာနာဘိ သရဗူ မူသိကာ။ ။

ဗုဒ္ဓေါ၊ မြတ်စွာဘုရားသည် အပ္ပမာဏော၊ ဂုဏ်တော်အားဖြင့် ချင့်ချိန်တိုင်းတာမရ ပမာဏမရှိပါပေ။ ဓမ္မော၊ လောကုတ္တရာတရားကိုးပါးသည်၊ အပ္ပမာဏော၊ ဂုဏ်အရဖြင့် ဤမျှသာပြုတိုင်းတာမရ၍ ပမာဏမရှိပါပေ။ သံဃော၊ အရိယာသံဃာတော်သည်၊ အပ္ပမာဏော၊ လောကုတ္တရာတရား ကိုးပါးစုံညီဂုဏ်ရည်

http://www.dhammadownload.com



အရ တိုင်းတာ၍မရ၍ ပမာဏမရှိပါပေ။ အဟိ၊ မြွေလည်းကောင်း၊ ဝိစ္ဆိကာ၊ကင်းမြီးကောက်လည်းကောင်း၊ သမာပဒီ၊ ကင်းခြေများလည်းကောင်း၊ ဥဏ္ဏနာဘိ၊ ပင့်ကူလည်းကောင်း၊ သရဗူ၊ အိမ်မြှောင်လည်းကောင်း၊ မူသိကာ၊ ကြွက်သည်လည်းကောင်း၊ ဣတိဣမာနိသရီသပါနိ၊ ရင်ဖြင့်တွား၍သွားတတ်သော ဤသတ္တဝါတို့ကား ပမာဏဝန္တာနိ၊ ကိလေသာဟု တိုင်းတာမှုပြုရာ ပမာဏရှိကြပေကုန်၏။

(၃+၄) အစရှိတဲ့ ဂါထာတို့ဖြင့် မေတ္တာဘာဝနာပြုနည်းကို ပေးတော်မူပြီးနောက် ယခုတစ်ဖန် ရတနာသုံးပါးဂုဏ်ကို ရင့်ကျူးကာ အန္တရာယ်ပြုတတ်သော သတ္တဝါများမှ အကာအကွယ် အရံအတားပြုရမည့်ပုံကို ဒီဂါထာဖြင့်ပြပါတယ်။

ပမာဏပြုတတ်သော ကိလေသာများမရှိသောကြောင့်လည်းကောင်း၊ ဂုဏ်တော်များ၏ပမာဏမရှိသောကြောင့် လည်းကောင်း ဘုရားရတနာကို 'အပ္ပမာဏ'ဟု ဆိုရပါတယ်။

မြတ်စွာဘုရား၌ လောကုတ္တရာ ဓမ္မဂုဏ်ရည်သည်ပင် မည်သို့မည်မျှတိုင်းတာကန့်သတ်၍ မရ၊ ပမာဏမပြုနိုင်၊ လောကုတ္တရာဓမ္မကြောင့် ရလာသောအသချေ်ယျ၊ အပ္ပမေယျ ဂုဏ်တော်များမှာ အခြားဘုရားတစ်ဆူက တစ်သက်လုံးဟောသော်လည်း မကုန်နိုင်ဟုဆိုရာ အဘယ်မှာကန့်သတ်နိုင်ဖွယ်ရှိပါ အံ့နည်း။

http://www.dhammadownload.com



လောကုတ္တရာတရားများကား 'နက်နဲသည်၊ မြင်နိုင်ဖို့ခက်သည်' စသည်ဖြင့် ချီးကျူးခံရသည်ဖြစ်ရာ အဘယ်မှာလျှင် ပမာဏပြုနိုင်ပါအံ့နည်း၊ ယင်းသို့ပမာဏမရှိသော လောကုတ္တရာ ဓမ္မနှင့်ပြည့်စုံသောကြောင့် သံဃာမှာလည်း အပ္ပမာဏ ဖြစ်ပါတော့တယ်။

မြွေစသော သတ္တဝါများကား ပမာဏ ပြုတတ်သော ကိလေသာများရှိသောကြောင့် 'ပမာဏ ဝန္တာနိ=အတိုင်းအရှည် ပမာဏရှိကြသည်' ဟုဆိုပါတယ်၊ ဘုရား၊ တရား၊ သံဃာ သည် ပမာဏ မရှိပါ။

မြွေစသော သတ္တဝါများ ပမာဏရှိကြ၏ ဟူသော စကားဖြင့် ဘာကိုဆိုလိုပါသနည်း။ ဘုရား၊ တရား၊ သံဃာ၏ ဂုဏ်တော်တန်ခိုးတော်ကား အလွန်ကြီးမား၏။ ဤသတ္တဝါများကား အညံ့စား သတ္တဝါကလေးများသာ ဖြစ်ပါတယ်။

'အပ္ပမာဏော' စသည်ဖြင့် ဘုရား၊ တရား၊ သံဃာ ဂုဏ်တော်များကို အောက်မေ့သဖြင့် ယင်း ရတနာသုံးပါး၏ အာနုဘော်အရ ထို သတ္တဝါများ ဘာမျှမလုပ်နိုင်၊ ယင်း သတ္တဝါများမှ အကွယ်အကာရနိုင်သည်ဟု ဆိုပါတယ်။

(၉) ကတာ မေ ရက္ခာ၊ ကတံ မေ ပရိတ္တံ၊
ပဋိက္ကမန္တု ဘူတာနိ။
သော ဟံ နမော ဘဂဝတော၊

http://www.dhammadownload.com



နမော သတ္တန္နံ သမ္မာသမ္ဗုဒ္ဓါနံ။ ။

မေ၊ ငါသည်။ ရက္ခာ၊ အကာအကွယ် အစောင့်အရှောက်ကို၊ ကတာ၊ ပြုအပ်ပြီးပေပြီ။ မေ၊ ငါသည်၊ ပရိတ္တံ၊ အရံအတားကို၊ ကတံ၊ ပြုခဲ့ပြီးပေပြီ။ ဘူတာနိ၊ အန္တရာယ်ပြုတတ်သောသတ္တဝါတို့သည်၊ ပဋိက္ကမန္တု၊ ဖဲခွာရှောင်ရှားကြကုန်လော့၊ သောဟံ၊ ထိုငါသည်၊ ဘဂဝတော၊ ပရိနိဗ္ဗာန်ဝင်စံခဲ့ကြ ရှေးဘုရားရှင်မှန်သမျှအား၊ နမော၊ ရှိခိုးခြင်းကို။(ကရောမိ၊ ပြုလုပ်ပါ၏။)သတ္တန္နံ၊ ခုနစ်ဆူကုန်သော၊ သမ္မာသမ္ဗုဒ္ဓါနံ၊ ဝိပဿီ အစရှိသော ဘုရားရှင်တို့အား၊ နမော၊ ရှိခိုးခြင်းကို (ကရောမိ၊ ပြုလုပ်ပါ၏။)

(၈) နံပါတ်ဂါထာဖြင့် အကာအကွယ်အရံအတား ပြုခဲ့ပြီးနောက် ထို အကာအကွယ်အရ သတ္တဝါများ ရှောင်ရှားရန်နှင့်ပြီးလျှင် 'ပဏာမ မင်္ဂလာ' အကာအကွယ်တစ်ရပ်ကို ထပ်မံပြုလုပ်ရန် ညွှန်ပြတော်မူလို၍ ၉-ဂါထာကို မိန့်တော်မူပါတယ်။

အကာအကွယ်ပြုပြီးဖြစ်၍ သင်တို့ရှောင်ကြဟု ဆိုပြီးနောက် 'သော ဟံ နမော ဘဂဝတော' စသည်ဆိုရပြန်သည်မှာ 'မြဲရာသံပတ်၊ ကျပ်ရာသပ်ပင်း' ဆိုသကဲ့သို့ အကာအကွယ် မြဲမြဲခိုင်ခံ့သည်ထက် ခိုင်ခံ့ရန်ထပ်မံ၍ ပဏာမ မင်္ဂလာဖြင့် နိဂုံးချုပ် ကာကွယ်မှုပြုခြင်း ဖြစ်ပါတယ်။

ဒီခန္ဓသုတ်ပရိတ်တော်ကို မြတ်စွာဘုရားရှင် သာဝတ္ထိပြည်

http://www.dhammadownload.com



ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ရဟန်းတော်တစ်ပါး မြွေကိုက်ခံရ၍ လျှောက်ထားတဲ့အခါ အဲဒီရဟန်းမှာ ဝိရူပက္ခစတဲ့ နဂါးမျိုးတို့၌ မေတ္တာမပို့၍ အကိုက်ခံရသည့် အကြောင်း၊ အကယ်၍ မေတ္တာပို့ရင် အကိုက်ခံရမည်မဟုတ်ကြောင်းကို မိန့်တော်မူပြီး မိမိကိုယ်ကိုစောင့်ရှောက်ဖို့၊ မိမိ၏လုံခြုံရေး၊ မိမိ၏အကာအကွယ် အစောင့်အရှောက်ဖြစ်ရေးအတွက် ခွင့်ပြုတော်မူခဲ့တာပါ။

ဒီခန္ဓသုတ်ပရိတ်တော်ကို ဘုန်းကြီးတို့ ဘုရားအလောင်းတော်သည် ရသေ့ရဟန်း ပြုကာ ရသေ့များစွာဖြင့် ဟိမဝန္တာတော၌ သီတင်းသုံးတော်မူစဉ် ရသေ့တစ်ဦး မြွေကိုက်ခံရ၍ လျှောက်ထားတဲ့အခါ အဲဒီရသေ့ မြွေကိုက်ခံရခြင်း၊ သေရခြင်းမှာ မြွေတို့၌ မေတ္တာ မပို့ခြင်းကြောင့် ဖြစ်ကြောင်းကို မိန့်ပြီးဟောခဲ့ပါတယ်။

အဲဒါကြောင့် ဒီ ခန္ဓသုတ်ပရိတ်တော်ဟာ မြွေသာမက အဆိပ်ရှိတဲ့ သတ္တဝါကိုက်သမျှနဲ့ အခြား ဘေးရန်များ ပါနိုင်ကြောင်းကို များများရွတ်ပြီး စမ်းကြည့်ပါ'

'မှန်ပါ တပည့်တော် စမ်းကြည့်ပါမယ် ဘုရား'

* ဘုရားဟောကြား၊ ပရိတ်ကား၊ စွမ်းအားထက်လှ သည်၊
* အဆိပ်မျိုးစုံ၊ အလုံးစုံ၊ အကုန်ပယ်နိုင်သည်။
* အဆိပ်ဖယ်ထား၊ ကြွင်းဘေးများ၊ ပယ်ရှားနိုင်လေ သည်။

http://www.dhammadownload.com



* ယုံကြည်သဒ္ဓါ၊ စိတ်ထားကာ၊ များစွာရွှတ်ရမည်၊

* များစွာရွှတ်မှ၊ အထုံရ၊ စွမ်းက ထက်မြက်မည်၊

http://www.dhammadownload.com



# နှီးခွက်နှင့် ရေမသောက်ကောင်းဘူးဆို ဘုရား

## (၁၇)

အသုံးအဆောင်တို့သည် အမျိုးမျိုးရှိကြကုန်၏။ ယင်းအမျိုးမျိုးသော အသုံးအဆောင်တို့ကို တစ်ဖန်ခွဲသော် လူတို့အသုံးအဆောင်၊ ရဟန်းတို့အသုံးအဆောင်ဟု နှစ်မျိုးရှိကုန်၏။

လူတို့ အသုံးအဆောင်ကို လူတို့သည် ကြိုက်နှစ်သက်သလို သုံးဆောင်နိုင်ခွင့်ရှိ၏။ ကြိုက်နှစ်သက်သည့် အသုံးအဆောင်ကို သုံးဆောင်နိုင်ခွင့်ရှိ၏။

ရဟန်းတို့ အသုံးအဆောင်မှာကား မများလှပါချေ။ အကျဉ်းအားဖြင့် ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေးဟူ၍ လေးမျိုးတို့သာ ရှိပါ၏။

ယင်းတွင် ရဟန်းတော်တို့၏ စားသုံးခွက်မှာ သပိတ်သာဖြစ်ပါ၏။ ယင်းသပိတ်နှင့် စပ်၍ အပ်၊ မအပ်သော ခွက်များ

http://www.dhammadownload.com



ရှိပါ၏။ ယင်း ခွက်အကြောင်းကို သိချင်သူ ဒကာတစ်ယောက်က မိမိအား မေးလျှောက်ပါ၏။

'အရှင်ဘုရား နီးခွက်နှင့် ရေမသောက်ကောင်းဘူးဆို ဘုရား'

'ဒကာကြီး စကားကလည်း အရင်းမရှိ, အဖျားမရှိ၊ နီးခွက်နဲ့ ဘယ်သူ ရေမသောက်ကောင်းတာလဲ'

'ဩော် . . . ဟုတ်ပါတယ်၊ တပည့်တော် အမေးနည်းနည်း လောကြီးသွားပါတယ် ဘုရား၊ အရှင်ဘုရားတို့ ရဟန်းသာမဏေတွေဟာ နီးခွက်နဲ့ ရေမသောက်ကောင်းဘူးဆို ဘုရား'

'အင်း . . . မသောက်ကောင်းဘူး'

'ဘာဖြစ်လို့ မသောက်ကောင်းတာလဲ ဘုရား၊ အကြောင်းကို အမိန့်ရှိပါဦး ဘုရား'

'ဘုရားရှင်က အပ်,မအပ် ပညတ်ထားတဲ့ ခွက်တွေရှိတယ် ဒကာကြီးရဲ့၊ အဲဒီခွက်တွေထဲမှာ နီးခွက်ဟာ မအပ်တဲ့ခွက်ထဲမှာ ပါနေလို့ နီးခွက်နဲ့ ရေမသောက်ကောင်းတာပါပဲ'

'ဒါဖြင့် နီးခွက်အပြင် အခြား မအပ်တဲ့ ခွက်တွေလည်း ရှိသေးသလား ဘုရား'

'ရှိသေးတာပေါ့'

'ရှိသေးရင် အမိန့်ရှိပါဦး ဘုရား'

'ကြေးနီ, သံ,မြေဖြင့်ပြုလုပ်ထားတဲ့ စားခွက်သောက်

http://www.dhammadownload.com



ခွက်တို့ဟာ ရဟန်းတော်တွေ စားသောက်ကောင်းတဲ့ ခွက်တွေပါ။

ရဟန်း၊ သာမဏေတွေ ကိုယ်ပိုင်ပုဂ္ဂလိက ပစ္စည်းအဖြစ်ဖြင့် ထည့်ပြီး စားသောက်ကောင်းတဲ့ ခွက်ဟာ ကြေးနီခွက်၊ သံခွက်၊ မြေခွက်ပဲ။

'သစ်သားခွက်၊ ရွှေခွက်၊ ငွေခွက်၊ ပတ္တမြားခွက်၊ ကြောင်မျက်ရွဲခွက်တွေဟာ မအပ်ပါဘူး၊ ရွှေခွက် စသည်တို့ဟာ ကိုင်ရုံ၊ထိရုံမျှတောင် မအပ်စပ်ပါဘူး။ သစ်သားခွက် ကတော့ ကိုင်ရုံ၊ ထိရုံမျှတော့ အပ်ပါတယ်။ ထည့်ပြီးတော့ မစားမသောက်ကောင်းပါဘူး။

ယခုကာလ ကွမ်းအစ် စသည်ထဲမှာ ငွေထုံးဘူး၊ စသည်တို့ဟာ လူ့ဥစ္စာပင်ဖြစ်သော်လည်း ကိုင်ရုံ၊ ထိရုံမျှပင် မအပ်လို့ ထည့်ပြီးတော့ မစားကောင်းပါဘူး။

နှီးခွက်၊ နှီးကွမ်းအစ်တို့ဟာ သစ်သားခွက်နဲ့ အလားတူလို့ သဘောထားပြီး လက်ဖက်၊ ကွမ်းစသည်ထည့်ပြီး စားသည်ကို ရှောင်ကြရပါတယ်။

ဖန်ခွက်၊ ချက်ကျောက်ခွက်၊ စဉ့်ခွက်၊ ကြေးဖြူခွက်နဲ့ ကြေးဝါခွက်တို့ဟာ လူ့ဥစ္စာ၊ သို့မဟုတ် သံဃာပိုင် သံဃိကဆိုရင် အပ်ပါတယ်။ အေး . . . ချက်ဖန်ခွက်၊ ချက်ကျောက်ခွက်၊စဉ့်ခွက်၊ ကြေးဖြူ ကြေးဝါခွက်တို့မှာ ကိုယ်ပိုင်ပုဂ္ဂလိက

http://www.dhammadownload.com



အဖြစ်ဖြင့် မသုံးစွဲအပ်။ သံဃာပိုင် သံဃိက သို့မဟုတ် လူ့ဥစ္စာဖြစ်မှ ထည့်ပြီး စားသောက်ကောင်းလို့ ယခုကာလ ကြေးဝါ ဗွန်းနဲ့ ဖန်ခွက်၊ ဖန်ချိုင့် စသည်တို့မှာလည်း ကိုယ်ပိုင် ပုဂ္ဂလိက မအပ်ဘူးနော်'

'မှန်ပါဘုရား'

'ဘူးခွက်၊ အိုးခွက်တို့ကိုတော့ တစ်ခဏမျှ ထည့်၍ စားသောက်ကောင်းပါတယ်၊ သပိတ်ကဲ့သို့ သွားလေရာ ယူသွားပြီး အမြဲ မသုံးစွဲကောင်းပါဘူး။ ခဏလောက် ထည့်စားပြီး စွန့်ပစ်ရမယ်။ အဲဒီအတူပင် ဖက်ရွက်၊ သစ်ရွက်ဖြင့် ပြုလုပ်ထားတဲ့ ဖက်ခွက်များလည်း တစ်ခဏမျှ ထည့်စားပြီး စွန့်ပစ်ရပါမယ်။

'ထည့်၍မစားကောင်း' လို့ ဆိုခဲ့တဲ့ သစ်သားခွက်၊ နှီးခွက် စသည်တို့၌ အချို့က ယာဝကာလိကဖြစ်တဲ့ ခဲဖွယ်ဘောဇဉ်ကိုသာ ထည့်၍ မစားကောင်း၊ ယာမကာလိက အဖျော်ရည် စသည်တို့ကား ထည့်၍သောက်ကောင်းတယ်လို့ ယူဆကြတယ်။ ဝိနယကောသလ္လ အလိုကတော့ မည်သည့်ကာလိကမဆို ထည့်၍မစားသောက်ကောင်းလို့ ယူလိုပါတယ်။

ဟုတ်ပါတယ်။ သပိတ်တို့၊ ခွက်တို့ဆိုတာ စားသောက်ဖွယ်အားလုံးကို ထည့်ပြီး စားသောက်ဖို့ရာဖြစ်လို့ ထည့်၍မစားကောင်းလို့ ဖယ်ရှားအပ်တဲ့ခွက်များ၌ မည်သည့်ကာလိကကိုမျှ ထည့်၍ မစားခြင်းသာ သင့်လျော်မယ်မဟုတ်လား'

http://www.dhammadownload.com



'ဟုတ်ပါတယ် ဘုရား'

'အဲဒါကြောင့် ဝိနည်းစိုရိုပုဂ္ဂိုလ်များသည် နှီးကွမ်းအစ်၌ ကွမ်းထည့်၍ မစားကြပါဘူး၊ နှီးကွမ်းအစ်ဖြင့် ကပ်ရင်လက်ပေါ် တစ်ဆင့်ပြောင်းပြီး စားကြပါတယ်။ နှီးခွက်ဖြင့်လည်း အဖျော်ရည် စသည်ကို မသောက်ကြပါဘူး။ ဒါကြောင့် နှီးခွက်ဖြင့် ရဟန်းတော်များ ရေမသောက်ကောင်းဘူးလို့ မှတ်နော်'

'မှန်ပါဘုရား'

* မပြုလုပ်ရ, တားမြစ်က, ရှောင်ကြ ဗုဒ္ဓသားတော် တွေ။
* ပြုလုပ်လေကြ, တိုက်တွန်းက, ပြုကြ ဗုဒ္ဓသား တော် တွေ၊
* ဗုဒ္ဓဆုံးမ, ဩဝါဒ, လုံးဝနာကြသားတော်တွေ၊
* ဆုံးမနာမှ, ပါယ်မကျ, ရကြနိဗ္ဗာန်ပြည်၊
* နိဗ္ဗာန်ရမှ, ဝဋ်ဒုက္ခ, လုံးဝလွတ်မြောက်ပေ။

http://www.dhammadownload.com



# ဘုရားရှင်ပေးမှ တရားရနိုင်တယ်ဆိုတာ မှန်ပါသလား ဘုရား

(၁၈)

ယခုခေတ်၌ တရားအားထုတ်သူ ဦးရေသည် အတော်များများပြားလှပါသည်။ တရားနည်းများလည်း အတော်များပြားပါသည်။ တရားပြသူဦးရေလည်း အတော်များပါသည်။

ယင်းသို့ အားထုတ်သူ, နည်းပြသူ ဦးရေများသည့်အလျောက် အပြောအဆို အမျိုးမျိုးပြောသံကြားရသည်။ ဗုဒ္ဓဓမ္မအား လျော်သော အပြောအဆိုမျိုးများရှိသလို မလျော်သော အပြောအဆိုမျိုးများလည်း ရှိလာသည်။ ယင်းသို့ရှိသည့် အပြောအမျိုးမျိုးမှ မိမိထံသို့ အပြောတစ်မျိုးကို လာပြီးမေးလျှောက်၏။

'အရှင်ဘုရား . . . ဘုရားရှင်ပေးမှ တရားရနိုင်တယ်ဆိုတာ မှန်ပါသလား ဘုရား'

'ဒကာကြီး ဘယ်သူကပြောသလဲ'

http://www.dhammadownload.com



'ဒီလိုပဲ ပြောကြတာ ကြားလို့ပါဘုရား'

'ဘုန်းကြီးတို့ ဘုရားရှင် က နည်းပေးလမ်းညွှန် ဘုရားရှင်ပါ၊ အဲဒီနည်းလမ်းကို တရားဟောပြီး တရားနဲ့ နည်းပေးလမ်းညွှန်တာပါ၊ ဘုရားက တိုက်ရိုက်တရားရအောင် မပေးပါဘူး၊ မပေးနိုင်ပါဘူး၊ ဘုရားရှင်ဟောပြတာကို နားထောင်ပါ . . .။

'သင် ချစ်သားတို့သည် ကိလေသာကို ပူပန်စေတတ်သော လုံ့လကို ပြုသင့်ပြုအပ်ပေ၏။ ဘုရားရှင်တို့သည် မဂ်ခရီးမှန်ကို ဟောကြားရုံမျှသာ ဖြစ်ကုန်၏။ ဟောကြားသည့်အတိုင်း မဆိုင်းမလင့် ကျင့်ကြံကြကုန်သည်ဖြစ်၍ ကိလေသာ အမိုက်တိုက်ကို ထိုက်ထုတ်ရှို့မြိုက်သော သူတို့သည်သာလျှင် မာရ်မင်း၏ အနှောင်အဖွဲ့မှ လွတ်မြောက်နိုင်ကြကုန်၏။'

လို့ ဟောခဲ့ပါတယ်။

ပြီးတော့ ဘုရားရှင်ရဲ့ ခမည်းတော် သုဒ္ဓေါဒနမင်းကြီးကို ဆွမ်းခံကြွရင်း လမ်းခရီးအကြား၌ ရပ်တော်မူရင်းပင် . . .

'ခမည်းတော်မင်းကြီး . . . ရဟန်းဖြစ်သော သူသည် ဒကာ ဒကာမတို့၏ အိမ်တံခါး၀ဝယ် သပ္ပါယ်စွာရပ်၍ ရအပ်သော ဆွမ်း၌ မမေ့မလျော့ရာ၊ မအပ်စပ်သော ရှာမှီးမှုနှင့် မဆက်စပ် ကောင်းစွာ ကျင့်အပ်သော ဆွမ်းခံလှည့်လည်ခြင်း အကျင့်ကို ကျင့်ရာ၏။ ယင်းသို့

http://www.dhammadownload.com



ဆွမ်းခံကျင့်ဝတ်ကို မချွတ်ပြုကျင့်လေ့ရှိသော ရဟန်းသည် ယခုဘဝ၌ လည်းကောင်း၊ တမလွန်ဘဝ၌ လည်းကောင်း ကိုယ်စိတ်နှစ်ဖြာချမ်းသာစွာ နေထိုင်ရလေ၏။

လို့ ဟောကြားတော်မူလေလျှင် ခမည်းတော် သုဒ္ဓေါဒနမင်းကြီးသောတာပတ္တိဖိုလ်၌ တည်ပါတယ်။ ရှေ့နန်းတော်ရောက်လျှင် မြတ်စွာဘုရားသည် . . .

'ခမည်းတော်မင်းကြီး မအပ်စပ်သော ရှာမှီးမှုနှင့် မဖက်စပ်၊ ကောင်းစွာ ကျင့်အပ်သော ဆွမ်းခံအကျင့်ကို ကျင့်ရာ၏။ ထိုဆွမ်းခံအကျင့်ကို မကျက်စားသင့်ရာ ဌာန၌ လှည့်လည်သော အားဖြင့် မကောင်းသဖြင့် မကျင့်ရာ။ ယင်းသို့ မအပ်စပ်သော ရှာမှီးမှုနှင့် မဖက်စပ်၊ ဖြူစင်သော ဆွမ်းခံ ကျင့်ဝတ်ကို မချွတ် ပြုကျင့်လေ့ ရှိသော ရဟန်းသည် ယခုဘဝ၌ လည်းကောင်း၊ တမလွန်ဘဝ၌ လည်းကောင်း၊ ချမ်းသာစွာ နေထိုင်ရလေ၏'

လို့ ဟောကြားတော်မူပါတယ်။ အဲဒီဂါထာရဲ့ အဆုံးမှာ ခမည်းတော် သုဒ္ဓေါဒနမင်းကြီး သကဒါဂါမိဖိုလ်၌ တည်ပြီး မိထွေးတော် ဂေါတမီသောတာပတ္တိဖိုလ်၌ တည်ပါတယ်။

ကဲ . . . အဲဒါ ဘုရားပေးလို့ တရားရတာလား'

'မဟုတ်ပါဘုရား'

http://www.dhammadownload.com



'အေး . . . ပြောဦးမယ်၊ ပိုရှင်းသွားအောင်၊ အဲဒီနောက် ဘုရားရှင် နန်းတော်သို့ ဆွမ်းဘုဉ်းပေး ကြွလာတော်မူတဲ့အခါ ယသော်ဓရာက သားတော်ရာဟုလာကို လှပတင့်တယ်စွာ တန်ဆာဆင်ပြီး . . .

'ချစ်သား . . . ရဟန်းတော် အရှင်မြတ် အပေါင်း နှစ်သောင်းခြံရံလျက် ရွှေအဆင်းကဲ့သို့သော အဆင်း ရှိသည်ဖြစ်၍ ဗြဟ္မာမင်းအတူ ဖြောင့်စင်းသော ကိုယ် ရှိတော်မူသော ထိုရဟန်း မြတ်ကြီးကို သင်ချစ်သား ရှုစမ်းပါလော့။

ဤအရှင်မြတ်သည်ကား သင်ချစ်သား၏ ခမည်း တော်ကြီး ဖြစ်ပေ၏။ ဤသားမောင့်ဖခင် အရှင်မြတ် ဘုရားကြီးအား တောထွက်၍ ရဟန်းမပြုမီက ရွှေအိုး ကြီးလေးလုံးတို့ ရှိကြသည်။

ထိုရွှေအိုးကြီး လေးလုံးတို့ပင် သားမောင့်ဖခင် အ ရှင်မြတ်ဘုရား တောထွက်၍ ရဟန်းပြုသွားသော အခါမှစ၍ ယခုတိုင် မွေးမိခင်တို့ မတွေ့မမြင်ရတော့ ကုန်။

ချစ်သား . . . သားမောင့်ဖခင် အရှင်မြတ်ဘုရား ထံတော် ပါးသို့ သွားရောက်ချဉ်းကပ်ပြီးလျှင် ခမည်း တော်ဘုရား . . . အကျွန်ုပ်ကား ပျိုမျစ်နနယ် ငယ်

http://www.dhammadownload.com



ရှယ်သူမင်းသား ဖြစ်ပါသည်။

သားတော်သည် မုဒ္ဒါဘိသိက်သွန်း၍ လေးကျွန်းသနင်း စကြာမင်း ဖြစ်ရပါလိမ့်မည်၊ သားတော်သည် မင်းတို့ဖွယ်ရာ ဥစ္စာရတနာကို အလိုရှိပါ၏။ အကျွန်ုပ်အား ခမည်းတော်၏ ဥစ္စာဖြစ်သော ရွှေအိုးကြီးလေးလုံးကို ပေးတော်မူပါလော့၊ မှန်ပါသည်၊ သားဖြစ်သူသည် ဖခင်၏အမွေကို ပိုင်ဆိုင်ခံယူရမြဲမွေတာဖြစ်ပါသည်ဟု လျှောက်ထားပြောဆိုကာ အမွေဥစ္စာကို တောင်းခံပါချေလော့'

ဟူ၍ သင်ကြားပြီးလျှင် သားတော် ရာဟုလာကို မြတ်စွာဘုရား အထံတော်သို့ စေလွှတ်လိုက်ပါတယ်။ သားတော် ရာဟုလာလည်း သွားပါတယ်။ ဘုရားရှင် အနီးသို့ ရောက်တယ်ဆိုရင်ပဲ ဖခင်ဆိုတဲ့ ချစ်ခြင်းကို ရရှိကာ လွန်စွာရွှင်လန်း ဝမ်းမြောက်သောစိတ်ရှိလျက် . . .

'ဖခမည်းနတ် ရဟန်းမြတ်ဘုရား . . . အရှင်မြတ်ဘုရား၏ အရိပ်သည် လွန်စွာ အေးမြချမ်းသာလှပါပေ၏'

ဟုလျှောက်ထား၍ ထိုမှတစ်ပါး မိမိနှင့် လျော်ပတ်သည့် တီတီတာတာများစွာသော စကားကို ပြောဆိုလျက် မြတ်စွာဘုရားအနီး၌ ရပ်တည်နေပါတယ်။

http://www.dhammadownload.com



ဘုရားရှင်သည် ဆွမ်းဘုဉ်းပေးပြီးသော် ကျောင်းတော်သို့ ပြန်ကြွသွားပါတယ်။ သားတော် ရာဟုလာလည်း . . .

'ဖခမည်းနတ် ရဟန်းမြတ်ဘုရား . . . အကျွန်ုပ်အား အမွေဥစ္စာ ပေးတော်မူပါဘုရား'

ဟု အဖန်ဖန် အထပ်ထပ် လျှောက်ထားပြောဆို အမွေတောင်းခံ ရင်းပင် မြတ်စွာဘုရား နောက်တော်ပါးသို့ လိုက်သွားပါတယ်။ ကျောင်းတော်သို့ ရောက်သောအခါ မြတ်စွာဘုရားသည် . . .

'ဤသားတော် ရာဟုလာကား အဖ၏ ဥစ္စာဖြစ်သော အမွေအနှစ်ကို ရယူလို၏။ ဤလောကီဥစ္စာ အမွေအနှစ် ဟူသည်မှာ ဝဋ်ဆင်းရဲ၌သာ စာရင်းအဝင်အပါဖြစ်၍ လွန်စွာ ဆင်းရဲဖို့သာ ဖြစ်ချေလေ၏။

သို့ဖြစ်၍ ငါဘုရားသည် သားတော် ရာဟုလာအား မဟာဗောဓိမဏ္ဍိုင်အပြင်ဝယ် ငါးအင်သောမာရ်တွင်းပရန်ကို တွန်းလှန်ပြိုင်ဆိုင် အနိုင်တိုက်ကာ ရယူခဲ့သည့် အရိယာတို့ ဥစ္စာရတနာ ခုနစ်ပါးကို ပေးတော့အံ့။

သားတော် ရာဟုလာကို လောကုတ္တရာ အမွေအနှစ်၏ ပိုင်ရှင်ဖြစ်အောင် ပြုပေတော့အံ့'

လို့ ကြံဆင်ခြင်တော်မူပြီးလျှင် အရှင်သာရိပုတ္တ မထေရ်

http://www.dhammadownload.com



ကိုခေါ်တော်မူပြီးလျှင် . . .

'ချစ်သား သာရိပုတ္တ . . . သားတော် ရာဟုလာက ငါ ဘုရားထံ အမွေတောင်းခံလာရကား သင်ချစ်သား သည် သားတော်ရာဟုလာကို ရှင်သာမဏေ ပြုပေး လိုက်လေတော့'

လို့ မိန့်တော်မူလိုက်ပါတယ်။ အဲဒီအခါ အရှင်သာရိပုတ္တက ဥပဇ္ဈယ်ဆရာပြု၊ အရှင် မောဂ္ဂလာန်ထေရ်က ပဗ္ဗဇ္ဇာစရိယပြု၊ အရှင်မဟာကဿပထေရ် က ဩဝါဒါစရိယပြုပြီး ရှင်သာမဏေ ပြုပေးတော်မူကြပါတယ်။

'ကဲ . . . အဲဒီမှာ သာသနာ့ အမွေပေးဖို့ ရှင်ပြုပေး လိုက်တာ ခု ရှင်ပြုပြီးပြီ၊ တရားရပြီးပြီလား'

'မရသေးပါ ဘုရား'

'ကဲ . . . သားတော်ရာဟုလာက အမွေပေး သနား တော်မူပါလို့ အမွေတောင်းခံလို့ အမွေပေးဖို့ ရှင်ပြု ခိုင်းမွေး လိုက်တာ မဟုတ်လား'

'ဟုတ်ပါတယ်ဘုရား'

'ကဲ . . . ကဲ . . .ဆက်နားထောင်ပါ'

အဲဒီလို ရှင်ပြုပေးပြီးနောက် ဘုရားရှင်သည် . . .

'ကလေးသူငယ်တို့မည်သည် သင့်သော စကား မသင့်သော စကားထွေရာလေးပါး ပြောကြားတတ်

http://www.dhammadownload.com



ကုန်၏။ သို့ဖြစ်၍ ရာဟုလာအား အဆုံးအမ ဩဝါဒ ပေးအံ့'

လို့ ဆင်ခြင် ဆုံးဖြတ်တော်မူပြီးလျှင် ရှင်ရာဟုလာကို ခေါ်တော်မူပြီး . . .

'ရာဟုလာ . . . သာမဏေ မည်သည် မဂ်ဖိုလ်အား ကျေးဇူးမပြုသည့် မင်းစကား, အမတ်စကား အစ, ရှိသော တိရစ္ဆာန ကထာ စကားကို မပြောကြားသင့်၊ သင်ချစ်သားသည် စကားပြောဆိုလျှင် ဤသို့ သဘောရှိသော တရားစကားကိုသာ ပြောကြားလော့'

လို့ မိန့်တော်မူပြီးလျှင် ခပ်သိမ်းသော ဘုရားရှင်တို့ မစွန့်အပ်သော ပုစ္ဆာ ၁၀ ချက်ရှိ၍ အဖြေပေါင်း ၅၅ပါးရှိ၍ 'သာမဏေရပဉှာ' မည်တဲ့ တရားဒေသနာတော်ကို ဟောကြားပေးတော်မူပါတယ်။

အဲဒီနောက် မျက်စိဖြင့် ကြည့်၍လည်း မြင်လွယ်, သိလွယ်, မှတ်လွယ်ရန် အလို့ငှာ ရှေးဦးစွာ ရေခွက် ဥပမာ လေးပါး၊ ထို့နောက် စစ်ဆေးမြား ဥပမာ နှစ်ပါး၊ ကြေးမုံမှန် ဥပမာတစ်ပါး အားဖြင့် ဥပမာခုနစ်ပါးကို အစဉ်အတိုင်း ဖော်ပြကာ 'အမ္ဗလဋ္ဌိက ရာဟုလောဝါဒ သုတ္တန်' ကို ဟောကြားတော်မူ ပါတယ်။

ထို့နောက် ရောက်လေရာ ဌာနတိုင်းဝယ် ဘဝသုံးပါး၌ တပ်မက်နှစ်သက်သော တဏှာဆန္ဒကို မပြုရာလို့ ပြတော်မူခြင်း

http://www.dhammadownload.com



၄၁ အလျဉ်းသင့်သလို ရာဟုလသံယုတ်ကို ဟောတော်မူပါတယ်။ အဲဒီမှာ ၂၂ သုတ်ပါဝင်ပါတယ်။

ပြီးတော့ အဘိဏှ ရာဟုလောဝါဒသုတ်ကို ဤမည်သော အခါ၌ ဟောကြားတော်မူအပ်၏ဟု အချိန်ပိုင်းဖြတ်၍ သတ်မှတ်၍ မရနိုင်ဘဲ မပြတ်,မပြတ် ဆုံးမတော်မူသောအားဖြင့် ဟောကြားတော်မူပါတယ်။

'ငါသည် တင့်တယ်၏။ ငါ၏ ရုပ်အဆင်းသည် သန့်ရှင်းကြည်လင်လှ၏ ဟူ၍ ခန္ဓာကိုယ် အတ္တဘောကို အမှီပြု၍ ဂေဟာဿိတ ဆန္ဒရာဂကို မပြုရာ' လို့ ပြတော်မူခြင်း၄၁ မဟာရာဟု လောဝါဒသုတ်ကို ရှင်ရာဟုလာ ၁၈ နှစ်အရွယ်၌ ဟောကြားတော်မူပါတယ်။

ထို့နောက် မြတ်စွာဘုရားရှင် ၁၄ ဝါအရ၊ ရှင်ရာဟုလာက ရဟန်းဖြစ်ပြီးစ ဝါမရမီ အချိန်ဝယ် အရဟတ္တဖိုလ်ပေါက်ချေချွတ်ရန် စူဠရာဟု လောဝါဒသုတ်ကို ဟောတော်မူပါတယ်။

ရှင်ရာဟုလာသည် အဲဒီ သုတ္တန် အဆုံး၌ အရဟတ္တဖိုလ်မှာ တည်တော်မူပါတယ်။ ထောင်ပေါင်းများစွာသော နတ် ဗြဟ္မာတို့သည်လည်း အချို့သောတာပန်၊ အချို့သကဒါဂါမ်၊ အချို့အနာဂါမ်၊ အချို့ရဟန္တာ အသီးသီး ဖြစ်ကြ ပါတယ်။

'ကဲ . . . ဘုရားရှင်ပေးမှ တရားရနိုင်တယ်ဆိုရင် သားတော်ရာဟုလာကို ဘုရားရှင် တရားပေးဖို့ ကိုရင်ဝတ်ပေးထား

http://www.dhammadownload.com



မဟုတ်လား'

'ဟုတ်ပါတယ် ဘုရား'

'အခု သားတော်ရာဟုလာဟာ ၁၃ နှစ်ကြာမှ ရဟန္တာဖြစ်ပြီး တရားရပါတယ်။ ဘုရားရှင်က တရားဟောပေး သားတော်ရာဟုလာဟာ သင်ကျင့်သောအားဖြင့် ကြိုးစားပြီး သင်ကျင့်ရာ ၁၃ နှစ်ကြာ ရဟန်းဖြစ်စ အချိန်မှစ၍ တရားရပါတယ်။ ဒါကြောင့် ဘုရားရှင်ပေးမှ တရားရတယ်ဆိုပြီး ဘုရားရှင်ထံ သွားပြီး၊ နားပူ နားဆာနဲ့ မတောင်းပါနဲ့၊ သူများတွေနဲ့ ဓာတ်မကူးပါနဲ့၊ ဓာတ်မဆက်ပါနဲ့နော်'

'မှန်ပါ ဘုရား'

* ဗုဒ္ဓမြတ်စွာ, မြတ်ဓမ္မာ, ဟောကာပေးလေတာ၊
* လူနတ်ပြဟ္မာ, သတ္တဝါ, နာကာကြားပြီးကာ၊
* ဆောင်ထား, စဉ်းစား, မြတ်တရား, ရှုပွားများရမှာ၊
* ရှုပွားများမှ, တရားရ, ဒုက္ခဆုံးလေပါ၊
* မရှုပွားက, တရားမရ, ဒုက္ခမဆုံးမှာ၊

http://www.dhammadownload.com



# ကျောင်းအမှတ် သီတင်းသုံးပါလို့ လျှောက်ထားလျှင် သက်န်းရှုံ ဖျက်လို့ရတယ် မဟုတ်လား ဘုရား

(၁၉)

လူအများတို့သည် ရှင်ရဟန်းများအိမ်သို့ ဆွမ်းစားကြွသည့်အခါ မိမိတို့ ကျောင်းမှာလိုပဲ လွတ်လွတ် လပ်လပ် အားပါးတရ မြိန်မြိန်ရှက်ရှက် ဘုဉ်းပေးစေလို ကြသည်။ သို့အတွက် အိမ်သို့ရောက်လျှင် ရောက်ချင်း 'ကျောင်းအမှတ် သီတင်းသုံးတော်မူပါဘုရား'လို့ လျှောက်ထားလေ့ ရှိကြ၏။

ယင်းသို့ လျှောက်ထားသည်နှင့် ပတ်သက်ပြီး မရှင်းလင်းသည့် ဒကာတစ်ယောက်က မိမိအား မေးလျှောက်၏။

'အရှင်ဘုရား ရွာထဲ ဆွမ်းစားကြွတဲ့အခါ အိမ်ရှင်များက ကျောင်းအမှတ် သီတင်းသုံးပါလို့ လျှောက်ထားရင် သင်္ကန်းရုံ ဖျက်လို့ရတယ် မဟုတ်လား ဘုရား'

'မရဘူး'

http://www.dhammadownload.com



'ဘာဖြစ်လို့လဲ ဘုရား'

'အိမ်ကို ကျောင်းအမှတ် သီတင်းသုံးပါဘုရား ဆိုတာနဲ့ အိမ်က ကျောင်းဖြစ်မသွားပါဘူး၊ အိမ်ဟာ အိမ်ပဲ၊ ရွာတွင်းဟာ ရွာတွင်းပဲ၊ ရွာတွင်းကလည်း ကျောင်းတွင်း ဖြစ်မသွားပါဘူး'

'ဒီလိုဆိုရင် သင်္ကန်းရုံ မဖျက်ကောင်းဘူးပေါ့ ဘုရား'

'မဖျက်ကောင်းပါဘူး၊ အဲဒီလိုလျှောက်တာနဲ့ စာရင် . . အရှင်ဘုရားများ သီတင်းသုံးသည့်အခိုက် ဤအိမ်ကို ကျောင်းအဖြစ် လှူဒါန်း၏ ဘုရား' လို့ လျှောက်တာကမှ နီးစပ်သေးတယ်'

'ဟင် . . . အရှင်ဘုရား ဥစ္စာကလည်း နီးစပ်သေးတယ် ဆိုတော့ အဲဒီလို လျှောက်ထားလို့လည်း သင်္ကန်းရုံ မဖျက်ရသေးဘူးပေါ့ဘုရား'

'မဖျက်ရသေးဘူး'

'ဒါဖြင့် လျှောက်ထားပုံချင်း ဘာထူးလဲ ဘုရား'

'ဩော် . . . ဇီးကွက် ဇီးကွက် အော်နေပါတယ်၊ ဘာငှက်လဲ မေးနေသလို ဖြစ်နေပြီ၊ လျှောက်ထားတဲ့ အခြင်းအရာချင်းမှ မတူတာ ထူးတာပေါ့'

'ထူးပုံ အမိန့်ရှိပါ ဘုရား'

'ကျောင်းအမှတ် သီတင်းသုံးပါလို့ လျှောက်ထားတာက ကျောင်းအမှတ်ထားပြီး သီတင်းသုံးခိုင်းတာ ဒါန မမြောက်ဘူး၊

http://www.dhammadownload.com



ကျောင်းလည်း မဖြစ်သွားဘူး'

'ကျောင်းအဖြစ် လှူပါ၏ ဆိုတာက ဒါနမြောက်သွားတယ်၊ ကျောင်း ဖြစ်သွားတယ်၊ ကဲ . . . မထူးဘူးလား'

'ထူးပါတယ် ဘုရား'

'အေး . . ရှင်ရဟန်းများတွေမှာ လည်ပင်း, လက်ကောက်ဝတ် မှစ၍ ကောင်းစွာ ဖုံးလွှမ်းလျက် မြို့ရွာအတွင်း၌ သွားအံ့, နေထိုင်အံ့'ဟု သင်ခြင်း, ကျင့်ခြင်း, အားထုတ်ခြင်းကို ပြုအပ်ပြုထိုက်၏လို့ သိက္ခာပုဒ် ပညတ်ချက် ရှိပါတယ်။

အဲဒီ သိက္ခာပုဒ်အရ မြို့ရွာအတွင်း သွားလာတဲ့အခါ သင်္ကန်းရုံပြီး အနားပတ်သီး တပ်ကြရပါတယ်။

အဲဒီလို သင်္ကန်းရုံပြီး အနားပတ်သီး တပ်ထားရင် လည်မျို, စလုတ်, ဦးခေါင်းနဲ့ လက်ကောက်ဝတ် ပြင်ဘက် လက်, ခြေသလုံး အောက်ပိုင်းမှ တစ်ပါး၊ တစ်ကိုယ်လုံးကို ဖုံးပြီး ဖြစ်ပါတယ်၊ ထိုတဲ့အခါမှာလည်း အဲဒီကဲ့သို့ပင် ကောင်းစွာ ဖုံး၍ ထိုင်ရပါတယ်။

ဖုံးဆိုပေမယ့် အသေအချာ သတိထားဦးနော်၊ လည်မျို, စလုတ်မှစ၍ ဦးခေါင်းကို လည်းကောင်း၊ လက်ကောက်ဝတ်မှစ၍ လက်တို့ကို လည်းကောင်း၊ ခြေသလုံး အသားစိုင် မှစ၍ ခြေတို့ကို လည်းကောင်း ဖွင့်ပြီး ထိုင်ရမယ် နော်'

'ဟင် . . . တပည့်တော် ခုတွေ့ဖူးပါတယ်၊ အချို့ ထိုင်တာ

http://www.dhammadownload.com



ခြေဖျား၊ လက်ဖျား တို့ကိုပင် ဖုံးပြီး ထိုင်ကြပါတယ်၊ ဒါဆိုရင် အပြစ်ရှိပြန်တာပေါ့'

'သြော် . . .အဲဒီလို ထိုင်ခြင်းကို အပြစ်ရှိတယ်လို့ အခြား သိက္ခာပုဒ်အရ မတွေ့ရလို့ အပြစ်မရှိပါဘူး၊ အဲဒီလို ထိုင်လို့ ကြည်ညိုဖွယ် မဖြစ်ဘူးလို့လည်း မဆိုသာပါဘူး'

ဦးခေါင်းကိုတော့ မခြုံထားရပါဘူး၊ ဘာဖြစ်လို့လဲ ဆို တော့ ဦးခေါင်းမခြုံရဆိုတဲ့ သိက္ခာပုဒ် ရှိနေလို့ပါ'

'ဒီလိုဆိုရင် ရွာတွင်းမှာ နေသမျှ အခါခပ်သိမ်း သင်္ကန်း ရုံနေရမှာပေါ့ ဘုရား'

'ဒီလိုတော့လည်း မဟုတ်သေးပါဘူး'

'အမယ်လေး . . . အရှင်ဘုရားတို့ ကျင့်ရတဲ့ ဝိနည်းတရား ကလဲ တယ်ပြီး အသိခက်, အရာကျယ်ပါလား ဘုရား'

'အေး . . . အဲဒါကြောင့် ရှင်ရဟန်းတွေဟာ ရွာတွင်းမှာ စားသုံးရတဲ့ ဆွမ်းတစ်လုတ်အတွက် မသက်သာလှပါဘူး'

'ရွာတွင်းမှာ သင်္ကန်း မရုံဘဲ နေခွင့်ကို အမိန့်ရှိပါဦး ဘုရား'

'အေး . . . ပြောမယ်၊ ရွာအတွင်း၌ ဆွမ်းခံ, ဆွမ်းစား တရားဟောခိုက် နေထိုင်ခြင်းမျိုး မဟုတ်ဘဲ တည်းခိုတဲ့ အနေ မျိုးဖြင့် နေတဲ့ ရဟန်းဟာ သင်္ကန်းမရုံဘဲ နေထိုင်နိုင်ပါတယ်။

'ဟာ . . . ဒီလိုဆိုရင် ဆွမ်းစားခိုက် ကျောင်းအမှတ်

http://www.dhammadownload.com



သီတင်းသုံးတော်မူပါလို့ လျှောက်ရုံနဲ့ သင်္ကန်းရုံ မဖျက်ကောင်းဘူး ပေါ့နော် ဘုရား'

'အင်းပေါ့၊ ဘယ်ဖျက်ကောင်းမလဲ'

'ဆက်ရှင်းပါဦး ဘုရား'

'ဆက်ရှင်းပါဦး ဆိုရင် ခုနက ပြောခဲ့တဲ့ တည်းခိုတဲ့ အနေမျိုးဆိုတာဟာ အဘယ်မျှလောက် ကြာမှ တည်းခိုခြင်း ဖြစ်ပါသလဲလို့ စဉ်းစားဖွယ် မရှိဘူးလား'

'ဟာ . . . ရှိတာပေါ့ ဘုရား'

'ညဥ့်အိပ်မယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ တည်းခိုမှ အတည်းခိုလို့ ဆိုလိုပါတယ်၊

အဲဒီလို တည်းခိုနေလိုတဲ့ ဆန္ဒ ရှိရင်တော့ ခေတ္တပင် ဖြစ်သော်လည်း အတည်းခိုပင် အမိပ္ပာယ်ရတယ်နော်'

'မှန်ပါဘုရား'

'ကဲ . . . ဒါဖြင့် ဒကာကြီးရဲ့ အမေးကို ပြန်ပြီး နိဂုံးချုပ်ကြစို့၊ ကျောင်းအမှတ် သီတင်း သုံးပါလို့ လျှောက်ရုံနဲ့ ကျောင်းဖြစ်မသွားလို့ သင်္ကန်းရုံ မဖျက်ရဘူးလို့ မှတ်နော်'

'မှန်ပါဘုရား'

'အဲဒီလို မလျှောက်ထားဘဲ အရှင်ဘုရားများ သီတင်းသုံးခိုက် ဤအိမ်ကို ကျောင်းအဖြစ် လှူဒါန်းပါ၏လို့ လျှောက်ထားရင် ညဥ့်အိပ် ညဥ့်နေ အတည်းခို ဆိုရင်တော့ သိပ်ကောင်း

http://www.dhammadownload.com



သွားတယ်၊ သက်န်းရုံ ဖျက်နေနိုင်တယ်'

'ဆွမ်းခံ, ဆွမ်းစား, တရားဟောခိုက်မျိုးတို့၌ ကျောင်းမှာ နေသလို သင်္ကန်းမရုံဘဲ နေခွင့်ရှိတယ်လို့ ဝိနည်း အဆိုအမိန့် မရှိခြင်း၊ ခေတ္တ လှူခြင်းဟာလည်း အာလယ မပြတ်, အလှူ မပြောက်, အငှားသာ ဖြစ်ခြင်း၊ အဲဒီလို လျှောက်ရုံမျှဖြင့် ကျောင်းလို့ မဆိုနိုင်ခြင်းကြောင့် သင်္ကန်းရုံ မဖျက်ရလို့ မှတ်နော်'

'မှန်ပါ ဘုရား'

* ရဟန်းတော်များ မြတ်ဘုရား စကား လိုက်နာရပေမည်၊
* ဘုရားစကား လိုက်နာငြား ဘုရားသားကောင်းမည်၊
* သားကောင်းများသာ သာသနာ ကောင်းစွာပြုနိုင်သည်၊
* မိမိကိုယ်မှာ သာသနာ ဦးစွာ တည်ရမည်၊
* ကိုယ့်တည် သာသနာ သူ့ကိုပါ ဖြန့်ကာပြုရမည်။

http://www.dhammadownload.com



# အရှင်ဘုရား ဓာရဏာပရိတ်ကလည်း တပည့်တော်ရတဲ့ ဓာရဏာပရိတ်နှင့် မတူပါဘုရား

(၂၀)

ဗုဒ္ဓသာသနာဝင်တို့သည် ပရိတ်တော်ကို အထူးသဖြင့် အားထား ယုံကြည်ကြကုန်၏။ အားထား ယုံကြည့်သည့် အလျောက် မိမိတို့ ကိုယ်တိုင်လည်း ကျက်မှတ်၍ ရွတ်ဖတ်ကြကုန်၏။ သံဃာတော် အရှင်မြတ်များကိုလည်း ပင့်ဖိတ်၍ ရွတ်ဖတ်စေကြကုန်၏။

ထိုနှစ်မျိုးတို့တွင် မိမိတို့ ကိုယ်တိုင် ကျက်မှတ်၍ အမြဲမပြတ် ရွတ်ဖတ်ခြင်းသည် သာ၍ အကျိုးကြီးမြတ်၏။ မိမိတို့ လိုချင်သော အကျိုးကို ပြီးစေနိုင်၏။ ယင်းကိုသိသော အချို့သူတို့သည် ပရိတ်တော်များကို ရနိုင်သလောက် ကျက်မှတ်၍ ရွတ်နိုင်သလောက် ရွတ်ဖတ်ကြ၏။

http://www.dhammadownload.com



ယင်းသို့ ရွတ်ဖတ်သော သူများမှ တစ်ယောက်နှင့် တွေ့ရ၏။ သူကား စိတ်စတ်တတ်သူ စဉ်းစားတတ်သူ တစ်ယောက်ဖြစ်၏။ သူသည် မိမိနှင့် တွေ့လျှင် တွေ့ချင်း မိမိအား လျှောက်မေးတော့သည်။

'အရှင်ဘုရား ဓာရဏပရိတ်ကလည်း တပည့်တော် ရတဲ့ ဓာရဏပရိတ်နဲ့ မတူပါဘုရား'

'အေး . . . ဒကာရတဲ့ ဓာရဏပရိတ်က ဘယ်လိုလဲ၊ ဘုန်းကြီးကို ရွတ်ပြစမ်းပါဦး'

'တပည့်တော်ရတဲ့ ဓာရဏပရိတ်က ဘုရားဟောပါဘုရား'

'အေး . . . ဒကာ့ကို ဘုန်းကြီး အဲဒီအကြောင်း အရှည် မရှင်းတော့ဘူး၊ ဘုန်းကြီးရေးတဲ့ ဗုဒ္ဓဓမ္မ ပြဿနာများ (၈)ကို ရှာပြီး ဖတ်ကြည့်ရင် မင်းသိသွားလိမ့်မယ်'

'ဟင် . . . ဒါဖြင့် ဓာရဏပရိတ်က ဘုရားဟော မဟုတ်ဘူးလား ဘုရား'

'မဟုတ်ဘူး'

'အရှင်ဘုရားရဲ့ ဓာရဏပရိတ်က တိုပါတယ်၊ တပည့်တော်ရတဲ့ ဓာရဏပရိတ်က ရှည်ပါတယ် ဘုရား'

'အေး . . .ဒကာက အရှည် အတိုသာ သိတာ၊ လိုရင်းမှ မသိတာ'

http://www.dhammadownload.com



'သြော် . . . ဗုဒ္ဓဓမ္မ ပြဿနာများ (၈)ကို ရှာပြီး ဖတ်ကြည့်ပါဆိုမှပဲ'

'အရှင်ဘုရားရဲ့ ဓာရဏာပရိတ်နဲ့ ပတ်သက်၍ ထူးခြားတဲ့ အကျိုးတရားတွေ တွေ့ဖူးပါသလား ဘုရား'

'ဟာ . . . တွေ့ဖူးတာပေါ့၊ အများကြီး တွေ့ဖူးတာပေါ့'

'တစ်ခုလောက် အမိန့်ရှိပါဘုရား'

'အေး . . . အေး . . . နေဦး ၊ ဘုန်းကြီးကိုယ်တိုင် အမိန့် ရှိတာထက် ဒီမှာ ဘုန်းကြီးသိမ်းထားတဲ့ စာတစ်စောင် ရှိတယ်၊ အဲဒီစာကို ဒကာဖတ်ကြည့်ရင် ဓာရဏာပရိတ် အကျိုးတရားကို ဒကာသိသွားလိမ့်မယ်၊ ရော့ . . . ဖတ်ကြည့်စမ်း'

*သို့ . . .*
*ဓမ္မဒူတ ဆရာတော်*
*အရှင်ပညာဓောတ*

*၁၃၄၈–ခု၊ နယုန်လဆန်း (၁၀)ရက်။*

*ရိုသေစွာ လျှောက်ထားအပ်ပါသည် ဆရာတော် အရှင်သူမြတ်ဘုရား၊ ဆရာတော်၏ ကျေးဇူးကြောင့် ဘုရားတပည့်တော်သည် ဆရာတော်၏ ဗုဒ္ဓဓမ္မ ပြဿနာများ (၈)ကို ဖတ်ရပါသည် ဘုရား။*

http://www.dhammadownload.com



ငှင်းစာအုပ်တွင် ဓာရဏာပရိတ် ပါရှိနေသည်ကို တွေ့ရသဖြင့် အလွတ်ကျက်ကာ နေ့စဉ် နေ့စဉ် ပါဠိရော၊ အနက်ပါ တစ်နေ့ တစ်ခေါက်ကျ ရွတ်ဆို နေပါသည် ဘုရား။

နောက်ပြီး ဆရာတော် စီစဉ်ထားသော 'လိုရာ ပြည့်ဝ ဓာရဏာပရိတ်တော်' အိတ်ဆောင် စာအုပ်ငယ် ကလေးကိုလည်း ဘုရားတပည့်တော် တစ်ဆင့်ယူ၍ ဝါသနာ ပါရှိသူများကို ဝေငှ လှူဒါန်းနေပါသည် ဘုရား။

ဘုရားတပည့်တော်၏ စိတ်ထဲမှာ ဓာရဏာပရိတ် ကြောင့် ဘေးရန် အန္တရာယ်တွေ ကွယ်ပနိုင်တယ် ဆိုတာကို အဓိက မရည်စူးပါဘုရား။

ဓာရဏာပရိတ်ထဲမှာ ပါဝင်သည့် ဗုဒ္ဓ၏ အာဝေ ဏိက ဂုဏ်တော် (၁၈)ပါးကို ကြည်ညိုလျက် ဝိပဿနာဉာဏ် ရင့်သန် နိုင်ရန်အတွက်သာ ရည်စူး ၍ ဓာရဏာပရိတ်တော်ကို သဘောကျ နှစ်သက်ရခြင်း ဖြစ်ပါသည် ဘုရား။

ဓာရဏာပရိတ်ကို ဗုဒ္ဓါနုဿတိ ဘာဝနာပွားသည့် အနေ နှင့် ရွတ်ပွားပြီး . . .

ပဇာ သဗ္ဗာ သုဿယန္တု
ဝုဋ္ဌဟန္တု သုမင်္ဂလာ၊
ဒူသေန္တု ဒုဂ္ဂတိံ ဂါမိံ
ပူရေန္တု သဗ္ဗပါရမီ။ ။

http://www.dhammadownload.com



ပဇာသဗ္ဗာ၊ ကိုယ်စီကိုယ်င ကိုယ့်ဒေသ၌ ပျော်ကြ စပ်ရာ သတ္တဝါ မှန်သမျှတို့သည်။ သုဿယန္တု၊ အိပ်မက် ရာမက် ကောင်းစွာမက်၍ နှစ်သက်ကြည်သာ အိပ်စက် နိုင် ကြပါစေသတည်း။ သုမင်္ဂလာ၊ မင်္ဂလာ ကျက်သရေယှက်ဝေ လန်းသဖြင့် စန်းပွင့်ကြကုန်သည် ဖြစ်၍၊ဝုဋ္ဌဟန္တု၊ကောင်းစွာ မိုးသောက် အလင်းရောက် လျှက် ထမြောက်နိုးကြားနိုင်ကြပါ စေသတည်း။ ဒုဂ္ဂတိဂါမိ၊ အပါယ်ဒုဂ္ဂတိ ရောက်မည့်အကြောင်း မကောင်းညစ်ဆိုးဒုစရိုက်မျိုးကို။ ဒူသေန္တု၊ သူတော် လက်နက် တရားစက်ဖြင့် ဖြိုဖျက်နိုင်ကြပါစေသတည်း။ သဗ္ဗပါရမီ၊ အလောင်းအလျာဖြည့် ကောင်းရာသည့် သုံးဖြာဆယ်လီ ပါရမီ အပေါင်းအကျင့်ကောင်းကို။ ပူရေန္တု၊ တစ်ဆင့် ထက် တစ်ဆင့် ရင့်ထက်ရင့်အောင် မလင့်ပုံသေဖြည့်ကျင့် နိုင်ကြပါစေသတည်း။

ဆိုတဲ့ အဲဒီ ဂါထာကိုတော့ မေတ္တာဘာဝနာ အနေနှင့် နေ့စဉ် ရွတ်ပွားပါသည် ဘုရား၊ အနီး အနားရှိ သစ်ပင်များမှ နတ်တွေကိုလည်း အမျှဝေလေ့ ရှိပါသည် ဘုရား။

ဘုရား တပည့်တော်၏ ခံယူချက်မှာ ယောဂီဟာ တရား အားထုတ်နေစဉ် တရားအမှတ်ဖြင့် အိပ်၍၊ အိပ်ရာမှ နိုးလျှင် နိုးခြင်း တရားအမှတ်နှင့် နိုးလို့ ဟောကြားတော်မူပါတယ်။

ထို့အတူ လူတွေအားလုံးဟာ အိပ်ရာဝင်စဉ် ဗုဒ္ဓနုဿတိ မေတ္တာ၊ အသုဘ, မရဏာဿတိ ဤဘာဝနာ လေးမျိုးမှ အနည်း

http://www.dhammadownload.com



ဆုံး တစ်မျိုးမျိုးကို ဆင်ခြင်ပွား များပြီးမှ အိပ်သင့်ကြပါတယ်၊ အိပ်ရာမှနိုးလျှင် နိုးခြင်း ဗုဒ္ဓါ နုဿတိ၊ မေတ္တာ၊ အသုဘ၊ မရဏာဿတိ တစ်ခုခုကို သတိရပြီးမှ နိုးသင့်ကြပါသည်။

ကုသိုလ်ကောင်းမှု၊ တွင်တွင်ပြု၊ ဆိုးမှုကြဲ့သူမှာ၊ ကုသိုလ်ကံပေး၊ ကျိုးနှောင့်နှေး၊ တွေ့ရေးဆိုးမှုသာ ဆိုတဲ့ အနာထပိဏ်သူဌေးကြီးအား ဘုရားရှင် ဟောကြားတော်မူသည့်အတိုင်း ဆင်ခြင်ပြီး . . .

'ကောင်းမှုတွေကို ပြုနေစဉ် ကောင်းကျိုးတွေကို သာရရှိနေသောအခါ ငါ၏ ကောင်းမှုကုသိုလ်တွေက ယခုဘဝမှာပင် အကျိုးပေးနေသည်' ဟု ဆင်ခြင်သင့်ကြ ပါသည်။

၈-၆-၈၆၊ တနင်္ဂနွေနေ့၊ ယနေ့ နံနက် (၆) နာရီက ဘုရားတပည့်တော် ဓာရဏာပရိတ်ရွတ်ပြီး နာနေသူများကို ဓာရဏာပရိတ် ကျေးဇူးပြောပြီး တကယ် ကျက်ပြီး၊ ရွတ်မည့်သူများကို ဓမ္မဒူတ အရှင် ပညာဇောတ၏ ဓာရဏာပရိတ် အိတ်ဆောင် စာအုပ်ကို ပေးမယ်လို့ ပြောပါသည်။

အဲဒီ ပြောတဲ့နေ့ ညဉ့် (၁)နာရီတိတိ အချိန်ဖြစ် ပါသည်။ အိမ်ခန်းတံခါးမကြီး၏ တံခါးရွက် ပတ္တာ မြည်သံ တကျွီကျွီနှင့် ရွေ့လျားပြီး တံခါးရွက်ကြီးက နံရံကို ကပ်တိုက်သည့် အသံဖြန်းဆိုသည့် အသံနှင့် အတူ အိပ်ရာမှ နိုးသွားပါသည်။

နိုးလျှင် နိုးချင်း နှုတ်က ဟ,၍ 'အဟမ်း . . . ဘာဖြစ်

http://www.dhammadownload.com



နေတာလဲ၊ သေတော့မှာပဲ’ဟု ရွတ်ဆိုမိလိုက်ပါသည်။ သူခိုး ဝင်ပြီဟု သိလိုက်တာနှင့်ထပြီး မီး ချောင်း မီးခလုတ်ကို ဖွင့်ကာ သတိနှင့် လှေလာ ကြည့်ရှု လိုက်ပါသည်။

သူခိုးသည် အိမ်သာခန်းရှိ နောက်ဖေးပေါက် တံခါး၏ မင်းတုပ်ပတ္တာရွက်ကို ကလန့်ဖွင့်ပြီး အထဲကို ဝင် ရောက်လာပါသည်။ အိမ်သာအခန်းမှ တစ်ဆင့် ဝင်ကာ အိပ်ခန်း သော့အိမ်ကို ဖွင့်ပြီး အဝင်မှာ တံခါး က ပတ္တာသံ တကျွီကျွီနှင့် မြည်ကာ တံခါးရွက်ကြီး ကလဲ နံရံကို ကပ်တိုက်သည့် အသံ ဖြန်းခနဲ ပေါ်ရတော့တာပါပဲ။

ပတ္တာသံ မမြည်အောင်လို့ ဆိုပြီး ရေနံချေးဆွတ်ဖျန်း ထားလေ့ရှိပါသည်။ ယခုလည်း ဖွင့်နေ ပိတ်နေသမျှ နေ့ရော ညပါ ပတ္တာသံ မြည်သံကို နားမှ တစ်ချက်မျှ မကြားရပါ။

ဆန်းကြယ်လိုက်ပါဘိ၊ သူခိုးဖွင့်သည့် အချိန်နှင့် ပတ္တာသံ မြည်သည့်အသံကလည်း ဖြစ်မှဖြစ်ရတယ်၊ စဉ်းစားရင်း ဓာရဏ ပရိတ်ကို သတိရသောအခါ ကြက်သီး ထပြီး ခေါင်းကြီးသလို ဖြစ် သွားပါသည်။

ဘုရားတပည့်တော်၏ အိပ်ခန်းမှာ အဖိုးတန် ပစ္စည်းကား ခပ်များများ ဖြစ်လို့ သူခိုး တမြို့စာတော့ အားရပါးရ ဖြစ်ဖို့ပါပဲ။

သူခိုးအတွက်တော့ လက်တစ်ကမ်း ကလေးမျှသာ လို သောအချိန်မှာ အိပ်မောကျနေရာမှ မမြည်ဘူးသော တံခါးက

http://www.dhammadownload.com



တကျိုကျိုမြည်၍ နိုးလာရတာမို့ သူခိုးရင်ပူ ဘဝင်ဆူ၍ ဘာမျှ မယူနိုင်ဘဲ ထွက်ပြေးသွားရပါသည် ဘုရား။

သူခိုးထွက်ပြေးမှ နံနက်က အကြောင်းကို ပြန် ပြောင်း စဉ်းစားလိုက်မိပါသည် ဘုရား၊ ငါမနက်က ဓာရဏာပရိတ်ကို ရွတ်သည်။ ကျက်မှတ်မည့်သူကို စာအုပ်ပေးမည်။ မကျက်မှတ် နိုင်လျှင် တစ်ကျပ်ပြန် လျော်ရမည်ဟု အရွတ်အနောက် ပြောမိ သည်။

ဒါ့ကြောင့် သူခိုးက အိပ်ခန်း အဝအထိ ရောက် အောင်ဝင် နိုင်တာဖြစ်မည်ဟု စဉ်းစားမိပါသည်။ ဓာရဏာပရိတ်၏ အာဝေ ဏိကဂုဏ်တော်အရ အကျိုးမဲ့စကား၊ အရွတ်အနောက် စကား ကို ပြောဆိုမိ, ပြုလုပ် မိသည့်အခါ . . .

(၁) သူတစ်ပါး မုန်းလွယ်တတ်သည်၊
(၂) သတိလွတ်ကင်းလျက် အမှားအယွင်းများတတ်သည်၊
(၃) မိမိ၏ သက္ကာသုံးပါး အကျင့်များ ပျက်စီးတတ်သည်။

ဒါ့ကြောင့် 'အကျိုးမဖက် အပျက်အချော် အပျော်ပြုမှု သည်၊ ဘယ်ခါကာလ သမယမှ ခဏအနေ မရှိပါချေတကား'ဟု မြတ်စွာဘုရားအား ကြည်ညိုလိုက် ရပါသည် ဘုရား။

ဓာရဏာပရိတ်ကို ကြည်ညိုလှသဖြင့် ရွတ်ရင်း အကျိုးရ၍ ဝါသနာ မပါသေးသူများကိုလည်း ဝါသနာ ပါအောင် ပြောပြ လျက် ဆရာတော်၏ 'လိုရာပြည့်ဝ ဓာရဏာပရိတ်တော်'ကို

http://www.dhammadownload.com



တပည့်တော်က ထပ်ဆင့် မေးခွန်း ပြုလျက်ပါ ဘုရား။

*ကံကောင်းခွင့်နှင့် ကြုံရသည့်*
*တပည့်တော် တစ်ဦး( . . .)*

'ကဲ . . .ထူးခြားတဲ့ အကျိုးတရား တွေ့ပြီလား'

'တွေ့ပါပြီ ဘုရား'

'အဲဒါက စာပေအဖြစ်နဲ့ တင်ပြလို့ မှတ်ထားတဲ့ သိမ်းထားတဲ့ ထူးခြားချက်ပါ၊ စာပေမတင် သိမ်းဆည်းမထားတဲ့ ထူးခြားချက်တွေ အများကြီး ရှိပါသေးတယ်'

'အရှင်ဘုရား အဲဒီ ဓာရဏပရိတ်ကို ဘယ်က ရပါသလဲ ဘုရား'

'ရှေးရှေးအကျော် ဆရာတော်ကြီးများ၏ မူနဲ့ မူရင်း အဋ္ဌကထာနဲ့ တိုက်ဆိုင်ပြီး ရေးထားတာပဲ'

'ဒါဖြင့် အရှင်ဘုရားမူက အကောင်းဆုံးပေါ့'

'အေး . . အစွဲမရှိလို့ ကြိုက်ရင် အကောင်းဆုံးပေါ့၊ အစွဲရှိလို့ မကြိုက်ရင် မကောင်းဘူးပေါ့'

'အရှင်ဘုရား ပြောကြားချက်ကလည်း တပည့်တော် အဖို့ အမှတ်ခက်လှပါတယ် ဘုရား'

'အမှတ်မခက်နဲ့၊ ဒကာကို ဘုန်းကြီးက အမှန်အတိုင်း ပြောတာ၊ အချို့က ဆရာစွဲ၊ ပုဂ္ဂိုလ်စွဲ၊ ဂိုဏ်းစွဲ သိပ်ကြီးတာ၊ ဘယ်သူက ဘယ်လို အမှန်ပဲ ပြောပြော၊ နောက်ဆုံး ဘုရားဟော

http://www.dhammadownload.com



ပါလို့ ပြောပြော သူ့ဆရာစွဲ၊ ဂိုဏ်းစွဲ၊ ပုဂ္ဂိုလ်စွဲ ကိုဖြုတ်ပြီး ဘုရားဟော အမှန်နောက်ကို မလိုက်နိုင်ဘူး'

'တပည့်တော်တော့ ဒီလို အမျိုးအစားထဲက မဟုတ်ပါဘူး ဘုရား'

'မဟုတ်ရင် ဒကာရတဲ့ ဓာရဏာပရိတ်ကို မေ့ပစ်လိုက်'

'ဘာဖြစ်လို့လဲ ဘုရား'

'အန္တရာယ် မပြုနိုင် ဂုဏ်လေးခိုင် မစုံမခြင်း၊ အာဝေဏိက ဂုဏ်တော် ၁၈-ပါး မမှန်ခြင်းကြောင့်ပဲ'

'မှန်ပါ့ဘုရား'

* အန္တရာယ်မပြုနိုင်၊ ဂုဏ်လေးခိုင်၊ ပိုင်နိုင်သိထားပါ၊

* ပိုင်နိုင်သိကာ၊ နေ့စဉ်သာ၊ မှန်စွာ ရွတ်ပွားပါ၊

* မိမိဒွဝယ်၊ အန္တရာယ်၊ တကယ်ကင်းပျောက်မှာ၊

* အာဝေဏိက၊ ဆယ့်ရှစ်ဝ၊ ဂုဏ ဂုဏ်ကျက်ပါ၊

* နေ့စဉ်မှန်စွာ၊ စိတ်စွဲကာ၊ ရွတ်ပါ မှန်မှန်သာ၊

* ဘေးရန်ကင်းကွာ၊ မြတ်ဥစ္စာ၊ များစွာ ကြွယ်ဝမှာ၊

* လိုရင်းလည်းကျ၊ တိုကျဉ်းလှ၊ ညီပ ဌကထာ၊

* အာဂုံဆောင်ကာ၊ နေ့စဉ်သာ၊ မှန်မှန်ရွတ်ပွားပါ၊

* ဘုရားရဲ့ဂုဏ်၊ တရားဂုဏ်၊ ပွားထုံမည်သည်ပါ။

http://www.dhammadownload.com



# လမင်းပရိတ်ဆိုတာ ရှိပါသလား ဘုရား

(၂၁)

မိမိအကြောင်းကိုတော့ မိမိရဲ့ စာဖတ်ပရိသတ်ကို ပြောပြရန် မလိုတော့ပါ၊ မိမိသည် ဓမ္မဒူတ တောရကျောင်း၌ ရှိနေလျှင် အမိကအားဖြင့် စာပေပို့ချနေသည်၊ အပြင်ရောက်နေလျှင် အမိကအားဖြင့် စာရေး၊ တရားဟော၊ တရားပြနေသည်။

တစ်နေ့ . . .တစ်ခုသော တရားဆယ်ရက်စခန်း တရားပွဲဝယ် တရားဟောအပြီး လူငယ်တစ်ယောက် ရောက်လာ၍ ရိုသေစွာ ရှိခိုးဦးချကာ ထိုင်လျက် လျှောက်ထား မေးမြန်းသည်။

'ဆရာတော်ဘုရားကို ဖူးတွေ့ရတာ အလွန်တရာ ဝမ်းသာလှပါတယ် ဘုရား၊ ဘုရားတပည့်တော်ဟာ ဆရာတော်ဘုရားရဲ့

http://www.dhammadownload.com



စာတွေဖတ်ပြီး ယဉ်ကျေးလာသူ တစ်ယောက်ပါ ဘုရား၊ ဒါပေမယ့် ဆရာတော် ဘုရားကို တစ်ခါမှ မဖူးတွေ့ဘူးပါ ဘုရား၊ စာပေနဲ့ ရင်းနှီးနေတော့ ယခု ရင်းရင်း နှီးနှီးပဲ လျှောက်ထား မေးမြန်းခွင့် ပေးသနားတော်မူပါ ဘုရား'

'အေး . . .အေး မေးမြန်းချင်တာ မေးပေါ့လေ၊ သိရင်လည်း ဖြေရတာပေါ့၊ မသိရင်လည်း တေးထားပြီး နောက်တော့ ဖြေရတာပေါ့'

'မှန်ပါဘုရား၊ မေးမြန်းခွင့်ရလို့ ဝမ်းသာလှပါတယ် ဘုရား၊ ဘုရားတပည့်တော်ကို မိတ်ဆွေ တစ်ယောက်က လမင်း ပရိတ်ကို မင်းရွတ်၊ လမင်း ပရိတ်ဆိုတာ သိပ်ပြီးတော့ စွမ်းတယ် ဆိုပြီး ဂါထာတစ်ပုဒ် ပေးပါတယ် ဘုရား၊ အရှင်ဘုရား . . **လမင်း ပရိတ်ဆိုတာ ရှိပါသလား** ဘုရား၊ ရှိရင် အဲဒီ လမင်း ပရိတ်ဆိုတာ ဘုရားဟောပါလား ဘုရား'

'အေး . . ဒကာပြောမှ လမင်းပရိတ်ဆိုတာ ဘုန်းကြီးလဲ ကြားဖူးတယ်၊ ဘုန်းကြီးတို့ ပိဋကတ်တော်မှာတော့ လမင်း ပရိတ် ဆိုပြီးတော့ သီးခြားရယ်လို့ ဘုန်းကြီးတို့လည်း အမှတ် မထား မိဘူး၊ ကဲ . . .ဒကာ ရရင် ဘုန်းကြီးကို ရွတ်ပြစမ်းပါဦး၊ ဒကာရဲ့ လမင်းပရိတ်က ဘယ်လိုလဲ'

နမော တေ ဗုဒ္ဓ ဝီရတ္ထု၊
ဝိပ္ပမုတ္တောသိ သဗ္ဗဓိ၊

http://www.dhammadownload.com



သမ္ဗာဓ ပဋိ ပန္နော သို၊
တဿ မေ သရဏံ ဘဝ။ ။

'ဩော် . . . ဒါလား၊ အဲဒါဆိုရင်တော့ လမင်းပရိတ်လည်း ခေါ်နိုင်တယ်၊ နေမင်းပရိတ်လည်း ခေါ်နိုင်တယ်'

'ဘာဖြစ်လို့ပါလဲ ဘုရား၊ အရှင်ဘုရားဆီ ရောက်မှပဲ အမည်တစ်မျိုးတောင် တိုးသွားပြန်ပါပြီ၊ တပည့်တော်ကို ရှင်းပြပါဘုရား'

'ရှင်းပြဆို ဒီလိုကွဲ့၊ ဘုရားရှင် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး နေတော်မူတဲ့ အခိုက်ပေါ့၊ လ,ဗိမာန်ရှိတဲ့, လဗိမာန်၌နေတဲ့ လနတ်သားကို ရာဟု အမည်ရှိတဲ့ အသူရိန်က ဖမ်းတယ်။

အဲဒီ ရာဟု အသူရိန်ဆိုတာ အသူရိန်အပေါင်းကို အစိုးရတယ်၊ လမင်းရဲ့ တင့်တယ်ထူးထွေ ရောင်ခြည်တောကို စွန့်စေတတ်တယ်၊ အဲဒီ ရာဟု အသူရိန်က လမင်းကို ဖမ်းစားတယ်၊ ဖမ်းယူတယ်။

ခုခေတ် ဘုန်းကြီးတို့ ခေါ်သလို ခေါ်ရင်တော့ လငပုပ်ဖမ်းတယ်လို့ ခေါ်ပါတယ်၊ အဲဒီလို လငပုပ်ဖမ်းရာ ထိုအခါမှာ လဗိမာန်ရှိတဲ့, လဗိမာန်၌နေတဲ့ လနတ်သားက ဘုန်းကြီးတို့ ဘုရားရှင်ကို အစဉ်လျှောက်၍ အောက်မေ့တယ်၊ အဖန်ဖန် အောက်မေ့တယ်၊ အဖန်ဖန် အမှတ်ရတယ်။

http://www.dhammadownload.com



အဲဒီလို ဘုရားရှင်ကို အဖန်ဖန် အောက်မေ့ အမှတ်ရတဲ့ အခါမှာ အဲဒီ မင်း ခုနက ရွတ်ပြတဲ့ ဂါထာကို ရွတ်ပါတယ်၊ အဲဒီ ဂါထာကို လနတ်သားရွတ်လို့ လမင်းပရိတ်လို့ ခေါ်ပါတယ်'

'ကဲ . . . အရှင်ဘုရား လမင်းပရိတ်တော့ သိပါပြီ၊ နေမင်းပရိတ်ကို ရှင်းပါဦး ဘုရား'

'နေမင်းပရိတ်ကို ရှင်းပြရင်လည်း ဒီသဘောပါပဲ၊ ဘုရားရှင် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူတဲ့ အခိုက်မှာပေါ့၊ နေဗိမာန်ရှိတဲ့ နေဗိမာန်၌ နေတဲ့ နေနတ်သားကို ရာဟု အမည်ရှိတဲ့ အသူရိန်က ဖမ်းတယ်၊ ရာဟုအသူရိန် အကြောင်းတော့ ခုနက ပြောပြီးလို့ သိပြီးပြီနော်'

'မှန်ပါ့ ဘုရား'

'အေး . . . ခုခေတ် ပြောသလို ပြောရရင်တော့ နေကြတ်တယ်ပေါ့နော်'

'မှန်ပါဘုရား'

'အဲဒီအခါမှာ နေနတ်သားကလည်း လနတ်သား နည်းတူပဲ ဘုန်းကြီးတို့ ဘုရားရှင်ကို အမှတ်ရပြီး အဲဒီဂါထာကိုပဲ ရွတ်ပါတယ်၊ အဲဒီလို နေနတ်သားရွတ်လို့ နေမင်းပရိတ်လည်း ခေါ်နိုင်တာပေါ့'

'အရှင်ဘုရား . . . ဒါဖြင့် အဲဒီ လမင်းပရိတ်, နေမင်း

http://www.dhammadownload.com



ပရိတ် ကို ဘုရား တပည့်တော် ပါဠိတော့ ရနေတာ ကြာပါပြီ ဘုရား၊ အနက် အဓိပ္ပာယ် မရပါ၊ အရှင်ဘုရား အတွက် အရေး မကြီးရင် ဘုရားတပည့်တော်အား အနက်အဓိပ္ပာယ် ပေးပြပါ ဘုရား'

'ဒကာဥစ္စာကလည်း မေးရင်လည်း အေးအေးမေးတာ မဟုတ်ဘဲနဲ့၊ အရှင်ဘုရားအတွက် အရေးမကြီးရင်တဲ့၊ ဘုန်းကြီး အတွက် အင်မတန် အဖိုးတန်တဲ့ အချိန်၊ အရေးတကြီး အသုံးချ ရမယ့် အချိန်တွေ ဒကာ လာခိုးနေတာပဲ'

'အရှင်ဘုရား သည်းခံ ခွင့်လွှတ်တော် မူပါဘုရား၊ အဲဒီ ဂါထာအနက်ကို ဖြစ်နိုင်ရင် အခုပဲ ရှင်းပြပေးပါ ဘုရား၊ ဘုရား တပည့်တော် မှတ်သား ကျက်မှတ်ချင်ပါတယ် ဘုရား'

'ကဲ . . . ကဲ . . . ဒါဖြင့် ဒကာ လိုက်ရေး'

'ဝီရ၊ ပြိုင်ဘက်မရ ကြီးမားလှသည့် လုံ့လရှိတော်မူသော (ဝါ)မကြောက်မရွံ့ နောက်မတွန့်ဘဲ ရဲဝံ့သော လုံ့လ ရှိတော်မူ သော ဗုဒ္ဓ၊ သစ္စာလေးပါး တရားသိမြင် ရှင်တော်မြတ် ဘုရား။ တေ၊ ရှင်တော်မြတ်ဘုရားအား။ မေ၊ဘုရားတပည့်တော် ၏။ နမော၊ညွှတ်ယိမ်း ကိုင်းရှိုင်းခြင်းသည် (ဝါ)ရှိခိုး ဦးချ ခြင်းသည်။ အတ္ထု၊ဖြစ်ပါစေသတည်း။ တွံ၊ရှင်တော်မြတ်ဘုရားသည်။ သဗ္ဗဓိ၊ခပ်သိမ်းဥဿုံ အလုံးစုံသော ခန္ဓာ, အာယတန ဓာတ်တို့မှ။ ဝိပ္ပမုတ္တော၊ အထူးအားဖြင့် လွတ်တော်မူသည်။ အသိ၊ ဖြစ်တော်

http://www.dhammadownload.com



မူပါပေ၏။ အဟံ၊ဘုရားတပည့်တော်သည်။ သမ္မာပဋိပန္နော၊ ကျပ်တည်း ကျဉ်းမြောင်းသော ရာဟု အသူရိန်၏ ခံတွင်းသို့ ရောက်နေသည်။ အသို၊ ဖြစ်ပါ၏။ တွံ၊ ရှင်တော်မြတ်ဘုရားသည်။ တဿမေ၊ ထိုဘုရားတပည့်တော်၏။ သရဏံ၊ ကိုးကွယ်လဲလျောင်း ပုန်းအောင်း မှီခိုရာသည်(ဝါ) ဘေးကို ဖျက်ဆီးတတ်သည်။ ဘဝ၊ ဖြစ်တော်မူပါလော့။

အဲဒါ အနက် အဓိပ္ပာယ်ပဲပေါ့၊ ကဲ . . .ဒကာ ရအောင် ကျက်မှတ်ပေတော့'

'မှန်ပါဘုရား၊ ဘုရားတပည့်တော် ရအောင် ကျက်မှတ်ပါ့မယ် ဘုရား၊ ဆက်လည်း မေးလျှောက် ပါရစေဦး ဘုရား၊ မေးခွင့်ပေးပါဦး ဘုရား'

'ဟင် . . . ဒကာ ဥစ္စာကလည်း မီးခိုးမဆုံး မိုးမဆုံး ဆိုတာလို ဖြစ်နေပြီ'

'မှန်ပါ၊ သည်းခံတော်မူပါ ဘုရား၊ အရှင်ဘုရားနဲ့က ဆုံခဲလှပါတယ် ဘုရား၊ ဆုံတုန်း မေးပါရစေ ဘုရား'

'ကဲ . . . ကဲ . . . ရှိစေတော့၊ ရှိစေတော့'

'အဲ့ဒီလို နတ်သားက အဲ့ဒီဂါထာ ရွတ်တော့ ဘယ်လို ဖြစ်ပါသလဲ ဘုရား။'

'အဲဒီလို လနတ်သားက ဂါထာရွတ်တော့ ဘုရားရှင်က အဲဒီ လနတ်သားကို အကြောင်းပြုပြီးတော့ ရာဟု အသူရိန်ကို

http://www.dhammadownload.com



ဒီလို ဂါထာ ရွတ်ပြောတယ်. . .

တထာဂတံ အရဟန္တံ၊
စန္ဒိမာ သရဏံ ဂတော၊
ရာဟု စန္ဒံ ပမုဉ္စဿု၊
ဗုဒ္ဓါ လောကာနု ကမ္ပကာ။ ။

ရာဟု၊ တင့်တယ်ထူးထွေ ရောင်မြူတေကို ဖွန့်စေတတ်သော ရာဟုအသူရိန်။ စန္ဒိမာ၊ လဗိမာန်ရှိသော (ဝါ) လဗိမာန်၌နေသော။ ဒေဝပုတ္တော၊ နတ်သားသည်။ အရဟန္တံ၊ တစ်ထောင့်ငါးရာ ကိလေသာတို့မှ စက္ကဝါ အနန္တထက် ဝေးကွာတော် မူသော၊ တထာဂတံ၊ ငါဘုရားကို၊ သရဏံ၊ ကိုးကွယ်လဲလျောင်းပုန်းအောင်းမှီခိုရာဟူ၍ (ဝါ) ဒုက္ခကိုဖျောက် သုခရောက်အောင်စောင့်ရှောက်ကယ်မတတ်ပေ၏ ဟူ၍ (ဝါ) ကိုယ်စိတ် နှစ်ဝ။ ရှိ ဒုက္ခကို မုချပယ်ဖျောက် ဖျက်ဆီးတတ်၏ ဟူ၍။ ဂတော၊ သိတော်မူ၏(ဝါ) မှီဝဲ၏။ တသ္မာ၊ထို့ကြောင့် ဗုဒ္ဓါ၊ သစ္စာလေးပါး တရားသိမြင် ဘုရားရှင်တို့သည်။ လောကနုကမ္ပကာ၊ သတ္တလောကကို အစဉ် သနားစောင့်ရှောက် ချီးမြှောက်ထောက်ပံ့တော်မူတတ်ကုန်၏။ တသ္မာ၊ ထို့ကြောင့်။ တွံ၊ သင် ရာဟုအသူရိန် သည်။ စန္ဒံ၊ လနတ်သားကို။ ပမုဉ္စဿု၊ လွှတ်လိုက်ပါလော့။

အဲဒီလို ဘုရားရှင် ဂါထာရွတ်ပြောတော့ ရာဟုအသူရိန်

http://www.dhammadownload.com



ဟာ လနတ်သားကို လွှတ်ပြီးတော့ အဆောတလျင် ဝေပစိတ္တိ အသူရိန်ထံ ပြေးပါတယ်၊ သူ့မှာလည်း ပြင်းစွာ ထိတ်လန့်နေပါ တယ်၊ကြက်သီးမွေးညင်းတွေလည်း ထ,နေပါတယ်။ အဲဒါကို မြင်တဲ့ ဝေပစိတ္တိအသူရိန်က ရာဟုအသူရိန်ကို ဂါထာရွတ် မေး တယ်။

ကိံ နု သန္တရ မာနောဝ၊
ရာဟု စန္ဒံ ပမုဉ္စသိ၊
သံဝိဂ္ဂ ရူပေါ အာဂမ္မ၊
ကိံ နု ဘီတောဝ တိဋ္ဌသိ။ ။

ရာဟု၊ တင့်တယ်ထူးထွေ ရောင်မြတေကို စွန့်စေတတ် သော အိုချစ်ဆွေ ရာဟု အသူရိန်။ ကိံ၊အဘယ့်ကြောင့်။ တွံ၊ သင်သည်။ သန္တရမာနောဝ၊ ဆောလျင်သကဲ့သို့ (ဝါ) ဆော လျင်သည်နှင့်တူသည်။ ဟုတွာ၊ ဖြစ်၍။ စန္ဒံ၊ လနတ်သားကို။ ပမုဉ္စသိနု၊ လွှတ်လိုက်ဘိသနည်း။ ကိံ၊ အဘယ့်ကြောင့်။ တွံ၊ သင်သည်။ သံဝိဂ္ဂရူပေါ၊ ထိတ်လန့်သော သဘောရှိသည်။ ဟုတွာ၊ ဖြစ်၍။ အာဂမ္မ၊ လာလတ်၍။ ဘီတောဝ၊ ကြောက် သည်သာလျှင်။ ဟုတွာ၊ ဖြစ်၍။ တိဋ္ဌသိနု၊ တည်ဘိသနည်း။

အဲဒီလို ဂါထာရွတ်မေးတော့ ရာဟုအသူရိန်က ဒီလို ဂါထာရွတ်ပြီးတော့ ပြန်ဖြေပါတယ်။

http://www.dhammadownload.com



သတ္တစာ မေ ဖလေ မုဒ္ဓါ၊
ဇိဝန္တော န သုခံ လဘေ။
ဗုဒ္ဓဂါထာ ဘိ ဂီ တောမိ၊
နောစေ မုဠွေယျ စန္ဒိမံ။ ။

သမ္မဝေပစိတ္တိ၊ အရှယ်တူ ဝေပစိတ္တိ (ဝါ) အိုချစ်ဆွေ ဝေပစိတ္တိ၊ အဟံ၊ငါသည်။ စန္ဒိမံ၊ လနတ်သားကို။ နောစေမုဠွေယျ၊ အကယ်၍ မလွှတ်လိုက်ငြားအံ့။ ဇဝံ အမုဋ္ဌန္တော၊ ဤသို့ မလွှတ်လိုက်သည် ရှိသော်။ မေ၊ ငါ၏။ မုဒ္ဓါ၊ ဦးထိပ်သည်။ သတ္တဓာ၊ ခုနစ်စိတ် ခုနစ်ဖြာ။ ဖလေ၊ ကွဲခဲ့လေရာ၏။ ဇိဝန္တော၊ အသက်ရှင်ပြန်သည်ရှိသော် ။ သုခံ၊ ချမ်းသာကို။ နလဘတေ၊ မရနိုင်ရာပါ။ အဟံ၊ ငါသည်(ဝါ)ငါ့ကို။ ဗုဒ္ဓဂါထာ ဘိဂီတော၊ သစ္စာလေးပါး။ တရားသိမြင် ဘုရားရှင်သည် ဂါထာတို့ဖြင့် ရှေ့ရှုရွတ်ဆိုအပ်သည် ။ အမှို၊ ဖြစ်ပါ၏။

'လို့ ဂါထာရွတ်ပြီး ပြန်ပြောပါတယ်'

'အရှင်ဘုရား ယခုအခါမှာ ဘုရားရှင်မရှိတော့၊ ဒီလို ဂါထာရွတ်ပေးမယ့် သူလည်း မရှိတော့ ဒီနေမင်း, လမင်း ပရိတ် ရွတ်လို့ အကျိုးထူးပါဦးမလား ဘုရား'

'အေး . . .မေးသင့်ပါတယ်၊ ဘုရားရှင် မရှိတော့ လူမသိ ဘူး၊ နတ်သိတယ်ဆိုတဲ့ စကား ဒကာ ကြားဖူးတယ် မဟုတ် လား'

http://www.dhammadownload.com



'မှန်ပါ ကြားဖူးပါတယ်'

'အေး . . .အဲဒီ စကားအတိုင်းပေါ့၊ သမ္မာဒေဝ နတ်ကောင်း နတ်မြတ် လောကစောင့်နတ် သာသနာတော်စောင့်နတ်တွေ ရှိပါသေးတယ်ကွာ၊ ဒါကာ ယုံကြည်စွာသာ ရွတ်ပါ'

'မှန်ပါ ဘုရား၊ ဘုရားတပည့်တော် အနက်အဓိပ္ပါယ်မသိခင်ကတောင် ရွတ်ခဲ့သေးတာ။ အခုလို အနက် အဓိပ္ပာယ်ရော အကြောင်း အတ္ထုပ္ပတ္တိရော သိရတော့ ပိုပြီး ရွတ်မှာပါဘုရား၊ ဒါနဲ့ အရှင်ဘုရား မေးလက်စနဲ့ မေးပါရစေဦး ဘုရား၊ နေနတ်သားက ဂါထာရွတ်တော့ ဘုရားရှင်က ဘယ်လို ပြန်အမိန့်ရှိပါသလဲ ဘုရား'

'အေး . . .အေး . . .ဒကာ တော်တော် မေးတတ်တယ်၊ နေနတ်သားက ဂါထာရွတ်တော့ ဘုရားရှင်က နှစ်ဂါထာရွတ်ပေးတယ်ကွယ့်၊ အဲဒါ ထူးခြားချက်ပဲ'

'အမိန့်ရှိတော်မူပါ ဘုရား'

တထာဂတံ အရဟန္တံ၊
သူရိယော သရဏံ ဂတော။
ရာဟု သူရိယံ ပမုဉ္စဿု၊
ဗုဒ္ဓါ လောကာနုကမ္ပကာ။ ။

'အဲဒီဂါထာကို ပထမရွတ်ပါတယ်၊ အနက်ကတော့ သူရိယော, သူရိယံ နှစ်ပုဒ်ပဲ ထူးပါတယ်၊ (သူရိယော–နေဗိမာန်

http://www.dhammadownload.com



ရှိသော၊ ဝါ-နေဗိမာန်၌ နေသော၊ ဒေဝပုတ္တော-နတ်သား
သည်)လို့ အနက်ပေးပါ။ ပြီးတော့ (သူရိယံ- နေနတ်သား
ကို)လို့ပဲ ပေးပေါ့နော်'

'မှန်ပါ ဘုရား'

'နောက် တစ်ဂါထာက ခပ်ရှည်ရှည်ပဲ၊ အရွတ်အဖတ်
နည်းနည်းခက်တယ်။

ယော အန္ဓကာရေ တမသိ ပဘင်္ကရော၊
ဝေရောစနော မဏ္ဍလီ ဥဂ္ဂတေဇော။
မာ ရာဟု ဂိလီ စရမန္တလိက္ခေ၊
ပဇံ မမံ ရာဟု ပမုဉ္စ သူရိယံ။ ။

ရာဟု၊ တင့်တယ်ထူးထွေ ရောင်မြဲတောကို စွန့်စေတတ်
သော ရာဟုအသူရိန်။ အန္ဓကာရေ၊ စက္ခုဝိညာဏ် ကန်းသည်၏
အဖြစ်ကို ပြုတတ်သော။ တမသိ၊ အမိုက်တိုက်၌။ ပဘင်္ကရော၊
အရောင်အလင်းကို ပြုတတ်သော။ ဝေရောစနော၊ တင့်တယ်
သော။ မဏ္ဍလီ၊ဝန်းဝိုင်းသော သဏ္ဌာန်ရှိသော။ ဥဂ္ဂတေဇော၊
ထက်သော တန်ခိုးရှိသော။ အန္တလိက္ခေ၊ ဆီးတားမထင် ကြား
အပြင်ဖြင့် ရှုမြင်အပ်သော အဇာဋ္ဌာပြင် ထက်ကောင်းကင်၌။
စရံ၊ လှည့်လည်ကျက်စား သွားလာနေထိုင်သော။ ယော သူရိ
ယော၊ အကြင် နေနတ်သားသည်။ အတ္ထိ၊ ရှိ၏။ တံ သူရိယံ၊
ထို နေနတ်သားကို ။ မာဂိလီ၊ မမျိုပါလင့်။ ရာဟု၊ ရာဟု

http://www.dhammadownload.com



အသူရိန်။ တွံ၊ သင်သည်။ မမ၊ ငါဘုရား၏။ ပဇံ၊ ရွှေရင်တော်နှစ် သားတော်စစ် ဖြစ်သော။ သူရိယံ၊ နေနတ်သားကို။ ပမုဉ္စ၊ လွှတ်လိုက်ပါလော့။

လို့ ရွတ်ပါတယ်၊ သိပ်ကောင်းပါတယ်။ အဲဒီလို ရွတ်တဲ့အခါ ရာဟုအသူရိန်ဟာ နေနတ်သားကို လွှတ်ပြီးတော့ အဆောတလျင် ဝေပစိတ္တိ အသူရိန်ထံ ပြေးပါတယ်၊ သူ့မှာလည်းပြင်းထန်စွာ ထိတ်လန့်နေပါတယ်၊ ကြက်သီးမွေးညင်းတွေလည်း ထ,နေပါတယ်။

အဲဒါကို မြင်တဲ့ ဝေပစိတ္တိ အသူရိန်က ရာဟု အသူရိန်ကို ဂါထာရွတ်မေးပါကယ်။ အဲဒီ အမေးနဲ့ အဖြေကတော့ လနတ်သားကို လွှတ်ပြီး ပြေးစဉ်ကနဲ့ တူပါတယ်'

'ရှင်းပါပြီ ဘုရား၊ လမင်းပရိတ်ကို မေးရာက နေမင်းပရိတ်ကိုပါ သိရ၍လည်း အလွန်တရာမှ ဝမ်းသာလှပါတယ် ဘုရား၊ ဒါနဲ့ အရှင်ဘုရား အဲဒီပရိတ်ကို အဘယ်အချိန် အခါမျိုးမှာ ပိုပြီးတော့ ရွတ်သင့်ပါသလဲ ဘုရား'

'ဒကာ . . .လနတ်သား, နေနတ်သားတို့ ရွတ်စဉ်ကို ပြန်သတိပြုပါလား၊ သမ္ဗာပဋိပန္နော=ကျပ်တည်း ကျဉ်းမြောင်းသော ရာဟု အသူရိန်၏ ခံတွင်းသို့ ရောက်နေသည်။ အသ္မိ=ဖြစ်၏'တဲ့။

ဒကာတို့လည်း အဲဒီလို အဖမ်းအဆီး အချုပ်အနှောင်

http://www.dhammadownload.com



အကျပ်အတည်း အခက်အခဲရှိတဲ့ အခါမျိုးမှာ ပိုပြီး ရွတ်သင့်တာပေါ့။

သတ္တဝါတွေမှာ အကျပ်အတည်း အမျိုးမျိုး ရှိတာပဲဟာ အမြဲရွတ်နေရင် သာကောင်းတာပေါ့၊ ဘုရားရှစ်ခိုးနဲ့ ဘုရားရှင်အား တိုင်တည် အကူအညီ တောင်းခြင်းဟာ သိပ်ကောင်းပါတယ်'

'မှန်ပါ ကျေးဇူးကြီးလှပါတယ် ဘုရား၊ ခွင့်ပြုတော် မူပါ ဘုရား'

* ပရိတ်ဆိုတာ, သတ္တဝါအများ, ဘေးရန်များ, ပယ်ရှားဖျောက်ပေးတာ၊
* ထို့ကြောင့် သူငါ, များသတ္တာတို့, ဘယာကင်းဝေး, ချမ်းသာရေး, ရွတ်ပေး ပရိတ်သာ။

http://www.dhammadownload.com



# ရဟန်းတော်များ အဘယ့်ကြောင့် အကပ်ခံ ဘူဉ်းပေးရပါသလဲဘုရား

(၂၂)

ဤလောကကြီး၌ သိချင်စရာတွေကား များပြားလှချေ၏။ သိချင်စရာတွေ များသော်လည်း ယင်း သိချင်စရာတွေကို သိလို၍ ရှာဖွေ စူးစမ်းသူများသည် နည်းပါးလှချေ၏။ သိချင်စရာတွေကို သိလို၍ မေးမြန်းစုံစမ်းသူများမှာ သာလွန်၍ ရှားပါးလှချေ၏။

သိလို၍ မေးသူတို့သည် သိချင်စရာတို့ကို မေးသည့်အခါ မှတ်တမ်းတင်လောက်သည့် အမေးများ ရှိသလောက် မှတ်တမ်း မတင်လောက်ဘဲ ပြီးပြီး ပျောက်ပျောက် အမေးလည်း ရှိပါသည်။ ယခု ဤအမေးမှာ မှတ်တမ်း တင်လောက်သည့် အမေး ဖြစ်၏။

http://www.dhammadownload.com



'ရဟန်းတော်များ အဘယ့်ကြောင့် အကပ်ခံ ဘုဉ်းပေး ရပါသလဲ ဘုရား'

မေးသူမှာ လူငယ်တစ်ယောက် ဖြစ်၏။ မိမိထံသို့ လူငယ် သုံးလေးယောက် ရောက်လာပြီး ရှိခိုးဦးချကာ ထိုင်လျက် တစ်ယောက်က မေးခြင်း ဖြစ်၏။

'အေး . . . ဒကာအမေးက တယ်ကောင်းပါလား၊ ဒါ သိသင့် သိထိုက်တဲ့ အမေးပဲ၊ ဘာဖြစ်လို့လဲ ဆိုတော့ ဒကာတို့ တတွေဟာ ဗုဒ္ဓသာသနာကို ကိုးကွယ်တဲ့ ဗုဒ္ဓ သာသနာဝင်တွေ မဟုတ်လား'

'ဟုတ်ပါတယ် ဘုရား'

'ရဟန်း၊ သံဃာတွေကို ပစ္စည်းလေးပါး ကပ်လှူ နေကြ ရတော့ သိသင့်တာပေါ့နော်'

'မှန်ပါဘုရား'

'ကဲ . . .နားထောင်၊ ဘုန်းကြီး ရှင်းပြမယ် . . . ဘုရားရှင် လက်ထက်တော် အခါက ဝေသာလီမြို့၌ ရဟန်းတော်တစ်ပါး ဟာ ပံ့သကူရတဲ့ ပစ္စည်းကိုသာ သုံးစွဲ ပါတယ်။ သုသာန်၌ စွန့်ပစ်အပ်တဲ့ ခွက်ကို သပိတ်လုပ်ပြီး သုံးစွဲ တယ်။

သုသာန်၌ စွန့်ပစ်အပ်တဲ့ အဝတ်ကို သင်္ကန်းလုပ်ပြီး သုံးစွဲ တယ်။ သုဿန်ကရတဲ့ ခုတင်ကို သုံးစွဲတယ်၊ သုသာန် သစ်ပင် အောက်က တံခါးခုံ စသည်တို့၌ သေလွန်ပြီးသော မိဘ ဘိုး

http://www.dhammadownload.com



ဘွားတို့ကို ရည်စူး၍ ထားအပ်တဲ့ အစားအသောက် များကို ကိုယ်တိုင်ယူပြီး စားသောက်တယ်။

အဲဒီလို စားသောက်တော့ အဲဒီကိုယ်တော်ကို လူတွေက–

'ဘိုးဘွား မိဘတို့ကို ရည်စူး၍ ထားအပ်တဲ့ စားဖွယ်တို့ကို အဘယ့်ကြောင့် သူများ လာမပေးဘဲ ကိုယ်တိုင်ယူပြီး စားရသလည်း၊ ဝလိုက်တာလည်း ဖီးလို့၊ အသားတွေလည်း၊ ကျစ်ကျစ်လျစ်လျစ် ရှိတယ်။ လူသား ကိုစားနေဟန် တူတယ်'

လို့ လူတွေက ကဲ့ရဲ့ကြပါတယ်။

မည်သူကမျှ မိမိလက်ရောက်အောင် မပေးဘဲ စားခြင်းကို လူကြီး၊ လူကောင်းတို့ မပြုကြသောကြောင့် အဲဒီရဟန်းရဲ့ ကိုယ်တိုင်ယူပြီး ဘုဉ်းပေးမှုကို ကဲ့ရဲ့ကြခြင်း ဖြစ်တာနော်'

'မှန်ပါဘုရား'

'အဲဒီ အကြောင်းကို အခြား ရဟန်းတော်များ ကြားလို့ အဲဒီရဟန်းများကလည်း အဘယ့်ကြောင့် မပေးအပ်၊ မကပ်တဲ့ အစာအဟာရကို ခံတွင်းဝသို့ ဆောင်ရသလဲလို့ ကဲ့ရဲ့ကြပြီး ဘုရားရှင်အား လျှောက်ထားကြသောကြောင့် လူ သာမဏေ တို့က မပေးအပ်၊ မကပ်အပ်တဲ့ အစာအာဟာရကို ခံတွင်းဝသို့ မဆောင်ရလို့ ဘုရားရှင်က သိက္ခာပုဒ် ပညတ် လိုက်ပါတယ်၊ အဲဒါကြောင့် ရဟန်းတော်တွေဟာ အကပ်ခံ ဘုဉ်းပေးရတာပါ၊ သဘောကျပြီလား'

http://www.dhammadownload.com



'ကျပါပြီ ဘုရား'

'အေး . . . အဲဒီနောက် အချို့ ရဟန်းတော်တွေဟာ ရေနဲ့ ဒန်ပူတို့ကို သူတစ်ပါးတွေက မပေးရင်, မကပ်ရင် သောက်ကောင်း, မသောက်ကောင်း၊ ခဲကောင်း, မခဲကောင်း သံသယ ဖြစ်လာတယ်၊ ကဲ . . . မဖြစ်ထိုက်ဘူးလား'

'ဖြစ်ထိုက်ပါတယ် ဘုရား'

'အေး . . .အဲဒီလို ဖြစ်ထိုက်လို့ ဖြစ်တဲ့ အတွက် ဘုရားရှင်က . . . ရေဒန်ပူကို ဖယ်ထား၊ ရေဒန်ပူမှတစ်ပါး၊ သူတစ်ပါး မပေးအပ်တဲ့ အစာအာဟာရကို ခံတွင်းဝသို့ မဆောင်ရ၏ ထပ်ပြီး ပညတ်ရပါတယ်။ အဲဒါကြောင့် ရဟန်းတော်တွေဟာ အကပ်ခံပြီး ဘုဉ်းပေးရပါတယ်'

'ဒါဖြင့် မေးပါဦးမယ် ဘုရား၊ အကပ်ခံတိုင်း အကပ်မြောက်ပါသလား၊ ဘယ်လိုကပ်မှ အကပ်မြောက် ပါသလဲ ဘုရား'

'အေး . . . မင်းက တယ်ပြီး မေးတတ်ပါလား၊ ဒါလည်း မေးထိုက်တယ်, သိထိုက်တယ်၊ ဘုန်းကြီးလည်း ဖြေရတာ အကျိုး ရှိပါတယ်၊ ဖြေရရင် အကပ်ခံတိုင်း အကပ်မမြောက်ပါဘူး၊ ဘယ်လိုကပ်မှ မြောက်သလဲ ဆိုရင် . . .

(၁) ကပ်မည့်သူက ရှေ့ရှုဆောင်ခြင်း၊

(၂) အကပ်ခံမည့် ရဟန်းရဲ့ နှစ်တောင့်ထွာ ဟတ္ထပါသ်

http://www.dhammadownload.com



အတွင်း၌ ရောက်ခြင်း၊

(၃) အားအလတ်စား ရှိသူရဲ့ မြောက်ချီနိုင်တဲ့ ဝတ္ထု ဖြစ်ခြင်း၊

(၄) ကိုယ်ဖြင့်ဖြစ်စေ, ကိုယ်နှင့်စပ်နေသော ကိုင်ထားသော ခွက်စသည်ဖြင့်ဖြစ်စေ၊ ပစ်၍ဖြစ်စေ အဲဒီသုံးမျိုးတို့တွင် တစ်မျိုးမျိုးဖြင့် ကပ်သူက ပေးခြင်း၊

(၅) ကိုယ်ဖြင့်ဖြစ်စေ၊ ကိုယ်နှင့်စပ်သော ကိုင်ထားသော ခွက်, တုတ် စသည်ဖြင့် ခံ၍ တို့၍ ထိ၍ ဖြစ်စေ ဤနှစ်မျိုးတို့တွင် တစ်မျိုးမျိုးဖြင့် အကပ်ခံရသော ရဟန်းက ခံယူခြင်း၊

ရယ်လို့ အဲဒီအင်္ဂါ ငါးပါးနှင့် ပြည့်စုံမှ အကပ်မြောက်ပါတယ်။ ကပ်တိုင်း မမြောက်ပါဘူး။ မှတ်မိလွယ်အောင် ဒီလိုလင်္ကာလေးကို ကျက်ချင်ရင်လဲ ကျက်ထား . . .

ရှေ့ရှုလည်းဆောင်, နှစ်တောင်ထွာရောက်, မြောက်နိုင်
ဝတ္ထု, သုံးခုပေးခြင်း, ခံခြင်းနှစ်လျောက်, ကပ်ခံမြောက်၊
မှတ်လောက် အင်္ဂါ ငါးပါးတည်း. . . တဲ့။

အဲဒီမှာ နည်းနည်းရှင်းဦးမယ်၊ ရှင်းမယ့်ရှင်းမှ အားလုံးရှင်းအောင် ရှင်းတာပဲ ကောင်းတယ်နော်'

'မှန်ပါ၊ ရှင်းပါဘုရား'

'ရှေ့ရှုဆောင် ဆိုတာ ကပ်မည့်သူက လက်ဖြင့် ရှေ့တိုး

http://www.dhammadownload.com



ပေးမှ ရှေ့ရှုဆောင်ရာ ရောက်တာ မဟုတ်ပါဘူး၊ ဦးခေါင်း ပေါ်မှာ ရွက်ထားတဲ့ စားဖွယ်ကို လှူလိုလို့ ဦးခေါင်းကို အနည်းငယ် စောင့်ငဲ့ ညွတ်ပေးလိုက်ရင် ရှေ့ရှုဆောင်ရာ ရောက်တဲ့အတွက် ရဟန်းတော်က အဲဒီစားဖွယ်ကို လက်ဖြင့် ထိကာ အလိုရှိရာ ယူပြီး ဘုဉ်းပေးနိုင်ပါတယ်။

'ဒီလိုဆိုရင် ကပ်တယ်ဆိုတာ အကပ်ခံမယ့် ပုဂ္ဂိုလ်ဆီသို့ ရွှေ့ပေးလိုက်၊ ထိုးပေးလိုက်၊ လက်ထဲ ထည့်ပေးလိုက်တဲ့ သဘောပေါ့ ဘုရား'

'အေးပေါ့၊ သဘောပေါက်အောင် ပြောဦးမယ်၊ ကပ်မယ့် ပစ္စည်းက အားအလယ်အလတ် ရှိသူ ကြွမြှောက်နိုင်တဲ့ ဆွမ်းအိုး ကြီးဆိုပါတော့၊ ရှင်သာမဏေ ငယ်ကလေးက မ,မနိုင် မကြွ နိုင်လို့ မြေပေါ်၌ပင် လိမ့်လျက် ကပ်ရာ၌လည်း အကပ်ခံမယ့် ရဟန်းက လက်ထိုးပေးကာ ထိရုံထိ၍ အကပ်ခံနိုင်ပါတယ်။

'ဒီလိုဆိုတော့လည်း အလွယ်သားပဲ ဘုရား၊ တပည့် တော်တို့က နတ်မြှောက်သလို နှစ်ခါ သုံးခါလောက် မြှောက်ပြီးမှ ကပ်ရမလားလို့'

'အေး . . .အခုတော့ ရှင်းသွားပြီပေါ့။ အဲဒီ မြှောက်နိုင် တဲ့ ဝတ္ထုကို ကုသိုလ်ရအောင် မဖိတ်မစင်အောင် နှစ်ယောက် သုံးယောက် ဝိုင်းကိုင်ကပ်လည်း ကပ်ကောင်းတယ်၊ အကပ် မြှောက်တယ်နော်'

http://www.dhammadownload.com



'မှန်ပါ ဘုရား'

'ပြီးတော့ အားအလယ်အလတ် ရှိသူ ကြွမြောက်နိုင်တဲ့ ဝတ္ထု သို့မဟုတ် ဆွမ်းပွဲ, ဆွမ်းပွဲအခင်းတို့ဟာ ကြမ်းပြင်မှာ ထိနေလျက် ကပ်လဲ အကပ်မြောက်ပါတယ်။ မြောက်နိုင်ဝတ္ထု ဖြစ်လို့နော်'

'မှန်ပါဘုရား'

'ရှင်းရှင်း ပြောရရင် အား အလယ်အလတ် ရှိသူ မြောက် နိုင်တဲ့ ဝတ္ထု ပစ္စည်းကို ကပ်မည့်သူက ရှေ့ရှုဆောင်ပြီး နှစ်ကောင့် ထွာ အကောင်း ရောက်ရှိသော ဝတ္ထုပစ္စည်းကို အကပ်ခံမယ့်သူက သက်ကြောက်ပွမ်းယူ၍ အကပ်ခံခြင်းများဟာ အကပ် မြောက် ပါတယ်လို့ မှတ်ပါနော်'

'မှန်ပါ ဘုရား'

'အဲဒီမှာ နှစ်တောင်ထွာ ဟတ္ထပါသ် တိုင်းတာကို ပြောပြ ပါဦးမယ်၊ ရှေ့ကလာ၍ ကပ်ရင် ရဟန်းက ထိုင်နေပါက အဲဒီ ရဟန်းရဲ့ တင်ပါးနောက်ဘက် အစွန်းဖြင့် တိုင်းရမယ်၊ ရပ်နေရင် ဖနောင့်စွန်းဖြင့် တိုင်းရမယ်၊ စောင်းလျက်လှဲနေရင် စောင်းသော နံပါးရဲ့ ပြင်ဘက်စွန်းဖြင့် တိုင်းရမယ်၊ ဝမ်းလျားမှောက်၍ နေရာ ဦးခေါင်းနားဖြ လာ၍ ကပ်ရင် ဦးခေါင်းစွန်းရဲ့ အနီးဆုံးဖြစ်သော လည်ပင်းဖြင့် တိုင်းရမယ် နော်'

'မှန်ပါဘုရား'

http://www.dhammadownload.com



'အေး . . . အချုပ် ပြောရရင်တော့ အကပ်ခံသော ရဟန်းတော်ရဲ့ လှမ်းယူသော လက်မှ တစ်ပါး၊ အနီးဆုံး ကိုယ်အင်္ဂါရဲ့ နောက်ဘက် အစွန်းဖြင့် တိုင်းရမယ်လို့ မှတ်နော်'

'မှန်ပါဘုရား'

'ကပ်သူ အတွက်ကလည်း လှမ်း၍ ကပ်တဲ့ လက်မှ တစ်ပါး၊အခြားသော အနီးဆုံး ကိုယ်အင်္ဂါ၏ ဒီဘက် အစွန်းဖြင့် တိုင်းရမယ်လို့ မှတ်ပါ'

'မှန်ပါဘုရား'

'ဆွမ်းစား စားပွဲကြီး အလယ်ခြား၍ အကပ်ခံကြရာ ကပ်ကြရာ၌ အနီးဆုံး အင်္ဂါချင်း နှစ်တောင့်ထွာ ဟတ္ထပါသ်ကို သတိထားပါနော်'

'မှန်ပါဘုရား'

'ပြီးတော့ ရှင်းစရာ ရှိသေးတယ်၊ ခံတွင်းအဝ ဆိုတာ ဒီပါးစပ်ပေါက်ကို ခေါ်တာ မဟုတ်ဘူး၊ အောက်ပိုင်း အဝဖြစ်တဲ့ လည်ချောင်းပေါက်ကို ခေါ်တာ။

အဲဒါကြောင့် အစာ အာဟာရကို ပါးစပ်က ဖြစ်စေ၊ နှာခေါင်းက ဖြစ်စေ သွင်းတဲ့အခါ လည်ချောင်းပေါက်ရဲ့ အတွင်း ရောက်ရင် မျိုရာ ရောက်တယ်။

လည်ချောင်း မရောက်ခင် ပါးစပ် အတွင်း၌ ငုံ့ငုံ့ပြီး အရည် တစ်စက်မျှ လည်ချောင်းထဲ မဝင်စေဘဲ ထွေးပစ်နိုင်ရင်

http://www.dhammadownload.com



အကပ်မခံသော်လည်း အပြစ်မရှိဘူးလို့ မှတ်နော်'

'မှန်ပါ ဘုရား'

'ပြီးတော့ ပြောဦးမယ်၊ အစာ အာဟာရကို အကပ်ခံတဲ့ အခါ ရထရေဏုမြူဟာ အကပ်ခံနိုင်တဲ့ အသေးဆုံးသော အစာ အာဟာရပဲ၊ အကပ်ခံပြီးတဲ့ အစာ အာဟာရထဲ၌ အဲဒီ ရထ ရေဏုမြူ ကျသွားရင် အကပ် ပျက်တယ်လို့ မှတ်ပါနော်'

'မှန်ပါ ဘုရား'

'ရထာရေဏုမြူ ဆိုတာ လှည်းတို့, ရထားတို့, ကားတို့ သွားတဲ့ အခါ ထ,တဲ့မြူမှုန်ကို ရထရေဏုမြူလို့ ခေါ်တယ်။ တံမြက်လှည်းလို့, လေတိုက်လို့, ထ,တဲ့မြူမှုန်များလည်း ရထ ရဏုမြူပဲ။ ဆွမ်းကပ်ပြီး အဲဒီမြူမှုန်မျိုး ကျရင်လည်း အကပ် ပျက်တယ်၊ စားနေစဉ်ကျလည်း အကပ်ပျက်တယ်၊ ပြန်ပြီး ကပ်ရတယ်၊ ဒါ့ကြောင့် ဆွမ်းပွဲတွေနားမှာ တံမြက်လှည်းတာ သတိထားရမယ်နော်'

'မှန်ပါဘုရား'

'ပြီးတော့ ပြောဦးမယ်၊ ရေကို အကပ်မခံဘဲ သုံးဆောင်နိုင် တယ်လို့ ဆိုပေမယ့် ခုနကပြောတဲ့ ရထရဏုမြူ ပမာဏရှိတဲ့ မြူမှုန်မပါတဲ့ သန့်ရှင်းတဲ့ ရေကိုသာ ပြောတာနော်'

'မှန်ပါ ဘုရား'

'အဲဒီ သန့်ရှင်းတဲ့ ရေဟာ ကာလိက လေးပါးမှ အလွတ်

http://www.dhammadownload.com



ဖြစ်၍ အကပ်မခံဘဲ သောက်ကောင်းတယ်။ ကိုယ်တိုင်လည်း ကြိုကောင်း, ချက်ကောင်းတယ်၊ ရထရဏ္ဍမြူ ပါတဲ့ ရေဆိုရင်တော့ မြူပါတဲ့အတွက် အကပ်မခံဘဲ မသောက်ရဘူးလို့ မှတ်နော်'

'မှန်ပါ ဘုရား'

'ပြီးတော့ ပြောဦးမယ်၊ ဆွမ်းတို့ အချိုပွဲတို့ သုံးဆောင်တဲ့အခါ လက်မဆေးဘဲ သုံးဆောင်ရင် အဲဒီလက်မှာ ရထရေဏုမြူ မှုလောက်ဖြစ်တဲ့ မြူမှုန်များ ကပ်နေခဲ့ရင် အဲဒီ မြူမှုန်များအတွက် လက်ဖြင့်ထိရာ ခဲဖွယ်ဘောဇဉ်တို့ပါ အကပ်ပျက်ပါတော့တယ်'

'မလွယ်ပါလား ဘုရား'

'မလွယ်ဘူး၊ ပြောဦးမယ်၊ ဆွမ်းစားပြီးတော့ လက်ဆေးရော၊ လက်ဆေးပြီး လက်သုတ်ပဝါ သုတ်ပြီးရင် အဲဒီလက်နဲ့ အချိုပွဲကို နှိုက်စားရင် လက်သုတ်ပဝါ၌ ရထရေဏုမြူ ပါနေရင် အဲဒီ စားဖွယ်တွေပါ အကပ်ပျက်သွားပြီနော်'

'တော့်တော်ကို မလွယ်ပါလား ဘုရား'

'လက်သုတ်ပဝါကို မပြောနဲ့၊ အဲဒီ လက်ဆေးပြီးသားလက်နဲ့ ကိုယ့်သင်္ကန်းကို သိမ်းလိုက်ရင် အဲဒီ သင်္ကန်းမှာ ရထရေဏုမြူကို ကိုင်မိရင် လက်မဆေးဘဲ စားတာနဲ့ အတူတူပဲ၊ အကပ်ပျက်တယ်လို့ မှတ်'

http://www.dhammadownload.com



'မှန်ပါ ဘုရား'

ပြီးတော့ အကပ်ခံပြီးနောက် အကပ်ပျက်ကြောင်း ၆-ပါး ရှိသေးတယ် အဲဒါလည်း မှတ်ထားပါ။

(၁) အကပ်ခံပြီးတဲ့ အစာ အာဟာရကို မစားတော့အံ့လို့ အလယပြတ် ငဲ့ကွက်မှု မရှိဘဲ စွန့်လိုက်ခြင်းကြောင့်လည်း အကပ်ပျက်တယ်၊ အဲဒီလို စွန့်တဲ့အခါ စွန့်သူ လက်ကလွတ်မှ အကပ်ပျက်တယ်။ ကပ်ပြီး မစွန့်ဘဲနဲ့ ကိုင်မိရုံနဲ့ အကပ်မပျက်ပါ။ (စွန့်)။

(၂) အကပ်ခံသူ သိက္ခာ ချခြင်းကြောင့်လည်း အကပ်ပျက် ပါတယ်(ချ)။

(၃) သူတစ်ပါးကို ပေးခြင်းကြောင့်လည်း အကပ်ပျက်ပါတယ်၊ အဲဒီလို ပေးတဲ့ အခါမှာ လက်ကလွတ်သွားမှ အကပ်ပျက်ပါတယ်၊ နှုတ်ကပေးသော်လည်း လက်က မလွတ်သေးရင် အကပ်မပျက်သေးပါဘူး။ (ပေး)

(၄) လူ စ, သူတို့က အတင်း လုယူသွားခြင်းကြောင့်လည်း အကပ်ပျက်ပါတယ်(လု)။

(၅) အကပ်ခံသူ သေခြင်းကြောင့် အကပ်ပျက်ပါတယ်။ (မစ္စု)

(၆) အကပ်ခံသူ ရဟန်းအဖြစ်မှ ရဟန်းမိန်းမ အဖြစ်သို့ လိင်ပြန်ခြင်းကြောင့်လည်း အကပ်ပျက်ပါတယ်။ (လိင်ပြန်)

http://www.dhammadownload.com



အဲဒီ အကပ်ပျက်ကြောင်း ၆-ပါးကို မှတ်မိအောင် ဒီလို လင်္ကာလေးနှင့် မှတ်ထား။

စွန့်၊ ချ၊ ပေး၊ လု၊ မစ္ဆု၊ လိင်ပြန်ဤခြောက်တန် ကပ်ခံ ပျက်ကြောင်းတည်း . . . တဲ့။

အဲဒီ အကပ် ပျက်တယ်ဆိုရာမှာလည်း အစာ အာဟာရ ကို တစ်ပါးတည်းပိုင် အဖြစ် ကပ်တာကို ခေါ်ပါတယ်၊ ပြော ပါတယ်၊ အကယ်၍ လေးပါး, ငါးပါး ပိုင်ကပ်ရာ၌ တစ်ပါးက စွန့်ရုံမျှနဲ့ အကပ်မပျက်သေးပါဘူး။

ပြီးတော့ အထူး သတိပြုဖို့က စွန့်မှ အကပ်ပျက်တော့ ကပ်ပြီး၊ သို့မဟုတ် စားသုံးနေစဉ် ဟင်းပန်းကန်များကို လူသာ မဏေများက လာပြီး ကိုင်တွယ် ပြင်ဆင်ရာ၌ ရဟန်းက လက် ဖြင့် ထိမထား ကိုင်မထားသော်လည်း အကပ်မပျက်ဘူးလို့ မှတ် ပါနော်'

'မှန်ပါ ဘုရား အခုမှ ရှင်းပါတယ် ဘုရား၊ တပည့်တော် တို့က ကပ်ပြီးရင် ပြန်ကိုင်မိရင် ပြန်ကပ်မှ၊ မကပ်ရင် အကပ် ပျက်တယ် ထင်နေပါတယ် ဘုရား'

'အေး . . . ဒါက မင်းတို့ ဝိနည်းတရားမှ မကျွမ်းကျင် တာကိုး၊ ကဲ . . . အပြီးသတ် ပြောဦးမယ်၊ အကပ်ခံပြီးတဲ့ သပိတ် ဆွမ်း စသည်တို့ကို မစွန့်ဘဲနဲ့ လူတို့ သာမဏေတို့ကို တစ်နေရာသို့ အရွှေ့ခိုင်းမယ်၊ အထားခိုင်းမယ် ဆိုရင် အကပ်

http://www.dhammadownload.com



မပျက်ပါဘူးလို့ မှတ်ပါ'

'မှန်ပါ ဘုရား'

'ဒါပေမယ့် အထူးမှတ်ရမှာက အဲဒီလို ယူသွားတဲ့ အခိုက်မှာ အဲဒီ လူ, သာမဏေတို့ ကိုယ်မှ ရထရေဏုမြူမှုန်များ အစာအာဟာရထဲ ကျနေရစ်ရင်တော့ အဲဒီ မြူမှုန်အတွက် အကပ်ပျက်တယ်လို့ မှတ်ပါ'

'မှန်ပါ ဘုရား'

* ဆွမ်းကပ်သည့်အခါ သိစရာ ထွေရာ များလှပါ၊
* ကပ်သူ ဒကာ သိစရာ သေချာ မှတ်ထားပါ၊
* ကပ်ခံသူလဲ ထို့တူပဲ သဲကွဲသိရမှာ၊
* ကပ်သူ ခံသူ နှစ်ဦးမှု အတူသိရမှာ၊
* တစ်ဦးမသိ တစ်ဦးသိ ကပ်ဘိ လွဲနိုင်တာ၊
* ကပ်သူ ခံသူ တူသိမှု ဘယ်မှုမလွဲပါ၊
* မလွဲပါမှ နှစ်ဦးပ ကျိုးရနိုင်လေတာ၊
* ကျိုးရနိုင်ဌာ ကပ်နည်းမှာ သေချာ သင်ကပ်ပါ။

http://www.dhammadownload.com



# လူများ ဝိနည်းတတ်လျှင် ရဟန်းတော်များ အနေခက်တယ်ဆို ဘုရား

(၂၃)

လယ်ယာလုပ်ခြင်း, ကူးသန်းရောင်းဝယ်ခြင်း, ဒွေးကြွယ် လောက်အောင် နွားမွေးခြင်း စသော လူမှုကိစ္စ အဝဝကို စွန့်ခွာ၍ ကျောင်းသင်္ခမ်းသို့ သွားရောက် နေထိုင်ခြင်းကို 'ရဟန်း'ဟု ခေါ်ဆိုပါသည်။

ထိုရဟန်းသည် သာသနာတော်တွင်းသို့ မဝင်ဘဲ 'ရသေ့' ပြုလုပ်ခြင်းနှင့်လည်း ဆိုင်ပါသည်။ သာသနာတော်တွင်းသို့ ဝင်၍ 'ရှင်ရဟန်း' ပြုလုပ်ခြင်းနှင့်လည်း ဆိုင်ပါသည်။ ဤမြို့မူ သာသနာတော်တွင်းသို့ ဝင်၍ 'ရှင်ရဟန်း' ပြုလုပ်ခြင်းဖြင့် ဝိနည်းစည်းကမ်းနှင့် အညီနေသော ရှင်ရဟန်းကိုသာ ဆိုလို ပါသည်။

http://www.dhammadownload.com



ရှင်ရဟန်းအစစ်တို့မှာ လယ်ယာလုပ်ကိုင်ခြင်း, ကူးသန်းရောင်းဝယ်ခြင်း စသော စီးပွားရေး လုပ်ငန်းများကို စွန့်ခဲ့သူများဖြစ်၍ စီးပွားဥစ္စာ မရှိပါ။ ရှင်ရဟန်းတို့မှာ စီးပွားဥစ္စာ မရှိပါမှ ဂုဏ်ရှိပါသည်။

စီးပွားဥစ္စာ မရှိသော ရှင်ရဟန်းတို့၏ ပရိယတ်, ပဋိပတ်နှစ်ရပ်သာသနာတော် ထမ်းဆောင်နိုင်ရေးမှာ လူ ဒကာ ဒကာမများက လှူဒါန်း ထောက်ပံ့နိုင်, ထောက်ပံ့တတ်ပါမှ သာသနာ့တာဝန် ထမ်းဆောင်နိုင်၍ သာသနာတော် သန့်ရှင်း တည်တံ့ပြန့်ပွားပါမည်။

ယင်းသို့ သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရေးအတွက် လူဒကာ ဒကာမများ တတ်သင့်သော ဝိနည်းကို တတ်ရမည် ဖြစ်ပါသည်။ သို့မှသာ ဝိနည်းတော်နှင့် အညီ နေထိုင်ကျင့်သုံးသော ရှင်ရဟန်းများ အနေချောင်၍ ချမ်းသာပါမည်။

ယင်း အနေချောင်, အနေခက်နှင့် ပတ်သက်၍ မိမိကို ဒကာတစ်ယောက်က မေးလျှောက်ဖူး၏။

'အရှင်ဘုရား လူများ ဝိနည်းတတ်ရင် ရဟန်းတော်များ **အနေခက်တယ်ဆို ဘုရား**'

'ခက်တဲ့ရဟန်း ခက်တယ်၊ ချောင်တဲ့ရဟန်း ချောင်ပါတယ်၊ ရဟန်းတော်တိုင်း မခက်ပါဘူး'

'ဘယ်လိုရဟန်း ခက်၍ ဘယ်လိုရဟန်း ချောင်ပါသလဲ

http://www.dhammadownload.com



ဘုရား'

'ဘုရား, တရား, အရိယာ သံဃာတော်များရဲ့ ဂုဏ်သတင်းကို ကြားနာရ၍ ယုံကြည်မှု သဒ္ဓါတရားဖြစ်ကာ အဲဒီ သဒ္ဓါတရားကို အကြောင်းခံပြီး ရဟန်းပြုလာသူကို သဒ္ဓါရဟန်းလို့ ခေါ်ပါတယ်'

အဲဒီ သဒ္ဓါရဟန်းဟာ ရဟန်းပြုပြီးတဲ့ အခါ ဝိနည်းသိက္ခာပုဒ်ကိုလည်း လေးစားတယ်၊ ဆရာသမား, သီတင်းသုံးဖော်များကိုလည်း ရိုသေလေးစားတယ်၊ စေတီတော်, ရုပ်ပွားဆင်းတုတော်ကိုလည်း အလွန် ရိုသေလေးစားတယ်။

ဘာဝနာကမ္မဋ္ဌာန်း အစားစားကိုလည်း ပွားများအားထုတ်တယ်၊ ကိုယ်မှု, နှုတ်မှု, စိတ်မှု ဟူသမျှ၌ အများပြည်သူတို့၏ ကြည်ညိုဖွယ်ကို ဆောင်နိုင်တယ်။

အဲဒီလို သဒ္ဓါရဟန်းတော်များမှာ လူများ ဝိနည်းတတ်ရင် အနေချောင်ပါတယ်၊ အနေမခက်ပါ။

ပြီးတော့ ရှင်တော်မြတ်ဘုရား၏ တရားတော်မြတ်များကို ကျမ်းဂန်စာအုပ်တို့၌ ဖတ်ရှုရ, ပညာရှိ သူတော်ကောင်းများ အထံ၌ ကြားနာရတဲ့ အတွက် ရှင်တော်မြတ်ဘုရား၏ တရားတော်များကို တတ်သိနားလည်လိုသော ဆန္ဒဖြစ်ပေါ် လာကာ ထို တတ်သိနားလည်လိုသော ဆန္ဒကို အကြောင်းခံ၍ ရဟန်းပြုသော သူကို 'ပညာရဟန်း'လို့ ခေါ်ပါတယ်။

http://www.dhammadownload.com



အဲဒီ ပညာရဟန်းဟာ ရဟန်းပြုပြီးသောအခါ စာပေ ကျမ်းဂန် သင်ယူမှုကိုသာ ဂရုစိုက်ပါတယ်။ အခြား ကိစ္စတို့၌ သဒ္ဓါရဟန်းကဲ့သို့ ကြည်ညိုဖွယ်ကောင်းအောင် ဂရုစိုက်လေ့ မရှိပါ၊ အများနဲ့ မဆန့်ကျင်ရုံ ဝတ်ကျေတမ်းကျေသာ ပြုလေ့ ရှိပါတယ်။

သို့သော် အဲဒီ ပညာရဟန်းသည် အစစ်အမှန် ကျမ်းဂန် ပိဋကတ်ကို တတ်သိသောအခါ သဒ္ဓါတရား ဆိုင်ရာကိုလည်း ပြုတတ်ရကား သဒ္ဓါ, ပညာ နှစ်ပါးစုံသော ရဟန်းမြတ် ဖြစ်နိုင် ပါတယ်။ အဲဒီလို သဒ္ဓါ, ပညာ ရဟန်းတော်တို့အတွက်လည်း လူများ ဝိနည်းတတ်လို့ အနေမခက်ပါ၊ အနေချောင်ပါတယ်။

ပြီးတော့ ရာဇဝတ်မှု မကင်းသော အပြစ် တစ်စုံတစ်ခု ပြုမိ၍ မင်းဘေးကို ရှောင်လိုသောကြောင့် ရဟန်းဘဝသို့ ဝင်ရောက် ပုန်းလျှိုးနေသူကို လည်းကောင်း၊ စားရေး, ဝတ်ရေး, နေရေး မချောင်လည်၍ ငတ်မွတ်ခေါင်းပါးမည့် ဘေးကို ရှောင် လိုသောကြောင့် ရဟန်းဘောင်သို့ ဝင်ရောက်သော သူကို လည်း ကောင်း 'ဘယာရဟန်း'လို့ ခေါ်ပါတယ်။

အဲဒီ ဘယာရဟန်းမျိုးကား ဆရာကောင်း, သမားကောင်း တို့ အထံ၌ မနေလိုသောကြောင့် ကြည်ညိုဖွယ်ဆောင်နိုင်သော ပုဂ္ဂိုလ်မဖြစ်ဘဲ သာသနာတော်၏ အသရေကို ဖျက်ဆီးနေသော ပုဂ္ဂိုလ်သာ ဖြစ်ပါတယ်။

http://www.dhammadownload.com



အဲဒီလို ဘယာရဟန်းမျိုးတို့ အတွက် လူများ ဝိနည်းတရားတတ်က အနေခက်ပါတယ်၊ အနေခက်၍ လူထွက်သွားရင် သူတို့အတွက်လည်း အကျိုးရှိပါတယ်၊ သာသနာတော်လည်း အသရေ မပျက်ပါ။

အနေခက်၍ အနေချောင်အောင် လုပ်လေ ဝိနည်းတတ်သူလူဒကာ ဒကာမများက မကြည်ညိုလေ, သူတို့က ပိုဆိုးလေ, သာသနာတော် အသရေပျက်လေ, သူတို့အနေခက်လေ, သေကအပါယ်ကျလေ ဖြစ်ပါတယ်။

ပြီးတော့ ယခုခေတ်ဂယ် ကျောင်းသားဘဝမှ သာမဏေဘဝ ရောက်လာကာ သာမဏေဘဝ၌ အပယ်ကြာအောင် နေပြီးမှ အသက် ၂၀–ပြည့်ရင် ရဟန်းပြုရိုး ဖြစ်သော မိရိုးဖလာအတိုင်း ရဟန်းပြုလာသော ပုဂ္ဂိုလ်ကို 'မိရိုးဖလာ ရဟန်း'လို့ခေါ်ပါတယ်။

ယခုခေတ်မှာ အဲဒီလို ရဟန်းများသာ များပါတယ်၊ အဲဒီရဟန်းမျိုးသည် ဆရာကောင်း, သမားကောင်းနဲ့ အတူ နေရ၍ဆရာကောင်း, သမားကောင်းတို့ရဲ့ ဩဝါဒအတိုင်း နေထိုင်ရင်ဆရာသမား ကောင်းသလောက် ပုဂ္ဂိုလ်ကောင်း ဖြစ်နိုင်ပါတယ်။

ပညာတတ်လာတဲ့အခါ တတ်ထားတဲ့ ပညာအလျောက်သဒ္ဓါတရားလည်း ပေါ်ပေါက် လာတတ်သောကြောင့် သဒ္ဓါ,

http://www.dhammadownload.com



ပညာ အစုံပါသော 'သဒ္ဓါပညာရဟန်း' သာသနာ့ဝန်ဆောင် သူတော်ကောင်းလည်း ဖြစ်နိုင်ပါတယ်။

အဲဒီလို သဒ္ဓါ, ပညာ ရဟန်းများ အတွက်လည်း လူများ ဝိနည်းတတ်၍ အနေမခက်ပါ၊ အနေချောင်ပါတယ်။

သို့မဟုတ်ဘဲ ခုနက မိရိုးဖလာ ရဟန်းတော်ဟာ ဆရာ သမားကောင်းတို့နဲ့ အတူမနေရရင် လည်းကောင်း၊ အတူနေရ သော်လည်းဆရာသမားကောင်းတို့၏ ဩဝါဒကို မနာယူလျှင် လည်းကောင်း၊ ပိဋကတ်ပညာ တတ်ပါသော်လည်း ဝိနည်း တရားတော်အတိုင်း မနေလျှင် လည်းကောင်း၊ သာသနာ့ တာဝန်ကို ထမ်းဆောင်နိုင်သော ပုဂ္ဂိုလ် မဖြစ်တော့ဘဲ သာသ နာ့တာဝန်ကြီးကို ဖိစီးသော သာသနာ့ ဝန်စီး, သာသနာ့ ဝန်ထုပ် ကြီးသာ ဖြစ်ပါတော့တယ်။

အဲဒီလို သာသနာ့ ဝန်စီး, ဝန်ထုပ်ကြီးအတွက် ဝိနည်း တတ် ဒကာ ဒကာမများ မကြည်ညိုသဖြင့် ဖြစ်သလို အသက် မွေးရ၍ အနေခက်ပါတယ်။

ပြီးတော့ 'ဒု' ခဲခဲယဉ်းယဉ်း၊ 'လဘ' ရအပ်သော အရာ၊ လွယ်လွယ်ကူကူနဲ့ မရဘဲ အလွန်ခဲယဉ်းစွာ တွေ့ရ, ကြုံရသော အဖြစ်ကို 'ဒုလ္လဘရဟန်း'လို့ ခေါ်ပါတယ်။

ယခုခေတ်ဝယ် သာသနာတော်၌ ကြာရှည်စွာ နေထိုင်ဖို့ မရည်ရွယ်ဘဲ ရခဲသော ရဟန်းအဖြစ်ကို ရအောင်ဟု ရည်းမှန်း

http://www.dhammadownload.com



သော ဒုလ္လဘရဟန်းတစ်မျိုး ရှိပါတယ်။

အဲဒီ ဒုလ္လဘ ရဟန်းမျိုးသည်လည်း ဆရာသမားကောင်းတို့နဲ့အတူနေရ၍ ဆရာသမားကောင်းတို့၏နည်းကို ခံယူကာ ကောင်းစွာ ကျင့်နိုင်ပါမှ ရဟန်းအဖြစ် ရကျိုးနပ်ပါတယ်။

ဆရာသမားကောင်းတို့ အထံ နည်းခံ၍ မနေရဘဲ ထုံးစံအတိုင်း ရဟန်းပြုပြီးနောက် ထိုထိုဤဤ လှည့်လည် သွားလာ၍နေသော ပုဂ္ဂိုလ်အတွက် အာပတ် အပြစ်တွေ အမျိုးမျိုး သင့်နေသည်သာ ဖြစ်သောကြောင့် 'ဖွပ်သည့်အတွက် ညစ် ဆိုသကဲ့သို့ အကျိုးကြီးရန် ဒုလ္လဘ ရဟန်းပြုသည့် အတွက် အာပတ်အပြစ် အညစ်အကြေးတွေ ညစ်ပေလာဖွယ် ရှိပါတယ်။

အဲဒီလို အာပတ်, အပြစ်, အညစ်အကြေးတွေ ညစ်ပေနေတဲ့ ရဟန်းတွေကို ဝိနည်းတတ် လူဒကာ ဒကာမများက မရိုသေ, မလေးစား, မဆည်းကပ်, မလှူဒါန်းတဲ့အတွက် အနေခက်ပါတယ်။

အာပတ်, အပြစ်, အညစ်အကြေး ကင်းရှင်းစွာ ဝိနည်းတရားနဲ့ အညီနေသော ဒုလ္လဘ ရဟန်းများအတွက် ဝိနည်းတတ်ဒကာ ဒကာမများက ကြည်ညို တတ်၍ ကြည်ညိုဆည်းကပ် လှူဒါန်းသဖြင့် အနေမခက်ပါ၊ အနေချောင်ပါတယ်၊ ကဲ . . . ဒီလောက်ဆိုရင် ပြည့်စုံပါပြီ'

'မှန်ပါ၊ ဒီလိုဆိုတော့လည်း အနေခက်, အနေချောင်ဟာ

http://www.dhammadownload.com



အနေအထိုင်နဲ့သာ သက်ဆိုင်ပါတယ်လို့ ပြောရမယ်ပေါ့ ဘုရား'

'အင်းပေါ့'

* လူဒကာများ, ဝိနည်းတရား, တတ်ထားရပေမည်၊

* ဝိနည်းတတ်ကြောင်း, လူအများ, ဘုရား သာသနာကြည်ညိုသည်၊

* လူကြည်ညိုများ, သာသနာကား ရှည်လျားတည်း လေမည်။ ဝိနည်းတရား, ကြိုးစား သင်ရမည်။ ထို့ကြောင့် လူများ ဝိနည်းတရား၊ ကြိုးစားသင်ရမည်။

http://www.dhammadownload.com



# ဒါယကာ လေးမျိုးကို သိပါရစေဘုရား

## (၂၄)

ရဟန်းသံဃာတော်များ အနေနှင့်လည်း အထူးသိသင့် သိထိုက်၍ လူဒကာ, ဒကာမများ အနေနှင့်လည်း အထူး သိသင့် သိထိုက်သော ဒကာလေးမျိုး ရှိသည်။ ယင်း ဒကာ လေးမျိုးကို ကြားသာ ကြားဖူး၍ ရှင်းလင်းစွာ မသိသူ ဒကာတစ်ယောက်က မိမိအား မေးလျှောက်၏။

'အရှင်ဘုရား ဒါယကာ လေးမျိုးကို သိပါရစေ ဘုရား'

'အင်း. . .ဒကာကြီးရဲ့ အမေးမှ အဖြေရခက်တယ်၊ ဒါယကာ လေးမျိုးက ပြောရရင် လေးမျိုးတွေ အမျိုးမျိုးပဲ၊ ဘယ်လို ဒါယကာ လေးမျိုးလဲ၊ အစ,ကလေး ဖော်ပြဦးမှပေါ့'

'မှန်ပါဘုရား၊ ကပည့်တော် သိချင်ဇောနဲ့ အမေး လောကြီးသွားပါတယ်ဘုရား၊ ဒါယကာ လေးမျိုးက ပေးသာ ပေးကောင်း၍ မတောင်းကောင်းတဲ့ ဒကာ စသည်တို့ပါ ဘုရား'

http://www.dhammadownload.com



'အင်း . . .အင်း . . .ဒါဆိုတော့ လွယ်ပါတယ်၊ ကဲ . . ကဲ . . . မှတ်သားထားပါ . . .

(၁) ပေးသာ ပေးကောင်း၍ မတောင်းကောင်းတဲ့ ဒါယကာ၊

(၂) တောင်းသာ တောင်းကောင်း၍ မပေးကောင်းတဲ့ ဒါယကာ၊

(၃) ပေးလည်း မပေးကောင်း, တောင်းလည်း မတောင်း၊ ကောင်းတဲ့ ဒါယကာ၊

(၄) ပေးလည်းပေးကောင်း, တောင်းလည်း တောင်းကောင်း တဲ့ ဒါယကာ။

ရယ်လို့ သာသနာပြုချင်တဲ့ ဆရာရော၊ သာသနာကို အားပေး ချီးမြှောက်ချင်တဲ့ ဒကာ, ဒကာမတွေပါ ဒီဒကာ လေးမျိုးကို သိထားသင့်ပါတယ်'

'မှန်ပါဘုရား၊ တပည့်တော်လည်း အဲဒီလို ထင်လို့ မေး လျှောက်တာပါ ဘုရား၊ အကျယ်တဝင့် ဆက်ပြီး ရှင်းပြပါဦး ဘုရား'

'ကဲ . . . ရှင်းပြမယ် နားထောင်နော်'

(၁) အဲဒီ လေးမျိုးတို့တွင် ရဟန်းတော်, သံဃာတော် များက ဆွမ်း, ဆေး စသည်တို့ကို ပေးသာ ပေးကောင်း၍ သူတို့ ထံက ဒကာ, ဒကာမတွေထံက မတောင်းကောင်းတဲ့ ဒကာ, ဒကာမတစ်မျိုး ရှိပါတယ်။

http://www.dhammadownload.com



ဘယ်လို ဒကာ, ဒကာမတွေလည်း ဆိုရင် ဖုန်းတောင်းယာစကာ အဖြစ်ဖြင့် တောင်းရမ်းလာသူမျိုးတွေပေါ့၊ သူတို့ကို ပေးသာ ပေးကောင်းပါတယ်၊ သူတို့ထံက မတောင်းကောင်းပါဘူး။

ပြီးတော့ ဆရာသမားထံ အပ်နှံထားတဲ့ ရှင်လောင်းကိုလည်း ပေးသာ ပေးကောင်းပါတယ်၊ သူ့ထံက မတောင်းကောင်းပါဘူး၊ ပြီးတော့ မိမိထံ မှီခိုနေတဲ့ ကျောင်းသားများကိုလည်း ပေးသာ ပေးကောင်းပါတယ်၊ သူတို့ထံက မတောင်းကောင်းပါဘူး။

ပြီးတော့ မိမိကျောင်းသို့ ဧည့်သည် အာဂန္တုအဖြစ်ဖြင့် စားနပ်ရိက္ခာ ပြတ်လပ်ပြီး ရောက်လာသူ ဒကာ, ဒကာမများကိုလည်း ပေးသာ ပေးကောင်းပါတယ်၊ သူတို့ထံက မတောင်း ကောင်းပါ။

ဓားပြ, အကြမ်းဖက် သောင်းကျန်းသူနဲ့ အစိုးရမင်းတို့ကိုလည်း ပေးသာ ပေးကောင်းပါတယ်၊ သူတို့ထံက မတောင်းကောင်းပါ။

အဲ . . . ယခု ပြောခဲ့တဲ့ သူတောင်းစား, ရှင်လောင်း, မိမိကို မှီခိုနေတဲ့ ကျောင်းသား, ဧည့်သည် အာဂန္တု, ဓားပြ, အကြမ်းဖက် သောင်းကျန်းသူနဲ့ အစိုးရမင်းတို့အား မိမိကျောင်း ရောက်လာတဲ့အခါ မိမိပိုင် ဆွမ်း, ဆေး စသည်တို့

http://www.dhammadownload.com



ကို ပေးကောင်းပါတယ်။

ဓားပြနဲ့ အကြမ်းဖက် သောင်းကျန်းသူတို့မှာ ဘေး အန္တရာယ် ပြုတတ်သောကြောင့် သံဃာပိုင်, သံဃိက ပစ္စည်း ကိုပင် ပေးကောင်းပါတယ်။

အဲဒီလို ပေးတဲ့အခါမှာ 'ငါက ဒီပစ္စည်းကို ပေးလိုက်ရင် သူက ပစ္စည်း ပြန်ပေးလိမ့်မယ်' ဆိုတဲ့ မျှော်လင့်ချက် ထားပြီး မပေးရပါ၊ သူတို့ထံမှ သူတို့ပိုင် ပစ္စည်းကို အဃုတ်သဖြင့် ရေကိုမျှ တောင်းပြီး မသောက်ကောင်းပါ။

အဲဒီ စကားကို ထောက်လျှင် အရပ်ထဲမှ, ခေတ္တခဏ ကျောင်းရောက်လာသူ ဒကာ, ဒကာမတွေအား ဆွမ်း, သစ်သီး စသည် မပေးကောင်းဘူးလို့ မှတ်ပါ။

အချို့ ဒကာ, ဒကာမတွေဟာ ကျောင်းဝိုင်းထဲမှာ ရှိတဲ့ ငှက်ပျောသီး, အုန်းသီး စသည်ကို လာ၍ တောင်းတတ်ကြ ပါတယ်၊ အဲဒီလို တောင်းတဲ့အခါ လမမာအတွက် ခတ်စာ ဖြစ်ရင်သာ အနည်းငယ် ပေးကောင်းပါတယ်၊ ခတ်စာ မဟုတ်ဘဲ စားချင်, သောက်ချင်လို့ လာတောင်းရင် မပေး ကောင်းပါဘူး။

အေး . . .တစ်နည်းတော့ ရှိတယ်၊ လာတောင်းပါရက် ကနဲ့ မပေးရင် ကျောင်းကို ရန်ရှာမယ့်သူ ဆိုရင်တော့ သူ့ကို ဓားပြ, သူခိုးလို သဘောထားပြီး ပေးရပါတယ်။

http://www.dhammadownload.com



ဝိနည်းလေးစားတဲ့ ဆရာတော်, သံဃာတော်တွေဟာ ကျောင်းအတွင်း၌ စားပင်, သီးပင်တွေ မစိုက်တာဟာ အဲဒီ အကြောင်းကြောင့်ပဲလို့ မှတ်ပါ။

အဲ့ဒီ အကြောင်းကို မသိတဲ့ ဒကာ, ဒကာမတွေက 'ဘုန်းကြီးတွေ ယူပက္ခန္ဓာပဲတဲ့။ ပေးပက္ခန္ဓာ မဟုတ်ဘူးတဲ့' လို့ ပြောကြပါတယ်။ အမှန်က ဘုန်းကြီးတွေဟာ နေရာတကာမှာ ယူပက္ခန္ဓာ မဟုတ်သလို နေရာတကာမှာ ပေးပက္ခန္ဓာ မဟုတ်ဘူး ဆိုတာ ဒကာလေးမျိုးကို သိသွားရင် သိပါလိမ့်မယ်။

(၂) ရဟန်းတော်တွေက တောင်းသာ တောင်းကောင်း၍ မပေးကောင်းတဲ့ ဒကာ, ဒကာမ ဆိုတာက ဆွေမျိုးတော်စပ်တဲ့ ဒကာ, ဒကာမတွေပေါ့၊ အမိဘက်မှ ဖြစ်ဖြစ်၊ အဖဘက်မှ ဖြစ်ဖြစ် ဆွေမျိုးတော်စပ်တဲ့ ဒကာ, ဒကာမတွေ အထံမှာ တောင်းသာ တောင်းကောင်းပါတယ်၊ သူတို့ကို မပေးကောင်းပါဘူး။

အဲဒီ ဆွေမျိုး တော်တာလည်း သတိထားရသေးတယ်၊ ဥပမာ ဖနီးမောင်နဲ့ နှစ်ယောက် ရှိတယ် ဆိုပါတော့၊ ယောက်ျားကအမျိုး ဖနီးကအမျိုးမဟုတ်ရင် ယောက်ျားထံမှာသာ တောင်းကောင်းပါတယ်၊ ဖနီးထံမှာ မတောင်းကောင်းပါ။

ဆွေမျိုးမတော်စပ်တဲ့ သူစိမ်း ဒကာ ဒကာမတွေ ဖြစ်သော်လည်း 'အလိုရှိတဲ့ ပစ္စည်းလေးပါး အလှူခံတော်မူပါ

http://www.dhammadownload.com



ဘုရား’လို့ ပစ္စည်းလေးပါး ဖိတ်မန်ထားသူတို့ အထံမှာလည်း ရဟန်းတော်တွေနဲ့ အပ်စပ်တဲ့ ဆွမ်း, ဆေး စတဲ့ ပစ္စည်းများကို အလှူခံကောင်းပါတယ်။

အဲဒီ ဆွေမျိုး တော်စပ်သူနဲ့ ပစ္စည်းလေးပါး ဖိတ်ထားသူတို့အား ရဟန်းတော်က ဆွမ်း, ဆေး စသည်တို့ကို မပေးကောင်းပါ။

ဆွေမျိုးတော်စပ်သူ ဒကာ ဒကာမတွေ မကျန်းမမာဖြစ်ရင် သူတို့မှာလည်း ဆေးမရှိဘူးဆိုရင် မိမိမှာ ရှိတဲ့ ဆေးကို ပေးကောင်း ပါတယ်။

ဆွေမျိုးမတော်စပ်ဘဲ ပစ္စည်းလေးပါး ဖိတ်မန်ထားသူ ဒကာ ဒကာမတို့ကိုကား ကျောင်းအနီးမှာ နေ၍ မိမိကိုယ်ကို ပြုစုနေသူ ဖြစ်ရင်သာ ဝေယျာဝစ္စ ပြုသူဖြစ်လို့ ဆွမ်း,ဆေး စသည်ကို ပေးကောင်းပါတယ်။

အဲဒီ ဆွေမျိုးမတော်စပ်ဘဲ ဖိတ်မန်ထားသူတို့၊ သူတို့အိမ်မှာ ရှိနေရင် ရဟန်းတော်က ဆွမ်း, ဆေး စသည် မပေးကောင်းပါ၊ အိမ်မှာ နေခိုက် မကျန်းမာသော်လည်း ဆေး မပေးကောင်းပါ၊ ဆေးနည်းကိုတောင်မှ တိုက်ရိုက် မပြောကြားကောင်းပါ။

အဲဒီ စကားကို ထောက်ကြည့်ရင် ဆွေမျိုး မတော်သော ဒကာ ဒကာမတို့အား ရင်းနှီးရုံမျှ ကျောင်းဒကာ ဒကာမ, ရဟန်း

http://www.dhammadownload.com



ဒကာ ဒကာမ ဖြစ်နေရုံမျှဖြင့် ဆွမ်း, ဆေး စသည် မပေးကောင်းပါ။

အချို့ ဒကာ ဒကာမတွေ လျှောက်ထားတတ်ကြပါတယ်၊ 'တပည့်တော်ကို ဒကာရင်းလို သဘောထားပါ ဘုရား၊ ဒကာမရင်းလို သဘောထားပါ ဘုရား'တဲ့၊ ရင်းတာ, ရင်းတာပဲ ရှိတယ်၊ အဲဒီလို လျှောက်ထားရုံနဲ့ သူတို့ထံမှ ဘာမှ မတောင်းကောင်း အလှူမခံကောင်းပါ။

တကယ်တော့ သာသနာတော်မှာ ရင်းတယ် ဆိုတာ ပစ္စည်းလေးပါး ဖိတ်ထားသူမှ ရင်းရာ ရောက်ပါတယ်၊ ပစ္စည်းလေးပါး မဖိတ်ထားရင် ရင်းရာမရောက်၍ မိမိအတွက် ကုသိုလ်ရေးနဲ့ ပတ်သက်၍ ဘာမျှ မတိုက်တွန်းကောင်း, အလှူမခံကောင်းပါ။

အေး . . . တစ်ခုတော့ ရှိတယ်၊ မတောင်းဘဲလည်း ယူသည်ကို ကျေနပ်မယ့် ဒကာ, ဒကာမ ဖြစ်ရင်တော့ 'အကျွမ်းဝင်သော ယူနည်းဖြင့်' ကိုယ်တိုင်လည်း ယူကောင်းပါတယ်၊ အခြားသူ တစ်ယောက်ယောက်ကိုလည်း 'ယူချေစမ်း'လို့ ခိုင်းကောင်းပါတယ်။

(၃) ပြီးတော့ ပေးလည်း ပေးကောင်း, တောင်းလည်း တောင်းကောင်းတဲ့သူကို ရှင်းကြပါစို့၊ မိမိတို့ ရှင်ရဟန်း အချင်းချင်းဟာ ပေးလည်း ပေးကောင်းပါတယ်, တောင်းလည်း

http://www.dhammadownload.com



တောင်းကောင်း ပါတယ်။ ပြီးတော့ မိဘတွေဟာ သားဖြစ်တဲ့ ရှင်ရဟန်းတို့ အထံမှ သံဃာပိုင် သံဃိက ပစ္စည်း မဟုတ်ဘဲ သားရှင်ရဟန်း ပိုင်ဆိုရင် ဘာပစ္စည်းမဆို တောင်းကောင်းပါတယ်၊ သားရှင်ရဟန်းတွေ ကလည်း သူတို့ပိုင် ပစ္စည်းကို ပေးကောင်းပါတယ်။ အဲဒီလို တောင်းကောင်းပေမယ့် သာသနာတော်နဲ့ စပ်ဆိုင်ရာမှာ အလွန်ရင်းနှီးတဲ့ ဆွေမျိုးဖြစ်နေတဲ့ မယ်တော်, ခမည်းတော်တို့ဟာ မိမိတို့မှာ စားရေး, သောက်ရေး, ပြည့်စုံနေပါရင် မိမိတို့ကသာ လှူဒါန်းသင့်ပါတယ်၊ အခြားသူတို့က သဒ္ဓါတရားဖြင့် လှူဒါန်းထားတဲ့ ပစ္စည်းကို မတတ်သာမှသာ တောင်းယူသင့်ပါတယ်။

သားဖြစ်တဲ့ ရှင်ရဟန်းတွေကလည်း အခြား သူတို့က သဒ္ဓါ တရားဖြင့် လှူဒါန်းထားတဲ့ ပစ္စည်းကို မိဘပင်ဖြစ်သော်လဲ စားရုံ, သောက်ရုံထက် ပို၍ စီးပွားဖြစ် မပေးသင့်ပါ။

မိဘမှတစ်ပါး ဆွေမျိုး တော်စပ်ရုံမျှနဲ့ မပေးကောင်းပါ။

(၄) ပြီးတော့ ပေးလည်း မပေးကောင်း, တောင်းလည်း မတောင်းကောင်းသူ ဒကာ ဒကာမ ဆိုတာ အမိဘက် အဖဘက် တစ်ဖက်ဖက်မှ ဆွေမျိုးမတော်သူ, ပစ္စည်းလေးပါး ဖိတ်မထားသူ သူစိမ်း, သူတောင်းစား မဟုတ်တဲ့ ဒကာ ဒကာမ၊ ရိက္ခာမပါဘဲ ကျောင်းသို့ ရောက်လာတဲ့ ဧည့်သည် မဟုတ်သူ၊ ဓားပြ, အစိုးရမင်း မဟုတ်သူတွေပါပဲ။ အခု ပြောခဲ့တဲ့ ဒကာ

http://www.dhammadownload.com



ဒကာမတွေ အထံက ပစ္စည်း လို ချင်ရင် သူတို့ အနီးအပါးသို့ သို့မဟုတ် သူတို့အိမ်သို့ သွား၍ ရပ်ရမယ်၊ အဲဒီလို ရပ်တဲ့အခါ 'ဘာကို အလိုရှိပါသလဲ'ဟု မေးလျှောက်မှ မိမိ အလိုရှိရာကို ပြောနိုင်ပါတယ်။ အဲဒီလို မိမိအလိုရှိရာ ပြောလို့ ဟိုက 'မတတ်နိုင်သေးပါ' လို့ လျှောက်ထားရင် နောက်ထပ် တရားစကား ပြောဟော မနေ ရပါ၊ နောက်ထပ် တရားစကား ပြောဟော မှုရလျှင် အဲဒီပစ္စည်း ကို မသုံးဆောင် အပ်တော့ပါ။ အဲဒီ ရှင်ရဟန်းသာ မဟုတ်ပါ၊ အခြား ရှင်ရဟန်းတွေပါ မသုံးဆောင် အပ်တော့ပါ'

'အရှင်ဘုရား မလွယ်ပါလား ဘုရား'

'အေး . . . မလွယ်တာကို လွယ်အောင်ဆိုတာ ဒကာ ဆရာ နှစ်ဦးနှစ်ဖက် သိအောင်လုပ်ပြီး သိတဲ့ အတိုင်း ကျင့်ရင် လွယ်ပါတယ်၊ လွယ်အောင်ကျင့်ပါ'

'မှန်ပါ ဘုရား'

* ဆရာဆိုတာ, လှူဒကာ, အပ်တာ မအပ် သိရမည်၊
* ဒကာမသိ, အာပတ်ထိ, ရောက်ဘိ' အပါယ်ပြည်၊
* ဒကာဆိုတာ, ကိုယ့်ဆရာ, အပ်ငှာ ဖိတ်ရမည်၊
* မဖိတ်လေက, မလှူရ, ကျိုးမှ နည်းလေမည်။

http://www.dhammadownload.com



## အပြစ်အတွက် ရတက်မအေး၍ မေးလျှောက်ပါသည် ဘုရား

(၂၅)

'လိင်္ဂ' ဆိုတဲ့ ပါဠိကို 'လိင်' ဟူ၍ ခေါ်ဆို သုံးစွဲကြသည်၊ 'လိင်္ဂ=လိင်' ဆိုသည်မှာ 'အသွင်အပြင်' ကို ခေါ်ဆိုသည်၊ ထိုအသွင်အပြင် "လိင်္ဂ'=လိင်'သည် . . .

(၁) ဂဟဋ္ဌ'လိင်္ဂ' = လူအသွင်

(၂) ပဗ္ဗဇ္ဇ'လိင်္ဂ' = ရှင်သာမဏေအသွင်။

ဟူ၍ နှစ်မျိုးရှိ၏။

ထိုနှစ်မျိုးတို့တွင် လူ့အသွင်မှ တစ်ဆင့် ရှင်သာမဏေ အသွင်သို့ ပြောင်းလာကြသည်။

ထိုရှင် (သာမဏေ အသွင်သို့ ပြောင်းလာသော ရှင် သာမဏေသည် သူ့ အသက်သတ်ခြင်း စသော ၁၀–ပါးတို့တွင် တစ်ပါးပါးကို ကျူးလွန်လျှင် ယင်းသာမဏေအား နောင် မ

http://www.dhammadownload.com



စောင့်စည်းက သာမဏေအသွင်၌ မတည်နိုင်ဘဲ လူ့အသွင်သို့ လျှောကျသည်ကို 'လိင်'ကျသည် ဟု ဆိုပါသည်။

ယင်းကဲ့သို့ လိင်မကျဘဲ သာသနာတော်၌ မပျော်မွေ့၍ လူထွက်သည့် သာမဏေများကို သာမဏေ အသွင်မှ မူလ လူ့အသွင်သို့ ပြန်ယူသဖြင့် 'ရှင်လိင်ပြန်သည်'ဟု ခေါ်ဆို ကြပါသည်။

ယင်းသို့ လိင်ကျသည်, မကျသည်, ရှင်လိင်ပြန်သည် စသည်တို့ကို မသိ နားမလည်သော ကိုရင်တစ်ပါးက မိမိ ထံသို့ အမေးပုစ္ဆာ ပြဿနာ မေးလာပါသည်။

သို့ . . .

ဆရာတော် ဘုရား။

ဘုရားတပည့်တော် စာအားဖြင့် ရှိသေစွာ လျှောက်ထားပါသည်ဘုရား၊ ဘုရားတပည့်တော်သည် ဆရာတော်ဘုရား ရေးသားတဲ့ ဗုဒ္ဓဓမ္မ ပြဿနာများ စသော စာအုပ်များကို အခွင့်ရတိုင်း ဖတ်ရှုနေသည့် စာဖတ်ပရိသတ် တစ်ဦးပါ ဘုရား။

စာသင်နေဆဲ ရှင်သာမဏေ တစ်ပါးဖြစ်လို့ အလုံးစုံတော့ မလေ့လာနိုင်သေးပါ ဘုရား၊ မြို့တစ်မြို့မှာ အငယ်တန်းအောင်ပြီး ကျန်းမာရေး မကောင်းတာနဲ့

http://www.dhammadownload.com



အလတ်တန်းကို ဆက်မဖြေသေးဘဲ မိမိနေရပ် ကျောင်းမှာ ပြန်ပြီး နားနေပါသည် ဘုရား။

ဘုရားတပည့်တော် အဓိက လျှောက်ထားရန် အကြောင်းမှာ မိမိအရပ် ကျောင်းမှာ ပြန်နေခိုက် ဆရာဘုန်းတော်ကြီး ခရီးသွားနေသော အချိန်မှာ ကျောင်းခြံ စည်းရိုးဝါးရုံ၌ ပြေးလွှားနေသော ရှဉ့်ကလေးတစ်ကောင်ကို လှောင်ပြောင်သလို လေးနဲ့ ပစ်လိုက်ရာ တကယ်ထိမှန်ပြီး အောက်ကျလာခိုက် ခွေးကိုက်တာနဲ့ သေသွားပါတယ် ဘုရား။

တပည့်တော်၏ လုံ့လ ပယောဂ ပါတယ်လို့ သဘောပေါက်သော်လည်း သရဏဂုံ ပြန်ပြီးယူရန် ဆရာဘုန်းတော်ကြီး မရှိသဖြင့် လည်းကောင်း၊ ဦးပဉ္ဇင်း တစ်ပါးရှိသော်လည်း သရဏဂုံ ကောင်းမွန်စွာ ပေးတတ်ဟန်မတူတာနဲ့ မယူဘဲ ဦးပဉ္ဇင်း ကိုရင်များနဲ့ အတူနေခဲ့မိပါသည် ဘုရား၊ တစ်ပတ်လောက် ကြာမှ အာဂန္တု ဘုန်းကြီးတစ်ပါး ကြွလာတာနဲ့ သရဏဂုံ သီလ ပြန်ယူလိုက်ပါသည် ဘုရား။

ဘုရားတပည့်တော်၏ ပြုမှုမှုမှာ သူ့အသက်သတ်မှု ပါဏာတိပါတကံ မြောက်သွားပါသလား၊ ဘုရား၊ ကျောင်းရှိ ဦးပဉ္ဇင်း ကိုရင်များနဲ့ အတူနေမိသည့်

http://www.dhammadownload.com



အတွက် ဘုရားတပည့်တော်မှာ ရှင့်အသွင် ခိုးရာရောက် သွားပါသလား ဘုရား။

အဲဒီ အကြောင်းများကို သိပ်ပြီး နားမလည်တာ အမှန်ပါ ဘုရား၊ ဘုရားတပည့်တော်မှာ ပြုမိသည့် **အပြစ်အတွက် ရတက်မအေး၍ မေးလျှောက်ရပါသည် ဘုရား။**

ဖော်ပြပါ အပြစ်များကို ကျောင်းဌ် ဘုန်းတော်ကြီး ကို မေးလျှောက်လိုပါသော်လည်း စာပေမကျွမ်းကျင်၍ မေးလျှောက်လျှင် ပညာစမ်းရာ ရောက်မှာ စိုး၍ မမေးရဲဘဲ ဆရာတော်ဘုရားထံ မေးလျှောက်ရပါသည် ဘုရား။

ဘုရားတပည့်တော်အား အစဉ်သနားသော အားဖြင့် မေတ္တာ ရှေ့ထားပြီး အဲဒီ အကြောင်းများကို ရှင်းလင်းစွာ အမိန့်ရှိပါရန် ရိုသေစွာ လျှောက်ထားအပ်ပါသည် ဘုရား။

ဆရာတော်နှင့် တကွ ကျောင်းရှိ ရဟန်းအားလုံးတို့ ကျမ်းမာချမ်းသာတော် မူကြပါစေ။

( . . . )

http://www.dhammadownload.com



သို့

( . . . )

ပြန်ကြား သိစေအပ်ပါသည်။

ကိုရင်ရဲ့ စာကို ဖတ်ရတော့ ကိုရင်ရဲ့ သူတော်ကောင်း စိတ်ဓာတ်ကို ကြည်ညို ဝမ်းသာမိပါသည်။ အပြစ်ပြုမိသူ အများသူတို့သည် အပြစ်ကို ဖုံးလွှမ်း တတ်ကြပါသည်။

ကိုရင်ကတော့ မိမိအပြစ်ကို မဖုံးလွှမ်းဘဲ အပြစ်ကို အပြစ် အားလျော်စွာ သိတယ်၊ ပူပန်တယ်၊ ကုစားချင်တယ်၊ ကုစားတယ် ဆိုတော့ သူတော်ကောင်းစိတ် ရှိတယ်လို့ ကြည်ညိုမိတာ အမှန်ပါ။

ဒါပေမယ့် အပြစ် မဟုတ်သည်ကို အပြစ်ဟု ပူပန်ခြင်းဟာ မကောင်းသလို အပြစ် ဟုတ်သည်ကို အပြစ် မဟုတ်ဟု ယူဆပြီး မပူပန် မကုစားခြင်းလည်း မကောင်းပါ၊ အပြစ်ကို အပြစ်အားလျော်စွာ သိပြီး ကုစားခြင်းဟာ သူတော်ကောင်းတို့၏ သူတော်ကောင်းစိတ်ဓာတ်ပါ။

ဒီနေရာမှာ ကိုရင့်အတွက် ဦးစွာ သိထားဖို့ရာ သူ့ အသက်သတ်ခြင်း, ပါဏာတိပါတကံကို ရှင်းပြပါမယ်၊ သူ့ အသက်သတ်ခြင်း ပါဏာတိပါတ ကံ၌ ကိုရင့်အဖို့

http://www.dhammadownload.com



လိင်ကျနိုင်သည့် အင်္ဂါတို့မှာ . . .

(၁) သက်ရှိသတ္တဝါ ဖြစ်ခြင်း၊

(၂) သက်ရှိသတ္တဝါဟူသော အမှတ်ရှိခြင်း၊

(၃) သတ်လို, သေစေလိုသော စိတ်ရှိခြင်း၊

(၄) သတ်ခြင်းငှာ လုံ့လပြုခြင်း၊

(၅) ထိုလုံ့လဖြင့် သေခြင်း၊

အားဖြင့် အင်္ဂါ ငါးပါးလုံး ပြည့်စုံမှ သူ့အသက် သတ်ခြင်း ပါဏာတိပါတကံ မြောက်၍ ကိုရင် လိင်ကျပါတယ်၊ ဥပမာ သေအောင်ရိုက်လိုက်ရာ မသေလျှင် ၅-နံပါတ် ထိုလုံ့လဖြင့် သေခြင်းဆိုတဲ့ အင်္ဂါ ချို့တဲ့၍ လိင်မကျပါ။

အခုလည်း ကိုရင့်မှာ သတ်လို သေစေလိုသော စိတ်ရှိ ခြင်းဆိုတဲ့ ၃-နံပါတ် အင်္ဂါချို့တဲ့၍ လိင်မကျပါ၊ လိင် မကျတဲ့အတွက် ကိုရင့်မှာ အသွင်ခိုးရာလည်း မကျ ရောက်ပါ။

အကယ်၍ သူ့အသက် သတ်ခြင်း စသည်ဖြင့် လိင်ကျသွားတဲ့ကိုရင်ဟာ လိင်ကျသော ခဏ၌ သရဏဂုံ ယူခြင်း, ဥပဇ္ဈာယ်ယူခြင်း, ဝါတွင်းနေရန် ဝါစဉ်ဖြင့် ကျောင်းနေရာယူခြင်းတို့ကို ပျက်ကြပါတယ်။

သီတင်းကျွတ်သော အခါ သံဃိက ဝါဆိုသင်္ကန်း လာဘ်လာဘများ မရထိုက်ပါ၊ သာမဏေ အသွင် တစ်ခု

http://www.dhammadownload.com



သာ ကျန်ပါတယ်၊ အပြစ်များ၍ မစောင့်စည်းမှု နှင်ထုတ် အပ်ပါတယ်။

စောင့်စည်းမှု အဝတ်မလဲဘဲ သရဏဂုံ, ဥပုဒ်ချွေ ပြန်ပေးအပ်ပါတယ်၊ အဲဒါကြောင့် ကိုရင့်မှာ အကယ်၍ လိင်ကျသွားဦးတော့ စောင့်စည်းမှု ရှိနေတဲ့ အတွက် အသွင်ခိုး မဖြစ်နိုင်ပါ။

ယခု သရဏဂုံယူခြင်း, ဥပုဒ်ချွေ ယူခြင်းများ လည်း ပြုပြီးဖြစ်၍ နောက်ကို အဲဒီကဲ့သို့ မဖြစ်အောင် အတတ်နိုင်ဆုံး ကျင့်ကြံ အားထုတ် နေပါလို့ တိုက်တွန်း လိုက်ပါတယ်။

ဓမ္မဒူတ အရှင်ပညာဇောတ

* အပြစ်ဆိုက, နည်းငယ်မျှ, ရှိက ကြောက်စရာ၊
* အပြစ်ငယ်လည်း, ပါယ်ငရဲ, ချမြဲသေသေချာ၊
* အပြစ်ဆိုလျှင်, ဝေးကပင်, ရှောင်ကြဉ်မပြုရာ၊
* အပြစ်ဖြစ်လျှင်, နောင်တဝင်, ပါယ်ခွင် ရောက်လေမှာ၊
* ပါယ်ခွင်ကြောက်က, ပြစ်ကင်းပ, စောင့်ကြ သေသေချာ။

http://www.dhammadownload.com



# ပါရာဇိကကျသော ရဟန်းထံ၌ ရှင်သာမဏေပြုလို့ ရှင်သာမဏေ ဖြစ်နိုင်ပါမည်လား ဘုရား

(၂၅)

ရှင်တော်မြတ် ဘုရား ဟောကြားတော်မူခဲ့သော နိကာယ် ငါးရပ် ပိဋကတ်သုံးပုံမှာ ကျယ်ဝန်းလှ၏၊ များပြားလှ၏၊ အားလုံးကို ခြုံမိ, ငုံမိအောင်သိနိုင်ဖို့ရာ မလွယ်ကူလှပါ။

ယင်း တရားတော်တို့ကို ဓမ္မက္ခန္ဓာဖြင့် ရေတွက်ပြရသော် ဝိနည်းပိဋကတ်၌ ဓမ္မက္ခန္ဓာ -၂၁၀၀၀ ရှိပါသည်၊ သုတ္တန်ပိဋကတ်၌ ဓမ္မခန္ဓာ -၂၁၀၀၀ ရှိပါသည်၊ အဘိဓမ္မာ ပိဋကတ်၌ ဓမ္မက္ခန္ဓာ ၄၂၀၀၀ ရှိပါသည်၊ ဤသို့ ဗုဒ္ဓတရားတော်တို့သည် ကျယ်ဝန်း များပြားလှပါ၏။

ယင်းမျှ များပြားလှသော ဓမ္မက္ခန္ဓာတို့မှ သိစရာတို့ကို အကုန်အစင် သိရန်မှာ မလွယ်ကူလှပါ၊ သိစရာတွေကား

http://www.dhammadownload.com



များပြားလှပါ၏၊ မသိလို့လည်း မဖြစ်ပါ၊ သိသင့်, သိထိုက်သည်တို့ကို သိရမည်သာ ဖြစ်ပါသည်။

မိမိသည် ယင်း ဓမ္မကထာတို့မှ သိသင့်, သိထိုက်သော ပြဿနာများကို မေးလာသူတို့အား သံသယ ရှင်းသွားအောင် အတတ်နိုင်ဆုံး ရှာဖွေဆည်းပူး၍ ဖြေကြားကာ ယင်းအမေးအဖြေများကို စာပေအဖြစ် မှတ်တမ်းတင်ကာ စာပေရေးသားလျက်ရှိသည်ကို သိသူများက တစ်ဖန်မေးကြပြန်သည်။

ယင်းသို့ မေးရာ၌ နှစ်မျိုးနှစ်စားရှိပါသည်။ မိမိကိုယ်တိုင် မသိ၍ သိချင်သဖြင့် မေးသူတစ်ဦးနှင့် မိမိ သိပါလျက် အများအတွက် သိအောင်စာပေအဖြစ် မှတ်တမ်းတင်စေချင်၍ မေးသူတစ်ဦး ဟူ၍ နှစ်မျိုး နှစ်စား ရှိပါသည်။

ယင်း နှစ်မျိုး နှစ်စားတွင် ယခု ပြဿနာကို မေးလာသူမှာ ဒုတိယ အမျိုးအစားထဲက ဖြစ်ပါသည်၊ မိမိ တရားပြနေရာ တရားပြဌာနသို့ အသွင်အပြင် အချိုးစားနားကျသော ပြေပြစ်သိမ်မွေ့သော ရဟန်းတော် တစ်ပါး ကြွလာသည်၊ ရှိခိုးဦးချကာ မိတ်ဆက်စကား ဝမ်းသာစကား လျှောက်ထားပြီး ပြဿနာကို စတင်လေ၏။

'အရှင်ဘုရား . . . တပည့်တော် သိပြီးသော်လည်း အများသိစေရန်အတွက် စာပေအဖြစ် မှတ်တမ်းတင်စေချင်လို့ မှတ်တမ်းတင်ထိုက်သော ဝိနည်းနဲ့ ပတ်သက်တဲ့ အချက်တွေ မေး

http://www.dhammadownload.com



ပါရစေဘုရား'

'အင်း . . .စာပေအဖြစ် မှတ်တမ်း တင်တာကတော့ လွယ်ပါတယ်၊ မေးဖြေပြီး မှတ်တမ်း တင်ရုံပေါ့'

'အရှင်ဘုရားအတွက် မလွယ်တာများ ရှိပါသေးသလား ဘုရား'

'ဟာ . . . မလွယ်တာတွေ အများကြီး ရှိပါတယ်'

'ဘာတွေ မလွယ်ပါသလဲ ဘုရား'

'ဘာတွေ မလွယ်ပါလဲ ဆိုရင် အရှင်ဘုရား မေးမယ့် ဝိနည်းနဲ့ ပတ်သက်တဲ့ အရေးကြီးတဲ့ အချက်တွေက မလွယ်ဘူး ထင်တယ်၊ တပည့်တော် အကုန်ဖြေနိုင်ပါ့မလား'

'ဖြေနိုင်ပါတယ် ဘုရား'

'ကဲ . . . မေးစမ်းပါဦး၊ ဘယ်လို အရေးကြီးတဲ့ အချက်က စ,ပြီး မေးလို့ ဘယ်လို ဖြေရမလဲ'

'အရှင်ဘုရား . . . အသက်–၂၀ မပြည့်သေးတဲ့ ရဟန်းလောင်းကို အသက် ၂၀–ပြည့်ပြီ ဟူသော အမှတ်သညာဖြင့် ရဟန်းခံ ပေးခဲ့မိပါရင် အဲဒီ ရဟန်းလောင်း ရဟန်း ဖြစ်ပါ့မလား ဘုရား'

'အင်း . . . အသက် ၂၀–ပြည့်ပြီဟု အမှတ်သညာ ရှိပါသော်လဲ အသက် ၂၀–မပြည့်သေးသော ရဟန်းလောင်း ဖြစ်သောကြောင့် ရဟန်း မဖြစ်ဘူးလို့ ပါစိတ် အဋ္ဌကထာ ဋီကာဝိသ

http://www.dhammadownload.com



တိဝဿ သိက္ခာပုဒ် အဖွင့်မှာ ဆိုထားပါတယ် ဘုရား'

'ဒါဖြင့် အရှင်ဘုရား အသက် ၂၀–မပြည့်သော ရဟန်းလောင်းကို ပဉ္စင်းခံပေးသော ဆရာတွေမှာရော အာပတ်သင့်ပါသေးသလား ဘုရား'

'အင်း . . . ရဟန်းလောင်း ပဉ္စင်း မဖြစ်ရုံဘဲ ရှိပါတယ်၊ ဆရာတွေမှာတော့ အာပတ် မသင့်ပါဘူး'

'ဒါဖြင့် အရှင်ဘုရား. . . အဲဒီ အသက် ၂၀– မပြည့်ဘဲနဲ့ အသက် ၂၀–ပြည့်တယ် အမှတ်သညာနဲ့ ရဟန်းခံလိုက်တဲ့ ရဟန်းလောင်းက ရဟန်းမဖြစ်ပါဘဲနဲ့ သူ့ကိုယ်သူ ရဟန်း ဖြစ်တယ်ထင်ပြီး ရဟန်းဟူသော အမှတ်သညာနဲ့ ရဟန်းဘဝမှာ ဆက်လက် နေထိုင်ပါရင် အပြစ်ရှိမယ် မဟုတ်ပါ လား ဘုရား'

'အင်း . . . သူ့ကိုယ်သူ ရဟန်းခံ၍ ရဟန်းဖြစ်တယ်ဆိုတဲ့ အမှတ်သညာနဲ့ နေရင် အပြစ် မရှိပါဘူး'

'ဟုတ်ပါတယ်၊ အဲဒီ ပါစိတ် အဋ္ဌကထာမှာပဲ ပြပါတယ်၊ ဘယ်လိုပြလဲဆိုတော့ အသက် ၂၀–မပြည့်သေးသော ရဟန်းလောင်းသည် အသက် ၂၀–ပြည့်ပြီ ဟူသော အမှတ်သညာဖြင့် ရဟန်းခံရာ မသိသေးသမျှ ကာလပတ်လုံး အဲဒီရဟန်းအား နတ်ပြည်ရောက်မည်ကို တားမြစ်မည့် 'မဂ္ဂန္တရာယ်' မဖြစ်ဘူးလို့ ပြပါတယ်။

အဲ . . . အသက် ၂၀– မပြည့်ဘဲနဲ့ ရဟန်းခံမိပါလားလို့

http://www.dhammadownload.com



သိရင်တော့ ပြန်ပြီး ရဟန်းခံရပါမယ်၊ ရဟန်းမခံရင် အပြစ်ရှိပါတယ်'

'ရှင်းပါပြီ ဘုရား၊ နောက်တစ်ခု ဆက်ပြီး မေးပါရစေဦး ဘုရား၊ အဲဒီ အသက် ၂၀-မပြည့်ပါဘဲလျက် အသက် ၂၀ပြည့်ပြီဟူသော အမှတ်သညာဖြင့် ရဟန်းခံ၍နေတဲ့ ရဟန်းတော်ဟာ ၁၀-ဝါရတဲ့အခါ တပည့် ရဟန်းလောင်းကို ဥပဇ္ဈာယ် ဆရာပြုပြီး ရဟန်းခံပေးရင် အဲဒီ တပည့်ရဟန်း ရဟန်းဖြစ်ပါ့မလား ဘုရား

'အင်း. . .အဲဒီ ရဟန်းမဖြစ်ဘဲ ရဟန်းဖြစ်တယ်လို့ ထင်မှတ်နေတဲ့ ဥပဇ္ဈာယ်ဆရာ ရဟန်းတော်ကို ဖယ်ထားပြီး ရဟန်းခံတဲ့ သံဃာအရေအတွက် ပြည့်ရင် တပည့်ရဟန်းဟာ ရဟန်းဖြစ်ပါတယ်၊ ရဟန်းခံတဲ့ သံဃာအရေအတွက် မပြည့်ရင် တပည့်ရဟန်းဟာ ရဟန်း မဖြစ်ပါဘူး။

'ဒီလိုဆိုရင် ရဟန်းခံတဲ့ အခါမှာ ကံပြည့်ရုံတင် မကဘဲ သံဃာပိုမို ပါဝင်စေခြင်းဟာ အပြစ်ကင်း၍ သန့်ရှင်းအောင် မြင်ခြင်း အကျိုးရှိတယ်ပေါ့ ဘုရား'

'အင်းပေါ့'

'ရှင်းပါပြီ ဘုရား၊ နောက်တစ်မျိုး မေးပါရစေဦး ဘုရား၊ အဲဒီ အသက် ၂၀-မပြည့်ဘဲ ရဟန်းခံပြီး ရဟန်းမဖြစ်ဘဲ မိမိကိုယ် မိမိ ရဟန်းဖြစ်တယ် အထင်နဲ့ ဥပဇ္ဈာယ် ပြုတဲ့ ဥပဇ္ဈာယ်

http://www.dhammadownload.com



ဆရာဟာ သူတစ်ပါးကို ကမ္မဝါစာ မဖတ်စေဘဲ မိမိ သည်ပင် ကမ္မဝါဆရာ ပြုလုပ်၍ အဖန်တလဲလဲ ကမ္မဝါစာ ဖတ်ကာ ရဟန်းခံပေးရင် တပည့်ရဟန်းလောင်း ရဟန်းဖြစ်ပါ့မလား ဘုရား'

'အင်း . . . ဒီအမေးကလည်း မေးထိုက်တဲ့ အမေး တစ်ခုပါပဲ၊ အဲဒီ ရဟန်းမဖြစ်ဘဲ မိမိကိုယ်ကို ရဟန်းလို့ ထင်မှတ်၍ နေတဲ့ဆရာဟာ မိမိသည်ပင် ဥပဇ္ဈာယ်ဆရာ, မိမိသည်ပင် ကမ္မဝါစာဆရာ ပြုလုပ်၍ ရဟန်းခံပေးရာ ကမ္မဝါစာ ရွတ်ဖတ်မှု၌ လိမ္မာကျွမ်းကျင်ပါမူ တစ်ပါးသော ရဟန်းတို့ ဖတ်ရွတ်မှု မပြုသော်လည်း ထိုဆရာကိုဖယ်ပြီး ရဟန်းခံသံဃာ ကံပြည့်ပါမူ တပည့်ရဟန်းလောင်း ရဟန်းဖြစ်ပါတယ်'

'မှန်ပါဘုရား ဒီနေရာမှာလည်း ရဟန်းခံသံဃာ ကံပြည့်ပါမူလို့ ပါနေတော့ ကံပြည့် သံဃာအပြင် အပိုအလျှံ သံဃာ ပါတာ စိတ်ချရတယ်ဆိုတာ ရှင်းပါတယ် ဘုရား၊ နောက်တစ်ခု အရေးကြီးတဲ့ အမေးတစ်ခု မေးပါရစေဦး ဘုရား'

'ကဲ . . . မေးပါ၊ အရှင်ဘုရား အမေးတွေက သာသနာတော်အတွက် ကျေးဇူးများပါတယ်'

'ပါရာဇိက ကျနေတဲ့ ရဟန်းက ကမ္မဝါစာ ဖတ်၍ ရဟန်းလောင်းကို ရဟန်းခံပေးရင် အဲဒီ ရဟန်းလောင်း ရဟန်း ဖြစ်ပါ့မလား ဘုရား'

http://www.dhammadownload.com



'အင်း . . . အဲဒီ အမေးဟာ ခုနက အမေးနဲ့ မတူသော်လည်း အဖြေကတော့ အတူတူပါပဲ၊ အမေးကလည်း တကယ်တော့ မတူလည်း မတူဘူး၊ တူလည်း တူတယ်လို့ ပြောရမှာပါပဲ'

'ဟုတ်ပါတယ်၊ မတူတာက ရဟန်းမဖြစ်သူနဲ့ ပါရာဇိက ကျသူလို့ မတူပါဘူး၊ တူတာက ပါရာဇိက ကျသူလည်း ရဟန်း မဟုတ်ပါ၊ ရဟန်းမဖြစ်သူလည်း ရဟန်းမဟုတ်လို့ တူပါတယ်။

အဖြေက အဲဒီ ပါရာဇိက ကျတဲ့ရဟန်း ကမ္မဝါစာ ရွတ်ဖတ်ပြီး တပည့်ရဟန်းလောင်းကို ရဟန်းခံပေးရာ၌ အဲဒီ ပါရာဇိကကျသော ရဟန်းကို ဖယ်ထားပြီး ရဟန်းခံ သံဃာ ကံပြည့်ပါရင် အဲဒီ ရဟန်းခံ ကံဟာ အောင်မြင်၍ ရဟန်းလောင်း ရဟန်း ဖြစ်ပါတယ်။

ဘာဖြစ်လို့လဲ ဆိုတော့ ဟို . . . ဝိနည်းရဗုဒ္ဓဒ္ဓိကာ, ပထမ ပါရာဇိက အဖွင့်မှာ ရဟန်းမဖြစ်သူ, ရဟန်းမဟုတ်သူ ကမ္မဝါစာ ရွတ်ဖတ်သော်လည်း ကံမြောက်တယ်၊ ကံပျက်ခြင်း၏ မဖြစ်သင့်သောကြောင့်လို့ ဆိုထားသောကြောင့် ဖြစ်ပါတယ်'

'အရှင်ဘုရား . . . ဒီလိုဆိုရင် ပါရာဇိကကျနေတဲ့ ဒုဿီလရဟန်း ကမ္မဝါစာရွတ်ဖတ် ရဟန်းခံရာ ရဟန်းခံကံ အောင်မြင်တယ်လို့ ကေန်မှုချ ရမှာပေါ့ ဘုရား'

'အင်း–အဲ့ဒီလို မှတ်ရမှာပေါ့။ အဲ့ဒ်ပါရာဇိက ကျနေတဲ့ ရဟန်းက ရဟန်းအသွင်လည်း ရှိနေတယ်၊ ကမ္မဝါစာလည်း

http://www.dhammadownload.com



ကျွမ်းကျင်တယ်၊ သူမှတစ်ပါးလည်း ကံပြည့်သံဃာ ရှိတယ်ဆိုရင် ရဟန်းလောင်း ရဟန်းဖြစ်တယ်လို့ မှတ်ရပါတယ်'

'ရှင်းပါပြီ ဘုရား၊ ဆက်ပြီးမေးပါရစေဦး ဘုရား၊ ပါရာဇိကကျတဲ့ ရဟန်းဟာ လူဖြစ်နေပါပြီ၊ သို့သော်လည်း ရဟန်း အသွင်ဖြင့် ရဟန်းအများထဲဝင်ပြီး ကမ္မဝါစာဖတ်ရာ ကံ မပျက်ဘဲ ရဟန်းခံ ကံအောင်တယ်လို့ ဆိုပါတယ်။

'ဒါဖြင့် အဲဒီပါရာဇိကကျတဲ့ ရဟန်းဟာ လူထွက်ပြီး လူအသွင်ဖြင့် ရဟန်းအများထဲ ဝင်ပြီး ကမ္မဝါစာ ရွတ်ဖတ်ရင် ရော ရဟန်းခံကံ အောင်မြင်မှာလား ဘုရား'

'အင်း . . . အဲဒါကတော့ မအောင်မြင်ပါဘူး၊ ဘာဖြစ်လို့လဲ ဆိုတော့ ဟို . . . ဝဇိရဗုဒ္ဓိဋီကာ, ပထမ ပါရာဇိက အဖွင့်မှာ လူအသွင်ဖြင့် သံဃာအလယ်သို့ ဝင်ပြီး ကမ္မဝါစာ ရွတ်ဖတ်ပါမူ သံဃာဟု မထင်မှတ်နိုင်သောကြောင့် အဲဒီ လူဖတ်တဲ့ ကမ္မဝါစာဖြင့် ရဟန်းခံကံ မအောင်မြင်ဘူးလို့ ဆိုပါတယ်'

'ရှင်းပါပြီ ဘုရား . . .မေးချင်စရာတွေတော့ အများကြီး ရှိပါသေးတယ် ဘုရား၊ အရှင်ဘုရားကို အားနာ၍ ဒီမျှနဲ့ပဲ နားပါဦးမယ် ဘုရား'

http://www.dhammadownload.com



* မေးစရာများ, အလွန်များ, မေးပြောကျိုးရှိရာ၊
* မိမိကျိုးမျှာ, သူတစ်ပါး, ကျိုးများ မေးသင့်ပါ၊
* မေးဖြေဖတ်ရာ, မသိတာ, သိကာရှင်း၍ သွားလေပါ၊
* သိရှင်းလေမှ, ကျင့်ကြံရ, ကျိုးကများလေမှာ။

http://www.dhammadownload.com



# သူမိုက် နှင့် သူလိမ္မာ ကွဲပြားအောင် ခွဲပြပါ ဘုရား

(၂၇)

လူတို့ကို အဝန်းအစား အမျိုးမျိုး ခွဲကြလေ၏။ လူမိုက်နှင့် လူလိမ္မာ၊ ပစ္စည်းမဲ့နှင့် ပစ္စည်းရှိ၊ ရာထူးမဲ့နှင့် ရာထူးရှိ၊ ဂုဏ်မဲ့နှင့် ဂုဏ်ရှိ၊ ဝန်းဖိုးမဲ့နှင့် တန်ဖိုးရှိ စသည်ဖြင့် အမျိုးမျိုး ခွဲကြ၏။

ယင်းသို့ အမျိုးမျိုး ခွဲကြရာ၌ ပစ္စည်းမဲ့ ပစ္စည်းရှိ စသည် ကွဲပြားမှုမှာ ထင်ရှာသော်လည်း လူမိုက်နှင့် လူလိမ္မာ မကွဲပြား၍ မေးသူ တစ်ယောက်က မေးလေ၏။

'အရှင်ဘုရား ဘယ်လိုလူမျိုးကို လူမိုက်၊ ဘယ်လို လူမျိုးကို လူလိမ္မာ ခေါ်ကြောင်း လူမိုက်နှင့် လူလိမ္မာ ကွဲပြားအောင် ခွဲပြပေးပါ ဘုရား'

http://www.dhammadownload.com



'အင်း . . . အင်း . . . ဒကာကြီးရဲ့ အမေးက တော်တော်ကောင်းတဲ့ အမေးပါပဲ၊ ဒါဟာ သိသင့်တဲ့ အမေးပဲ၊ ဘာဖြစ်လို့လဲ ဆိုတော့ ဘုန်းကြီးတို့ မင်္ဂလသုတ္တန် တရားတော် အရဆိုရင် လူမိုက်ဟာ ရှောင်ရမယ့် လူ, မပေါင်းရမယ့် လူ မဟုတ်လား'

'မှန်ပါ ဘုရား'

'လူလိမ္မာက မှီဝဲစည်းကပ် ပေါင်းသင်းရမယ့် လူ မဟုတ်လား'

'ဟုတ်ပါတယ် ဘုရား'

'အေး . . . အဲဒီလို ရှောင်ရမယ့်လူ၊ ပေါင်းရမယ့်လူ နှစ်ဦး မကွဲပြားရင် မရှောင်နိုင်, မပေါင်းနိုင်ဘူးပေါ့၊ ဒါ့ကြောင့် ဒီပြဿနာဟာ အရေးကြီးတဲ့ ပြဿနာပဲ၊ ကဲ . . .ဒါဖြင့် မှတ်ထားပါ၊ လူမိုက်မှာ လူမိုက်လို့ သိနိုင်တဲ့ အမှတ်အသားများက . . .

(၁) မကောင်းသော အကြံကို ကြံခြင်း၊

(၂) မကောင်းသော စကားကို ပြောဆိုခြင်း၊

(၃) မကောင်းသော အပြုအမူကို ပြုမူခြင်း။

အဲဒီ အင်္ဂါလက္ခဏာ သုံးပါး ရှိသူကို အမျိုးမြတ်သူပင် ဖြစ်ဖြစ်, ပစ္စည်းကြွယ်ဝ ချမ်းသာသူပင် ဖြစ်ဖြစ်, ရာထူး ဂုဏ်ထူးကြီးသူပင်ဖြစ်ဖြစ် မည်သူမဆို 'လူမိုက်, ဗာလ'လို့ မှတ်သားလိုက်ပါ။

http://www.dhammadownload.com



အဲ . . . အခု ပြောခဲ့တဲ့ အင်္ဂါလက္ခဏာ သုံးပါးရှိသော သူများကား ဒီမျက်မှောက် လောကၡ . . .

(၁) ဘေးရန်ကင်းရှင်း အေးချမ်းခြင်း၊

(၂) ဂုဏ်သတင်း ကျော်စောခြင်း၊

(၃) အများချစ်ခင် လေးစားခံရခြင်း၊

(၄) ပရိသတ်၌ ရွံ့စိုးကင်းခြင်း၊

(၅) ရဲရင့်ခြင်း၊

စသော ကောင်းကျိုးများ မရနိုင်တော့ပါ၊ တလန့်လန့် တထိတ်ထိတ်နှင့်ပင် နေရပါတယ်၊ ယခုဘဝ၌ အမျိုးမြတ်ခြင်း၊ ချမ်းသာကြွယ်ဝခြင်း၊ ရာထူးကြီးခြင်းဖြင့် အထက်တန်းသို့ ရောက်နေသူပင် ဖြစ်စေကာမူ တမလွန်ဘဝ နောက်လောက မှာတော့ သုဂတိ ဘုံဘဝဝယ် ချမ်းသာခြင်း အကျိုးကို မခံစား ရတော့ပါဘူး။

အဲဒါကြောင့် . . .'ဒွေ အတ္တေ လုန္တိတိ ဗာလာ' အရ မျက်မှောက် ကောင်းကျိုး၊ တမလွန် ကောင်းကျိုး ဆိုတဲ့ ကောင်း ကျိုး နှစ်မျိုးတို့ကို ဖြတ်တောက်တတ်သူကို ဗာလလူမိုက် ခေါ်တယ် မှတ်နော်'

'မှန်ပါ ဘုရား'

'အေးအခုပြောခဲ့တဲ့ မကောင်းကြံ၊ မကောင်းပြော၊ မကောင်းပြု အမှတ်အသား ရှိသူ လူမိုက်များက ဒီ မျက်မှောက်

http://www.dhammadownload.com



ဘ၀ဝယ် . . .

(၁) အပြစ်ဒဏ် ခံရခြင်း၊
(၂) ဘေးရန်များခြင်း၊
(၃) ဂုဏ်ကျက်သရေမဲ့ခြင်း၊
(၄) လူကဲ့ရဲ့ခံရခြင်း။

စသော မကောင်းကျိုး, အကျိုးမဲ့များကိုသာ ရတတ်ပါတယ်၊ တမလွန်ဘ၀ နောက်နောက်လောကဌ္ဌ လူမိုက်တို့ရဲ့ သွားရာလမ်း အပါယ်လေးဘုံ၊ တစ်ဘုံဘုံသို့သာ တန်း ရောက်ရပါတော့တယ်။

အဲဒါကြောင့် . . . 'ဒွေ အနတ္တေ ဗလန္တိတိ ဗာလာ'အရ မျက်မှောက် တမလွန် အကျိုးမဲ့ နှစ်မျိုးကို ရယူတတ်သူကို ဗာလ, လူမိုက်လို့ ခေါ်တယ်လို့ မှတ်နော်'

'မှန်ပါ ဘုရား'

'အဲဒီလို လူမျိုးမှာ ပညာတွေ မည်မျှလောက်ပင် တတ်သိစေကာမူ ပညာအရ သိထားကောင်း, မကောင်းကို လိုက်နာခြင်း, ရှောင်ကြဉ်ခြင်း မရှိဘဲ တလွဲတချော် ကျင့်နေသူဖြစ်လို့ ပညာဖြင့် အသက်မွေးသူ မဟုတ်ပါ၊ အသက်ရှူရုံမျှဖြင့် အသက်ရှင်နေသူဟုလည်း ဆိုရပြန်ပါတယ်။

အဲဒါကြောင့် 'ဗလန္တိတိ ဗာလာ'အရ ပညာမပါ အသက်ရှူရုံမျှ အသက်ရှင်နေကြရသူတို့ကို ဗာလ, လူမိုက် တို့လို့ ခေါ်

http://www.dhammadownload.com



တယ်လို့ မှတ်နော်'

'မှန်ပါ ဘုရား'

'ကဲ . . .ဒီလောက်ဆိုရင် လူမိုက်သဘော ကွဲပြားပြီး ယခု လူလိမ္မာ ပညာရှိ လက္ခဏာ အမှတ်အသားကို ပြောရအောင်၊ လူလိမ္မာမှာ လူလိမ္မာလို့ သိနိုင်တဲ့ အမှတ်အသားများက . . .

(၁) ကောင်းသောအကြံကို ကြံခြင်း၊

(၂) ကောင်းသော စကားကို ပြောဆိုခြင်း၊

(၃) ကောင်းသော အလုပ်ကို ပြုလုပ်ခြင်း။

အဲဒီ အင်္ဂါလက္ခဏာ သုံးပါးဟာ ပညာရှိသူလို့ သိနိုင်ရန် အမှတ်အသား ပါပဲ။

အဲဒီ အင်္ဂါလက္ခဏာ သုံးပါး ထင်ရှား ရှိနေသူမှာကား မျက်မှောက် ကောင်းကျိုး၊ တမလွန်ဘဝ နောက်လောက ကောင်းကျိုး နှစ်မျိုးကို ရနိုင်သည်ဖြစ်ရာ ဘုရားရှင်က ဤမျက်မှောက် ဘဝအကျိုး၊ တမလွန်ဘဝ နောက်လောက အကျိုး နှစ်မျိုးတို့ကို ရခြင်းကြောင့် 'ပဏ္ဍိတ လူလိမ္မာ ပညာရှိ'လို့ ခေါ်ရကြောင်း ဟောတော်မူပါတယ်။

စာပေနှင့် အခြားသော အတတ်ပညာ အမျိုးမျိုးတို့ကို တတ်မြောက်သူကို ယခုခေတ် အခေါ်အရ ပဏ္ဍိတ လူလိမ္မာ၊ ပညာရှိ'လို့ ခေါ်ဆိုကြသော်လည်း အဲဒီသူမှာ ကောင်းကြံ၊

http://www.dhammadownload.com



ကောင်း ပြော, ကောင်းမှု သုံးမျိုး မရှိပါရင် ပဏ္ဍိတ, လူလိမ္မာ ပညာရှိလို့ မခေါ်နိုင်ဘူးလို့ မှတ်ပါနော်'

'မှန်ပါဘုရား'

'လောကအနေနဲ့ စာပေ အတတ်ပညာတွေ ထူးခြားစွာ မတတ်သော်လည်း ကောင်း, မကောင်း၊ မှား, မှန် သိနားလည်၍ သိနားလည်သည့် အတိုင်း ကျင့်ကြံသော လူလိမ္မာ သူတော်ကောင်းကိုသာ 'ပဏ္ဍိတ လူလိမ္မာ ပညာရှိ'လို့ ခေါ်ပါတယ်။

အကယ်၍ အတတ်ပညာနဲ့လည်း ပြည့်စုံမယ်၊ အကျင့်သိက္ခာလည်း ကောင်းမယ် ဆိုပါရင် အဲဒီ သူဟာ 'ပဏ္ဍိတ လူလိမ္မာ' အရ အပြည့်ဝဆုံး, အနက်သဘောကို ဆောင်လျက် ရှိရာ တကယ့်ကို အားကိုးအားထား မှီခိုထိုက်တဲ့ ပုဂ္ဂိုလ် ဖြစ်ပါတယ်။

အဲဒါကြောင့် ကောင်းကြံ၊ ကောင်းပြော, ကောင်းပြုသဘာဝများ အရ 'ပဏ္ဍိတ္တိ ပဏ္ဍိတာ=မျက်မှောက် တမလွန် အကျိုးနှစ်ပါး၌ ဉာဏ်အသွားဖြင့် သွားတတ် ရောက်တတ်ကုန်သောကြောင့် ပဏ္ဍိတလို့ မည်ကုန်တယ်'လို့ မှတ်ပါ။

ပြီးတော့ 'သဍ္ဍာတာ ပဏ္ဍာ ဧတေသန္တိ ပဏ္ဍိတာ' အရ မျက်မှောက် တမလွန် အကျိုးနှစ်ပါး သိနားလည်သော ဉာဏ်အစဉ်ရှိနေသူ ဖြစ်ရာ ကောင်းစွာ ဉာဏ်ရှိသူကို ပဏ္ဍိတ လူလိမ္မာ ပညာရှိလို့ ခေါ်တယ်လို့ မှတ်နော်'

'မှန်ပါဘုရား'

http://www.dhammadownload.com



'ကဲ . . .ပြီးပြီပေါ့၊ လူမိုက်နဲ့ လူလိမ္မာ ကွဲပြားသွားပြီပဲ'

'မှန်ပါဘုရား၊ ကျေးဇူးကြီးလှပါတယ် ဘုရား၊ အဲဒီလို လူမိုက်နဲ့ ပညာရှိနဲ့ ပတ်သက်ပြီး မှတ်သင့် မှတ်ထိုက်တဲ့ သဘော အနည်းငယ်လောက် အမိန့်ရှိပါဦး ဘုရား'

'အမယ်လေး . . လာလာသေးတော့တယ်၊ မေးတာ ပြေလည်တော့လည်း နောက်တစ်မျိုးတဲ့'

'သည်းခံပါဘုရား၊ အချိန်ရရင် အမိန့်ရှိပါ ဘုရား'

'ကဲ . . . ကဲ . . နားထောင်၊ လောက၌ ဘေးအန္တရာယ်များဟာ လူမိုက်ကြောင့်သာ ဖြစ်ရတယ်၊ ပညာရှိကြောင့် ဖြစ်ရတဲ့ ဘေးရန်လို့ မရှိဘူးလို့ ရှင်ဘုရား ဟောတော်မူပါတယ်၊ အဲဒါကြောင့် အများတကာ ဆင်းရဲရေး ဘေးအန္တရာယ်ကို ဖန်တီးတတ်သူ လူမိုက်ဟာ အလွန်တရာ ကြောက်မက်ဖွယ်ရာ ပုဂ္ဂိုလ်ဖြစ်၍ ရှောင်ရမည့် သူလို့ မှတ်ပါ။

အများ ချမ်းသာ ကောင်းစားရေးကိုသာ ပြုတတ်တဲ့ ပညာရှိ သူတော်ကောင်းများဟာ ချစ်မြတ်နိုးဖွယ်ရာ ပုဂ္ဂိုလ်များ ဖြစ်၍ ပေါင်းရမယ့် သူလို့ မှတ်ပါ။

ပတ္တမြား လည်ဆွဲ ဆင်ထားသော မြွေသည် အန္တရာယ် မပြုတတ်ဘဲ မရှိ၊ ပြုတတ်သည်သာ ဖြစ်သလို ပညာရှိဖြင့် တန်ဆာ ဆင်ထားစေကာမူ အန္တရာယ် ပြုတတ်သူသာ ဖြစ်၍ လူမိုက်ကို အဝေးကပင် ရှောင်ရမည်လို့ မှတ်ပါ။

http://www.dhammadownload.com



မီးလောင်သော အိမ်၌ မီးသည် အိမ်ကို လည်းကောင်း၊ အိမ်၌ မှီနေသူ လူအများကို လည်းကောင်း လောင်တတ် သကဲ့သို့ ဗာလခေါ်တဲ့ လူမိုက်သည်လည်း မိမိရဲ့ အယူမှား အပြုအပြော အကြံမှားတို့ဖြင့် မိမိကိုလည်း ဖျက်ဆီးပြီး မိမိစကားကို လိုက်နာ သူတို့ကိုလည်း ဖျက်ဆီးဆုံးရှုံး စေတတ်ပါတယ်၊ အဲဒါကြောင့် လူမိုက်ကို ရှောင်ရမယ်လို့ မှတ်ပါ။

ဘေးရန် အန္တရာယ် ဖြစ်လာတဲ့အခါ အကာအကွယ် အစောင့်အရှောက် ကောင်းကဲ့သို့ လည်းကောင်း၊ အမိုက်မှောင်၌ အမြင်ကို ရစေတတ်သော ဆီမီးကဲ့သို့ လည်းကောင်း၊ မှန်ကန်သင့်မြတ်သော အပြုအမူ, အယူအဆ ရှိသူ, လူလိမ္မာ ပညာရှိများကား မိမိကိုယ်ကို လည်းကောင်း, မိမိကိုယ်ကို မှီခိုကိုးစားအားထားနေသူများကို လည်းကောင်း ဘေးရန်အန္တရာယ် ကင်းဝေးစေ, ချမ်းသာ စေတတ်သောကြောင့် ပေါင်းသင်း ထိုက်တဲ့သူလို့ မှတ်ပါ။

အဲဒါကြောင့် ဘုရားရှင်က . . . မိမိထက် သာသောသူနှင့် မိမိနှင့် တန်းတူသူကို မရနိုင်လျှင် တစ်ယောက်တည်းသာ ကျင့်ရမည်၊ ဘာ့ကြောင့်နည်း ဆိုသော် လူမိုက်၌ အပေါင်းအဖော်ဖြစ်ကြောင်း ကောင်းသော ဂုဏ်ရည်များ မရှိသော ကြောင့်လို့ ဟောပါတယ်။

'မှန်ပါ၊ ကျေးဇူးကြီးလှပါတယ် ဘုရား'

http://www.dhammadownload.com



* လူမိုက်ဆိုက, အဝေးမှ, ရှောင်ကြ ရှားကြပါ၊
* ပညာရှိသူ, လိမ္မာသူ, ရှာယူ ပေါင်းကြပါ၊
* လူမိုက်ပေါင်းက, ဘေးဘယ, များလှလေတော့တာ၊
* ဘေးကင်းလိုလား, ပညာရှိများ, ပေါင်းပြေး မြဲသာ။

http://www.dhammadownload.com



# ပွန်းမကြည့် ရှင်မဆိုတာ ရှိပါသလား ဘုရား

(၂၈)

ယနေ့ခေတ်သည် အရမ်းယုံသော ခေတ်မဟုတ်၊ ဝေဖန်ရေး ခေတ်ဆိုသော်လည်း မဝေဖန်သင့်သည်၌ အရမ်း ဝေဖန်နေပြီး ဝေဖန်သင့်သည်၌ မဝေဖန်ဘဲ အရမ်းယုံကြည် လက်ခံ နေကြသည်။

ဝေဖန်သင့်သည်၌ ဝေဖန်သောအခါ ဝေဖန်သူကိုပင် အကန်းယုံ အရမ်းယုံသူများက မျက်စောင်း ထိုးချင်ကြသည်။ အပြစ်တင်ချင်ကြသည်။

အကန်း အရမ်း မယုံသူ လေ့လာ စိစစ်သူများကလည်း လေ့လာစိစစ်ကြသည်။ မိမိထံသို့ ယင်းသို့ လေ့လာစိစစ်သူများ ရောက်လာလေ့ ရှိသည်။

http://www.dhammadownload.com



စခန်းတစ်ခု၌ တရားပြခိုက် အမေးရှင် တစ်ယောက် ရောက်လာသည်။ သူကား လူလတ်ပိုင်းဖြစ်၏။ ရိုသေစွာ ရှိခိုး ဦးချပြီး မေးလျှောက်သည်။

'အရှင်ဘုရား . . .ပုန်းမကြည် ရှင်မဆိုတာ ရှိပါသလား ဘုရား'

'ဘယ်ဟာလဲ၊ ဟို . . .လယ်သမား, ယာသမားများ အထူး ယုံကြည် တင်မြှောက် ပ,သနေကြတဲ့ ပုန်းမကြည် ရှင်မကို မေး တာလား'

'မှန်ပါဘုရား'

'လူတွေဟာ အတော်ခက်ပါတယ်၊ အဲဒါ ဘီလူးမပါ၊ အဲဒီ ဘီလူးမက ဆိတ်ငြိမ်သော နေရာမှာ ပုန်းအောင်းနေရမှ ကြည် လင်ခြင်းကြောင့် ပုန်းမှ,ကြည်လို့ မူလအမည် တွင်ပါတယ်၊ အဲဒါ ကာလရွေ့လျား ကာလကြာလာတော့ ပုန်းမကြည်လို့ အမည်တွင်လာပါတယ်။

တချို့ကလည်း 'ပုန်းမကျိုး'လို့ ခေါ်ကြပါတယ်။ တချို့ ကလည်း 'ပုပ္ပကြည်'လို့ ခေါ်ကြပါတယ်၊ အဲဒီ အခေါ်တွေ ကတော့ နှုတ်အလိုက် ရမ်းခေါ် ကြတာပါ၊ အဓိပ္ပာယ် ကောက်လို့ မရပါဘူး'

အချို့ကလဲ 'ပုဏ္ဏကြည်'လို့ ခေါ်ကြပါတယ်၊ စပါးကျီ များကို ပြည့်စုံအောင် ဆောင်ရွက်ပေးသော နတ်သမီးလို့ ဆိုလို

http://www.dhammadownload.com



ပါတယ်၊ အဲဒီ အစိပ္ပာယ်ဆိုရင် 'ပုဏ္ဏကြည်' မဟုတ်ပါ၊ 'ပုဏ္ဏကျို' သာ ဖြစ်ရပါမယ်။

အဲဒီ နတ်သမီးကို လယ်သမားများ တင်လေ့တင်ထ ရှိပါတယ်။

'အရှင်ဘုရား လယ်သမားများ ဘယ်လို တင်ကြပါသလဲ ဘုရား'

'ကောက်လှိုင်းကြီးကို မိန်းမဝတ်စုံ ဆင်ယင်ထားပြီး ကောက်ညှင်းပေါင်း, အုန်း, ငှက်ပျော, ကန်တော့ပွဲ အစုံအလင်၊ မုန့်ဖြူ၊ မုန့်နီ၊ ကျောက်ပြင်၊ သနပ်ခါး၊ မှန်များကိုပါ လှည်းဦးမှာ တင်ပြီး ကလေး, လူငယ်, လူရွယ်, ကာလသားများ အတိုင်အဖောက် သံချပ်ထိုး, လက်ခုပ်လက်ဝါးတီးကာ တလင်းထဲရှိ စပါးပုံကို လှည့်ပတ်ကြတယ်။

အချို့သော အရပ်ဒေသတို့တွင် အိုးစည်များပါ တီးပြီး ပျော်ရွှင်စွာ ကကြ ခုန်ကြတယ်။ လှည့်ပတ်ကြတယ်။ အဲ့ဒီလို တီးမှုတ် ကခုန် ပူဇော်ရင် စပါးပိုပြီး ထွက်တယ်လို့ ယုံကြည်ကြတယ်။

အချို့သော အရပ်ဒေသမှာ ကောက်မစိုက်ခင် ပူဇော်ကြတယ်၊ အချို့သော အရပ်ဒေသမှာတော့ ကောက်စိုက်မယ့် နေ့မှာ ပူဇော်ကြတယ်၊ အချို့သော အရပ်ဒေသမှာ တပေါင်းလဆန်း၌ ပူဇော်ကြတယ်၊ အဲဒီလို အချိန်ကာလ မတူကြသလို ပူဇော် ပ,

http://www.dhammadownload.com



သပုံလည်း မတူကြပါ'

'အရှင်ဘုရား. . .အဲဒီ ပုန်းမကြည် ရှင်မဆိုတာ ရှိတယ်လို့ ဆိုလိုပါသလား ဘုရား၊ ရှိတယ်ဆိုရင် ရှင်းပြပါ ဘုရား'

'ဘုရားရှင် လက်ထက်က သာဝတ္ထိပြည်မှာအမေရယ်, သားရယ် မိသားစု နှစ်ယောက် ရှိတယ်၊ အမေက သားကို မိန်းမယူစေချင်တယ်၊ သားက မယူချင်ဘူး၊ အမေက အတင်း ယူဖို့ရာ တိုက်တွန်းတော့ သူချစ်တဲ့ သတို့သမီးကို ယူလိုက်တယ်၊ အဲဒီ သတို့သမီးကို ယူတော့ သားသမီးမရဘူး၊ ဒီတော့ သူ့မိခင် က သူ့သားကို . . .

'ချစ်သား . . .သင်သည် မိမိနှစ်သက်သော သတို့သမီးကို ရှာယူတယ်၊ သင့်ဇနီးမှာ သားသမီး မရဘဲ မြုံနေတယ်၊ အမျိုးမဆက်နိုင်ဘူး၊ ဒါ ကြောင့် နောက်ထပ် အမျိုးသမီး တစ်ယောက် ဆောင်ပါအုံ့'

လို့ ပြောတယ်၊ သားကလည်း အတန်တန် တားတယ်၊ သားအမိ နှစ်ယောက်တို့ရဲ့ စကားကို ကြားတဲ့ မိန်းမမြုံက . .

'သားတို့မည်သည်ကား မိဘတို့ရဲ့ စကားကို မလွန်ဆန်နိုင်ကုန်၊ ငါမှတစ်ပါး သားသမီး မွေးဖွားသော မိန်းမကို ဆောင်ယူ၍ ငါ့ကို ကျွန်မအဖြစ် သဘောထားအံ့၊ သတို့သမီး

http://www.dhammadownload.com



တစ်ယောက်ကို ငါ ကိုယ်တိုင် ရှာပေးစားမယ်'

လို့ ကြံစည်ပြီး ရှာပေးစားတယ်၊ ပေးစားပြီးနောက် အဲဒီ မိန်းမမြုံက အကြံဖြစ်ပြန်တယ်. . .

'ဒီမိန်းမငယ်သည် သားသမီးရလျှင် သူ သာလျှင် ဒီအိမ်မှာ ရှိတဲ့ ပစ္စည်းဥစ္စာတို့ရဲ့ အရှင် သခင် ဖြစ်လိမ့်မယ် ၊ ဒီမိန်းမငယ် သားသမီး မရအောင် ပြုအံ့'လို့ ကြံပြီး မိန်းမငယ် ကိုယ်ဝန် တည်တဲ့ အခါ အစာအာဟာရနဲ့ ရောနှောပြီး ကိုယ်ဝန် ပျက်ဆေး ကျွေးလိုက်ပါတယ်၊ ဒုတိယ အကြိမ် ကိုယ်ဝန်တည်တော့လည်း ကိုယ်ဝန်ပျက် ဆေး ကျွေးပြီး ဖျက်ဆီးပစ်လိုက်ပါတယ်။

တတိယ အကြိမ် ကိုယ်ဝန်ပျက်ဆေး ကျွေးတဲ့ အခါမှာ ကိုယ်ဝန်က ရင့်နေခြင်းကြောင့် မလျောကျ မပျက်စီးဘဲ တွေဝေ မိန်းမောကာ ပြင်းထန်သော ဒုက္ခဝေဒနာ ခံစားနေရစဉ် . . .

'သင်သည် ငါ့ကို ဆောင်ယူလာပြီးကာလ သင် သည်ပင် သုံးကြိမ်တိုင်တိုင် ကိုယ်ဝန်ကို ဖျက်ဆီး ပစ်တယ်၊ ယခု အခါ ငါ့ကိုပါ ဖျက်ဆီးပစ်တယ်၊ ငါသည်ဒီဘဝမှာ သေသည်ရှိသော် ဘီလူးဖြစ်၍ သင်ရဲ့ သားသမီးတို့ကို စားနိုင်သည့် ကိုယ် ဖြစ် ရပါလို၏'

http://www.dhammadownload.com



လို့ ဆုတောင်းလိုက်တယ်။

မကောင်းတဲ့ ဆုတောင်းဟာ ပြည့်တတ်တဲ့ အတိုင်း ဘီလူးမတော့ မဖြစ်ဘဲ ဒီအိမ်မှာ ကြောင်မ လာဖြစ်တယ်၊ အမြဲမကို ယောကျ်ားက ဒီအကြောင်းသိလို့ ရိုက်တဲ့ ဒဏ်ရာကြောင့် သေပြီး ဒီအိမ်မှာ ကြက်မ ဖြစ်ပါတယ်။

အချိန်ကျတော့ ကြက်မက ကြက်ဥတွေ ဥတယ်၊ ကြောင်မက လာစားတယ်၊ နှစ်ကြိမ်မြောက် ဥလည်း လာစားတယ်၊ သုံးကြိမ်မြောက် လာစားတဲ့အခါ . . .

'ငါ့ဥတို့ကို စားပြီး၍ ယခုအခါ ငါ့ကိုပါ စားလို၏၊ ငါသည် ဒီဘဝမှာ သေရသည်ရှိသော် သား သမီးနှင့် တကွသော ဒီကြောင်မကို စားခြင်းငှာ စွမ်းနိုင်သည့်ကိုယ် ဖြစ်ရပါလို၏'

လို့ ဆုတောင်းပြီး သေတဲ့အခါ ကျားသစ်မ ဖြစ်ပါတယ်၊ ကြောင်မ သေတဲ့အခါ သမင်မ ဖြစ်ပါတယ်၊ သမင်မ သားဖွားတဲ့အခါ ကျားသစ်မက လာစားပါတယ်၊ သုံးကြိမ်မြောက် စားတဲ့အခါ . . .

'ဒီကျားသစ်မသည် သုံးကြိမ်မြောက်အောင် ငါရဲ့ သားငယ် တို့ကို စားပြီး ယခုအခါ ငါ့ကိုလည်း စားလိမ့်မည်၊ ငါသည် ဒီဘဝမှ သေရသည်ရှိသော် ဒီကျားသစ်မကို သားနှင့်တကွ စားရပါ

http://www.dhammadownload.com



လို၏'

လို့ သမင်မက ဆုတောင်းပြီး သေတဲ့အခါ ဘီလူးမ ဖြစ်ပါတယ်၊ ကျားသစ်မ သေတဲ့အခါ သာဝတ္ထိပြည်မှာ အမျိုးသမီး ဖြစ်လာပါတယ်။

အမျိုးသမီး အိမ်ထောင်ကျ၍ သားဖွားတဲ့အခါ ဘီလူးမသည် အမျိုးသမီး၏ အဆွေခင်ပွန်း အသွင် ဖန်တီးပြီး လျှင်လာစားလေ၏၊ သုံးကြိမ်မြောက် ကိုယ်ဝန်တည်တဲ့ အခါ . . .

'အရှင့်သား ဒီအရပ်ဌာန ဒီဒေသ၌ ဘီလူးမ တစ်ယောက်သည် ကျွန်မရဲ့ သားငယ် နှစ်ယောက်တို့ကို လာစားလေ၏၊ ယခု ဖွားမြင် လတ္တံ့သော သားငယ်ကိုမူကား အမျိုးတို့ အိမ်သို့ သွား၍ ဖွားမြင်ပါအံ့'

ဟု မိမိ ယောကျ်ားအား တိုင်ပင်ပြီး အမျိုးတို့ အိမ်သို့ သွားပြီး သားဖွားပါတယ်၊ အဲဒီ အချိန်မှာ ဘီလူးမက ဝေဿဝဏ်နတ်မင်းကြီးအား ရေခပ်ဖို့ အလှည့်ကြုံ၍ အနောတတ္တအိုင်မှ ရေခပ်ပို့နေရပါတယ်။

ရေခပ်လှည့် ပြီးတဲ့အခါ အမျိုးသမီးကို ရှာပြီးတော့ လိုက်လာပါတယ်၊ အမျိုးသမီးကလည်း ဘီလူးမဘေးမှ လွတ်ပြီဟု ဝမ်းသာစွာနှင့် သားငယ်ကို ရေချိုးစေ၍ အမည်မှည့်ပြီး နေအိမ်သို့ ပြန်လာတဲ့အခါ ဇေတဝန်ကျောင်းအနီး ရေကန်မှ ရေချိုးပြီး

http://www.dhammadownload.com



သား ငယ်ကို နို့တိုက်နေစဉ် ဘီလူးမ ရောက်လာပါတယ်။

အမျိုးသမီးက မှတ်မိတော့ လင်ယောကျ်ားကို လှမ်းခေါ်ရာ မရ၍ သားငယ်ကိုချီပြီး ဇေတဝန်ကျောင်းထဲဝင်ပြေးရာ ပရိသတ် အများအား တရားဟောနေတဲ့ ဘုရားရှင်ရဲ့ ခြေတော်ရင်း၌ သားငယ်ကို ချထားပြီး . . .

'ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ အရှင်ဘုရားတို့အား ဒီသူငယ်ကို လှူဒါန်းပါတယ် ဘုရား၊ အရှင်ဘုရားတို့သည် တပည့်တော်မ၏ သားငယ်အား အသက်ကို ကယ်မ ပေးသနားတော်မူပါ ဘုရား'

လို့ လျှောက်ထားပါတယ်၊ ဘီလူးမက နောက်က လိုက်လာတာ ကျောင်းစောင့်နတ်က ဝင်ခွင့်မပေးလို့ မဝင် ရပါ၊ ဘုရားရှင်က အခေါ်ခိုင်းပြီး ရောက်လာတဲ့အခါ . . .

'အဘယ်ကြောင့် ဒီလို အမှုမျိုးကို ပြုမူရ သနည်း၊ သင်တို့သည် ငါကဲ့သို့သော ဘုရားရှင် မျက်မှောက်သို့ အကယ်၍ မ ရောက်ခဲ့သည် ဖြစ်အံ့၊ မြွေနှင့် မြွေပါလို ကဲ့သို့ လည်းကောင်း၊ ဝက်ဝံနှင့် ကြို့ပင် စောင့်နတ်တို့ကဲ့သို့ လည်းကောင်း၊ ကျီး ငှက်နှင့် ခင်ပုပ်ငှက်တို့ကဲ့သို့ လည်းကောင်း သင်တို့အား ကမ္ဘာပတ်လုံး မဆုံးမချင်း ရန်ညှိုးဖွဲ့ခြင်းတို့ ဖြစ်ကုန်ရာ၏။

http://www.dhammadownload.com



အဘယ့်ကြောင့် ခိုက်ရန်ကို ရန်တုံ့မှုခြင်း
ပြုကြကုန်ဘိ သနည်း၊ ရန်တုံ့ မမူဖြင့်သာ
လျှင် ခိုက်ရန်တို့ ငြိမ်းပျောက်ကုန်၏၊
ရန်တုံ့မူသဖြင့် ခိုက်ရန်တို့ မငြိမ်းမပျောက်
နိုင်သည်သာလျှင်တည်း'

လို့ မိန့်တော်မူပြီးလျှင် . . .

'ဤလောက၌ ရန်တုံ့မူသဖြင့် ရန်တို့သည် တစ်ရံ
တစ်ဆစ်မျှ မငြိမ်းပျောက်ကုန်၊ ရန်တုံ့မမူသဖြင့်
သာလျှင် ငြိမ်းပျောက်ကုန်၏၊ ဤသို့ ရန်ကို
ရန်တုံ့မမူသဖြင့် ငြိမ်းခြင်းသည် ရှေးရှေး၌ ဖြစ်
သော သဘောတံထွာ မမွတာတည်း'

ဆိုတဲ့ တရားတော်ကို ဟောတော်မူခဲ့ရာ အဆုံး၌ ဘီလူးမ သော
တာပန် တည်ပါတယ်။ အဲဒီအခါမှာ ဘုရားရှင်က ကလေး
ငယ်ကို ဘီလူးမလက်ထဲထည့်ခိုင်းပါတယ်။ အမျိုးသမီးက
ထည့်လိုက်တဲ့အခါ ကလေးငယ်ကို ပွေ့ချီနမ်းရှုပ်ပြီး အမျိုး
သမီးအား ပြန်ပေးပါတယ်။ ပြီးတော့ ရှိုက်ကြီးတငင် ငို
ကြွေးပါတယ်။ အကြောင်းကို ဘုရားရှင်က မေးတဲ့အခါ . . .

'မြတ်စွာဘုရား. . .တပည့်တော်မသည် ရှေးအခါ
ကြံ့သလို အသက်မွေးပါသော်လည်း ဝမ်းပြည့်
ရုံမျှကို သော်လည်း မရပါ၊ ယခု အခါမူ အဘယ်

http://www.dhammadownload.com



ကဲ့သို့ အသက်ရှုမွေးရပါအံ့နည်း’

လို့ လျှောက်တဲ့အခါ ဘုရားရှင်က ‘သင် မစိုးရိမ်နှင့်’လို့ အမိန့်ရှိပြီး အမျိုးသမီးကို . . .

‘သင်သည် ဒီဘီလူးမကို ခေါ်သွားပြီး သင့်လျော်တဲ့ နေရာ၌ နေစေပြီးလျှင် ယာဂုဦး၊ ထမင်းဦး စသည်တို့ကို ပေးလျက် လုပ်ကျွေးပါလေလော့’

လို့ မိန့်တော်မူတဲ့အခါ အမျိုးသမီးသည် ဘီလူးမကို ခေါ်သွားပြီး ‘ခေါင်လျှောက်ရဲ့’ အထက်၌ ထားပြီး ယာဂုဦး၊ ထမင်းဦး တို့ဖြင့် လုပ်ကျွေးပါတယ်။

အဲဒီခေါင်လျှောက်၌ ကျည်ပွေ့ဖြင့် ဦးထိပ်ကို ပုတ်ခတ်သကဲ့သို့ ဖြစ်၍ စပါးထောင်းရာ၌ တင်းကုပ်၌ ထားလေ၏။ စပါးထောင်းတဲ့အခါ ကျည်ပွေ့ဖြင့် ဦးထိပ်ကို ခွဲဘိသကဲ့သို့ ထင်၍ ရေအိုးစရည်း၌ ထားလေ၏ သူငယ်တို့ လုပ်ဆေး ရေထွေး၍ စားဖို၌ ထားလေ၏။ ခွေးတို့ အိပ်လေ၍ ဟံစက် မြိတ်၌ ထားလေ၏။ သူငယ်တို့ မစင်စွန့်၍ တံမြက်ချေး စွန့်ရာ၌ ထားလေ၏။ အမှိုက်တို့ကို စွန့်လေ၍ ရွာတံခါး၌ ထားလေ၏။ ရွာသူငယ်တို့ ကျည်းသား ရိုက်ကစား၍ ရွာရဲ့ အပဖြစ်တဲ့ ဆိတ်ငြိမ်ရာ အရပ်၌ ထားပြီး ယာဂုဦး၊ ထမင်းဦးတို့ဖြင့် လုပ်ကျွေးလေ၏။အဲဒီအခါ . . .

ငါ့ရဲ့ မိတ်ဆွေမသည် ငါ့အား ကျေးဇူး အထူး

http://www.dhammadownload.com



သဖြင့် များပါပေတယ်၊ ငါသည် သူ၏ ကျေးဇူး
တို့ကို တစ်ဖန် ပြန်၍ ပြုဦးအံ့'

ဟု ဘီဘူးမက ကြံစည်ပြီး . . .

ဒီနှစ် မိုးကောင်းမည်၊ ကုန်းလယ်လုပ်ပါ၊
ဒီနှစ်မိုးညှံ့မည်၊ အနိမ့်ပိုင်းမှာ လယ်လုပ်ပါ'

လို့ ပြောပေးသဖြင့် အခြားသူများ လယ်ပျက်စီး သော်လည်း အမျိုးသမီးလယ်မှာ နှစ်တိုင်း ကောင်းလေ၏။ ပျက်စီးသူများက အမျိုးသမီးကို မပျက်စီးကြောင်း မေးတဲ့အခါ အမျိုးသမီးက–

အကျွန်ုပ်သည် မိတ်ဆွေဖြစ်သည့် ဘီလူးမကို
ယာဂုဦး, ထမင်းဦး ပေးသလို အသင်တို့လည်း
ပေးပါ၊ အသင်တို့ကိုလည်း ကြည့်ရှုပြော ပါလိမ့်
မယ်'

လို့ ပြောလိုက်ပါတယ်။

အဲဒီအခါမှစပြီး လယ်သမား အားလုံးတို့ဟာ ဘီလူးမအား ယာဂုဦး, ထမင်းဦး ပေးကြပါတယ်၊ ဘီလူးမလည်း လယ်သမား အားလုံးတို့ကို ပြောပေးသဖြင့် စီးပွားဖြစ်ကြပါ တယ်။

အဲ . . .အဲဒါ ဟိုနေရာမှာ မနေနိုင်, ဒီနေရာမှာ မနေနိုင်နဲ့ နောက်ဆုံး ပုန်းမကြည်လို့ ပုန်းမကြည် ရှင်မအကြောင်းပဲ၊ မူလ ပေးတာက ယာဂုဦး, ထမင်းဦးပါ၊ သူ့ကို လယ်သမားများက မ,လို့ သူက ပြန်ပြီး မ,တာ မဟုတ်လား'

http://www.dhammadownload.com



'ဟုတ်ပါတယ် ဘုရား'

'လူ့, မလုံ့လ, နတ် မ,မဘူး၊ လူ လည်းလုံ့လ, နတ်လည်း မ,၏ ဆိုတာကို သတိထားပါနော်'

'မှန်ပါဘုရား'

* နတ်ဟုဆိုက ထင်ကြီးကြ, ကိုးကြ ကွယ်ကြသည်။
* ကောင်းဆိုးနှစ်ဖြာ, သေသေချာ, ရေရာမသိပြီ၊
* သူများကိုးကွယ်, ကိုယ်ကိုးကွယ်, အလွယ်ပြုကြသည်၊
* ကိုးကွယ် လွယ်လည်း, ဖျက်ဖို့ခဲ,ကြောက်လည်း ကြောက်ကြသည်၊
* လူနှင့်နတ်မှာ, လူကသာ, ဦးစွာ မ,ရသည်၊
* ကုသိုလ်ပြုကာ, မျှဝေပါ, ထိုခါ နတ်မ,မည်၊
* အမျှဝေကာ, နတ်တို့ဟာ, သေချာကြိုက်ကြသည်။

http://www.dhammadownload.com



## အရှင်ဘုရား ဒိဋ္ဌိ ၆၂-ပါး ရှင်းပြပေးပါ ဘုရား

(၂၉)

ဗုဒ္ဓသာသနာဝင်တို့သည် မိမိတို့ကို အခြားသူ တစ်ယောက်ယောက်က 'မင်းဟာ ဒိဋ္ဌိပဲ'ဟု ပြောလေလျှင် အလွန်အမင်း ခံပြင်းလှသည်။ ဖြစ်နိုင်လျှင် ထပြီး ရိုက်သတ်ချင်သည်အထိ ဖြစ်သည်။

ယင်းသို့ ခံပြင်းသော်လည်း ဒိဋ္ဌိအကြောင်းကို သေသေချာချာ သိ၍လောဟု မေးသော် မသိပါ၊ ဒိဋ္ဌိအပြစ်ဟာ အင်မတန်ကြီးကြောင်း, ဒိဋ္ဌိဖြစ်လျှင် အကျိုးနည်းကြောင်း, ဒိဋ္ဌိဖြစ်နေလျှင် သာသနာနှင့် တွေ့ရကျိုး မနပ်ကြောင်း, လူဖြစ်ရှုံးကြောင်း စသည်ဖြင့် ကြားဖူးထားသည့်အတွက် ဒိဋ္ဌိ အဖြစ်မခံနိုင် ဒိဋ္ဌိ အဆိုမခံနိုင်ခြင်း ဖြစ်ပါသည်။

http://www.dhammadownload.com



ဒိဋ္ဌိအဆိုသာ မခံနိုင်, ဒိဋ္ဌိအဖြစ်သာ မခံနိုင်သော်လည်း ဒိဋ္ဌိဖြစ်နေသူများသည် အများအပြားရှိ၏။ သို့ဖြစ်၍ ထိုဒိဋ္ဌိအကြောင်းကို လူတိုင်းသိသင့်၏။ လူမျိုးတိုင်း ဘာသာဝင် အားလုံးတိုင်း သိသင့်၏။ သိသင့်သော်လည်း သိရန်ကြိုးစား သူကားနည်းပါးလှ၏။ နည်းပါးသူထဲမှ တစ်ယောက်က မေးလျှောက်၏။

'အရှင်ဘုရား ဒိဋ္ဌိအပြား ၆၂-ပါး ရှိတယ်လို့ ခဏခဏကြားဖူးနေပါတယ် ဘုရား၊ ဘာတွေလဲလို့ သရုပ်သကန်ကို မသိပါဘုရား၊ တပည့်တော် သိချင်ပါတယ် ဘုရား၊ အရှင်ဘုရား ဒိဋ္ဌိ ၆၂-ပါး ရှင်းပြပေးပါဘုရား'

'အင်း . . . ဒိဋ္ဌိ ၆၂-ပါးဆိုတာ ရှေ့အဖို့သို့ အစဉ်လိုက်တဲ့ ပုဗ္ဗန္တာနု ဒိဋ္ဌိက ၁၈-ပါး၊ နောက်အဖို့သို့ အစဉ်လိုက်တဲ့ အပရန္တာနု ဒိဋ္ဌိက ၄၄-ပါး အားဖြင့် ၆၂-ပါး ပေါ့'

'ဟင် . . . အရှင်ဘုရားဥစ္စာကလည်း တိုလွန်းအားကြီးပါတယ် ဘုရား၊ အကျယ် ရှင်းပြပါ ဘုရား'

'ကဲ . . . ကဲ . . .ရှင်းပြမယ်၊ သေသေချာချာ မှတ်ထားပါ၊ ခုနကပြောခဲ့တဲ့ ဒိဋ္ဌိနှစ်မျိုးမှ ပုဗ္ဗန္တာနုဒိဋ္ဌိ ၁၈-ပါး ဆိုတာ . .

(၁) သဿတဒိဋ္ဌိက ၄-ပါး၊
(၂) ဧကစ္စသဿတ ဒိဋ္ဌိက ၄-ပါး၊
(၃) အန္တာ နန္တိက ဒိဋ္ဌိက ၄-ပါး၊

http://www.dhammadownload.com



(၄) အမရာဝိက္ခေပ ဒိဋ္ဌိက ၄-ပါး၊
(၅) အဓိစ္စသမုပ္ပန္န ဒိဋ္ဌိက ၄-ပါး၊
အားဖြင့် ၁၈-ပါး ရှိတယ်ပေါ့။ အပရန္တာနု ဒိဋ္ဌိ ၄၄ ပါး ဆိုတာ . . .

(၁) ဥဒ္ဓမာဃာတနိက သညီဝါဒက ၁၆-ပါး၊
(၂) အသညီဝါဒက ၁-ပါး၊
(၃) နေဝသညီ နာသညီဝါဒက ၈-ပါး၊
(၄) ဥစ္ဆေဒ ဝါဒက ၇-ပါး၊
(၅) ဒိဋ္ဌိဓမ္မနိဗ္ဗာနဝါဒက ၅-ပါး၊
အားဖြင့် ၄၄-ပါး၊(၁၈+၄၄) ဆိုတော့ ၆၂-ပါးပေါ့၊

'ကဲ . . . ကျေနပ်ပြီလား'

'အရှင်ဘုရား မကျေနပ်သေးပါ ဘုရား၊ ထပ်ချဲ့ပြီး ရှင်းပြပါဦး ဘုရား၊ ကျဉ်းပါသေးတယ် ဘုရား'

'ကဲ . . . ကဲ. . . မှတ်ထားပါ၊ ခန္ဓာငါးပါးကို အတ္တဟူ၍ လည်းကောင်း, လောကဟူ၍ လည်းကောင်း, အမှားယူပြီး အမြဲတည်တယ်၊ သတ္တဝါတွေဟာ တစ်ဘဝမှသည် တစ်ဘဝသို့ ရွေ့ကြတယ်၊ ပြောင်းကြတယ်လို့ ယူတဲ့ အယူဟာ သဿတ ဒိဋ္ဌိ အယူပါပဲ၊ အဲဒီ'သဿတဒိဋ္ဌိက ၄-ပါး' ပြားပါတယ်။

အဲဒီ ၄-ပါးက ဘာတွေလဲ ဆိုတော့ . . .

(၁) ဘဝတစ်သိန်းမျှသာ မြင်သော အဘိညာဏ

http://www.dhammadownload.com



လာဘီတိတ္ထတွေဟာ မိမိမြင်တိုင်း ခန္ဓာကိုယ်ဟာ မြဲတယ်လို့ ယူဆတယ်။

(၂) ဆယ်ကမ္ဘာတိုင်အောင် မြင်တဲ့ တိတ္ထိသည် မိမိ မြင်တိုင်းသာ ခန္ဓာကိုယ်ဟာ မြဲတယ်လို့ ယူဆတယ်။

(၃) ကမ္ဘာ ၄၀ တိုင်အောင်မြင်တဲ့ တိတ္ထိသည် မိမိမြင် တိုင်းသာ မြဲတယ်လို့ ယူပါတယ်။

(၄) လှဲတံ၊ တောင်ဝှေးဖြင့် ရေကိုစုံစမ်း၍ သက်ဆင်း သကဲ့သို့ ဆင်ခြင်တွေးဆ၍ မိစ္ဆာအယူကို ယူကုန်သော အနုဿုတိတိ တက္ကီ၊ ဇာတိဿရ တက္ကီ၊ ဈာနဘိညာဏလာဘီ တက္ကီ၊ သုဒ္ဓတက္ကီတို့၏ တွေးဆ၍ယူတဲ့ အယူရယ်လို့ 'သဿတ ဒိဋ္ဌိ ၄-ပါး ရှိပါတယ်။

အချို့သော သတ္တဝါ သင်္ခါရတွေဟာ မြဲတယ်၊ အချို့သော သတ္တဝါသင်္ခါရတွေဟာ မမြဲဘူးလို့ ယူတဲ့ အယူကို ယူတဲ့ 'ဧကစ္စသဿတဒိဋ္ဌိက ၄-ပါး' ဖြစ်ပါတယ်။

အဲဒီလေးပါးက ဘာတွေလဲဆိုတော့ . . .

(၅) ကမ္ဘာပျက်သည်ရှိသော် သတ္တဝါတွေဟာ များသော အားဖြင့် အာဘဿရ ဗြဟ္မာ့ဘုံ၌ ဖြစ်ကြပါတယ်၊ အဲဒီ ဗြဟ္မာ တွေဟာ ကမ္ဘာတည်ပြန်သော် အောက်ဘုံ၌ ရှေးဦးစွာ ဖြစ်လာတဲ့ ဗြဟ္မာဟာ တစ်ယောက်တည်း ငြီးငွေ့သည် ဖြစ်၍ 'ငါနှင့်အတူ အဖော်တစ်ယောက် ဖြစ်လာစေချင်တယ်'လို့ တောင့်တတဲ့အခါ

http://www.dhammadownload.com



ပြဿနာတစ်ယောက် ဖြစ်လာပါတယ်။

နောက်မှဖြစ်လာတဲ့ ပြဿနာဟာ အဲဒီဘုံက စုတေခဲ့၍ လူ့ဘုံမှာ ဖြစ်ပါတယ်၊ လူ့ဘုံမှာ ဈာန်ရအောင် အားထုတ်လို့ ဈာန်ရတဲ့အခါ ဆင်ခြင်လိုက်သော် မိမိရဲ့ အမြဲ မတည်ခြင်း၊ ဟိုပြဿနာကြီးရဲ့ တည်ရစ်ခြင်းကို မြင်ပြီး 'အချို့ကား မမြဲ အချို့ ကားမြဲတယ်လို့ အယူမှားပါတယ်။

(၆) မြူးတူးခြင်းလွန်၍ စုတေတဲ့ ခိဍ္ဍာ ပဒေါသိက နတ်တို့ လူ့ဘုံ၌ ဖြစ်၍ ဈာန်အဘိညာဉ်ရ၍ ဆင်ခြင်သော် မိမိ အမြဲ မတည်ခြင်း၊ အဖော်ဖြစ်တဲ့ နတ်တို့ရဲ့ အမြဲတည်ရစ်ခြင်း ကို မြင်ပြီး 'အချို့ကား မမြဲ၊ အချို့ကား မြဲတယ်'လို့ အယူမှား ပါတယ်။

(၇) အချင်းချင်း အမျက်ထွက်၍ စုတေတဲ့ မနော ပဒေါသိက နတ်တို့ လူ့ဘုံ၌ ဖြစ်၍ ဈာန်အဘိညာဉ်ရ၍ ဆင်ခြင် သော် မိမိ၏ အမြဲမတည်ခြင်း၊ အဖော်ဖြစ်တဲ့ နတ်တို့ရဲ့ အမြဲ တည်ခြင်းကို မြင်ရ၍ 'အချို့ကား မမြဲ၊ အချို့ကားမြဲတယ်'လို့ အယူမှားပါတယ်။

(၈) ရုပ်နာမ်တရားကို ဆင်ခြင်တဲ့ ရဟန်းပုဏ္ဏားတွေ ဟာ ရုပ်ရဲ့ ပျက်ခြင်းကိုသာ မြင်ပြီး စိတ်စေတသိတ်တို့ရဲ့ ပျက်ခြင်းကို မမြင်တဲ့အတွက် ငှက်တွေဟာ သစ်ပင်တစ်ပင်ကို စွန့်ပြီး သစ်ပင်တစ်ပင်၌ နားကုန်သကဲ့သို့ ရုပ်တရားပျက်တဲ့

http://www.dhammadownload.com



အခါ စိတ်စေတသိတ် တရားတွေဟာ တစ်ပါးသို့ ပြောင်းကြတယ်၊ 'ဒါကြောင့် ရုပ်ကားမမြဲ၊ နမ်ကား မြဲတယ်'လို့ အယူမှားပါတယ်၊ ဤသို့အားဖြင့် 'ဧကစ္စသဿတဒိဋ္ဌိ ၄-ပါး'ရှိပါတယ်။

အပိုင်းအခြား အဆုံးရှိသည်၊ မရှိသည်ကို စွဲယူ၍တဲ့ 'အန္တာနန္တိကဒိဋ္ဌိ ၄-ပါး' ရှိပါတယ်။ ၄-ပါးက ဘာတွေလဲ ဆိုတော့ . . .

(၉) ကသိုဏ်း၊ ပဋိဘာဂနိမိတ်ကို စကြဝဠာ အဆုံးတိုင်အောင် မပွားစေမူ၍ အပိုင်းအခြားအားဖြင့် သာလျှင် ပွားစေ၍ 'ငါပွားစေအပ်သော ပဋိဘာဂနိမိတ်သည် အဆုံးရှိ၏'ဟု ယူသောဒိဋ္ဌိ။

(၁၀) စကြဝဠာ အဆုံးတိုင်အောင် ပဋိဘာဂနိမိတ်ကို ပွားစေ၍ အပိုင်းအခြား မရှိသော ဘာဝနာဖြင့် 'အတ္တလောကသည် အအုံးမရှိ'ဟု ယူသော ဒိဋ္ဌိ။

(၁၁) အထက်အောက်ကို အပိုင်းအခြားအားဖြင့် ပွားစေ၍ ဖီလာကား အပိုင်းအခြား မရှိ၊ ကြီးစွာသော ကသိုဏ်းဘာဝနာကိုသာ အားထုတ်၍ 'အတ္တလောကသည် အဆုံးလည်းရှိ၏၊ အဆုံးလည်း မရှိ' ဟု ယူသော ဒိဋ္ဌိ။

(၁၂) စုံစမ်းဆင်ခြင်သော နှလုံးဖြင့်သာ 'အတ္တလောကသည် အဆုံးရှိသော်လည်း မဟုတ်၊ မရှိသည်လည်းမဟုတ်'ဟု ပညတ်သော 'တက္ကဝီမံသဒိဋ္ဌိ' ဟူ၍ 'အန္တာနန္တိကဒိဋ္ဌိက ၄-

http://www.dhammadownload.com



ပါး' ပြားပါတယ်။

ကုသိုလ်၊ အကုသိုလ်၊ သဿတ၊ ဥစ္ဆေဒတို့ကို မေးသည် ရှိသော် အတပ်မဆိုနိုင်ခြင်းကြောင့် အတပ်မဆိုဘဲ ပျံ့လွင့်တဲ့ ငါးကွဲသို့ယူ၍ ဆိုတဲ့ 'အမရာဝိက္ခေပဒိဋ္ဌိက ၄-ပါးပြား ပါတယ်။

၄-ပါးက ဘာတွေလဲ ဆိုတော့ . . .

(၁၃) ကုသိုလ်, အကုသိုလ်ကို အမှန်မသိဘဲလျက် ပြော ချေသော် မုသာဝါဒဖြစ်၍ နတ်ရွာ မဂ်ဖိုလ်၏ အန္တရာယ် ဖြစ် စေ၏ဟု ထိတ်လန့်ခြင်းကြောင့် 'ကုသိုလ် ဟူ၍ လည်းကောင်း၊ အကုသိုလ်ဟူ၍ လည်းကောင်း ငါမဆို' ဟု ပျံ့လွင့်သော စကား ကို ဆိုခြင်းဟူသော ဒိဋ္ဌိ။

(၁၄) ကုသိုလ်, အကုသိုလ်ကို မေးသော် ဟုတ်မှန်တိုင်း ဖြေဆိုမိက သူတစ်ပါး ချီးမွမ်းသဖြင့် ဆန္ဒရာဂ ဖြစ်၏။ မဟုတ် သဖြင့် ကဲ့ရဲ့က ဒေါသ ပဋိဃာတ ငါ၌ ဖြစ်၏ဟု စက်ဆုပ်၍ ပျံ့လွင့်သော စကားကို ဆိုခြင်းဟူသော ဒိဋ္ဌိ။

(၁၅) ကုသိုလ်, အကုသိုလ် မေး၍ ဖြေသည်ရှိသော် ပညာရှိတို့ စိစစ်၍ မေးလေက ငါမစွမ်းနိုင်ရာ၊ မစွမ်းနိုင်သဖြင့် နှလုံးမသာမယာဖြစ်က နတ်ရွာမဂ်ဖိုလ်၏ အန္တရာယ်ဖြစ်၏ဟု စပ်ဆုပ်၍ အတည်မရှိ ဆိုခြင်းဟူသော ဒိဋ္ဌိ။

(၁၆) ပရလောက ရှိသလော, မရှိသလောဟု မေးသော် အတပ်မသိခြင်းကြောင့် 'ရှိ၏ ဟူ၍လည်း ငါတို့မဆို၊ မရှိဟူ၍

http://www.dhammadownload.com



လည်း ငါတို့မဆို'ဟု ပျ့လွှင့်သော အလွန်မိုက်သော ဒိဋ္ဌိဟူ၍ 'အမရာဝိက္ခေပဒိဋ္ဌိက ၄-ပါး' ဖြစ်ပါတယ်။

အတ္တလောကသည် အကြောင်းကုသိုလ် အကုသိုလ် မရှိ ဘဲပင်ဖြစ်၏ဟူသော 'အဓိစ္စသမုပ္ပန္နဒိဋ္ဌိက ၂ ပါး' ဖြစ်ပါတယ်။

၂-ပါးက ဘာတွေလဲဆိုတော့ . . .

(၁၇) အသညသတ်ဘုံမှ စုတေ၍ လူဘုံ၌ ဖြစ်သော သမာပတ် ၈ ပါးရသဖြင့် အောက်မေ့ဆင်ခြင်သော် အသည သတ်ဘုံ၌ ဖြစ်သည်ကိုလည်းကောင်း၊ ထို့ထက်အလွန် ရှေ့ကို လည်းကောင်း၊ မမြင်၍ အကြောင်းကင်းသဖြင့် အတ္တလောက သည် ဖြစ်၏ဟုယူသော ဒိဋ္ဌိ။

(ဒီ ဒိဋ္ဌိမှာ အသညသတ်ကိုသာ ဒေသနာသီသ ပဓာနဖြစ် ၍ ဥပလက္ခဏာနည်းဖြင့် ဟောတော်မူသည်။ ရှေးဘဝ၌ ခန္ဓာ အစဉ်ကို အောက်မေ့၍ မမြင်ကုန်သော သူတို့ကိုလည်း ယူအပ် ကုန်ပါတယ်)

(၁၈) စုံစမ်းဆင်ခြင်သော တက္ကီပုဂ္ဂိုလ်တို့သည် အဝိဇ္ဇာ သင်္ခါရတို့ကြောင့် ဖြစ်ခြင်းကို မသိ၍ 'အတ္တလောကသည် အကြောင်းမရှိ၊ အလိုလိုပင်ဖြစ်၏' ဟု ယူသော ဒိဋ္ဌိအားဖြင့် 'အဓိစ္စသမုပ္ပန္နဒိဋ္ဌိက ၂ -ပါး' ပြားပါတယ်။ ဤသို့အားဖြင့် 'ပုဗ္ဗန္တာနုဒိဋ္ဌိက ၁၈ -ပါး ပြားပါတယ်။

အပရန္တာနုဒိဋ္ဌိ ၄၄ -ပါးတို့တွင် စုတေသည်မှ နောက်၌

http://www.dhammadownload.com



ဖြစ်တယ်, မသေဘူး, သညာ ရှိတယ်လို့ ယူခြင်းဖြစ်တဲ့ 'ဥဒ္ဓမာဃတနိကသညီဝါဒက ၁၆ - ပါး ရှိပါတယ်။

၁၆-ပါးက ဘာတွေလဲ ဆိုတော့ . . .

(၁၉) ဒိဗ္ဗစက္ခုနှင့် ရဟန်း ပုဏ္ဏားတွေဟာ ကသိဏ်း ရုပ်ကို အတ္တဟု ယူ၍ ကသိဏ်းရုပ်၌ ဖြစ်တဲ့ သညာကိုလည်း သညာဟု ယူ၍ 'အတ္တသညာ ရုပ်ရှိတယ်၊ စုတေသည်မှ အထက် ၌ မြဲတယ်၊' လို့ အတ္တကို ပညတ်ကုန်အောင် ပုဂ္ဂိုလ်တို့က လည်း ကောင်း၊ ကြံဆ၍သာ မိမိအထင်မျှဖြင့် 'သေသည် အထက်၌ မြဲတယ်'လို့ အတ္တကို ပညတ်ကုန်သော ပုဂ္ဂိုလ်တို့၏ လည်း ကောင်း၊ ကြံဆ၍သာ မိမိအထင်မျှဖြင့် 'သေသည်၏ အထက်၌ မြဲတယ်၊ သညာရှိတယ်'လို့ ပညတ်ကုန်သော ပုဂ္ဂိုလ်တို့၏ လည်းကောင်း ရူပီသညီဝါဒ။

(၂၀) အရူပသမာပတ်ကို အတ္တဟု ယူ၍ ထိုသမာပတ်၌ ဖြစ်သော သညာကိုလည်း သညာဟုယူ၍ သေသည်၏ အထက် ၌ အတ္တသည် မြဲတယ်၊ ရုပ်မရှိ၊ သညာ ရှိတယ်လို့ အတ္တကို ပညတ်ကုန်သော ပုဂ္ဂိုလ်တို့၏ လည်းကောင်း၊ ကြံဆ၍သာ ထို့အတူ အတ္တကို ပညတ်ကုန်သော ပုဂ္ဂိုလ်တို့၏ လည်းကောင်း အရူပီသညီဝါဒ။

(၂၁)အတ္တသည် ရုပ်လည်း မရှိ၊ သညာလည်း မရှိ၊ သေသည်မှ အထက်၌ ဖြစ်တယ်လို့ ပညတ်သော ရူပီစ အရူပီစ

http://www.dhammadownload.com



သညီဝါဒ။

(၂၂) ကြံဆ၍ ရုပ်ရှိသည်လည်း မဟုတ်၊ မရှိသည်လည်း မဟုတ်၊ သေသည်မှ နောင်၌ မြဲတယ်လို့ ပညတ်ကုန်သော နေဝရူပီ နာရူပီသညီဝါဒ။

(၂၃) အောက် အန္တာနန္တိက ဝါဒ၌ ဆိုအပ်ပြီးသော နည်းဖြင့် အဆုံးအပိုင်းအခြား ရှိတယ်၊ သေသည်မှ အထက်၌ မြဲတယ် ပညတ်ကုန်သော သူတို့၏ အန္တဝါသညီဝါဒ။

(၂၄) အဆုံး အပိုင်းအခြားမရှိ၊ သေသည်မှ အထက်၌ မြဲတယ်လို့ သညာရှိတယ်လို့ ပညတ်ကုန်သော သူတို့၏ အနန္တဝါသညီဝါဒ။

(၂၅) အဆုံး အပိုင်းအခြားလည်း ရှိတယ်၊ အဆုံး အပိုင်းအခြားလည်း မရှိ၊ သေသည်လည်း မဟုတ်၊ မြဲတယ်၊ သညာလည်း ရှိတယ်ဟု ပညတ်ကုန်သော သူတို့၏ အန္တဝါအနန္တဝါ သညီဝါဒ။

(၂၆) အဆုံး အပိုင်းအခြားလည်း မရှိ၊ သေသည်လည်း မဟုတ်၊ မြဲတယ်၊ သညာလည်းရှိတယ်လို့ ပညတ်ကုန်သော သူတို့၏ နေဝန္တဝါ နာနန္တဝါ သညီဝါဒ။

(၂၇) သမာပတ် ဝင်စားသောအားဖြင့် တစ်ခုတည်းသော သညာရှိသော အတ္တသည် ဖြစ်တယ်၊ သေသည်မှ အထက်၌ မြဲတယ်ဟု အတ္တကို ပညတ်ကုန်သော သူတို့၏

http://www.dhammadownload.com



ကေတ္တ သညီဝါဒ။

(၂၈) သမာပတ် မဝင်စားသော အားဖြင့် အထူးထူးသော သညာရှိသော အတ္တသည် မြဲတယ်၊ သေသည်မှနောက်၌ မြဲတယ်ဟု အတ္တကို ပညတ်ကုန်သော သူတို့၏ နာနတ္တသညီဝါဒ။

(၂၉) ငယ်သော ကသိုဏ်း၏ အစွမ်းအားဖြင့် ငယ်သော၊ နည်းသော၊ သညာရှိသော အတ္တသည် ဖြစ်တယ်လို့ ပညတ်ကုန်သော သူတို့၏ ပရိတ္တ သညီဝါဒ။

(၃၀) ကြီးသော ကသိုဏ်း၏ အစွမ်းအားဖြင့် ကြီးသော များသော သညာရှိသော အတ္တသည် ဖြစ်တယ်ဟု ပညတ်ကုန်သော သူတို့၏ အပ္ပမာဏ သညီဝါဒ။

(၃၁) ဒိဗ္ဗစက္ခုဖြင့် စတုတ္ထဈာန် အဆုံးရှိသော ဈာန်၌ သုခစုသော အင်္ဂါရှိသောကြောင့် ထိုဘုံ၌ဖြစ်သော သတ္တဝါတို့ကို မြင်၍ စင်စစ် ချမ်းသာသော အတ္တသည် ဖြစ်တယ်၊ သေသည်မှ အထက်၌ မြဲတယ်လို့ ပညတ်ကုန်သော သူတို့၏ ကေန္တသုခီ သညီဝါဒ။

(၃၂) ဒိဗ္ဗစက္ခုဖြင့် ငရဲဖြစ်သော သတ္တဝါတို့ကိုမြင်၍ စင်စစ် ဆင်းရဲသော အတ္တသည် ဖြစ်တယ်၊ သေသည်မှ အထက်၌ မြဲတယ်လို့ ပညတ်ကုန်သော သူတို့၏ ကေန္တဒုက္ခီ သညီဝါဒ။

http://www.dhammadownload.com



(၃၃) ဒိဗ္ဗစက္ခုဖြင့် လူ့ဘုံ၌ဖြစ်သော သတ္တဝါတို့ကို မြင်၍ စင်စစ် ချမ်းသာ ဆင်းရဲ နှစ်ပါးရှိသော အတ္တသည် ထင်တယ်၊ သေသည်၏ အထက်၌ မြဲတယ်၊ သညာရှိတယ်လို့ ပညတ်ကုန်သော သူတို့၏ သုခဒုက္ခီ သညီဝါဒ။

(၃၄) ဝေဟပ္ဖိုလ်ဘုံ၌ ဥပေက္ခာဖြင့် ပဋိသန္ဓေ ဖြစ်သော ကြောင့် ထိုဘုံ၌ဖြစ်တဲ့ သတ္တဝါတို့ကို မြင်၍ ဆင်းရဲ ချမ်းသာ မဟုတ်သော အတ္တသည် ထင်တယ်၊ သေသည်မှ အထက်၌ မြဲတယ်၊ သညာ ရှိတယ်လို့ ပညတ်ကုန်သော သူတို့၏ အဒုက္ခမသုခီ သညီဝါဒအားဖြင့် 'ဥဒ္ဓမာဃာတနိက သညီဝါဒ က ၁၆–ပါး'ဖြစ်ပါတယ်။

သေသည်၏ အထက်၌ 'အတ္တသည် မြဲတယ် သညာမရှိ' ဟူသော ယူခြင်းဖြစ်သော 'အသညီဝါဒဟာ ၈–ပါး' ရှိပါတယ်။

၈–ပါးက ဘာတွေလဲ ဆိုတော့ . . .

(၃၅) သေသည်မှ နောက်၌ အတ္တလောကသည် ရှိတယ်၊ သညာမရှိလို့ ပညတ်ကုန်သော သူတို့ရဲ့ ရုပ်ရှိတယ်၊ သညာ မရှိဟူသော ရူပီအသညီဝါဒ။

(၃၆) အတ္တသည် ရုပ်မရှိ၊ နာမ်ရှိတယ်၊ ထိုအတ္တသည် မြဲတယ်၊ သညာမရှိ၊ဟူသော အရူပီ အသညီဝါဒ။

(၃၇) ရုပ်ရှိသည်လည်း ဖြစ်သော၊ ရုပ်မရှိသည်လည်း ဖြစ်သော အတ္တသည် ရှိတယ်၊ ထိုအတ္တသည် မြဲတယ်၊ သညာ

http://www.dhammadownload.com



မရှိသော ရူပီစ အရူပီစ အသညီဝါဒ။

(၃၈) ရုပ်ရှိသည်လည်း မဟုတ်၊ ရုပ်မရှိသည်လည်း မဟုတ်သော အတ္တသည် ရှိတယ်၊ ထိုအတ္တသည် မြဲတယ်၊ သညာမရှိသော နေဝရူပီ နာရူပီ အသညီဝါဒ။

(၃၉) အဆုံး အပိုင်းအခြား ရှိသော အတ္တသည် ရှိတယ်၊ ထိုအတ္တသည် မြဲတယ်၊ သညာမရှိဟူသော အန္တဝါအသညီဝါဒ။

(၄၀) အပိုင်းအခြား အဆုံးမရှိသော အတ္တသည် ရှိတယ်၊ ထိုအတ္တသည် မြဲတယ်၊ သညာမရှိဟူသော အနန္တဝါ အသညီဝါဒ။

(၄၁) အဆုံးရှိသည်လည်း ဖြစ်သော အဆုံးမရှိသည်လည်းဖြစ်သော အတ္တသည် ရှိတယ်၊ ထိုအတ္တသည် မြဲတယ်၊ သညာမရှိဟူသော အန္တဝါ အနန္တဝါ အသညီဝါဒ။

(၄၂) အဆုံး ရှိသည်လည်း မဟုတ်၊ မရှိသည်လည်း မဟုတ်သော အတ္တသည် ရှိတယ်၊ ထိုအတ္တသည် မြဲတယ်၊ သညာမရှိ ဟူသော နေဝန္တဝါ နာနန္တဝါ အသညီဝါဒ။ အားဖြင့် 'အသညီဝါဒ ၈–ပါး' ရှိတယ်။

သေသည်မှ နောက်ကာလ၌ အတ္တလောကသည် ရှိတယ်၊ အတ္တလောက၏ သညာ ရှိသည်လည်း မဟုတ်၊ မရှိသည်လည်း မဟုတ်ဟု မှားသောအားဖြင့် ယူခြင်းတည်း ဟူသော ဝါဒသည် 'နေဝသညီ နာသညီ ဝါဒ'တည်း။

http://www.dhammadownload.com



ထိုဝါဒသည် အသညီဝါဒ၌ ဆိုခဲ့ပြီးသော နည်းဖြင့်

(၄၃) ရူပီအတ္တ နေဝသညီ နာသညီဝါဒ၊

(၄၄) အရူပီ နေဝသညီ နာသညီဝါဒ၊

(၄၅) ရူပီစ အရူပီစ နေဝသညီ နာသညီဝါဒ၊

(၄၆) နေဝရူပီ နာရူပီ နေဝသညီ နာသညီဝါဒ၊

(၄၇) အန္တဝါ နေဝသညီ နာသညီဝါဒ၊

(၄၈) အနန္တဝါ နေဝသညီ နာသညီဝါဒ၊

(၄၉) အန္တဝါစ အနန္တဝါစ နေဝသညီ နာသညီဝါဒ၊

(၅၀) နေဝန္တဝါ နာနန္တဝါ နေဝသညီ နာသညီဝါဒ

အားဖြင့် 'နေဝသညီ နာသညီဝါဒ ၈-ပါး' ရှိပါတယ်။

ဒိဗ္ဗစက္ခုဖြင့် အတ္တဘောကို ကြည့်သည့်ရှိသော် စုတိမျှကိုသာ မြင်၍ စုတိနောင် ပဋိသန္ဓေကို မြင်ခြင်းငှာ မစွမ်းနိုင်သောကြောင့် ခန္ဓာပြောင်းသည် ရှိသော် သတ္တဝါတို့သည် ပြတ်သည် ဟူ၍လည်းကောင်း၊ ရုပ်နာမ်သဘောကို စုံစမ်းကြံစည်လေ့ရှိသော တက္ကီပုဂ္ဂိုလ်သည် သစ်ပင်မှ ကြွေကျသောသစ်ရွက်တို့သည် တစ်ဖန် ပြန်၍ မရှင်ပြီ၊ ပျက်စီးသကဲ့သို့ သတ္တဝါတို့ သေသည် ရှိသော် နောက်၌မဖြစ်ပြီ၊ ပြတ်လေကုန်၏ ဟူ၍ လည်းကောင်း၊ ပညတ်ကြကုန်၏။ ထိုနှစ်ယောက်သော သူတို့၏ အယူသည် မှားသော 'ဉစ္ဆေဒဒိဋ္ဌိ' အယူတည်း။

ထို ဉစ္ဆေဒဝါဒသည် . . .

http://www.dhammadownload.com



(၅၁) လူ့ဘုံ၌ အမိအဖတို့၏ သုတ်သွေးကြောင့် ဖြစ်သော အတ္တဘောသည် စုတေသည်ရှိသော် ပျောက်တယ်၊ ဖြစ်တယ် ဟူသော မာတာပေတ္တိက သမ္ဘဝရုပ် ဥစ္ဆေဒဝါဒ။

(၅၂) နတ်ပြည်ခြောက်ထပ်၌ဖြစ်သော အာဟာရလျှင် အစာရှိသော အတ္တဘောသည်သာလျှင် ပြတ်တယ် ဟူသော ဒိဗ္ဗကဗဠီကာရာဟာရ ဘက္ခရုပ် ဥစ္ဆေဒဝါဒ။

(၅၃) ရူပဘုံ၌ ဈာန်စိတ်ဖြင့် ပြီးသော အင်္ဂါကြီးငယ်နှင့် ပြည့်စုံသော အတ္တဘောသည် သေသည်ရှိသော် ပြတ်တတ်သည် ဟူသော မနောမယ အဟီနိန္ဒြိယ ရုပ်ဥစ္ဆေဒဝါဒ။

(၅၄) အာကာသာနဉ္စာယတနဘုံ၌ ဈာန်စိတ်ဖြင့် ပြီးသော ကောင်းကင်ပညတ်လျှင် အာရုံရှိသော ရုပ်မရှိ၊ နာမ်မျှသာ ဖြစ်သော အတ္တဘောသည် သေသည်ရှိသော် ပြတ်တတ်သည်ဟူသော နဉ္စာယတန ဥစ္ဆေဒဝါဒ။

(၅၅) ဝိညာဏဉ္စာယတနဘုံ၌ ဖြစ်သော အတ္တဘောသည် သေသော် ပြတ်တယ် ဟူသော ဝိညာဏဉ္စာယတန ဥစ္ဆေဒဝါဒ။

(၅၆) အာကိဉ္စညာယတနဘုံ၌ ဖြစ်သော အတ္တဘောသည် သေသော် ပြတ်တယ် ဟူသော အာကိဉ္စညာယတန ဥစ္ဆေဒဝါဒ။

(၅၇) နေဝသညာ နာသညာ ယတနဘုံ၌ ဖြစ်သော အတ္တ

http://www.dhammadownload.com



ဘောသည် သေသော်ပြတ်တယ် ဟူသော နေဝသညာ နာသညာ ယတန ဥစ္ဆေဒဝါဒ အားဖြင့် 'ဥစ္ဆေဒဒိဋ္ဌိက ၇-ပါး'ပြားပါတယ်။

မျက်မှောက်၌ ဒုက္ခငြိမ်းခြင်းသည် နိဗ္ဗာန်ချမ်းသာ မည်တယ်ဟူသော မိစ္ဆာအယူသည် 'ဒိဋ္ဌဓမ္မနိဗ္ဗာနဝါဒ' မည်ပါ တယ်။

ထိုအယူဟာ . . .

(၅၈) ကာမဘုံ၌ ကာမဂုဏ် စည်းစိမ်ကို ခံစားလျက် ကိုယ်စိတ်၏ ချမ်းသာခြင်းနှင့်ပြည့်စုံတယ်၊ ထိုသူသည် မျက်မှောက်သော အတ္တဘော၌ နိဗ္ဗာန်သို့ ရောက်၏ ဟူသော ဒိဋ္ဌဓမ္မနိဗ္ဗာနဝါဒ။

(၅၉) ထို့ထက် ပဌမဈာန်နှင့်ပြည့်စုံသော အတ္တဘောသည် ဒုက္ခငြိမ်းသော နိဗ္ဗာန်သို့ ရောက်တယ် ဟူသော ဒိဋ္ဌဓမ္မနိဗ္ဗနဝါဒ။

(၆၀) ထို့ထက် ဒုတိယဈာန်နှင့်ပြည့်စုံသော အတ္တဘောသည် ဒုက္ခငြိမ်းသော နိဗ္ဗာန်သို့ရောက်တယ် ဟူသော ဒိဋ္ဌဓမ္မနိဗ္ဗာနဝါဒ။

(၆၁) ထို့ထက် တတိယဈာန်နှင့်ပြည့်စုံသော အတ္တဘောသည် ဒုက္ခငြိမ်းသော နိဗ္ဗာန်သို့ရောက်တယ် ဟူသော ဒိဋ္ဌဓမ္မနိဗ္ဗာနဝါဒ။

(၆၂) ထို့ထက် စတုတ္ထဈာန်နှင့်ပြည့်စုံသော အတ္တဘောသည် ဒုက္ခငြိမ်းသော နိဗ္ဗာန်သို့ ရောက်တယ်ဟူသော ဒိဋ္ဌဓမ္မ

http://www.dhammadownload.com



နိဗ္ဗာနဝါဒ အားဖြင့် 'ဒိဋ္ဌဓမ္မ နိဗ္ဗာနဝါဒက ၅-ပါး' ဟူ၍ အပရန္တာနုဒိဋ္ဌိ ၄၄-ပါး ဖြစ်ပါတယ်။

ဤသို့ ပုဗ္ဗန္တာနုဒိဋ္ဌိ ၁၈-ပါး၊ အပရန္တာနုဒိဋ္ဌိ ၄၄-ပါးအား ဖြင့် ၆၂-ပါးသော ဒိဋ္ဌိအပြားကို ရှင်းပြပြီးပါပြီ။

ကဲ . . . သေသေချာချာ မှတ်ထားပေတော့'

'အမယ်လေး . . . မှတ်မိဖို့ ဘယ်လွယ်မလဲ ဘုရား၊ ရှုပ် နေတာပဲ၊ ကိုယ်တောင် ဟိုဒိဋ္ဌိထဲပါ, ဒီ ဒိဋ္ဌိထဲပါနဲ့ ဒိဋ္ဌိမလွတ် သလိုလိုပါဘဲ ဘုရား'

'အေး . . . မသိတော့ ခက်တယ်၊ သိထားတော့ လွယ် တာပေါ့၊ ရှောင်သာတိမ်းသာ ရှိတာပေါ့၊ အဲဒီ ဒိဋ္ဌိတွေ မှတ်ထား ပြီး ဒိဋ္ဌိမဖြစ်အောင် နေပေါ့၊ ဒိဋ္ဌိပြုတ်အောင် အားထုတ်ပေါ့'

'မှန်ပါ ဘုရား'

* ခြောက်ဆယ့်နှစ်ပါး, ဒိဋ္ဌိများ, မှတ်သားထားကြပါ၊
* ဒိဋ္ဌိဆိုတာ, သူယုတ်မာ, ကပ်ကာဖြစ်တတ်ပါ၊
* အမှားတရား, နာသူအား, ဖြစ်ပွားတတ်လေပါ၊
* သူယုတ်ရှောင်ရှား, မှားတရား, ရှောင်ရှားကြလေပါ၊
* အမှားစာများ, ဖတ်သူများ, ဖြစ်ပွားတတ်လေပါ၊
* ဒိဋ္ဌိဖြစ်မှ, ကျွတ်ဖို့က, လွန်စွာခက်သနော်။

http://www.dhammadownload.com



# အဘယ်ကြောင့် ဘုန်းကြီးလို့ ခေါ်ပါသလဲ ဘုရား

(၃၀)

ဤလောက၌ သိချင်စရာများကား များပြားလှကုန်၏။ သိချင်လို့ ရှာဖွေစူးစမ်းလေ, သိချင်စရာပေါ်များလေ ဖြစ်၏။ သိချင်စရာတို့၏ အဆုံးကား မထင်နိုင်အောင်ပင် များပြားလှကုန်၏။

မှန်၏၊ မသိချင်၍ မရှာဖွေ မစူးစမ်းသူတို့အဖို့ သိချင်စရာများ မရှိပါ၊ သိချင်၍ သိချင်စရာများကို ရှာဖွေသူတို့ အဖို့မူ ရှာဖွေလေ, သိချင်စရာတွေ တွေ့ရှိလေဖြစ်၍ သိချင်စရာ မဆုံးနိုင်ပါ။

သိချင်သူအဖို့အရာကား . . . အများတွေက ရိုးရိုးကလေး ဟုမြင်သော အရာပေါ်မှာလည်း သူ့အဖို့အရာမရိုးပါပေ၊ အဆန်း

http://www.dhammadownload.com



ဖြစ်နေသည်၊ ဟုတ်ပါသည်။ တစ်နေ့ဖြစ်သည်၊ ယင်း တစ်နေ့ ကိုတော့ မိမိမမှတ်မိတော့ပါ၊ မိမိထံသို့ ဒကာဒကာမ တစ်စု ရောက်လာပြီး ရှိခိုးဦးချကာ ထိုင်ပြီးလျှင် သွက်လက်ချက်ချာ သော ဒကာမတစ်ယောက်က မေးလျှောက်လေ၏။

'ဘုန်းဘုန်း ဘုရား၊ ဘုန်းကြီးတွေကို အဘယ်ကြောင့် ဘုန်းကြီးလို့ ခေါ်ပါသလဲ ဘုရား'

'အမယ်လေး . . . ဒါများ အဆန်းမှတ်လို့ မေးနေရသေး လား၊ ဘုန်းကြီးလို့ ဘုန်းကြီးခေါ်တယ်ပေါ့'

'ဘုန်းဘုန်းကလည်း သိချင်လို့ မေးတာပါ၊ အမှန် ပြောပြ စမ်းပါ ဘုရား'

'ဩော် . . . အဲဒါ အမှန်ပဲ'

'မှန်ပေမယ့် ဘုန်းဘုန်း ဖြေတာကတိုနေတော့ မရှင်းလို့ ပါ ဘုရား၊ ရှင်းအောင် ဖြေပြပါ ဘုရား'

'ကဲ . . . ကဲ . . . ဒါဖြင့် နားထောင်၊ ရှင်တော်မြတ် ဘုရားဟောကြားတဲ့ ဝိနည်းတရားတော်နဲ့အညီ နေထိုင် သီတင်း သုံး၍ ရှင်တော်မြတ်ဘုရား၏ အလိုတော်ကျအတိုင်း နိဗ္ဗာန် ရောက်ကြောင်း အကျင့်သိက္ခာများ,တရားဓမ္မများကို ကျင့်ကြံ အားထုတ်နေလို့၊ ဟောပြောပြသ ဆိုဆုံးမနေလို့ လာဘ်လာဘ တွေ ပေါများ, အခြွေအရံ ပရိသတ်များများပြား, ဘုန်းကံကြီး မားနေကြ ရဟန်းတော်များကို ဘုန်းကြီးလို့ခေါ်တယ်၊ ကဲ...

http://www.dhammadownload.com



ဘုန်းကြီးလို့ ဘုန်းကြီးခေါ်တာ ရှင်းပြီလား'

ရှင်းပါပြီ၊ ဒါပေမယ့် ဘုန်းဘုန်း ပြောတဲ့အတိုင်းဆိုရင် ဘုန်းကြီးလို့ ဘုန်းကြီးခေါ်ရင် ဘုန်းမကြီးတော့ ဘယ်လို ခေါ်ပါမလဲ ဘုရား'

'သြော် . . . အဲဒါလည်း သူ့အခေါ်နဲ့သူရှိပါတယ်၊ ရှင်တော်မြတ်ဘုရား ဟောကြား ဝိနည်းသိက္ခာ ဗလချာနဲ့ ဒကာ, ဒကာမ များ အကြည်ညိုပျက်အောင် မကောင်းပြု, မကောင်းပြော, မကောင်းကြံပဲ ကြံနေကြတဲ့ စာပေပရိယာတ်မတတ်, ပဋိပတ် အကျင့်မရှိ, စာပေချာ, အကျင့်ချာတဲ့ ရဟန်းများ 'ဘုန်းချာ' လို့ ခေါ်တယ်။

ကဲ . . . သူတို့မှာ စာပေချာ, အကျင့်ချာတဲ့အတွက် လာဘ်လာဘရှား၊ အခြွေအရံ ပရိသတ်လည်း မများပြားဘဲ ဘုန်းကံမကြီးမားဘဲ ဘုန်းချာလို့ ဘုန်းချာလို့ ခေါ်တာယ်ပေါ့ သဘောပေါက်လား'

'ပေါက်ပါတယ် ဘုရား'

'ပြီးတော့ ရှိသေးတယ်၊ ဝိနည်းသိက္ခာပုဒ်ကို မထိန်းသိမ်း မစောင့်ရှောက်ဘဲ ကျောင်းလုခြင်း, ရောင်းဝယ်ခြင်း စသည့် ဒုစရိုက် အလွဲအမှားများကိုသာ ပြုလုပ်နေသောကြောင့် ဒကာ, ဒကာမများက မကြည်ညိုလို့ မကိုးကွယ်,မဆည်းကပ်,မလှူ ဒါန်း၍ ဝမ်းပြည့်အောင် ဆွမ်း မပြေလည်, ခါးလုံအောင် သင်္ကန်း

http://www.dhammadownload.com



မပြေလည်, မိုးလုံအောင် ကျောင်းမပြေလည်သော ရဟန်းများကို 'ဘုန်းဟာ'လို့ခေါ်တယ်၊ အေး . . . ဘုန်းဟာတဲ့အတွက် ပြည့်အောင် ဝိနည်းနဲ့ မညီတာတွေ လုပ်လေ, ဟာလေပဲ'

'သြော် . . . တပည့်တော်တို့က အဲဒီဘုန်းချာ,ဘုန်းဟာတွေကို ဆင်းရဲပါတယ်, သနားပါတယ်ဆိုပြီး လှူမိပါတယ် ဘုရား'

'အေး . . . ဆင်းရဲလို့, သနားလို့လှူတော့ ကိုယ်လဲ အကျိုးမများဘူး၊ သာသနာဟော်အတွက်လည်း အကျိုးမများဘူးပေါ့။

ဆင်းရဲတယ်၊ သနားရုံနဲ့ မပြီးဘူး။ ဘာဖြစ်လို့ ဆင်းရဲရတာလဲ၊ ဆင်းရဲကြောင်း ရှာကြည့်၊ လှူသင့်ရင် လှူပေါ့၊ ဟုတ်လား'

'ဟုတ်ပါတယ် ဘုရား၊ ခုမှပဲ သိရပါတယ်'

'ကဲ . . . ဆက်ပြောဦးမယ်၊ နားထောင်ဦး၊ ရှင်တော်မြတ်ဘုရား ဟောကြား ဝိနည်းသိက္ခာပုဒ်တော်များကို မထိန်းသိမ်း, မစောင့်ရှောက်ပါဘဲ ပစ္စည်းပေါများရေး, လာဘ်လာဘ ပေါများရေးကိုသာ ရှေးရှုကာ လာလာသမျှ, တွေ့တွေ့သမျှ ဒကာ, ဒကာမတွေကို အလှူခံတယ်၊ ရောက်ရာအရပ်မှာ အလှူခံတယ်။

အလှူခံ၍ ရရှိထားတဲ့ ပစ္စည်း, လာဘ်လာဘများကို မစားရက်, မသောက်ရက်, မဝတ်ရက်, မစွန့်ရက်, မလှူရက်ဘဲ

http://www.dhammadownload.com



ရောင့်ရဲ့တင်းတိမ်မှုလည်းမရှိဘဲ ဥာဏ်နီဥာဏ်နက်ဆင်ကာ၊ မအပ်မရာ အလှူခံ၍ ရရှိထားသော ပစ္စည်းများကို လုံခြုံအောင် သိုလှောင်သိမ်းဆည်းထားကာ 'လျော့သွားပြီလား, ရှိသေးလား' စသည်ဖြင့် ပစ္စည်းအပေါ် သံယောဇဉ်များလျက်၊ဖွင့်လိုက်,ပိတ်လိုက်,ဖုံးလိုက်,ဖိလိုက်, ရေတွက်လိုက်နဲ့ ခဏ,ခဏ စစ်ဆေးကြည့်ရှုနေသော ရဟန်းကို 'ဖုံးကြည့်'လို့ခေါ်တယ်'

'အမယ်လေး . . . တပည့်တော် သိချင်တာက ဘုန်းကြီး၊ ဘုန်းဘုန်းပြောလိုက်တော့ ဘုန်းချာ, ဘုန်းဟာ, ဖုံးကြည့်လို့ သုံးမျိုးတောင် တိုးလို့ လေးမျိုးတောင် သိရပါတယ် ဘုရား'

'အေး . . . လေးမျိုးကို နှစ်မျိုးခွဲလိုက်ပါ၊ ဘုန်းကြီးရယ်, ဘုန်းချာ, ဘုန်းဟာ, ဖုံးကြည့်ရယ်၊ တကယ် အမြတ်တနိုး ကိုးကွယ်ဆည်းကပ် လှူဒါန်းရမှာ ဘုန်းကြီးပဲနော်'

'မှန်ပါဘုရား'

'ပရိယတ်, ပဋိပတ် နှစ်ရပ်သာသနာတော်ကြီး မကွယ်မပျောက်အောင် ထမ်းဆောင်နေတာ ဘုန်းကြီးတွေပါပဲ၊ ဘုန်းချာ ဘုန်းဟာ, ဖုံးကြည့်တွေ မဟုတ်ပါဘူး။

အေး . . . သာသနာတော်မှာနေပြီး သာသနာတော် ကွယ်အောင် သာသနာဖျက်နေသူများကတော့ ဘုန်းချာ, ဘုန်းဟာ, ဖုံးကြည့်တွေပဲ၊ ကွဲပြီလား'

'ကွဲပါပြီ ဘုရား'

http://www.dhammadownload.com



'အေး . . . ဘုန်းချာ, ဘုန်းဟာ, ဖုံးကြည့်တွေကို ဆင်းရဲပါတယ်၊ သနားပါတယ်၊ သက်န်းဝါဝါ ငါဆရာဆိုပြီး အကိုးကွယ်မှားရင်တော့ အဝီစိလားလိမ့်မယ်နော်'

'မှန်ပါဘုရား'

* မကိုးကွယ်သင့်, ကိုးကွယ်သင့်, နှိုင်းချင့်ရွေးရမည်၊
* ကိုးကွယ်သင့်လျှင်, အသက်ပင်, ငဲ့ကြဉ် ကိုးကွယ်ရပေမည်၊
* မကိုးကွယ်သင့်ဘဲ, သနားလွဲ, ကျိုးလဲမများပြီ၊
* အကိုးကွယ်မှန်, သနားမှန်, ဝေဖန်နှိုင်းယှဉ်ရပေမည်။

http://www.dhammadownload.com



# နိဂုံး

အို . . . စာရှုသူ၊ ဤဗုဒ္ဓဓမ္မ ပြဿနာများ(၁၀)သည် ယခုအခါ နိဂုံးချုပ်လိုက်ပါပြီ၊ မိမိသည် ဤအမှတ်(၁၀)ကို ၁၃၅၂-ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၈-ရက်နေ့မှ စတင်၍ ရေးသားခဲ့ပါသည်၊ စ, တင်ရေးသားရာ ဌာနမှာ ဓမ္မဒူတတောရ ၌ပင် ဖြစ်ပါသည်။ ဓမ္မဒူတတောရ၌ တစ်ပုဒ်မျှစ,တင်ရေးသား ပြီး အနယ်အရပ်ရပ် တရားစခန်းများ၌ သင့်လျော်သလို ရေးသား ခဲ့ရပါသည်။

စာကိုယ်များမှာ ၁၃၅၂-ခုနှစ်၊ တစ်ပို့တွဲလဆန်း ၁၂-ရက်၊ ကျုံ့ပျော်မြို့နယ် အင်းရဲ ဓမ္မဒီပရိပ်သာ၌ အပြီးသတ်သွား ပါသည်။

နိဒါန်း၊ မာတိကာနှင့် နိဂုံးတို့ကို မရေးသားနိုင်, မရေး အားနိုင်ခဲ့ပါ၊ ဤနိဂုံးကို ၁၃၅၃-ခုနှစ်၊ နှစ်ဆန်း ၁-ရက်ဖြစ်သော ကဆုန်လဆန်း ၅-ရက်နေ့မှ စ,တင်ကျင်းပသော သထုံမြို့နယ်၊

http://www.dhammadownload.com



သိမ်ဆိပ်တိုက်နယ်၊ ဇောတိကာရုံကျောင်း၊ ၁၀–ကြိမ်မြောက်၊ ၁၀–ရက်စခန်း၊ ၁၀–ရက်မြောက်နေ့မှပြီးခဲ့ပါသည်။

မိမိဤရွှေ့ဤမျှ ဝီရိယထား ကြိုးစား၍ ရေးသားခဲ့သော ကောင်းမှုများဖြင့် မိမိအပေါ်တွင် ကျေးဇူးဥပကာရ အထူးရှိကြ ကုန်သော မိဘနှစ်ပါး, ဆရာသမားများ, ရဟန်းဒါယကာ, ဒါယိကာမများ, ပစ္စည်းလေးပါး ဒါယကာ ဒါယိကာမများ, ဆွေးမျိုးဉာတကာများ, မိတ်ဆွေသင်္ဂဟ အများတို့အား ကျေးဇူး တုံ့ပြန် ဆပ်ပါ၏။

အထူးအားဖြင့် ရောက်လေရာရာ တရားစခန်း ကျင်းပရာ ဌာနများမှ ဒကာ ဒကာမများ, ဆရာတော်များက မိမိ၏ စာပေ ရေးသားနိုင်ရေးအတွက် ပြည့်ဝသော စေတနာဖြင့် အဘက်ဘက် မှ လိုအပ်သော ကူညီမှုကို မိမိအနေဖြင့် ကျေးဇူးအထူးပင်သိရ၍၊ ယင်းကျေးဇူးကို ဤဗုဒ္ဓဓမ္မ ပြဿနာများ (၁၀)ကျမ်းစာဖြင့် ပြန်ဆပ်ပါ၏။

မိမိ ဓမ္မဒေသနာခရီး လှည့်လည်ရင်း စာပေရေးသား သည်ကို သိရှိပြီး အလွယ်တကူ စာပေရေးသားနိုင် စာရေးစက္ကူ၊ စာရေးကိရိယာများ လှူဒါန်းကြသော အမြို့မြို့အနယ်နယ်မှ ဆရာ,ဆရာမများ၊ ကျောင်းသူ,ကျောင်းသားများ၊ ယောဂီများအား ဤ ဗုဒ္ဓဓမ္မပြဿနာများ(၁၀)ကျမ်းစာ ကုသိုလ်ဖြင့် ကျေးဇူး ဆပ်ပါ၏။

http://www.dhammadownload.com



ဤမျှလောက်သော ပြဿနာအစဉ်တို့ကို ပင်ပန်းသည်ဟု ပဓာနမထားဘဲ ကြီးမားသော ဖွဲ့ခိုင်ခိုင်ဖြင့် အအားမနေ, အနား မယူဘဲ ကြိုးစားဖြေကြား ရေးသားရသော ဤဗုဒ္ဓဓမ္မပြဿနာ များ(၁၀)ကျမ်းစာအုပ်အတွက် မိမိရရှိသည့် ဓမ္မဒါန တရားတော် အလှူ အမတဒါန အမြိုက်နိဗ္ဗာန်အလှူတည်းဟူသော ကောင်း မှုကုသိုလ်အစုစုတို့၏အဖို့ဘာဂတို့ကို . . .

မြင်းမိုရ်စက္ကဝါ၊ ပမာဆယ်စု၊
နှိုင်းမတုအောင်၊ ဗဟုပကာရ၊
ဂုဏ်ကြီးလှသား၊ မိဘနှစ်ဖြာ
မြတ်ဆရာနှင့်၊ ရာဇာသနင်း၊
ရောင်းရင်းငယ်ဖော်၊ ဆွေတော်မျိုးစပ်၊
အရပ်နေစု၊ စတုပစ္စယာ၊
ဒါယကာ ဒါယိကာမ၊ ဂေါစရဂါမ်၊
နိယာမ်မပြတ်၊ နိစ္စဘတ်ဖြင့်၊
ယုတ်မြတ်ကြည်ဖြူ၊ ပေးလှူတတ်စွာ
မြို့ရွာပတ်ကုံး၊ သိမ်းကျုံးလုံးစုံ၊
နိဂုံးဇနပဒ၊ ဝေးနီးစသည့်၊
ရှိကြထိုထို၊ များလူဗိုလ်ပါ၊
ကိုယ်ကိုစောင့်တတ်၊နတ်နှင့်တကွ၊
ဘုမ္မရက္ခာ၊ အာကာသစိုး

http://www.dhammadownload.com



တန်ခိုးမဟိတ်၊ ပုညစိတ်နှင့်
ဂုဏ်ဟိတ်မြင့်မား၊ သိကြားသက္က
ဝါသဝနှင့်၊ လောကစောင့်လျှင်း၊
နတ်မင်းလေးဖြာ၊ သာတာဂိရက္ခန္ဓ
စိတ္တစသည့်၊ တွက်ဖွဲ့နှစ်ဆယ့်ရှစ်ဦး
နတ်စစ်မှူးဟု၊ အထူးမည်ရပ်၊
အင္ဂိရသ၊ ယက္ခမဟာ၊
သေနာပတိ၊ ထိုပြီးတစ်ထွေ၊
ရေပင်လယ်သွား၊ သူတော်များအား၊
စောင့်ငြားတတ်သည့်၊ မဏိမေခလာ၊
တစ်ဖြာထိုမှ၊ ဒသက္ကဿရ၊
လောကသဟာ်၊ ဝန်းပတ် ရံခြံ
မဟာဗြဟ္မတို့၊ ပြောဟန်ဆူဆူ
မိုးသူမိုးသား၊ မြေဖွားရေပေါက်
ထို၍လောက်တည့်၊ ထက်အောက်ဝန်းကျင်
များဖုံယင်အား၊ အကြင်ရှိသမျှ
မကျန်ရအောင်၊ စေ့ငှမသွေ
အမျှ . . .အမျှ . . .အမျှ ဝေသည်၊
ရစေ ငါ့နှယ်အတူတည်း။

http://www.dhammadownload.com



ဤဗုဒ္ဓဓမ္မပြဿနာများ(၁၀)ကျမ်းစာအုပ်ကို လောက၊ သာသနာနှစ်ဖြာအကျိုးပွားတိုးရေးကို မြော်မှန်း၍ ကြိုးစား ဖြေကြားရေးသားရသော သမ္မာဆန္ဒ၊ ဝီရိယနှင့် ဉာဏသဒ္ဓါ ယှဉ်ဘက်ပါသော မဟာခေါ်ဆို မြားမြောက်လှသော ကောင်းမှုကုသိုလ် စေတနာတို့ကြောင့် အရဟတ္တ မဂ်ဉာဏ်တော်၊ သဗ္ဗညုတဉာဏ်တော်ကို ချမ်းသာသောအကျင့် လျင်မြန်သော အသိဉာဏ်ဖြင့် ထိုးထွင်းသိမြင်၍ သုံးပြင်ဘုံသား ဝေနေယျသတ္တဝါအများကို တရားစည်ကြီး သောင်းတိုက်ဟည်းအောင် ရိုက်တီးနှိုးဆော်ဟောဖော်ညွှန်ပြ၍ နိဗ္ဗာန်ထုတ်ချောက် အရောက်ပို့ဆောင် ကယ်တင်နိုင်သည့်ကိုယ် ဖြစ်ရပါစေသတည်း။

ဤ ဗုဒ္ဓဓမ္မပြဿနာများ (၁၀)ကျမ်းစာအုပ်ကို ရေးသားရာ၌ တိမ်းပါးချွတ်ချော် မလျော်ကန်ရာ အဖြာဖြာတို့ အကယ်တိတိ သတိလစ်ကာ ပါဝင်ခဲ့ကုန်ငြားအံ့၊ ယင်းကို ပညာရှိအများ အပြစ်မထားဘဲ ပယ်ရှားနိုင်ကြပါစေကုန်သတည်း။

ဗုဒ္ဓမိန့်ဟ လမ်းစဉ်ကျသည့် အပြစ်ကင်းပ အကျိုးရသည် ဒွိဟပယ်ခွာ ကျင့်ကြံစရာအဖြာဖြာတို့ကိုလည်း စိတ်မှာစွဲကပ် သတိချပ်၍ မပြတ်ပုံသေ ကျင့်ကြံနိုင်ကြပါစေကုန်သတည်း။

ဗုဒ္ဓမိန့်ဟ လမ်းစဉ်ပြင်ပ အပြစ်ရှိငြား လမ်းမှာမိစ္ဆာ ရှောင်ရှားစရာများကိုလည်း နေ့ညမအား ကြိုးစားကျင့်ကြံ ရှောင်ရှားနိုင်ကြပါစေကုန်သတည်း။

http://www.dhammadownload.com



ယင်းသို့ လိုက်နာကျင့်ကြံစရာများကို လိုက်နာကျင့်ကြံနိုင်၍ ရှောင်ရှားစရာများကို ရှောင်ရှားနိုင်သဖြင့် လောကီအကျိုးစီးပွား လောကုတ္တရာအကျိုးစီးပွားတို့ကို တိုးပွားအောင် ရွက်ဆောင်နိုင်ကြပါစေကုန်သတည်း။

ဓမ္မဒူတ အရှင်ပညာဓောတ

ဓမ္မဒူတတောရ၊

တောင်စွန်း၊ ဘီးလင်းမြို့နယ်၊

မွန်ပြည်နယ်။

http://www.dhammadownload.com